

7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ၊ ဗုဒ္ဓဟူး ၊ (မတ် ၂၆ ၊ ၂၀၁၄)


# ဥပဒေများ ဖောင်းပွနေသော မီဒီယာလောက

**အေးသူစံ**

ဒီမိုကရေစီနိုင်ငံအများစုတွင် ပြည့်စုံကောင်းမွန်သော မီဒီယာဥပဒေ တစ်ခုတည်းရှိပြီး မြန်မာနိုင်ငံတွင်မူ မီဒီယာလောကတစ်ခုတည်းတွင်သတင်းထောက်များအတွက် ဥပဒေတစ်ခု၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူများအတွက် ဥပဒေတစ်ခု ရှိသွားပြီဖြစ်သည်။

ထို့အပြင် နိုင်ငံပိုင်မီဒီယာများကို အသွင်ပြောင်းထားသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းနှင့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှစ်ခုကို လွှတ်တော်သို့ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းထားပြီးဖြစ်သည်။


စာမျက်နှာ ၁၃ ››


# အိမ်ခြံမြေပူဖောင်း ပေါက်၊ မပေါက်

**ပြည်သိမ်း၊ မိုးညို**

အိမ်ခြံမြေဈေးမှာ နှစ်များစွာ အကျမရှိဘဲ ဆက်တိုက်မြင့်တက်နေပြီး ပြည်တွင်းငွေကြေးအများစုမှာလည်း အိမ်ခြံမြေရောင်းဝယ်မှုအတွင်း၌သာရောက်နေ၍ အိမ်ခြံမြေပူစီဖောင်း ပေါက်တော့မည်လားဟု စီးပွားရေးအသိုင်းအဝိုင်းက စိုးရိမ်နေသူများရှိသည်။


စာမျက်နှာ ၁၄ ››




*နိုင်ငံတော်သမ္မတ ဦးသိန်းစိန်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# သမ္မတဦးသိန်းစိန် ဘာမှားခဲ့သလဲ

**အောင်သူရ**

သမ္မတဦးသိန်းစိန်အစိုးရ တက်လာပြီး သုံးနှစ်ပြည့်ရန် ရက်ပိုင်းအလိုတွင် သမ္မတ၏ စွမ်းဆောင်ချက်များတွင် မှန်ကန်အောင်မြင်သည့် အချက်များရှိခဲ့သလို မှားယွင်းခဲ့မှုများလည်းရှိသည်။

ပြုပြင်ပြောင်းလဲရေးသမားဟု အသိအမှတ်ပြုခံနေရရာမှ ယခုလအနည်းငယ်အတွင်း နိုင်ငံရေးသမားအသွင် ဆောင်ရွက်လာမှုများ၊ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး အောင်မြင်စွာ မလုပ်ကိုင်နိုင်ခြင်း၊ မျိုးစောင့်ဥပဒေများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ၊ စီးပွားရေးတွင်ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်နှင့်ကောင်းမွန်သော မူဝါဒမရှိခြင်းက အနုတ်ပြစေခဲ့သည်။


အချပ်ပို A3 ››


# စွမ်းအင်မူဝါဒ ပြန်လည်သုံးသပ်ရန်လိုပြီ

**အိဖြူမွန်**

တိုင်းပြည်ရင်းမြစ်များ အသုံးချ၍ အခြားနိုင်ငံသို့ ဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အားများ ရောင်းချကာ အစွန်းထွက်ကိုမှ ပြည်တွင်းသို့ ဖြန့်ဝေပေးသည့် နိုင်ငံခြားငွေရှာသော စွမ်းအင်မူဝါဒမှာ ရေရှည်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်စေမှုများကြောင့်ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်သည်။


အချပ်ပို A4 ››


# အထွတ်အမြတ်ထားရာကိုမှ ပစ်မှတ်ထားခိုးယူကြသောအခါ

**ဇေနွေထွန်း**

တန်ဖိုးဖြတ်၍မရသော နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအထိမ်းအမှတ်များ၊ ကိုးကွယ်ယုံကြည်မှုများ၏ ပြယုဂ်ဖြစ်သော ရှေးဟောင်းဆင်းတုတော်များအပါအဝင် ရှေးဟောင်းပစ္စည်းများကိုမှ ပစ်မှတ်ထား၍ ခိုးယူနေမှုကို ယခုအချိန်အထိ ထိရောက်စွာ မတားဆီးနိုင်သေးပေ။ ရှေးဟောင်းအနုပညာလက်ရာများ ခိုးယူနေသူများသည် အဓိကဈေးကွက်ဖြစ်သော မြန်မာ–ထိုင်းနယ်စပ်ဈေးကွက်သို့ သွားနေသည်မှာ သိသာလှသော်လည်း ထိရောက်စွာဖော်ထုတ်အရေးမယူနိုင်ခြင်းမှာ အံ့သြဖွယ်ရာပင်ဖြစ်သည်။


အချပ်ပို A7 ››


# ပြည်သူများ လုံခြုံအေးချမ်းစွာ အိပ်စက်နိုင်ပါစေ

**အောင်သစ်လွင်**



ရန်ကုန်မြို့လယ်မှာပင် လူတစ်ဦးကို ရက်ရက်စက်စက်သတ်ဖြတ်သည်ကို တားဆီးမည့်သူမရှိအောင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မည်သည့်အရာက မှားယွင်းစေခဲ့ပါသလဲ.....


ဆောင်းပါးအပြည့်အစုံ - စာ၃ ››







1 Vietnam Home Appliances
Kangaroo®
SUPER PROMOTION
Hotline: 09402 666 999
တန်ဖိုး 38,500 Ks
အဆင့်မြင့်ထမင်းပေါင်းအိုး
1,000 Ks
ဖြင့် ထမင်းပေါင်းအိုး
အခြားပစ္စည်း 15% - 20%
လျှော့ဈေး နှင့် လက်ဆောင်ပေးခြင်း
Kangaroo
Warm
Cook
City Mart
City Mart Supermarket
Ocean SUPERCENTER
အတွင်းပေါင်းအိုးအထူ
2.5 mm
ချက်ပြီးစားလို့ကောင်း
မတ်လ၂၇ရက်မှ ၃၀ရက်နေ့ထိ
www.kangaroo.vn





7DAY NEWS JOURNAL ဂျာနယ်နှင့် 7DAY DAILY INSIGHT, IN DEPTH & INDEPENDENCE သတင်းစာတွင်
အခမဲ့ကြော်ငြာထည့်သွင်းနိုင်မည့် အထူးအစီအစဉ်များ
(ကြော်ငြာရှင်များအတွက် နှစ်သစ်ကူးအထူးအခွင့်အရေး)
7Day Daily တွင်ကြော်ငြာထည့်သွင်းခြင်းဖြင့် | 7Day News ဂျာနယ်တွင် အခမဲ့ကြော်ငြာရယူပါ
Full Page ⇨ 1/4 Size (FOC)
Half Page ⇨ 1/8 Size (FOC)
1/4 Size ⇨ 3"x 2Col (FOC)
7Day Newsတွင် ကြော်ငြာထည့်သွင်းခြင်းဖြင့် | 7Day Daily သတင်းစာတွင် အခမဲ့ကြော်ငြာရယူပါ
Full Page ⇨ 1/4 Size (FOC)
Half Page ⇨ 1/8 Size (FOC)
1/4 Size ⇨ 3"x 2Col (FOC)
(April 1st ~ April 30th 2014)
7DAY DAILY
Hot Line: 09 730 78429 , 01 512 887

7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ပြည်သူများ လုံခြုံအေးချမ်းစွာ အိပ်စက်နိုင်ပါစေ

**ဒီမိုကရေစီအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးမြို့တော်ရန်ကုန်၏ လူမြင်ကွင်းမှာပင် တစ်ပါးသူကို ရက်ရက်စက်စက် သတ်ဖြတ်ရဲအောင် တရားဥပဒေစိုးမိုးမှုအပေါ် စိန်ခေါ်နေသောလူမိုက်များ ပိုမိုများပြားလာခြင်းအတွက် မည်သူကတာဝန်ခံဖြေရှင်းပါမည်နည်း**

**အောင်သစ်လွင်**




မြန်မာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး ရန်ကုန်မြို့၏ မြို့နယ်တစ်ခုတွင် မင်းမဲ့စရိုက်ဆန်သည့် လူသတ်မှုတစ်ခု မတ်လဒုတိယပတ်က ဖြစ်ပွားခဲ့ပါသည်။ ရန်ကင်းမြို့နယ် (၁၂) ရပ်ကွက်၊ မေတ္တာရိပ်မွန်လမ်းတွင် မတ်လ ၁၅ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လမ်းနာမည်နှင့် ဆန့်ကျင်စွာအဆိုးဆုံးအနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို အဆိုပါလမ်းရှိ ကလေးရော၊ လူကြီးများပါမြင်တွေ့ခဲ့ရသည်။

ငါးပေခန့်သာကျယ်သည့် လူသွားလမ်းတွင် မျက်နှာချင်းဆိုင်ကာ လမ်းလျှောက်လာသည့် လူနှစ်ဦး ပခုံးချင်းဝင်ချိတ်မိရာမှ ရပ်ကွက်အတွင်း လူမိုက် နာမည်ခံထားသူက သူ့ကိုဝင်တိုက်မိခဲ့သည့် အမျိုးသား၏ ဦးခေါင်းကို ပုလင်းဖြင့် ရိုက်ကာ ပုလင်းကွဲဖြင့် ရင်ဘတ်ကို ထိုးခွဲခဲ့သည်။ ထို့နောက် မေတ္တာရိပ်မွန် လမ်းကြားထဲ တရွတ်တိုက် ဆွဲခေါ်သွားကာ ဦးခေါင်း၊ လည်ပင်းနှင့် ကိုယ်ခန္ဓာအနှံ့ ငှက်ကြီးတောင်ဓားဖြင့် အချက်ပေါင်းများစွာ ခုတ်ပိုင်းခဲ့သည်ဟု အသတ်ခံရသူဘက်မှ ကျန်ရစ်သူမိသားစု၏ ပြောစကားများနှင့် ရဲစခန်း မှတ်တမ်းများအရ သိရပါသည်။

သာမန်လမ်းသွားရင်း ဖြစ်သော အမှတ်တမဲ့ဖြစ်ရပ်မှသည် လူသေသည် အထိဆိုးရွားခဲ့သည့် ဖြစ်ရပ်နောက်တွင် စိုးရိမ်ထိတ်လန့်နေသည့် ပတ်ဝန်းကျင်နှင့် မျှော်လင့်ချက်မဲ့သွားသည့် ဘဝများစွာ ရှိခဲ့သည်။

“သူ့အဖေဓားနဲ့ ခုတ်အသတ်ခံရတယ်လို့ ကြားကြားချင်း သမီးက နှလုံးခုန်ရပ်သွားလို့ ဆေးရုံကို ပို့ခဲ့ရတယ်။ အခုထိ ကလေးကို အသိမပေးရဲဘူး။ ကလေးက သူ့အဖေအလုပ်က ပြန်မလာသေးတာလို့ပဲ သိထားတာ” ဟု သေဆုံးသူ၏ ဇနီးက ပြောပါသည်။

မတ်လ ၁၅ ရက် ညက ရန်ကင်းမြို့နယ် (၁၂) ရပ်ကွက် ဓမ္မာရုံသို့သွားသည့် မင်းမင်းဦး၏ မိသားစု ထမင်းဝိုင်းသို့ မေတ္တာရိပ်မွန်လမ်းဘေးတစ်နေရာတွင် ဓားဒဏ်ရာများဖြင့် မင်းမင်းဦး သေဆုံးနေကြောင်း အိမ်နီးချင်းတစ်ဦးမှ အော်ဟစ်သတိပေးသွားပြီးနောက် အသက် (၁၁) နှစ် အရွယ် ၎င်း၏ သမီးမှာ နှလုံးခုန်ရပ်ကာ ဆေးရုံသို့ တင်ပို့လိုက်ရသည်။ မင်းမင်းဦးတွင် အသက် (၂) နှစ်နှင့်(၈)နှစ်အရွယ်သမီးနှစ်ယောက်ရှိပြီး ၎င်း၏ ဇနီးကမူ မင်းမင်းဦး၏ ဓားဒဏ်ရာများနှင့် ဓာတ်ပုံကို ကြည့်ကာ နှုတ်ဆိတ်ငြိမ်သက်နေသည်။

“တော်တော်လေး ထိတ်လန့်ခဲ့ရတယ်။ ကလေးက အရင်ကတည်းက နှလုံးအားနည်းတာ။ ဆယ်ရက်အတွင်း ဆေးရုံကို တက်လိုက်၊ ဆင်းလိုက် လုပ်နေရတာလေးခါရှိပြီ။ သူ့တစ်ခုခုဖြစ်သွားမှာစိုးလို့ ပြောမပြရဲသေးဘူး။ ကလေးကတော့ သူ့အဖေကို မျှော်နေတုန်း”ဟု အဆိုပါအမျိုးသမီးကပြောပါသည်။

စာမျက်နှာ ၇ »





SHARP
ဂျပန်နိုင်ငံထုတ် အရည်အသွေးကို နှစ်ခြိုက်ပျော်မွေ့ကြပါ
Ion
Plasmacluster
90"
AQUOS
Sharp ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း (၁၀၀) ကျော် ယုံကြည်အားထားလူကြိုက်များသောဂျပန်ကုန်တံဆိပ်ဖြစ်ပါသည်။ သင့်ဘဝ နေထိုင်မှုစနစ်ကို Sharp နှင့်တကွ ဂျပန်နည်းပညာများနှင့်အတူ ပြောင်းလဲလိုက်ကြပါစို့။
Moe Yu San
Actress
SHARP Ambassador
Sharp အရောင်းပြခန်းကို
လာရောက်ကြည့်ရှုနိုင်ပါပြီ။ မန္တလေးမြို့
အရောင်းဖွင့်လှစ်ပွဲ
မတ်လ (၂၄)ရက် မှ (၂၆)ရက်
HOME AID Electronics Centre • AUNG TAGON ELECTRONIC • SEA LION ELECTRONICS • Mandalay Electronics Mart
JAPAN
TECHNOLOGY
SDM COMPANY LIMITED.
Tel No.: +95-1-249585, 249588 – 89, 249591
www.sharp.com.sg

Life
7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ရေစကြိုထန်းသီးမုန့်ရဲ့ လျှို့ဝှက်ချက်

**ညီညီဇော်**

ပခုက္ကူနယ်ဘက်မှ အသိအကျွမ်းမိတ်ဆွေတစ်ဦး မန္တလေးလာမည်ဆိုလျှင် ၎င်းတို့ဒေသထွက် ရိုးရာအစားအစာလေးတစ်မျိုးကို မန္တလေးသူ၊ မန္တလေးသားများအတွက် အညာလက်ဆောင်အဖြစ် ယူလာလေ့ရှိပါသည်။ မန္တလေးသူ၊ မန္တလေးသားတွေကလည်းအကြောင်းကိစ္စကြီးငယ်ရှိ၍ ယင်းနယ် ဘက်များရောက်ခဲ့လျှင် အိမ်အပြန်လက်ဆောင်အဖြစ် ထိုဒေသထွက်အစားအစာလေးကို တခုတ်တရ ဝယ်တတ်လေ့ရှိပါသည်။ ထိုအစားအစာလေး ကတော့ ပခုက္ကူခရိုင်ရေစကြိုမြို့နယ်မှထွက်ရှိသည့် ရေစကြို ထန်းသီးမုန့်ပင်ဖြစ်ပါသည်။



ရေစကြို ထန်းသီးမုန့်သည်တစ်ဦး ဈေးရောင်းနေစဉ်

ဓာတ်ပုံ – ညီညီဇော်

ရေစကြိုထန်းသီးမုန့်ကို မန်းသူမန်းသားတွေတင်ကြိုက်သည်မဟုတ်။ မုံရွာကလည်း ကြိုက်သည်။ ပခုက္ကူကလည်း ကြိုက်သည်။ ရန်ကုန်ကလည်း ကြိုက်သည်။ ပြောရမည်ဆိုလျှင်စားဖူးသူတိုင်း ကြိုက်ကြသည်ဟုပြောလျှင် လွန်မည်မထင်။ရေစကြိုထန်းသီးမုန့်ကို ကိတ်မုန့်နှင့်ပင်တောင် မလဲနိုင်ဘူးဟု စားဖူးသူအချို့ကဆိုပြန်သည်။စားဖူးသူတိုင်းစွဲလမ်းခဲ့ကြသည့် ရေစကြိုထန်းသီးမုန့်ပေါ်ပေါက်လာတာနှစ်ပေါင်းမနည်းတော့ဟု ရေစကြိုထန်းသီးမုန့်လုပ်သူများက ဆိုပါသည်။ အနည်းဆုံး နှစ်ပေါင်းငါးဆယ်ထက်မနည်းတော့ဟု ဆိုကြသည်။

ထိုမျှနာမည်ကြီးပြီး သက်တမ်းကြာရှည်လှပြီဖြစ်သည့် ရေစကြိုထန်းသီးမုန့်မှာ နိုင်ငံခြားဖြစ်ကိတ်မုန့်များလိုစက်တွေတဝုန်းဝုန်းမောင်းပြီး လုပ်ရသည့်မုန့်မျိုးမဟုတ်ပါ။ အညာဒေသရိုးရာတစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းလေးတစ်ခုသာဖြစ်ပါသည်။

ရေစကြို ထန်းသီးမုန့်ကိုကိုယ်တိုင်လုပ်ပြီးကိုယ်တိုင်ရောင်းသူလည်းရှိသည်။ သူများ လုပ်ပြီးသားကိုဖောက်သည်ပြန်ယူရောင်းသူတွေလည်းရှိသည်။ ယခုတော့ သူများလုပ်ပြီးသားမုန့်ကို တစ်ဆင့်ပြန်ယူရောင်းသည်က အများဆုံးဖြစ်သည်။ ရေစကြို ထန်းသီးမုန့်လုပ်ရန် ပထမဦးဆုံးအဆင့်အနေဖြင့် ညနေပိုင်းတွင် မနောသုခ (သို့မဟုတ်) ပေါ်ဆန်းဆန်လတ်ဆန်အမျိုးအစားနှင့် ဆန်ကြမ်းကို ငါးပြည်ခန့်စီ ရောကာတစ်နာရီခန့်ကြာအောင် ရေစိမ်ရပါသည်။ ရေစိမ်လို့ဆန်တွေပွလာပြီဆိုလျှင် ကြိတ်စက်ဖြင့်ကြိတ်ရပါသည်။ ရလာသည့်မုန့်ဆန်အရည်မပျစ်မကျဲကို ထန်းလျက်အချိန်တစ်ဆယ်(ဆယ်ပိဿာ)ဖြင့် အင်တုံထဲတွင်စပ်ရသည်။ ထို့နောက် ထန်းသီးလုံးမှည့်မှည့်ကို အခွံခွာပြီးထန်းသီးဆန်များအားလက်ဖြင့်

**စာမျက်နှာ (၈)သို့**



7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# မြန်မာအမျိုးသမီးနှစ်ဦးကို ထိုင်းရဲ ဘတ်ရှစ်သောင်းတောင်းယူမှု မြန်မာလူမှုရေးအဖွဲ့များ အကူအညီဖြင့် ငွေပြန်ရ

**အောင်သစ်လွင်**

**ရန်ကုန်၊ မတ်-၂၄**

မြန်မာနိုင်ငံသို့ ပြန်လာသော အိမ်အကူအမျိုးသမီးနှင့် မသန်စွမ်းအမျိုးသမီးတို့အား ပတ်စ်ပို့အထောက်အထားမခိုင်လုံဟူသော အကြောင်းပြချက်ဖြင့် ထိုင်းနိုင်ငံ ချင်းမိုင်ရဲတပ်ဖွဲ့က ဘတ်ငွေရှစ်သောင်းတောင်းယူခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာလူမှုရေးအဖွဲ့များ၏ အကူအညီဖြင့် အဆိုပါငွေများ ပြန်ရခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်မယ်ကျန်းစစ်ဆေးရေးဂိတ်တွင် မတ်လ ၁၈ ရက်တွင် ထိုင်းရဲတပ်ဖွဲ့က တားဆီးစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်မည့် မခိုင်သင်ဇာသင်းနှင့် ရဝမ်လူမျိုး မသန်စွမ်းအမျိုးသမီးတစ်ဦးကို ထိုင်းဘတ်ငွေရှစ်သောင်း ဒဏ်ရိုက်ခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) အဖွဲ့ဝင်တစ်ဦးကပြောသည်။

"သူတို့မှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေပါတယ်။ ချင်းမိုင်ရဲက ဖမ်းပြီး တမင်ငွေညှစ်တာပါ။ ပြည်နယ်အဆင့်ရဲအရာရှိကို တိုင်လိုက်တော့မှ ပိုက်ဆံတွေ ပြန်ရတာပါ။ ရဲတွေကိုယ်တိုင် ပြန်လာယူဖို့ အကြောင်းကြားလို့ သွားယူပြီး ကလေးမလေးတွေဆီကို ပြန်အပ်လိုက်ပါပြီ"ဟု ၎င်းကပြောသည်။

မခိုင်သင်ဇာသင်းသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ မြန်မာနိုင်ငံသို့ ကားဖြင့် ပြန်လာခြင်းဖြစ်ပြီး ကားပေါ်တွင် တွေ့ခဲ့သည့် ရဝမ်လူမျိုး မသန်စွမ်းအမျိုးသမီးနှင့်အတူ မယ်ကျန်းစစ်ဆေးရေးဂိတ်တွင်စစ်ဆေးခံရခြင်းဖြစ်သည်။ မသန်စွမ်းအမျိုးသမီးအား ပတ်စ်ပို့အထောက်အထားမခိုင်လုံဟုဆိုကာ ထိုင်းရဲက ဖမ်းထားသောကြောင့် ဘတ်ငွေရှစ်သောင်းပေးကာ ပြန်ခေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့နောက် မြန်မာလူမှုရေးအဖွဲ့အစည်းများထံ အကြောင်းကြားခဲ့ပြီး ၎င်းတို့၏ အကူအညီဖြင့် အဆိုပါငွေများ ပြန်တောင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

CNCMC အဖွဲ့က ထိုင်းနိုင်ငံ မယ်ဆိုင်ပြည်သူ့စစ်ရဲမှူးကြီးအား တိုင်ကြားခဲ့ပြီး ၎င်း၏ ညွှန်ကြားချက်ဖြင့် ချင်းမိုင်ခရိုင် ရဲတပ်ဖွဲ့က ဘတ်ငွေရှစ်သောင်း ပြန်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုမှာ ထိုင်းရဲများ မတရားငွေတောင်းယူခြင်းမကြာခဏကြုံတွေ့ရလေ့ရှိပြီး နည်းမျိုးစုံအသုံးပြုကာ အကြောင်းပြချက်အမျိုးမျိုးဖြင့် ဒဏ်ငွေပေးဆောင်နေရကြောင်း မယ်ဆိုင်မြို့မှ မြန်မာရွှေ့ပြောင်းအလုပ်သမားကိုမျိုးလွင်ကပြောသည်။

"တစ်ခါတလေဆိုရင် တွေ့တဲ့နေရာမှာဆီးသွားခိုင်းတယ်။ဆီးမှာ မူးယစ်ဆေးသုံးထားတဲ့ လက္ခဏာရှိတယ်ဆိုပြီး အရေးယူတာ။ ဆေးသုံးသူတွေလည်းရှိပေမယ့်တချို့က မတရားငွေညှစ်ခံနေရတာ" ဟု ကိုမျိုးလွင်ကပြောသည်။




ဒီကိုလေး ချက်ကြရအောင်



## ပုန်းရည်ကြီးကြော်

ဒီတစ်ပတ်တော့ ဝက်သားနဲ့တွဲဖက်ဟင်းရံဖြစ်တဲ့ ပုန်းရည်ကြီး ကို ပိုဆိမ့်သွားအောင် ကြော်ထားတာပါ။ ပုန်းရည်ကြီးအမှုန့် ဒါမှမဟုတ် အနှစ်တစ်ထုပ်၊ ပုစွန်ခြောက်အနည်းငယ်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်နီတို့ပဲ လိုပါတယ်။ ပထမဆုံး ကြက်သွန်ဖြူနီ ထောင်းထားတာကို အရောင်တင်မှုန့်နဲ့ ဆီသတ်ပါမယ်။ ကြက်သွန်ဆီသတ်ထဲကို ပုစွန်ခြောက် ထောင်းထားတာ ထည့်ပါမယ်။ ပြီးရင် ပုန်းရည်ကြီးအမှုန့်ဆိုလျှင် ခပ်ပျစ်ပျစ်ဖျော်ပြီး အနှစ်ထုပ်ဆိုလျှင်လည်း ရေနည်းနည်းထည့်ပြီး ပျော့တွဲအောင်မွှေပြီး ထည့်လိုက်ပါ။ ငရုတ်သီးစိမ်း၊ ဟင်းခတ်မှုန့် ထည့်မွှေပါ။ ပုန်းရည်ကြီးခြောက်ပြီး ဆီထဲမှာ စိမ့်ဝင်နေရင် ချလိုက်လို့ရပါပြီ။ နောက်ဆုံးမှာတော့ ကြက်သွန်နီကြော်လေး ဖြူးပေးပြီး သုံးဆောင်လို့ ရပါပြီ။



စာမျက်နှာ(၃) မှ

# ပြည်သူများ လုံခြုံအေးချမ်းစွာ အိပ်စက်နိုင်ပါစေ

ခင်ပွန်းဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားသောကြောင့် အသက် (၂၅) နှစ်အရွယ် ကျန်ရစ်သူဇနီးမှာ ကလေးသုံးယောက်အမေ၊ မုဆိုးမ ဘဝကို ရောက်သွားခဲ့ရသည်။ ခက်ခဲကြမ်းတမ်းသည့် ဘဝကို ကလေးသုံးယောက်ဖြင့် ဖြတ်သန်းရတော့မည်။ (၂) နှစ်အရွယ်ရင်ခွင်ပိုက်ကလေးနှင့် ကျန်ကလေး နှစ်ယောက်ကတော့ ဘာမှ နားမလည်သည့် မျက်လုံးအစုံဖြင့် မိခင်ကို ကြည့်နေပါသည်။

မင်းမင်းဦးသေဆုံးမှုသည် ရန်ကုန်မြို့ လှူမြင်ကွင်းတွင် မင်းမဲ့စရိုက်ဆန်ဆန်ဖြစ်ပွားခဲ့သည့် အမှုများစွာထဲမှတစ်မှုသာ ဖြစ်သော်လည်း လူနေထူထပ်သည့် ရပ်ကွက်အတွင်း လူရှေ့သူရှေ့၌ ပေါ်ပေါ်တင်တင် ငှက်ကြီးတောင်ဓားနှင့် ခုတ်သတ်ခံရခြင်းဖြစ်သောကြောင့် တရားဥပဒေစိုးမိုးရေးကို မေးခွန်းထုတ်ရန်လိုအပ်လာပေသည်။

လူသတ်မှုကျူးလွန်သူ၏ မိသားစုက ရန်ပြုမည်ကို ကြောက်သောကြောင့် ယင်းဖြစ်ရပ်အတွက် ရဲစခန်းတွင် သက်သေလိုက်မည်သူပင်မရှိဖြစ်ခဲ့သည်က တရားဥပဒေအပေါ် အယုံအကြည်မရှိသည့် အခြေအနေကို မီးမောင်းထိုးပြနေသည်။

“သတ်တဲ့သူကသူ့အိမ်နားကို တရွတ်တိုက်ဆွဲခေါ်သွားပြီး အိမ်သားတွေဆီကငှက်ကြီးတောင်ဓားကိုတောင်းပြီးမှ ခုတ်သတ်တာ။ တားရင်တားတဲ့ ကောင်ပါခုတ်မယ်လို့ စိန်ခေါ်နေတော့ ဘယ်သူမှ ဝင်မဆွဲရဲခဲ့ဘူး။ ဒီအချိန်မှာ ဝင်တားလိုက်ရင် ကိုယ်ပါ အသတ်ခံရမှာ”ဟု အမည်ထုတ်ဖော်ပြောရန် ငြင်းဆန်သည့် မေတ္တာရိပ်မွန်လမ်းတွင် နေထိုင်သူအမျိုးသားတစ်ဦးက ပြောသည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အများဆုံးပြောလေ့ရှိသော စကားမှာ လူတိုင်းဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ပါသည်။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခု ထူထောင်နိုင်ရန် တရားဥပဒေစိုးမိုးမှုမှာနေရာတိုင်းတွင် အသက်ဝင်ရန် လိုအပ်ပြီး လူတိုင်း၊ လူတိုင်း ၎င်းတို့၏ကိုယ်ပိုင်ဘဝများ လုံခြုံမှုရှိသည်ဟု ယုံကြည်ခံစားနေရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မကြာခဏပြောလေ့ရှိပါသည်။

ဆယ်စုနှစ်များစွာ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခဲ့သည့် အခြေအနေမှ ရုန်းထွက်ရန် ရုန်းကန်နေရဆဲ နိုင်ငံတစ်ခုအနေဖြင့် လိုအပ်ချက်များစွာရှိနေသေးသော်လည်း မည်သည့် အစိုးရက အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံသားတိုင်းသည် လုံခြုံရေးအပြည့်အဝပေးနိုင်သည့် ဥပဒေအရိပ်အမိုးအောက်တွင် ခိုလှုံချင်ကြပါသည်။ ပြစ်မှုတစ်ခုခုကျူးလွန်သူကို ထိထိရောက်ရောက် အရေးယူပြီး အေးချမ်းသော လူ့အဖွဲ့အစည်းတွင် လူတိုင်းနေထိုင်လိုကြပါသည်။

သို့သော် ရန်ကုန်မြို့တွင် ၂၀၁၄ နှစ်စပိုင်းမှ မတ်လကုန်ခန့် ကာလအတွင်း လူပြောများသည့် အမှုအခင်းများ ခပ်စိပ်စိပ်ဖြစ်လာပြီး မိမိတို့၏ မိသားစုဘဝများ လုံခြုံမှုမရှိဟု ခံစားရသူများလည်း ရှိနေပါသည်။

မိမိပိုင်အိမ်ထဲတွင် အေးချမ်းစွာ ထမင်းလက်ဆုံစားနေသည့် မိသားစုတစ်စုကို အရက်မူးနေသည့် လူတစ်ယောက်က တုတ်၊ ဓားတို့ဖြင့် ဝင်ရိုက်ခဲ့သည့် မြောက်ဥက္ကလာပမြို့နယ် ဖြစ်စဉ်မှသည် အရက်နှင့် မူးယစ်ဆေးကြောင့် ရုတ်တရက်စိတ်ဖောက်ပြန်ကာ ကိုယ့်အိမ်ကိုယ်မီးရှို့သောကြောင့် အိမ်နီးချင်းအချို့ အိမ်ခြေမဲ့သွားသည့် ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ ကိုယ့်အိမ်ကိုယ် မီးရှို့ခဲ့သည့်အမှုမှာ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေနေရသည့် ရက်ပိုင်းအတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်း ကျောင်းသားအချို့၏ လေ့ကျင့်ခန်းစာအုပ်များ မီးထဲပါသွားသည်။ ဘဝအတွက် အရေးကြီးဆုံး စာမေးပွဲဖြေဆိုခါနီး ကျောင်းသားများ၏ လေ့ကျင့်ခန်းစာအုပ်များ မီးထဲပါသွားသည့် ခံစားချက်ကို ကာယကံရှင် ကျောင်းသားများသာ သိနိုင်ပါလိမ့်မည်။

လွန်ခဲ့သည့်နှစ်ကလည်း ရန်ကုန်မြို့လယ်တွင် ညပိုင်း၌ ပြိုင်ကားမောင်းသမားအချို့က သီချင်းဆို လမ်းသွားသူတစ်ဦးကို စိန်ခေါ်ပြီး ရေအိုးဖြင့် ခေါင်းရိုက်ခွဲကာ သတ်ခဲ့ဖူးသည်။

“ရပ်ကွက်ထဲမှာနေပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တရားဥပဒေ စိုးမိုးမှုမရှိဘူးလို့ ကြီးကြီးကျယ်ကျယ် ပြောနေတာမဟုတ်ပါဘူး။ တကယ့်ကို နောက်ကျောလုံလုံနဲ့ အလုပ်လုပ်လို့မရတာ။ ရုံးမှာ အလုပ်လုပ်နေပေမယ့် အိမ်က မိသားစုကို စိတ်မချဘူး။ အိမ်မှာ မိန်းမသားတွေချည်းနေရတာ” ဟု စိတ်ကြွဆေးစွဲနေသူ အမျိုးသားတစ်ယောက်နှင့် အိမ်ချင်းကပ်နေရသူ ကမာရွတ်မြို့နယ် ဘူတာရုံလမ်းမှ ကိုခိုင်ဇင်ကပြောသည်။

အထက်ပါ ဖြစ်စဉ်များကို ပြန်သုံးသပ်လျှင် ပြစ်မှုကျူးလွန်သူများမှာ မူးယစ်ဆေးမှီဝဲထားသူ၊ အရက်သေစာသောက်ထားပြီး လူစိတ်ပျောက်နေသူများနှင့် ပြစ်ဒဏ်လျှော့ပေါ့စွာ ချခံရပြီး ထောင်မှ ပြန်ထွက်လာသော ထောင်ထွက်လူမိုက်များဖြစ်သည်။ ပြဿနာမှာ ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်း မူးယစ်ဆေးနှင့် အရက်စွဲနေသူများစွာရှိနေခြင်းမှာ ပြည်သူများအတွက် အဓိကခြိမ်းခြောက်မှုဖြစ်သည်။ ထို့အပြင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်များမှာပင် ထောင်အတွင်းအမြင်မှန်မရသော ရာဇဝင်လူဆိုးများ လွတ်မြောက်လာမှုမှာ ပြဿနာဖြစ်သည်။


ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက်တွင် ဖြစ်ခဲ့သည့် လူသတ်မှုကျူးလွန်သူမှာ မွေးစာရင်းရောမှတ်ပုံတင်ပါ ကိုင်ဆောင်ထားသူမဟုတ်ကြောင်း ရဲစခန်းမှတ်တမ်းများအရသိရပြီး ယင်းအချက်မှာ လူသတ်ရန် အမြဲရန်လိုနေသူအား အကာအကွယ်ပေးထားသလို ဖြစ်နေပါသည်။

သက်ဆိုင်ရာရဲစခန်းမှ လူသတ်သမားအား ၁၂ နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့သော်လည်း ရန်ကင်း (၁၂)ရပ်ကွက်တွင် နေထိုင်သူအချို့ကတော့ အဆိုပါဖြစ်စဉ်အပေါ် သုံးသပ်ချက်ပေးရန်ပင် ကြောက်လန့်နေခဲ့ပါသည်။ ထို့ကြောင့် ရဲစခန်းတွင် မည်သူမျှ အသတ်ခံရသူဘက်မှ သက်သေထွက်မပေးကြ။ အကြောင်းရင်းက ရှင်းပါသည်။ ရပ်ကွက်ကို စိန်ခေါ်ကာ လူမြင်ကွင်းရှေ့မှာပင် လူတစ်ယောက်အား ရက်ရက်စက်စက် သတ်ခဲ့သူကို မဖမ်းနိုင်သေးသည့် အပြင် ၎င်း၏မိသားစုဝင်များအား ကြောက်လန့်နေကြသောကြောင့် ဖြစ်ပါသည်။

အမှုစစ်ရဲအရာရှိ၏ စည်းရုံးရေးကောင်းသောကြောင့် တရားရုံးတွင် သက်သေလိုက်ပေးသူ တစ်ဦးတည်းသော အိမ်နီးချင်းကိုလည်း အဖမ်းခံထားသူ၏ မိသားစုဝင်များက ရန်တွေ့မှုများ ပြုလုပ်ခဲ့ကြောင်း နောက်ဆက်တွဲသတင်းရရှိသည်။

လူသတ်မှုကျူးလွန်သူသည် ထောင်နှစ်ကြိမ်ကျခဲ့ဖူးပြီး ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ခံဝန်လက်မှတ် အကြိမ်ကြိမ် ထိုးထားရသူဖြစ်ကြောင်း ရန်ကင်းမြို့မရဲစခန်းမှ သိရသည်။ ယခုကဲ့

စာမျက်နှာ ၈ ››



7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

စာမျက်နှာ (၅)မှ

## ရေစကြိုထန်းသီးမုန့်ရဲ့ လျှို့ဝှက်ချက်

ကြီးဖြင့် မွှေရပါသည်။ နာရီဝက်ခန့်အသားကျအောင်မွှေလိုက်ပြီဆိုရင်ဖြင့် အမြှုပ်များထလာတတ်ပါသည်။ အဲဒီအဆင့်ရောက်ပြီဆိုပါကအုန်းမှုတ်ခွက်များကို မုန့်ရည်အတွင်းနှစ်ပေးထားရသည်။ မုန့်သားကောင်းအောင်အတွက်ဟုဆိုပါသည်။ အုန်းမှုတ်ခွက်များစိမ်ထားသည့်မုန့်ရည်ကို ဆန်ကောဖြင့်အုပ်ကာ ခြောက်နာရီခန့်ထားရပါသည်။

ညဥ့်သန်းခေါင်ယံ အချိန်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ကောင်းချိန်ဖြစ်ပေသိ ထန်းသီးမုန့်လုပ်သူများအတွက်တော့ အိပ်ကောင်းကောင်းဖြင့်အိပ် နေ၍မရပါ။ ညနေမှာဖောက်ထားခဲ့သည့်မုန့်ရည်တွေက ည ၁၂ နာရီကျော်ကျော်လောက်ဆိုလျှင် မုန့်လုပ်ရန် အဆင်သင့်ဖြစ်လေပြီ။ မီးဖိုသူကဖို၊ မိုးပြဒယ်ထဲရေဖြည့် သူကဖြည့်ဖြင့် ထန်းသီးမုန့်လုပ်ငန်းစတင်ရပါပြီ။ မီးကောင်းကောင်းဖြင့်တည်ထားသည့် မိုးပြဒယ်အိုးထဲကရေတွေ တပွက်ပွက်ဆူလာပြီး အငွေ့တွေတက်လာပြီဆိုလျှင် ဆန်ကောတစ်ချပ်တင်ရပါသည်။ ထိုဆန်ကောပေါ် ပိတ်စအဖြူတစ်ထည်ထပ်ခင်းရပါသည်။ ထိုပိတ်စအဖြူပေါ်ကို ၆ နာရီ ကျော်စိမ်ထားသည့် မုန့်ဆန်အရည်ပျစ်ပျစ်တွေလောင်းတင်ရပါသည်။ ကြက်ဥထည့်မည်ဆိုပါက မုန့်တစ်ဇန်းလျှင်နှစ်လုံးခန့်ဖောက်ထည့်ရပါ၏။ ပြီးနောက် အုပ်ဆောင်းအုပ်ရပြီး အုပ်ဆောင်းအောက်ခြေပတ်ပတ်လည်တွင် အငွေ့လုံစေရန် အဝတ်စုတ်ကိုရေဆွတ်ကာပတ်ရပါသည်။ နှစ်ဆယ့်ငါးမိနစ်ခန့်လောက်ကြာ၍ အုပ်ဆောင်းဖွင့်ကြည့်လိုက်မည်ဆိုလျှင် အငွေ့တထောင်းထောင်းဖြင့် ထန်းသီးမုန့်လေးများရရှိလာပါပြီ။ တစ်ခါလုပ်လျှင် တစ်ဇန်းသာ ရသောကြောင့် အိုးပြိုင်လုပ်ပေးသိ မုန့်ဖောက်သည်ယူမည့်ဈေးသည်များသည်မို့ အားလုံးအတွက်လောက်ငအောင်လုပ်ပြီးပြီဆို မိုးစင်စင်လင်းလေပြီ။

နံနက်လင်းလျှင်နှီးဆန်ကောနှင့် နှီးတောင်းကိုင်ကာ ထန်းသီးမုန့်သည်များ မုန့်ယူရန်လာကြပါပြီ။ သူတို့နှီးတောင်းထဲမှာ ထန်းသီးမုန့်အချပ်လိုက်တွေ အထပ်ထပ်စီပြီး ကိုယ်ရောင်းနေကျ ရေစကြိုဈေးနှင့် မြို့ထဲ အရိပ်အာဝါသကောင်းသော သစ်ပင်များအောက် နေရာယူသွားကြသည်။ ဈေးဝယ်မလာမီ နှီးတောင်းထဲမှ ထန်းသီးမုန့်ကို နှီးဆန်ကောပေါ်တင်ပြီး အညာထွက်ဆုံဆီစစ်စစ်ပုတ်ကာ ညက ကြော်ထားသည့် အုန်းဆန်ကြော်နီနီရဲရဲ ဖြူးထားလိုက်သည်။ ဈေးဝယ်လာပြီဆိုလျှင် မဝယ်မီ ထန်းသီးမုန့်တစ်မြှောင်းအား ဓားပါးပါးလေးဖြင့်လှီးကာ အုန်းသီးကြော်ထပ်တို့ပြီးကျွေးတတ်သည်။ ဈေးဝယ်သူကကြိုက်ပြီဆိုမှအလိုရှိသလောက်နှီးချိန်ခွင်ဖြင့် ခြင်တွယ်ပေးသည်။ ခြင်တွယ်ပြီး ထန်းသီးမုန့်များကိုအုန်းသီးကြော်ထပ်ဖြူးပြီး ဖရုံယိုချောင်းလေးတွေအုပ်ပေးသည်။ ဒူးရင်းသီးယို သုတ်ပေးသည်။ ပြီးနောက် ပဲဆီသန့်သန့်ဖြင့် ချက်ထားသည့် အုန်းနို့ချက်ထပ်သုတ်ပြန်သည်။ သကြားဖြူးသည်။ ပြီးနောက်ငှက်ပျောဖက်နုနုပေါ်တင်၊ သတင်းစာစက္ကူ ထပ်ပတ်ကာအိတ်သန့်သန့်ဖြင့်ထည့်ပေးတတ်ပါသည်။

အချို့ဈေးဝယ်သူတွေကကလေးတွေတစ်အုပ်လိုက်ကြီးလည်းပါလာတတ်သည်မို့ လူစေ့တက်စေ့ အမြည်းကျွေးရပါသေးသည်။ ထန်းသီးမုန့်တစ်မြှောင်းဆိုနှစ်ကျပ်ခွဲသားလောက်တော့ ရှိတာမို့လေးငါးမြှောင်းကျွေးလိုက်ရပြီဆို တော်တော်လေးတာသွားပြီ။ အမြည်းတွေကိုယ်စီကျွေးပြီးဝယ်တော့အစိတ်သားလောက်ဆိုရင်တော့ သိပ်တွက်ခြေမကိုက်တော့။ သို့ပေသိ ထန်းသီးမုန့်သည်တွေဈေးတွက် မတွက်တော့ပါ။ "မလျှိုနိုင်ဈေးရောင်းဆိုတဲ့အတိုင်း လျှိုတယ်ပဲသဘောထားလိုက်တာပါပဲ။ နောက်ပိဿာများများဝယ်မယ့်သူနဲ့ပြန်ထေရတာပေါ့"ဟု ထန်းသီးမုန့်သည်ဒေါ်တင်တင်ကပြောသည်။ တစ်ဦးတည်းလာပြီးပိဿာလိုက်များများဝယ်တော့ အမြည်းနည်းနည်းသာကျွေးရသည့် အတွက် လမ်းစားဆိုပြီး ထန်းသီးမုန့်အား အထုပ်သတ်သတ်ထုပ်ကာပေးတတ်ပါသေးသည်။

ရေစကြိုထန်းသီးမုန့် အရောင်းရဆုံးအချိန်က ယခုလိုတပေါင်းလ ပခန်းကိုကြီးကျော်ပွဲချိန်ဖြစ်သည်။ ပြီးခဲ့သည့် ကိုကြီးကျော်ပွဲချိန်တုန်းကဆို ထန်းသီးမုန့်လုပ်သူရော၊ ရောင်းသူပါရောင်းရလိုက်တာများ တစ်ချက်လေးမှမနားရ။ ပွဲတော်ပြန်တွေရဲ့ကားပေါ်မှာ ရေစကြို ထန်းသီးမုန့်ထုပ်လေးတွေက တွဲလောင်းကျကာဝှေ့ယမ်းလို့။ ပခန်းကိုကြီးကျော်ပွဲရောက်ရှမ်းပြည်နယ်ဘက်မှ ရှမ်းအမျိုးသမီးတစ်ဦးကို ဒေသခံတွေက ရေစကြိုထန်းသီးမုန့်ဝယ်ကျွေးလိုက်တာ ငါးဆယ်သားကိုတစ်ယောက်တည်း စားပစ်သတဲ့။

"သူက စားလို့ကောင်းလွန်းလို့ဆိုပြီး ပြန်ရင်လည်း ဝယ်ပေးလိုက်ဖို့ပြောသေးတယ်တဲ့"ဟု ထန်းသီးမုန့်သည်ဒေါ်တင်တင်ကသူတို့ထန်းသီးမုန့်ကြိုက်ကြပုံကို ဂုဏ်ယူစွာဖြင့်ပြောပြသည်။

"ကိုယ့်မုန့်လေးကြိုက်တယ်ဆိုရင် ပီတိဖြစ်တယ်။ ဒီထက်ကောင်းအောင်ကိုထပ်လုပ်ပေးချင်တာ" ဟု ထန်းသီးမုန့်လုပ်သူ ဒေါ်ဝင်းဝင်းခိုင်ကဆိုပါသည်။



ဓာတ်ပုံ– ညီညီဇော်

အချို့ကျတော့ ကိုယ်တိုင်ရေစကြိုကိုမကြုံရင်တောင် ကားဂိတ်ကနေလှမ်းမှာတတ်သည်။ တရားပွဲတွေမှာ မိမိတို့ကိုးကွယ်သည့် ဆရာတော်ဘုရား၏ မွေးနေ့တွေမှာ ညှော့ခံကျွေးမွေးဖို့ မှာတာတွေလည်းရှိသည်။ စားဖို့သက်သက်မှာတာတွေလည်းရှိသည်။ ထန်းသီးမုန့်အချိန်တစ်ရာ (ပိဿာတစ်ရာ)လောက်ထိမှာကြသည်။ အဲဒီလိုမှာရင်ဖြင့် ထန်းသီးမုန့်နဲ့အပေါ်ကဖြူးတဲ့အစာတွေကိုသတ်သတ်စီခွဲထည့်ကာ ဂျပ်ဖာများဖြင့် ကားဂိတ်ကနေ တင်ပေးရသည်။ အချို့က ထန်းသီးမုန့်ကို ထူးရှယ်အဖြစ်နို့စိမ်းပါ ထည့်လုပ်ခိုင်းသည်။ အဲဒီလိုအခါ ဆိုရင်တော့ ပုံမှန်တစ်ပိဿာနှစ်ထောင့်လေးရာပေမယ့် တစ်ပိဿာ သုံးထောင်လောက်ဈေးဖြစ်သွားသည်ဟု ထန်းသီးမုန့်လုပ်သူများက ဆိုပါသည်။

ရေစကြိုမြို့ဝန်းကျင် ရွာအချို့မှာတော့ မင်္ဂလာဆောင်ကို ရေစကြိုထန်းသီးမုန့်နဲ့ ညှော့ခံတာမျိုးလည်းရှိသည်ဟု ထန်းသီးမုန့်လုပ်ငန်းလုပ်ကိုင်သူဦးစိန်အောင်မင်းကဆိုပါသည်။ နောက်ပြီး ရေစကြိုရဲ့မြန်မာ့ရိုးရာဓလေ့တစ်ခုတွင်လည်း ရေစကြိုထန်းသီးမုန့်က ပါပြန်သည်။ မွေးချင်းထဲက (သို့မဟုတ်) မိတ်ဆွေအပေါင်းအသင်းထဲက အိမ်အသစ်ဖြစ်စေ၊ တိုက်အသစ်ဖြစ်စေဆောက်နေသည်ဆိုပါက ဆောက်လုပ်ပေးမည့်လက်သမားအဖွဲ့ကို ရေစကြိုထန်းသီးမုန့်သွားကျွေးရသည်ဟုဆိုပါသည်။ ထိုဓလေ့အား အိမ်ဆောက်ချသည်ဟုဆိုပါသည်။

အကယ်၍ စာဖတ်သူအနေဖြင့် ရေစကြိုသားနှင့်ဖြစ်စေ၊ ရေစကြိုသူနှင့်ဖြစ်စေ အကြောင်းပါပြီး အဲဒီမှာ မင်္ဂလာသွားဆောင်ကြပြီဆိုပါစို့။ စာဖတ်သူနှင့် အတူပါလာကြမည့် သင့်မိဘဆွေမျိုးတွေအတွက် အိမ်အပြန်လက်ဆောင် ရေစကြိုထန်း သီးမုန့်တွေ တနင့်တပိုးကြီး ဝယ်ထည့်ပေးမှာ သေချာသည်။ "မင်္ဂလာဆောင်ရှိတဲ့အခါမျိုးဆိုရင် တအားရောင်းကောင်းတာ"ဟု ထန်းသီးမုန့်သည်အမျိုးသမီးတစ်ဦးက ဆိုပါသည်။

မြို့ကြီးပြကြီးရောက်နေတဲ့ ရေစကြိုသားတွေထံ လူကြုံရှိလို့ ဘာမှာဦးမလဲမေးလိုက်ရင် မြန်မာလူမျိုးဓလေ့ထုံးစံအတိုင်း မိဘဆွေမျိုးမိတ်ရင်းဆွေရင်းအပြင် ကိုယ့်ဒေသထွက်မုန့်ပါလွမ်းတတ်ကြသည်မို့ ရေစကြိုထန်းသီးမုန့်သာယူခဲ့ဖို့ဆက်ဆက်မှာကြသည်။ ကိုယ်တိုင်စားဖို့အပြင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေကိုပါ ကိုယ့်ဒေသထွက် အစား အစာကို ဂုဏ်ယူစွာနဲ့ကျွေးတတ် ကြသည်။

ခုတော့ ရေစကြိုထန်းသီးမုန့်လေးတွေက ကားစီးပြီး ရန်ကုန်တို့၊ မန္တလေးတို့ မြို့ကြီးတွေဆီ သွားရတာတင် အားမရတော့။ ရေစကြိုနယ်သားအချို့လည်း ဝမ်းရေးအတွက် ပြည်ပရောက်ကုန်ကြပြီမို့ လူကြုံရှိသည့်အခါ မှတ်မှတ်ရရ မှာတတ်သည့်အတွက် ရေစကြိုထန်းသီးမုန့်များ လေယာဉ်ပျံတောင်စီးနေရလေပြီ။ အဝေးရောက်အညာသားများ ထန်းသီးမုန့်စားရင်း အိမ်အလွမ်းတွေ ဖြေကြလေပြီ။ "တစ်လောကတောင် စင်ကာပူကနေမှာလို့ ထည့်ပေးလိုက်ရသေးတယ်"ဟု ထန်းသီးမုန့်လုပ်သူ ဒေါ်ဝါဝါခိုင်က ပြောပြသည်။ ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ တိုင်းတစ်ပါး အစားအစာတွေက ဘယ်လောက်ပဲဝင်လာလာ၊ ကမ္ဘာ၏မည်သည့် အရပ်တွင်ရှိနေသည်ဖြစ်ပါစေ အညာပြန်လက်ဆောင် ရေစကြို ထန်းသီးမုန့်ကိုတော့ဖြင့် မက်မက်မောမောစားချင်နေသူတွေကတော့ ရှိနေတုန်းပင်ဖြစ်ပါသည်။

စာမျက်နှာ(၇) မှ

## ပြည်သူများ လုံခြုံအေးချမ်းစွာ အိပ်စက်နိုင်ပါစေ

သို့သော အမှုမျိုးတွင် သက်သေလိုက်ပေးမည့်သူမရှိခြင်းသည် အမှုမှန်ဖော်ထုတ်ရာတွင် ခက်ခဲကြောင်း အမှုစစ်ရဲအရာရှိကပြောသည်။ သို့သော် ယင်းအချက်က ပြည်သူနှင့်ရဲ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုနည်းခြင်းကို မျက်ဝါးထင်ထင် မြင်ရခြင်းပင်။

"ငှက်ကြီးတောင်ဓားကိုင်ပြီး ဝင်လာတဲ့ကောင် ခုတ်မယ်လို့ ကြိမ်းဝါးနေတဲ့သူကို ကျွန်တော်တို့ ဘယ်လိုတားမလဲ။ ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူတွေတောင် မီးမှိတ်ပြီး တံခါးပိတ်နေကြတာ။ ပြည်သူတွေက ရပ်ကွက်ထဲမှာ အေးအေးချမ်းချမ်း နေချင်တာပါ"ဟု မေတ္တာရိပ်မွန်လမ်းတွင် နေထိုင်သူတစ်ဦးကပြောသည်။

တရားဥပဒေစိုးမိုးရေးကို လူအများစုက သံသယရှိနေခြင်းသည် ဥပဒေဘက်မှ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်မှု နည်းပါးခြင်းနှင့် ဥပဒေကြောင်းအရ ဖြေရှင်းရခြင်းကို မယုံကြည်တော့၍ဖြစ်ကြောင်း နိုင်ငံရေးဆောင်းပါးများရေးသားသူ ထက်ယံက ဆိုပါသည်။

"လူတွေဟာ နစ်နာချက်တွေကို မှန်မှန်ကန်ကန် ရပ်တည်ဖြေရှင်းဖို့ဆိုရင် အင်မတန်တွန့်ဆုတ်ကြတယ်။ ဒါဟာ အပေါင်းလက္ခဏာတော့ မဟုတ်ဘူး။ ဥပဒေကြောင်းအရ ဖြေရှင်းရတာကို မယုံကြည်တာလည်း ပါနိုင်တယ်" ဟု ၎င်းကသုံးသပ်သည်။

မည်သို့ပင်ဆိုစေ ရန်ကုန်မြို့နေ ပြည်သူများသည် တရားဥပဒေစိုးမိုးမှုအောက်တွင် နေနေရသည်ဟု မခံစားရဘဲ စိုးရိမ်ထိတ်လန့်မှု၊ နောက်ကျောမလုံမှုတို့ဖြင့် နေ့စဉ်လူမှုဘဝကို ဖြတ်သန်းနေရသည်မှာ အသေအချာပင်ဖြစ်သည်။

ပုံမှန် သေမှုသေခင်းများထက် လွန်ကဲနေသော ဖြစ်စဉ်များရင်ဆိုင်ရခါမှ အရက်နှင့် စိတ်ကြွဆေးကြောင့် ရုတ်တရက် စိတ်ဖောက်ပြန်နေသူ ဖြစ်နေ၍ဟုလည်းကောင်း၊ စိတ်ရောဂါဝေဒနာရှင် ဖြစ်နေသောကြောင့်ဟူ၍လည်းကောင်း အကြောင်းပြချက်များသည် ဘဝကို အေးချမ်းစွာ နေထိုင်ချင်သူ လူအများစုအတွက် လုံလောက်သော အဖြေမဟုတ်ပါ။ ထို့ကြောင့် ပြည်သူများက ရာဇဝတ်မှု ကျူးလွန်သူများကို ထိရောက်စွာအရေးယူပေးရန် လိုလားကြသည်။ ပြစ်မှုများထပ်ကာထပ်ကာ ကျူးလွန်သော ရာဇဝင်လူဆိုးများကို သမ္မတ၏လွတ်ငြိမ်းခွင့်ကြောင့်ဖြစ်စေ၊ မည်သည့်လွတ်ငြိမ်းခွင့်ဖြင့်မှ နောင်တမရမချင်း ပြစ်ဒဏ်မလျှော့ပေါ့သင့်ဟု ပြောကြသည်။

တရားဥပဒေစိုးမိုးရေးကို လူအများစုက ယုံကြည်မှုမရှိခြင်း၏ ပြယုဂ်အဖြစ် မကြာမီတွင် ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက်သူ/သားများ ဆန္ဒထုတ်ဖော်မှုတစ်ခုကို ပြုလုပ်ပါတော့မည်။ လူသတ်တရားခံ၏ မိသားစုဝင်များအား ရပ်ကွက်မှ နှင်ထုတ်ပေးရေး၊ ကျူးလွန်သူကို ဥပဒေပိုင်းမှ ထိထိရောက်ရောက် အပြစ်ပေးရေးနှင့် ရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးမှုရှိရေးကို အုပ်ချုပ်ရေးပိုင်းမှ တာဝန်ယူပေးရေးများကို ဆန္ဒထုတ်ဖော် တောင်းဆိုကြမည်ဖြစ်ပါသည်။

ကိုယ့်အိမ်၊ ကိုယ့်စည်းဝိုင်းအတွင်း နေထိုင်သူကို နှင်ထုတ်ပေးရန် ဥပဒေကြောင်းအရ ခွင့်ပြုပေး၍ မရနိုင်ကြောင်း ရန်ကင်းမြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူက ပြောသော်လည်း ဆန္ဒထုတ်ဖော်ခွင့်ကိုမူ စိစစ်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

ရပ်ကွက်အတွင်း နေထိုင်ရသည်ကို နောက်ကျောမလုံဘဲ တရားဥပဒေစိုးမိုးရေးကို သံသယရှိသူအချို့ လမ်းမထက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပါတော့မည်။ ယခုကဲ့သို့ တောင်းဆိုမှုကို အုပ်ချုပ်ရေးပိုင်းက မည်သို့တုံ့ပြန်ဖြေရှင်းပေးမည်လဲဆိုသည်ကို ရန်ကုန်မြို့နေလူထု ခြောက်သန်းခန့်က စိတ်ဝင်စားနေကြပါသည်။

# Health

7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014


## ပူပြင်းသောရာသီတွင် ကဖင်းဓာတ်နှင့် အချိုဓာတ်များစွာ ပါဝင်သော အချိုရည်များ မသောက်သင့်



***ရန်ကုန်မြို့လယ် တစ်နေရာတွင် နေ့ခင်းပိုင်းအချိန် သွားလာနေသူများတွေ့ရစဉ်။ မတ်လမှ စတင်၍ အပူချိန်များမှာ သိသိသာသာမြင့်တက်လာနေသည်။*** ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ရဲနောင်**

**ရန်ကုန်၊ မတ်-၂၁**

ရာသီဥတုပူပြင်းသော နွေရာသီတွင် ကဖင်းဓာတ်နှင့် အချိုဓာတ်များစွာ ပါဝင်သော အားဖြည့်ရည်နှင့် အချိုရည်များကို မသောက်သုံးသင့်ဟု ကျန်းမာရေးဆိုင်ရာဆေးပညာရှင်များက အကြံပြုပြောကြားသည်။

ကဖင်းဓာတ်များစွာပါဝင်သော အားဖြည့်အချိုရည်များ သောက်သုံးလျှင် ရုတ်တရက်လန်းဆန်းသွားသောကြောင့် ခန္ဓာကိုယ်တွင် အမှန်တကယ်လိုအပ်သော ရေဓာတ်နှင့်ဆားဓာတ်များကိုမသိရှိနိုင်တော့ခြင်းနှင့် အချိုဓာတ်များစွာ ပါဝင်သော အချိုရည်များ သောက်သုံးလျှင် ရေဓာတ်ပိုမိုလိုအပ်မှုဖြစ်ပေါ်နိုင်ပြီး ယခင်အချိုဓာတ်နှင့် မတည့်သော ရောဂါအခံရှိသူများအတွက်လည်း အန္တရာယ်ဖြစ်စေနိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

“ရေဆာရင် ရေသောက်တာ အကောင်းဆုံးပဲ။ အခြားအရည်ရွှမ်းတဲ့ ဖရဲသီးတို့၊ လိမ္မော်သီးတို့လည်း စားလို့ရတယ်။ အချိုဓာတ်နဲ့ ကဖင်းအလွန်ပါတဲ့ အချိုရည်တွေကတော့ မသောက်သင့်ဘူး။ အဲဒီဓာတ်တွေက ရာသီဥတုပူလို့ ခန္ဓာကိုယ်မှာ ဆုံးရှုံးသွားတဲ့ ရေဓာတ်၊ ဆားဓာတ်တွေ ဘယ်လောက်လိုအပ်လဲဆိုတာတွေကို အဟန့်အတားဖြစ်စေတယ်”ဟု အထွေထွေရောဂါကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာအောင်အောင်ကပြောသည်။

ထို့အပြင် နေပူထဲမှာ ပြန်လာချိန်တွင် အလွန်အေးလွန်းသော ရေအေးသောက်သုံးခြင်း သည်လည်း လည်ချောင်းနာခြင်းနှင့် အစာအိမ်အောင့်၍ ဗိုက်အောင့်ဗိုက်နာခြင်းများဖြစ်စေနိုင်သဖြင့် ရှောင်ရှားသင့်သည်ဟု အကြံပြုသည်။

ရာသီဥတုပူပြင်းချိန်တွင် နေ့စဉ်ရေသုံးလီတာခန့် သောက်သုံးရမည်ဖြစ်ပြီး ဆုံးရှုံးသွားသော ရေဓာတ်နှင့် ဆားဓာတ်များပြန်လည်ဖြည့်စွက်ရန် ဓာတ်ဆားရည်ကို အနည်းငယ် သောက်သုံးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က လမ်းညွှန်မှုပြုထားသည်။

မြန်မာနိုင်ငံတွင် မြောက်ပိုင်းဒေသများမှလွဲ၍ ကျန်ရှိသော ပြည်နယ်နှင့် တိုင်းအားလုံးတွင် အပူရှိန်မြင့်တက်မှုမှာ လွန်ကဲအဆင့်ရောက်နေပြီး ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမှာလည်း အန္တရာယ်အဆင့်သို့ ရောက်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက် တာထွန်းလွင်က မတ်လ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

## ရောဂါစစ်ဆေးမှုအားနည်းခြင်းကြောင့် ဆေးယဉ်ပါးတီဘီဖြစ်ပွားမှုမြင့်တက်နေ

**လန်ဒန်၊ မတ်-၂၁**

၂၀၁၂ တွင် အန္တရာယ်ရှိသောတီဘီရောဂါဖြစ်ပွားသူငါးသိန်းခန့်ရှိခဲ့သော်လည်း ရောဂါဖြစ်သူလေးဦးတွင် တစ်ဦးသာ တီဘီရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ကြောင့် ကျန်လူများမှာ ဆေးမှားသောက်ခြင်း(သို့မဟုတ်) ကုသမှုမရှိခြင်းတို့ဖြစ်၍ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသည်။

နှစ်စဉ်တီဘီရောဂါကူးစက်ခံရသူကိုးသန်းခန့်အနက် သုံးသန်းခန့်မှာ လိုအပ်သောပြုစုစောင့်ရှောက်မှု မရရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ နောက်ဆုံးလေ့လာတွေ့ရှိချက်များက ဖော်ပြသည်။ ဆေးယဉ်ပါးတီဘီရောဂါသည် ကမ္ဘာ့ကျန်းမာရေးအန္တရာယ်တစ်ခုဖြစ်သည်ဟု WHO ကသတိပေးခဲ့သည်။

“တီဘီရောဂါကို စောစောနဲ့ မြန်မြန်စစ်ဆေးတွေ့ရှိချက်ဟာ အလွန်အရေးကြီးပါတယ်။ ရောဂါတွေ့ရှိချက်ဟာ မှန်မှန်ကန်ကန် ကုသဖို့အခွင့်အရေးတွေ ကိုတိုးတက်စေပြီး ဆေးယဉ်ပါးတီဘီရောဂါပျံ့နှံ့မှုတွေကို ရပ်တန့်ပေးပါတယ်”ဟု WHO အကြီးအကဲ မာဂရက်ချန်းကပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်တွင် WHO က ဆေးယဉ်ပါးတီဘီရောဂါ (MDR–TB)ကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် တရားဝင်အသိအမှတ်ပြုရန်တောင်းဆိုခဲ့သည်။ တီဘီရောဂါပိုးကူးစက်ခံထားရသူများသည် ရောဂါရှိသည်ကိုမသိခြင်းနှင့် မှားယွင်းစွာကုသခြင်း(သို့မဟုတ်) လုံးဝမကုသခြင်းတို့သည် ဆေးယဉ်ပါးတီဘီရောဂါကိုင်တွယ်ဖြေရှင်းရာ၌ အဓိကပြဿနာဖြစ်သည်ဟု ကျွမ်းကျင်သူများကပြောကြားခဲ့သည်။

ဆင်းရဲသောနိုင်ငံအချို့တွင် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ ရှားပါးသောကြောင့် တီဘီရောဂါဖြစ်ပွားမှုများပြားပြီး ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားသူဦးရေကို မြင့်တက်စေသည်။ ၂၀၁၅ ခုနှစ်အရောက်တွင် ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားသူနှစ်သန်းအထိရှိလာနိုင်သည်ဟု WHO ကပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးပရဟိတအဖွဲ့အစည်း UNITAID ၏ငွေကြေးထောက်ပံ့မှုဖြင့် တီဘီရောဂါရှာဖွေရေး (EXPAND–TB) ပရောဂျက်သည် ပိုမိုလျင်မြန်သောရောဂါရှာဖွေဖော်ထုတ်ခြင်းများ ပြုလုပ်နိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း မစ္စချန်းကပြောကြားခဲ့သည်။

*—Ref: Reuters*




7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# စစ်ပြေးဒုက္ခသည်များအား ရှေးဦးသူနာပြုစုခြင်း သင်တန်းပေးမည်ဟုဆို



*စစ်ပြေးဒုက္ခသည်စခန်းတစ်ခုအား တွေ့ရစဉ်* ဓာတ်ပုံ – အောင်ခိုင်

**ရဲနောင်**

**ရန်ကုန်၊ မတ်-၂၁**

ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင် ဒုက္ခသည်မိသားစုများအား လူထုအခြေပြုရှေးဦးသူနာပြုစုခြင်း သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သတင်းရရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဒုက္ခသည်မိသားစုများအား ပထမဆုံးအကြိမ်ကျန်းမာရေးသင်တန်းများ ပို့ချပေးခြင်းဖြစ်ပြီး ဝိုင်းမော်မြို့နယ် KBC ဇုန်အတွင်းရှိ ဒုက္ခသည်စခန်းများတွင် မတ်လ ၂၀ ရက်မှစတင်၍ ဆောင် ရွက်ပေးလျက်ရှိသည်။

ဒုက္ခသည် ကယ်ဆယ်ရေးစခန်းများအတွင်းရှိ မိသားစုများ မတော်တဆထိခိုက်မိခြင်းနှင့် အရေးပေါ် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာပါက ဒုက္ခသည်များ ကိုယ်တိုင်ရှေးဦးပြုစုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

"ကြက်ခြေနီစေတနာ့လုပ်အားရှင်တွေက စခန်းတိုင်းမှာ အချိန်တိုင်းမရှိနိုင်ကြဘူး။ ဒုက္ခသည်တွေ ကိုယ်တိုင်ရှေးဦးပြုစုနိုင်တဲ့ သူတွေရှိတော့ မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေ မရှိတော့ဘူးပေါ့"ဟု ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး ဦးဂဲနက်စ်ကပြောသည်။

"ဒုက္ခသည်တွေက ဘယ်တော့မှ သူတို့ရဲ့ နေရပ်ကို ပြန်နိုင်မလဲဆိုတာ ခန့်မှန်းလို့မရသေးတဲ့ အရာပါ။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေက အများကြီးပဲဆိုပေမယ့် ဒီလိုသင်တန်းတွေပေးတာကတော့ အခြေခံလိုအပ်ချက်ပဲ"ဟု ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC)မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ကချင်ပြည်နယ်တွင်း အစိုးရနှင့် ကေအိုင်အေတို့ကြားတိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက်မှာ တစ်သိန်းကျော်အထိရှိနေသည်။




# ယာဉ်မတော်တဆမှုဖြစ်သူအများစု အရိုးကျိုးသည့်ဝေဒနာ ခံစားနေရ

**ယမင်း**

**ရန်ကုန်၊ မတ်-၂၁**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ယာဉ်မတော်တဆမှုများ၌ ထိခိုက်သူအများစုမှာ လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်များ ဖြစ်ပြီး နောက်ဆက်တွဲဆိုးကျိုးအဖြစ် အရိုးကျိုးခြင်းဝေဒနာခံစားနေရကြောင်း ဆေးပညာအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"အလုပ်လုပ်ကြတဲ့ အရွယ်တွေ ထိခိုက်တာ အများဆုံးဖြစ်တယ်။ လက်ထိခိုက်ပြီး လာကြတာများတယ်။ ယာဉ်တိုက်မှုဖြစ်လို့ လူတစ်ယောက်သေတိုင်း သုံးယောက်လောက်က မသန်မစွမ်းဖြစ်သွားတယ်။ ဒါတွေဟာ လုပ်အားတွေ ဆုံးရှုံးပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်နိုင်ပါတယ်" ဟု ရန်ကုန်မြို့ရှိ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး တစ်ဦးက ပြောသည်။

ယာဉ်မတော်တဆမှု၏ ၅၀ ရာခိုင်နှုန်းမှာ ဖြစ်ပွားပြီး မိနစ် ၃၀ အတွင်း၌ ဦးနှောက်ဒဏ်ရာရရှိခြင်း၊ ကျောရိုး၊ နှလုံးနှင့် ရင်ဘတ်များ ထိခိုက်ခြင်း၊ လည်ပင်းရိုးကျိုးခြင်း၊ ၃၀ ရာခိုင်နှုန်းမှာ ၁ နာရီနှင့် ၄ နာရီအတွင်း၌ ဦးနှောက်သွေးယိုခြင်း၊ နံရိုးကျိုးခြင်းနှင့် တင်ပဆုံရိုးကျိုးခြင်းတို့ ခံစားရမည့်အပြင် နောက်ဆက်တွဲအဖြစ် လည်ပင်းရိုးကျိုး၍ သေဆုံးခြင်းနှင့် သွေးယိုစိမ့်မှုဖြစ်၍ သေဆုံးခြင်းစသည့်တို့ ဖြစ်ပေါ်နိုင်သည်။

ထို့အပြင် ဖြစ်ပွားသူအများစုမှာ အမျိုးသားများဖြစ်၍ ၇၇ ရာခိုင်နှုန်းရှိပြီး အသက် ၁၅ နှစ်နှင့် ၄၄ နှစ်ကြား ဖြစ်ပွားနှုန်းမှာ ၅၉ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

"ကားတွေကလည်းတစ်စီးနဲ့ တစ်စီးကျော်တက်ချင်ရင် အရမ်းမောင်းတာ ခရီးသည်တွေ အော်ဟစ်နေလည်း ဂရုမစိုက်ဘူး။ ကားတစ်ခါစီးတိုင်း ဘုရားတပြီး စီးနေရတယ်။ ပြီးခဲ့တဲ့ နှစ်တုန်းကလည်း ကားဘရိတ်အုပ်လိုက်လို့ အရှိန်မထိန်းနိုင်ဖြစ်ပြီး လက်ဆစ်ရိုးကျိုးလို့ နှစ်လလောက် ကုလိုက်ရတယ်"ဟု မြောက်ဒဂုံမြို့နယ် (၄၃) ရပ်ကွက်နေ ကျောင်းဆရာမ တစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ အတွင်း၌ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးနှုန်းမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ၁၉၉၀ ပြည့်နှစ်၌ အဆင့် ၈ နေရာမှ ၂၀၁၀ ပြည့်နှစ်၌ အဆင့် ၃ နေရာသို့ မြင့်တက်လာခဲ့ကြောင်း Global Burden Disease (GBD) ၏ စစ်တမ်းအရ သိရသည်။

ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူဦးရေ ၁ ဒသမ ၂ သန်းခန့် သေဆုံးလျက်ရှိကာ လူတစ်သိန်းတွင် ၁၅ ဦးနှုန်း သေဆုံးနေပြီး အဓိကအကြောင်းရင်းမှာ ယာဉ်တိုက်မှုကြောင့် ဖြစ်ကြောင်း WHOက ထုတ်ပြန် ထားသည်။

Regional
7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# နည်းပညာတက္ကသိုလ်အတွင်း လယ်ယာမြေပိုင်ရှင် ခုနစ်ဦးက လုပ်ကိုင်ခွင့်ပြန်ရရန် သက်ဆိုင်ရာသို့ အသနားခံတင်ပြ

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၂၂**

မုံရွာမြို့နည်းပညာတက္ကသိုလ် နောက်ဘက်တွင် ကျောင်းဆောင်ဆောက်လုပ်ရန် လယ်မြေများ သိမ်းဆည်းခဲ့သည့်အတွက် လယ်ယာလုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့်ရရှိရန် ဒေသခံတောင်သူ ငါးဦးက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများထံမတ်လ ၂၀ ရက်တွင် အသနားခံတင်ပြထားကြောင်း မြေသိမ်းခံတောင်သူများကပြောသည်။

"ကွန်ပျူတာ တက္ကသိုလ်တုန်းက တစ်ခါ။ ဂျီတီစီတုန်းက တစ်ခါ။ နည်းပညာ တက္ကသိုလ်ကျတော့တစ်ခါ မြေတွေချဲ့သိမ်းလာခဲ့တာ။ ကိုယ့်မြေကိုယ် ဘယ်အချိန်တုန်းက သိမ်းထားတာ မှန်းကို မသိဘူး။ ဒီနှစ်စိုက်ပျိုးချိန်မှာ ကျောင်းဆောင်ဆောက်လုပ်ဖို့အတွက် စိုက်ပျိုးခွင့်မရတော့မှ ကိုယ့်မြေသိမ်းမှန်းသိရတော့တယ်။ မြေသိမ်းတာကလည်းစာနဲ့ထွက်သိမ်းတာမရှိတော့ ခြံစည်းရိုးလာခတ်မှ အသိမ်းခံရတာ သေချာတယ်လို့တွက်ရတော့တာပဲ။ လယ်ယာမြေ ဆက်လက်လုပ်ကိုင်ခွင့်ကို အသနားခံ တင်ပြတာပါ။ဒီလိုတင်ပြတာ တောင်မှတောင်သူရှစ်ဦးပိုင်တယ်။ တစ်ဦးက ခရီးသွားတယ်။ ကျန်တဲ့ နှစ်ဦးက အဖမ်းခံရမှာစိုးလို့ မတင်ပြရဲဘူးတဲ့ဗျာ"ဟု နည်းပညာတက္ကသိုလ် မြေယာသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့တင်ပြသူ တစ်ဦးကပြောသည်။ နည်းပညာတက္ကသိုလ်နောက်ကျောရှိ လယ်ယာမြေပိုင်ရှင် ရှစ်ဦး၏ လယ်မြေခုနစ်ဧကကို ကျောင်းဆောင်ဆောက်လုပ်ရန် သိမ်းဆည်းခဲ့ခြင်းနှင့် ပတ်သက်၍ မြေပိုင်ရှင်များဖြစ်ကြသည့် ဦးကျော်ညွန့်၊ ဦးအိုး၊ ဦးမျိုးသန့်၊ဦးဖိုးငယ်၊ ဒေါ်ကြည်လှတို့ ငါးဦးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံသို့ မတ်လ ၂၀ ရက်တွင် လယ်ယာမြေဆက်လက်လုပ်ကိုင်ခွင့်ရရှိရန် အသနားခံတင်ပြခဲ့ကြောင်း သိရှိရသည်။

# ရာသီဥတုပြောင်းလဲခြင်းနှင့် ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲမှုကြောင့် ဆစ်ပိုးကျရောက်

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၂၂**

ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်သည့် နွေစပါး စိုက်ခင်းများတွင် ဆစ်ပိုး(အနှံဖြူပိုး) ထပ်မံကျရောက်ခြင်း မရှိစေရန် တောင်သူ ပညာပေးဆွေးနွေးပွဲများကို ရွှေဘို၊ ဝက်လက်၊ ခင်ဦးစသည့်မြို့နယ်များတွင် မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

"ရာသီဥတုဖောက်ပြန်လာတယ်။ ပိုးသတ်ဆေးတွေ မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲခဲ့တဲ့အတွက် စိုက်ခင်းတွေထဲက သဘာဝမိတ်ဆွေပိုးတွေ သေဆုံးသွားတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ဆောင်းသီးနှံမှာ ဆစ်ပိုးကျရောက်ခဲ့တယ်။ ဒီနှစ် နွေစပါးစိုက်ခင်းတွေမှာ ဆစ်ပိုးထပ်ပြီး မကျအောင် ပိုးသတ်ဆေးတွေကို မလိုအပ်ဘဲ မဖျန်းစေချင်ဘူး။ ဘက်စုံကာကွယ်နှိမ်နင်းတဲ့ နည်းလမ်းနဲ့ စုပေါင်းကာကွယ်ကြဖို့ လိုအပ်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။



*ဆစ်ပိုး(အနှံဖြူပိုး)ကျရောက်ခြင်းမရှိရန် ပညာပေးဟောပြောနေစဉ်* ဓာတ်ပုံ – မျိုးမင်းဦး

ရွှေဘိုခရိုင်အတွင်း ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ဒီပဲယင်းမြို့နယ်နှင့် ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၃ နာရီအချိန်တွင် လေပြင်းတိုက် မိုးသီးကျရောက်ခြင်းကြောင့် ရိတ်သိမ်းဆဲ မိုးစပါးစိုက်ဧက ၁၀၀၆၇ ဧကထိခိုက်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးချက်များအရ မိုးသီးကျရောက်မှုကြောင့် ၆၈၂၇ ဧက ပျက်စီးခဲ့သည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုကြောင့် ဆစ်ပိုးများကျရောက်ခဲ့သဖြင့် မိုးစပါးစိုက်ခင်းအချို့အထွက်နှုန်းလျော့ခဲ့သည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာတုန်းက မိုးသီးဒဏ်ကြောင့် မိုးစပါးစိုက်ခင်းအချို့ပျက်စီးခဲ့တယ်။ ရာသီဥတုဒဏ်ကြောင့် အနှံဖြူပိုးလို့ခေါ်တဲ့ ဆစ်ပိုးတွေကျခဲ့တယ်။ အရာတော်မြို့နယ်အတွင်းမှာလည်း ဆည်ရေကြောင့် စိုက်ပျိုးချိန်နောက်ကျတာ ရာသီပြောင်းလဲတာကြောင့် စပါးခင်းတွေပျက်စီးခဲ့တယ်"ဟု ရွှေဘိုမြို့နယ် ဒေသခံ မိုးစပါးစိုက်တောင်သူတစ်ဦးကပြောသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ပိုးမွှားပညာရှင်ဒေါက်တာ ခင်ခင်မာလာမြင့် ဦးဆောင်၍ တိုင်း၊ ခရိုင်၊ သီးနှံကာကွယ်ရေးဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေး ပညာပေးဝန်ထမ်းများပူးပေါင်း၍တောင်သူပညာပေးဆွေးနွေးပွဲများကျင်းပခဲ့သည်။

# ချင်းပြည်နယ်တွင် လေယာဉ်ပျက်သည်ဆိုသည့် သတင်း နှစ်ရက်အကြာ စုံစမ်းမှုများ ပြုလုပ်နေသော်လည်း အထောက်အထားမတွေ့

**ကိုစိုင်း**

**ကလေး၊ မတ်-၂၂**

ချင်းပြည်နယ်အတွင်းလေယာဉ်ပျက်ကျသည်ဆိုသောသတင်းအပေါ် စုံစမ်းမှုများပြုလုပ်နေသည်မှာ နှစ်ရက်ကျော်ကြာသွားပြီဖြစ်သော်လည်းပျက်ကျသည့်ဆိုသည့်အပေါ် သက်သေအထောက်အထားမတွေ့ရှိရသေးကြောင်း ချင်းပြည်နယ်ဝန်ကြီးဌာနရုံးမှ သတင်းရရှိသည်။

ဟားခါးမြို့နယ်၊ ဟိုဖိုင်ကျေးရွာအုပ်စု ကေဘောရွာအနီးတွင် မတ်လ ၁၉ရက်က လေယာဉ်တစ်စီးပျက်ကျခဲ့သည်ဟူသောသတင်းများထွက်ပေါ်ခဲ့သည်။ထို့နောက် ဟားခါးခရိုင်ရှိ ရဲဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်းပြီး ပျက်ကျသည်ဆိုသောသတင်းများထွက်ပေါ်ရာသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။ ထိုသို့ ပြုလုပ်ခဲ့သည့်မှာ နှစ်ရက်ကျော်ကြာပြီဖြစ်သော်လည်း ပျက်ကျသည်ဟုပြောနိုင်လောက်သည့်အထောက်အထားတစ်စုံတစ်ရာမတွေ့ရှိရသေးကြောင်း ချင်းပြည်နယ်ရဲတပ်ဖွဲ့ရုံးမှတာဝန်ရှိသူတစ်ဦးကမတ်လ ၂၂ ရက်ကပြောသည်။





Life
Loving life to the full!
Life Tomato and Chilli Sauces are popular and are being served exclusively at major international restaurant chains like
KFC (Kentucky Fried Chicken) & Pizza Hut
For more information on our products and services, Please contact your local exclusive distributor:
SALES DIRECT CO., LTD
No (203), Hninse 1st Street, Industrial Zone (3), South Dagon Township, Yangon
Tel: +95-18100709




MEGA
We care
FERROVIT
walkathon
သွေးအား
နည်းခြင်း
ကင်းကြစို့
မြန်မာအမျိုးသမီးများကျန်းမာပြီးလှပသောအနာဂတ်ဆီသို့
Ferrovit Walkathon "မြန်မာနိုင်ငံ၏ပထမဦးဆုံး အမျိုးသမီး လမ်းလျှောက်ပွဲကြီး" တွင် စုပေါင်းပါဝင်လမ်းလျှောက်ခဲ့ကြသော အသက်အရွယ်စုံမြန်မာအမျိုးသမီးထုကြီးအား Ferrovit မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။
သွေးအားနည်းခြင်းကင်းဝေးပြီးလှပသော အနာဂတ်ဆီသို့ Ferrovit နဲ့အတူလျှောက်လှမ်းကြပါစို့။
Thank You Ferrovit

# ဥပဒေများဖောင်းပွနေသော မီဒီယာလောက

အေးသူစံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းသမားတို့ကြား အငြင်းပွားမှုပြင်းထန်ခဲ့သော သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို သမ္မတဦးသိန်းစိန်က လက်မှတ်ရေးထိုးပြဋ္ဌာန်း လိုက်ပြီဖြစ်သည်။ ဥပဒေနှစ်ခု သည် ရုတ်တရက်ကြည့်လျှင် သီး ခြားစီဟုထင်ရသော်လည်း သတင်းသမား၊ ပုံနှိပ်သူ၊ထုတ်ဝေသူတို့မှာ ဆက်စပ်နေခြင်းဖြစ်ပြီး ဥပဒေနှစ်ခုလုံး၏ အာဏာစက်မှာ သတင်းသမားများပေါ်တွင်ကျရောက်သက်ဝင်လာမည်ဖြစ်ကြောင်း သတင်းမီဒီယာအသိုင်းအဝိုင်းက ဝေဖန်ပြောဆိုမှုများရှိလာသည်။

ထို့ကြောင့် သတင်းသမားများက မည်သည့်ဥပဒေအောက်တွင် ရပ်တည်လုပ်ကိုင်ရမည်နည်းဆိုသည့်မေးခွန်းများထွက်ပေါ်လာသည်။

ယင်းဥပဒေနှစ်ခုမရှိမီက သတင်းသမားများနှင့် ထုတ်ဝေသူ၊ ပုံနှိပ်သူများသည် ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအောက်တွင် အလုပ်လုပ်ခဲ့ကြရသည်။ ထုတ်ဝေစာများကြိုတင်စိစစ်ဖြတ်တောက်ခြင်းကို ၂၀၁၂ဩဂုတ်တွင် ရပ်ဆိုင်းလိုက်ပြီးနောက် သတင်းရေးသားဖော်ပြမှုများ အထိုက်အလျောက်လွတ်လပ်ခွင့်ရလာခဲ့သည်။ သို့သော် သတင်းသမားအချို့မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးအရေးယူထောင်ချမှုများ ယခုထိ ကြုံနေရဆဲဖြစ်သည်။

ဥပဒေနှစ်ခုမရှိမီက ကျင့်ဝတ်နှင့်မညီသည့် သတင်းများအသားပေးဖော်ပြသည့် သတင်းဂျာနယ်များစွာထွက်ပေါ်နေသည်။ယခု ဥပဒေနှစ်ခုထွက်ပေါ်လာပြီးနောက် ကျင့်ဝတ်ပိုင်းဆိုင်ရာ အားနည်းချက်များဖြေရှင်းနိုင်မည့် အချက်များပါဝင်လာသည်။ အထူးသဖြင့် မကြာသေးမီက အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည့် သတင်းဓာတ်ပုံနှင့် အရုပ်အသံများဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ်ဖြင့် ပြုပြင်ပြောင်းလဲခြင်းကိစ္စများ၊ သတင်းရေးသားရာတွင် သတင်းထောက်က မိမိထင်မြင်ယူဆချက်၊ အာဘော်များထည့်သွင်းရေးသားခြင်းစသည့်ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စများကို ရှောင်ကြဉ်ရမည်ဟု သတင်းမီဒီယာဥပဒေတွင်ထည့်သွင်းထားသည်။



ဓာတ်ပုံ – လင်းဘိုဘို/အီးပီအေ

***သတင်းထောက်များ တရားစွဲဆိုထောင်ချခံရခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း ဆန္ဒပြနေသော ပြည်တွင်းသတင်းထောက်များနှင့် သတင်းစာဂျာနယ် အရောင်းဆိုင်တစ်ဆိုင်***

သို့သော် ယခုဥပဒေနှစ်ရပ်သည် အခေါ်အဝေါ်အားဖြင့်သာကွာခြားသော်လည်း လုပ်ငန်းချင်းဆက်စပ်နေသည့်အတွက် ဥပဒေတစ်ခုတည်းသာဖြစ်သင့်ကြောင်း စာရေးဆရာဖေမြင့်ကပြောသည်။

"အမှန်တော့ အကြောင်းအရာတစ်ခုကို ခြုံငုံတဲ့ဥပဒေဟာတစ်ခုတည်းဖြစ်သင့်တယ်။ အခုဥပဒေက နှစ်ခုရှိခြင်းကြောင့် အစိုးရကနေ ပုံနှိပ်နှင့်ထုတ်ဝေခြင်းကနေတစ်ဆင့် စာနယ်ဇင်းသမားတွေကို ဆက်လက်ပြီးချုပ်ကိုင်နိုင်တဲ့ပုံစံမျိုးရှိတော့ရှိနေတယ်"ဟု ၎င်းကဆိုသည်။

ပြန်ကြားရေးဝန်ကြီးဌာနကရေးဆွဲသောပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့လိုက်နာရမည့် စည်းကမ်းချက်လေးချက်သည် သတင်းသမားများကို သွယ်ဝိုက်ထိန်းချုပ်ရာရောက်နေပြီး ယင်းအချက်လေးချက်က လက်ရှိ တရားစီရင်ရေးတွင်လည်း တည်ဆဲဥပဒေများနှင့်အရေးယူနိုင်သည့်အချက်များဖြစ်နေသည်။

ထို့အပြင် ယခင် ၁၉၆၂ဥပဒေကဲ့သို့ပင် ထုတ်ဝေခွင့်ကို ဝန်ကြီးဌာနထံမှတ်ပုံတင်လျှောက်ထားရခြင်း၊ မှတ်ပုံတင်ကို ရုပ်သိမ်းနိုင်ခြင်းတို့ပါဝင်နေဆဲဖြစ်ပြီး ပြစ်မှုနှင့် ပြစ်ဒဏ်နေရာတွင်သာ ယခင်ထောင်ဒဏ်များကို ပယ်ဖျက်၍ ငွေဒဏ်အဖြစ် ပြောင်းလဲသွားခဲ့သည်။ ယင်းအချက်လေးချက်ကို ဥပဒေတွင်ထည့်သွင်းထားခြင်းဖြင့် သတင်းသမားများနှင့် ထုတ်ဝေသူ၊ ပုံနှိပ်သူတို့မှာ တည်ဆဲဥပဒေနှင့်ရောပုံနှိပ်ထုတ်ဝေဥပဒေဖြင့်ပါနှစ်ဆင့်နှစ်ခါအရေးယူခံရနိုင်သည့်အခြေအနေဖြစ်နေကြောင်း ထုတ်ဝေသူလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သူ စာရေးဆရာဖေမြင့်ကပြောသည်။

"ဒီအချက်တွေနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေကလည်း လက်ရှိမှာ တည်ဆဲဥပဒေတွေအနေနဲ့ရှိနေတယ်။ တကယ်ချိုးဖောက်ကြောင်း ထင်ရှားရင် အဲဒီဥပဒေနဲ့ တရားစွဲခံရမှာသေချာတယ်။ အဲဒါတွေရှိရက်သားနဲ့ အခုပုံနှိပ်နဲ့ ထုတ်ဝေဥပဒေမှာ ဒါတွေကို တစ်ဆင့်အနေနဲ့ဖော်ပြထားပြီးတော့ မီဒီယာသမားကို အရေးယူဖို့အတွက် နှစ်ဆင့်နှစ်ထပ်အရေးယူမယ့်သဘောပဲ"ဟု ၎င်းကဆိုသည်။

ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့လိုက်နာရမည့်အချက်လေးချက်မှာ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုအခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊ ညစ်ညမ်းစာများကိုဖော်ပြခြင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းတို့ဖြစ်သည်။

အဆိုပါလေးချက်ဖြင့် ငြိစွန်းကြောင်း တစ်စုံတစ်ဦးကတရားရုံးသို့ တိုင်ကြားရုံဖြင့်ပင် ထုတ်ဝေစာတစ်ခုကို တရားရုံး၏ ဆင်ခြင်တုံတရားဖြင့်မဖြန့်ရန် တားဆီးထားနိုင်ပြန်သည်။

စာနယ်ဇင်းကောင်စီကရေးဆွဲထားသည့် သတင်းမီဒီယာဥပဒေအရ သတင်းမီဒီယာသမားများသည် အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့်သတင်းရေးသားခြင်းမဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကိုတမင်ထိခိုက်စေသော အရေးအသားနှင့်လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးကိုရှောင်ကြဉ်ခြင်း၊ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း၊ သတင်းတိုင်းအချက်အလက်မှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန်စိစစ်ခြင်း၊ သတင်းကိုပြင်ဆင်ရန်လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ထင်ရှားသောစာမျက်နှာတွင် ဖော်ပြပေးခြင်းနှင့်အခြားမီဒီယာဖြစ်ပါက အနီးဆုံးအချိန်တွင် အမြန်ဆုံးဖော်ပြခြင်းစသည့်အချက်များကို လိုက်နာရမည်ဖြစ်ကြောင်းဖော်ပြထားသည်။

စာနယ်ဇင်းကောင်စီကရေးဆွဲသည့် သတင်းမီဒီယာဥပဒေသည် သတင်းသမားများလိုက်နာရမည့် ကျင့်ဝတ်နှင့်တာဝန်များ၊ သတင်းသမားများ၏ ရပိုင်ခွင့်များကို ထည့်သွင်းထားသော်လည်း လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာတွင် အဓိကကျသည့်အချက်နှစ်ချက်ကို လျှော့ချဖြုတ်ပယ်လိုက်ရခြင်းကြောင့် သတင်းသမားများအတွက် အပြည့်အဝကာကွယ်ပေးနိုင်သည့်ဥပဒေဖြစ်မလာခဲ့ပါ။

ယင်းနှစ်ချက်မှာ သတင်းရေးသားခြင်းကြောင့် ပြဿနာပေါ်ပေါက်ပါက နစ်နာသူသည် သတင်းမီဒီယာကောင်စီသို့ ဦးစွာတိုင်ကြားရမည်ဆိုခြင်းအစား တိုင်ကြားနိုင်သည်ဟု လွှတ်တော်က ပြင်ဆင်လိုက်ပြီး သတင်းထောက်များကျင့်ဝတ်ပိုင်းဆိုင်ရာဖောက်ဖျက်မှုများရှိပါက သတင်းမီဒီယာဥပဒေဖြင့်သာ အရေးယူရမည်ဆိုသည့်အချက်များဖြုတ်ပယ်ခံလိုက်ရသည်။

"သတင်းမီဒီယာဥပဒေမှာ ကျွန်တော်တို့အတွက် ရပိုင်ခွင့်တွေ၊လွတ်လပ်စွာစုံစမ်းဖော်ထုတ်ဝေဖန်ထောက်ပြရေးသားပိုင်ခွင့်တွေ၊ သတင်းအချက်အလက်မှတ်တမ်းတွေတောင်းယူကြည့်ရှုပိုင်ခွင့်တွေကို ပေးထားတယ်ဆိုပေမယ့် တကယ်ရ၊ မရမသေချာဘူး။ သတင်းမေးရင်တောင် စာတင်ပြီးမှ မေးပါလို့ပြောတဲ့ ဝန်ကြီးဌာနတွေအများကြီး။ ဒီဥပဒေနှစ်ခုအရ လွတ်လပ်ခွင့်ရပေမယ့် အသရေဖျက်မှုပုဒ်မ ၅၀၀၊ လျှို့ဝှက်ချက်ပေါက်ကြားမှုအက်ဥပဒေ၊အီလက်ထရွန်နစ်ဥပဒေဒါတွေနဲ့လည်း စွဲလို့ရနေတယ်"ဟု The Voice နေ့စဉ်သတင်းစာမှ အယ်ဒီတာကိုအောင်စိုးကပြောသည်။

"ဒီဥပဒေနှစ်ခုကို အတည်ပြုလိုက်တာတော့သိတယ်။ ဒါပေမဲ့ သိပ်တော့မလေ့လာဖြစ်သေးဘူး။ ဒီဥပဒေထဲမှာ သတင်းထောက်တွေအတွက်ဘယ်လောက်ထိကာကွယ်ပေးထားလဲ။ ကိုယ်ရေးတဲ့သတင်းမှာဘယ်လိုအချက်တွေဆိုရင်တော့ ဘယ်ဥပဒေနဲ့ငြိစွန်းနိုင်တယ်၊ အဲဒါတွေသိထားသင့်တာပေါ့"ဟု အခွင့်အလမ်းဂျာနယ်မှ သတင်းထောက်မကျော့ကေခိုင်ကပြောသည်။

နစ်နာသူ၏ တိုင်ကြားနိုင်သည့် အခွင့်အရေးကို မကန့်သတ်လိုသည့်အပြင် စာနယ်ဇင်းကောင်စီကိုလည်း လုပ်ပိုင်ခွင့်အပြည့်အဝရှိသည့် ကောင်စီ မဖြစ်စေလိုသည့်အတွက် ယင်းအချက်မှာ လွှတ်တော်တွင် ပြုပြင်ခံလိုက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာများသမဂ္ဂမှ ဦးဇော်သက်ထွေးကဆိုသည်။

"အခု သတင်းထောက်တွေတရားစွဲခံနေရတာ အသရေဖျက်မှုပုဒ်မ ၅၀၀တို့၊ ဆူပူလှုံ့ဆော်မှု ၅၀၅(ခ)တို့ အိမ်ကျော်နင်းမှုတွေဆိုတာ တကယ်တမ်းတော့ ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စတွေ။ ဒီကိစ္စတွေကိုသတင်းမီဒီယာဥပဒေဖြင့်သာ အရေးယူခံရမည်ဆိုတဲ့ဥစ္စာလည်း လွှတ်တော်မှာ အပြင်ခံလိုက်ရတယ်။ ဒါဟာ ကျွန်တော်တို့ဥပဒေအတွက် အားနည်းချက်တစ်ခုလိုဖြစ်သွားတယ်"ဟု မြန်မာဂျာနယ်လစ်ကွန်ရက်မှ အတွင်းရေးမှူးဦးမြင့်ကျော်ကပြောသည်။

"အရင် မဆလခေတ်က သူတို့နဲ့ ဆန့်ကျင်ထုတ်ဝေစာကို ၁၉၆၂ဥပဒေနဲ့ရော ပုဒ်မ၅(ည)နဲ့ပါ အရေးယူတယ်။ အခု ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ Context အချက်လေးခုဟာလည်း အပြင်မှာ တည်ဆဲဥပဒေတွေရှိတုန်းပဲ။ ဒီတော့ တည်ဆဲဥပဒေနဲ့လည်း အရေးယူနိုင်သလို ပုံနှိပ်ထုတ်ဝေနဲ့လည်း အရေးယူနိုင်တယ်။ ဥပဒေနှစ်ခုနဲ့အရေးယူနိုင်သလိုပေါ့။ဘာမှ မထူးဘူး"ဟု ၎င်းကဆက်လက်ပြောကြားသည်။

စာမျက်နှာ ၁၉ ››

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# အိမ်ခြံမြေပူဖောင်း ပေါက်၊ မပေါက်

**ပြည်သိမ်း၊ မိုးညို**



*မြေဈေးကြီးသော ရန်ကုန်မြို့လယ်တစ်နေရာ*

ဓာတ်ပုံ – နစ်ကီ

စီးပွားရေး လုပ်ငန်းရှင်များ ငွေမည်းများကို ငွေဖြူပြုလုပ်ရန် အိမ်ခြံမြေ ပိုင်ဆိုင်မှု ဖန်တီးပေးချိန်တွင် မြေဈေးနှုန်းများမှာ မြန်မာနိုင်ငံ အာရှတိုက်၌ စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိလာသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက် တွန်းအားတစ်ခုဖြစ်မည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာလည်း မြေဈေးကြီးလွန်းမှုက ကြီးမားသည့် အတားအဆီးကြီးတစ်ခု ဖြစ်နေသည်။

နိုင်ငံရေးရှုပ်ထွေးမှုများ၊ ပဋိပက္ခများကြားထဲတွင် အစိုးရသစ်ဖြေရှင်းနေရချိန် မြန်မာ့စီးပွားရေးမှာ ဈေးကစားသူများ ငွေဖြူ၊ ငွေမည်းလုပ်ကိုင်သူများကြောင့် အိမ်ခြံမြေဈေး မိုးထောင်တက်နေမှုကို အစိုးရက ယခုအချိန်အထိ မထိန်းချုပ်နိုင်သေးပေ။

“အစိုးရအနေနဲ့ အိမ်ခြံမြေကို ဝင်ထိန်းဖို့ မလွယ်ဘူး” ဟု နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားထားသည်။

၂၀၁၁ ခုနှစ်က လှိုင်မြို့နယ် ပြည်လမ်းမပေါ်ရှိ မြေတစ်ပေပတ်လည် တန်ဖိုးမှာ ကျပ်ငါးသိန်းဝန်း ကျင်ရှိရာမှ ၂၀၁၄ ခုနှစ်တွင် တစ်ပေပတ်လည်လျှင် ကျပ် ၁၂ သိန်းကျော်အထိ နှစ်ဆကျော်မြင့်တက်လာသည်။ နှစ်များစွာ အကျမရှိဘဲ ဈေးဆက်တိုက် မြင့်တက်နေပြီး ပြည်တွင်းငွေကြေးအများစုမှာလည်း အိမ်ခြံမြေ ရောင်းဝယ်မှုအတွင်း၌သာ ရောက်နေပြီး လုပ်ငန်းရှင်များကြား ငွေလည်ပတ်မှုနည်းလာခြင်းမှာ အိမ်ခြံမြေပူစီဖောင်းပေါက်တော့မည်လားဟု စီးပွားရေးအသိုင်းအဝိုင်းက စိုးရိမ်နေသူများရှိသည်။

အိမ်ခြံမြေ ဈေးကွက်မှာ ယခင်ကဲ့သို့ မြို့နယ်နေရာ ဒေသတစ်ခုအလိုက် မြင့်တက်ခြင်းမျိုး မဟုတ်တော့ဘဲ တစ်နိုင်ငံလုံးတွင် ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်သည်။ တရားမဝင် ငွေကြေးဝင်ရောက်မှု လွန်စွာများပြားနေပြီး စတော့အိတ်ချိန်းဈေးကွက် မရှိသေးခြင်း၊ အစိုးရသစ်လက်ထက် မူဝါဒအပြောင်းအလဲကြောင့် ကားဈေးကွက် ပျက်သွားခြင်း၊ ရွှေနှင့် ဒေါ်လာဈေးကွက်ပျက်သွားခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ အားမကောင်းခြင်းတို့ကြောင့် အခြားလုပ်ငန်းမျိုးစုံမှ အိမ်ခြံမြေဘက်သို့ အင်နှင့် အားနှင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံလာကြသည်။

“အိမ်ခြံမြေ ဝယ်ထားရင် ထမင်းမကျွေး၊ ရေမတိုက်ရဘူး။ ဝန်ထမ်းစရိတ်လည်း ကုန်စရာမလို၊ အိပ်နေရုံနဲ့တင် ဈေးက ဘိုးဘိုးအောင်မ,သလို နှစ်ဆတက်နေတော့ လုပ်ကြတာပေါ့”ဟု Farmer ဖိုးရာဇာအထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ စိုးထွန်းက ပြောသည်။

စစ်အစိုးရလက်ထက် ၂၀၀၇ ခုနှစ် သြဂုတ်လမှ စတင်ပြီး အိမ်ခြံမြေဝယ်ယူရာတွင် ငွေမည်း(တရားမဝင်ငွေကြေး)ဖြင့် ဝယ်ယူပါက အမည်ပေါက် ပြုလုပ်လျှင် အခွန်နှုန်းထားများကို ၁၅ ရာခိုင်နှုန်းသတ်မှတ်ပေးခဲ့သည်။ ယခင်က တရားမဝင်ငွေကြေးဖြင့် အိမ်ခြံမြေဝယ်ယူပါက အမည်ပေါက် ပြုလုပ်လျှင် ၅၀ ရာခိုင်နှုန်းအထိ အခွန်ပေးဆောင်ခဲ့ရသည်။ ထို့ကြောင့် လျှော့ချလိုက်သည့် ယင်းအခွင့်အရေးကို ရယူ၍ ငွေမည်းမှ ငွေဖြူပြုလုပ်သူများသည် အိမ်ခြံမြေများ ဝယ်ယူစုဆောင်းကြတော့သည်။

အစိုးရသစ် လက်ထက်အပြောင်းအလဲများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် ရှိနေသဖြင့် ပြည်တွင်း လုပ်ငန်းရှင်ကြီးများက ၎င်းတို့နှင့် ယှဉ်ပြိုင်ရန် ထိတ်လန့်ပြီး အခက်အခဲဖြစ်စေရန် အိမ်ခြံမြေဈေးနှုန်းများ မြင့်မားရေးကို ပြုလုပ်ခဲ့ကြသည်ဟု လုပ်ငန်းရှင်အချို့ကဆိုပါသည်။ ထို့အပြင် အိမ်နီးချင်းတရုတ်နိုင်ငံကလည်း အမေရိကန်၊ အီးယူစသောအနောက်နိုင်ငံများနှင့် ဂျပန်၊ ကိုရီးယားစသော နိုင်ငံများ လာရောက်ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်နိုင်ရန် ပြည်တွင်း၌ ငွေထုပ်ပိုက် ဝင်ရောက်ဝယ်ယူမှုများကြောင့် အိမ်ခြံမြေဈေးနှုန်း လွန်ကဲစွာ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အကျိုးဆောင်များကဆိုသည်။

“ဈေးကွက်ထဲမှာ အရောင်းအဝယ်အများဆုံးဖြစ်နေတာက ဈေးကစားသူအချင်းချင်းတွေပဲ ဖြစ်နေတာများတယ်”ဟု အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးကပြောကြားသည်။

ယင်းကဲ့သို့ အိမ်ခြံမြေဈေးကွက်ဆက်တိုက်မြင့်တက်လာမှုများကြောင့် အိမ်ခြံမြေပူဖောင်းပေါက်တော့မည်လားဟု စိုးရိမ်သူများရှိနေသကဲ့သို့ လက်ရှိအခြေအနေအရ ပူဖောင်းမပေါက်နိုင်ဟု ထင်မြင်နေသူများလည်းရှိသည်။

စီးပွားရေးလုပ်ငန်းရှင်အများစုက ၎င်းတို့ရှိသည့် ငွေကြေး အမြောက်အမြားကို မြေဝယ်ယူခြင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားခြင်းတို့ကြောင့် ကာလကြာရှည်လာပါက ငွေကြေးလည်ပတ်မှု နည်းပါးလာနိုင်ကြောင်း စီးပွားရေးပညာရှင် ဦးလှမောင်က သုံးသပ်သည်။

“လက်ထဲမှာ ငွေလည်ပတ်မှုနည်းလာရင် အိမ်ခြံမြေပူဖောင်း မပေါက်ဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး”ဟု ၎င်းကပြောသည်။

အရှေ့အာရှတွင် ၁၉၉၇ ခုနှစ်က ဟောင်ကောင်၌ အိမ်ခြံမြေဈေးနှုန်းများ လွန်ကဲစွာ မြင့်မားခဲ့ပြီးနောက် ရုတ်တရက်ဈေးနှုန်းများ ပြန်လည်ကျဆင်းရာမှ အိမ်ခြံမြေပူဖောင်းပေါက်ခဲ့သည့်အတွက် အာရှတစ်တိုက်လုံး စီးပွားရေး ပျက်ကပ်ဆိုက်ခဲ့သည်။ တရုတ်နိုင်ငံတွင်လည်း အိမ်ခြံမြေဈေးနှုန်းများ လွန်စွာမြင့်မားလာမှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများစွာ လည်ပတ်နိုင်မှု အားနည်းပြီး ငွေကြေးစီးဆင်းမှုကျပ်တည်းနေချိန်တွင် အိမ်ခြံမြေဈေးနှုန်းများ မြင့်မားသော်လည်း ပြိုကျနိုင်ခြင်း မရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြသည်။

“ငွေကျပ်တာက အလည်အလတ်လုပ်ငန်းရှင်တွေပဲ။ အိမ်ခြံမြေကစားနေတာက လုပ်ငန်းရှင်အကြီးကြီးတွေဆိုတော့ ပူဖောင်းပေါက်မှာ စိုးရိမ်စရာမရှိဘူး”ဟု စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာ စိုးထွန်းကသုံးသပ်သည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံတွင် အိမ်ခြံမြေအခွန်များကို ထပ်မံ လျှော့ချပေးခြင်း၊ အိမ်ခြံမြေများဝယ်ယူပါက အကျိုးအမြတ်ဆုံးရှုံးနိုင်မှုမရှိခြင်းကို လုပ်ငန်းရှင် အများစုက ယုံကြည်ထားခြင်းကြောင့် ဈေးကွက်ပျက်ရန် မဖြစ်နိုင်ကြောင်း ၎င်းကရှင်းပြသည်။

နှစ်စဉ်၊ လစဉ် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာမှုမှာ အစိုးရ၏ မူဝါဒအပြောင်းအလဲအချို့တွင်သာ ဈေးကွက်အေးသွားခြင်း၊ အရောင်းအဝယ်ရပ်တန့်ခြင်းမျိုးသာ ဖြစ်ဖူးပြီး ကျန်ကာလများတွင်မူ အရောင်းအဝယ်မှာ အမြင့်ဈေးဖြင့်ပင် ပုံမှန်ဖြစ်နေကြောင်း ကြယ်စင်မြေအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာကဆိုသည်။

“အဓိက အရောင်းအဝယ်က ပုံမှန်ဖြစ်နေလို့ ဝယ်မယ့်သူမရှိမှ ဈေးပြန်ကျမယ်။ ဒါမှ ပူဖောင်းပေါက်တယ်လို့ ပြောလို့ရမှာ။ ဒါကြောင့် ပူဖောင်းပေါက်ဖို့ဆိုတာ အခုချိန် မှာ မဖြစ်နိုင်သေးဘူး”ဟု အထက်ပါဒါရိုက်တာကဆိုသည်။

ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံများက တံခါးဖွင့် စီးပွားရေးလုပ်ငန်းများ အကြား အကူအညီပေးရန် ပြင်ဆင်နေချိန်တွင် မြန်မာ့အိမ်ခြံမြေဈေးနှုန်းကြီးမြင့်လာမှုများကြောင့် ရင်းနှီးမြှုပ်နှံသူများကို အခက်အခဲ ဖြစ်စေပြီး ယင်းအိမ်ခြံမြေ ဂယက်ကြောင့်ပင် မြန်မာ့စီးပွားရေးအထ နေးနိုင်သေးကြောင်း ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်ပါမောက္ခက သူ၏ မြန်မာ့အရေးနှင့် ပတ်သက်သော စာတမ်းတစ်စောင်တွင် ရေးသားဖော်ပြထားသည်။

အိမ်ခြံမြေဈေးနှုန်းများ လွန်ကဲစွာ မြင့်မားပြီး ပြိုကျမှုများမဖြစ်စေရန် ပိုင်ဆိုင်မှု အခွန်ကို နိုင်ငံတော် အစိုးရအနေဖြင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ကောက်ယူသင့်ကြောင်း၊ ဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံများမှာလည်း ယင်းအခွန်ကို ပြဋ္ဌာန်းထားရှိကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင် ဦးမျိုးသူရအေးက အကြံပြုသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးနှုန်းများမြင့်တက်လာသည့် မြန်မာ့အိမ်ခြံမြေဈေးကွက်ကို အစိုးရက ဝင်ရောက်ထိန်းသိမ်းရန် လျှော့ရဲနေချိန်တွင် ငွေဖြူ၊ ငွေမည်းဈေးကစားသူများနှင့် ငွေရှိလျှင် မြေဝယ်စုနေသူများကြောင့် မြန်မာ့အိမ်ခြံမြေ မည်သည့် အချိန်တွင် ပူဖောင်းပေါက်လာမည်လဲဆိုသည်ကို အမြင်မျိုးစုံ ရှုမြင်လာကြသည်။ ။

Education

7 DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014




*တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေးကျင်းပစဉ်*

ဓာတ်ပုံ – သမ္မတရုံးဝက်ဘ်ဆိုက်

# အမျိုးသားပညာရေးကောင်စီတွင် ဒုသမ္မတက ဥက္ကဋ္ဌတာဝန်ယူဖွဲ့စည်းရမည်ဟု ဥပဒေကြမ်း၌ ဖော်ပြ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၁**

ဥက္ကဋ္ဌအဖြစ် ဒုသမ္မတတစ်ဦးနှင့် ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အမျိုးသားပညာရေးကောင်စီ ဖွဲ့စည်းရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားသော အမျိုးသားပညာရေးဥပဒေကြမ်းတွင် ဖော်ပြထားသည်။

အမျိုးသားရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရေးကောင်စီကိုဖွဲ့စည်းရမည်ဖြစ်ပြီး အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်ကြောင်း ရေးသားထားသည်။

အမျိုးသားပညာရေးကောင်စီကို ဒုသမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း ဥပဒေကြမ်းတွင် ထည့်သွင်းထားသည်။

၎င်းကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၏ အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာအခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများဖွဲ့စည်းတည်ထောင်ခွင့်ပြုခြင်း၊ ပေါင်းစည်းခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်း (သို့) ပိတ်သိမ်းခွင့်ပြုခြင်းစသည့် အချက်များပါဝင်သည်။

"ပြည်သူ့လွှတ်တော်က အတည်ပြုပြီးသွားပါပြီ။ ပြင်ဆင်ချက်တချို့ပဲရှိပါတယ်။ အမျိုးသားလွှတ်တော်ကိုတင်ပြထားတယ်" ဟု ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စစ်အစိုးရအုပ်ချုပ်စဉ်က အမျိုးသားပညာရေးကောင်စီတွင် ဗိုလ်ချုပ်ခင်ညွန့်ဥက္ကဋ္ဌတာဝန်ယူ၍ အစိုးရဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ယခုအမျိုးသားပညာရေးကောင်စီတွင် သင့်လျော်သော ပညာရှင်များထည့်သွင်းရန် ရေးဆွဲထားကြောင်း ၎င်းကဆိုသည်။

အမျိုးသားပညာရေးဥပဒေကြမ်းကို အစိုးရနှင့် လွှတ်တော်မှ သီးခြားစီတစ်ပြိုင်နက်တင်သွင်းခဲ့ကြပြီး အစိုးရက ၎င်းတို့၏ ဥပဒေကြမ်းကို ပြည်သူများလေ့လာသိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ဖော်ပြခဲ့သည်။

အစိုးရက နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သော အမျိုးသားဥပဒေကြမ်းသည် အမျိုးသားပညာရေးကောင်စီဖွဲ့စည်းမည့် အချက်ပါဝင်မှုမရှိသလို ပြည်သူ့လွှတ်တော်မှ အတည်ပြုလိုက်သည့် အမျိုးသားပညာရေးဥပဒေကြမ်းနှင့် အခြားကွဲလွဲမှု အများအပြားရှိနေသည်။

# အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ ပါရဂူဘွဲ့ပညာသင်ဆုလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၁**

အမေရိကန်အခြေစိုက်ပွင့်လင်းလူ့အဖွဲ့အစည်းဖောင်ဒေးရှင်းက ပေးအပ်သော အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာပညာသင်ဆု (CSSA) ကို ဧပြီလ ၂၇ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

သုတေသနမြှင့်တင်မှု၊ အတွေးအခေါ်ဖလှယ်မှုနှင့် နိုင်ငံတကာကွန်ရက်တည်ဆောက်မှုတို့အတွက် အထောက်အကူဖြစ်စေရန် ပညာသင်ဆုပေးအပ်ခြင်းဖြစ်ပြီး ပါရဂူဘွဲ့ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်သည်။

လူမှုရေးသိပ္ပံနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘာသာရပ်နယ်ပယ်ကို လေ့လာနိုင်မည်ဖြစ်ပြီး လူ့အခွင့်အရေး၊ ပဋိပက္ခအလွန်လေ့လာမှု၊ လူတိုင်းအကျုံးဝင်ပညာရေး၊ မီဒီယာ ဥပဒေသစ်၊ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ အခွင့်အရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှု၊ ဥပဒေ၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့နှင့် ဆက်နွှယ်လေ့လာမှုကို အားပေးမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလိုသူအနေဖြင့် www.opensocietyfoundations.org တွင် အသေးစိတ်ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ပြီး ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၆ လမ်းရှိ သပြေပညာရေးဖောင်ဒေးရှင်းသို့လည်း ဆက်သွယ်လျှောက်ထားနိုင်မည်ဖြစ်သည်။

# ဆရာ၊ဆရာမများအား အင်္ဂလိပ်စာသင်ကြားမှုစနစ် အခမဲ့သင်တန်းပို့ချမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၂**

အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများအတွက် အင်္ဂလိပ်စာသင်ကြားမှုစနစ်ဆိုင်ရာ အခမဲ့နွေရာသီသင်တန်းကို Crown ပညာရေးသင်တန်းကျောင်းတွင်သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆရာ၊ဆရာမများမှားယွင်းလေ့ရှိသော အင်္ဂလိပ်ဘာသာစကားအသုံးအနှုန်းများကို ပြင်ဆင်ပေးလိုခြင်း၊ ကောင်းမွန်မှန်ကန်သော အခြေခံသင်ကြားရေးနည်းလမ်းများကို မျှဝေပေးလိုခြင်းနှင့် သင်ကြားရေးဆိုင်ရာပြည်သူ့နီတိများ သိရှိစေရန်ရည်ရွယ်ကြောင်း သိရသည်။

သင်တန်းကိုအစိုးရဝန်ထမ်း ဆရာ၊ဆရာမများအနေဖြင့် အသက်အရွယ်ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်မည်ဖြစ်ပြီး အပတ်စဉ် ကြာသာပတေးနှင့် သောကြာတို့တွင် ညနေ ၃ နာရီမှ ၅ နာရီထိသင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် မည်သည့်အခကြေးငွေမှ ကောက်ယူမည်မဟုတ်ဘဲ နာရီပေါင်း ၃၀ ကြာမြင့်မည်ဖြစ်ပြီး ဦးရာလူစနစ်ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

သင်တန်းလျှောက်လွှာများကို မြေနီကုန်း၊ဒဂုံစင်တာ(၂)ဘေးရှိ Crown Education တွင် ထုတ်ယူ၍ မတ်လ ၃၁ ရက်နောက်ဆုံး လျှောက်ထားနိုင်မည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# သမ္မတနှင့် ကင်းထောက်၊ လူရည်ချွန်၊ စံပြကြက်ခြေနီ လူငယ်များ မေလတွင် တွေ့ဆုံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်လူငယ်များ၊ လူရည်ချွန်များ၊ စံပြကြက်ခြေနီလူငယ်များ မေလပထမပတ်တွင် နေပြည်တော်၌ တွေ့ဆုံရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီသည် အခြေခံပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကင်းထောက်ကော်မတီ(ယာယီ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ အစည်းအဝေးပြုလုပ်ခဲ့သည်။

"နွေရာသီမှာ ကင်းထောက်လူငယ်၊ ဘက်စုံထူးချွန်လူငယ်တွေနဲ့ သမ္မတတွေ့ဆုံဖို့ အစည်းအဝေးလုပ်တာပါ။ ဒီနှစ်ကတော့ စံပြကြက်ခြေနီ လူငယ်တွေ ပါလာမယ်။ မေလဆန်းမှာ တွေ့ဖို့ လျာထားပါတယ်" ဟု ၎င်းအစည်းအဝေး တက်ရောက်ခဲ့သော အငြိမ်းစားပညာရေးအရာရှိက ပြောသည်။

လွန်ခဲ့သည့် ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင် ကင်းထောက်နှင့် လူရည်ချွန်လူငယ်များ ရွေးချယ်၍ နေပြည်တော်တွင် သမ္မတနှင့်တွေ့ဆုံခြင်း၊ အင်းလေးကန်၊ ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ စက်စဲကမ်းခြေ၊ ပြင်ဦးလွင်နှင့် ပုပ္ပါးတောင်များသို့ နွေရာသီအပန်းဖြေလေ့လာရေးခရီးစဉ် ဆောင်ရွက်ခဲ့သည်။

ယခုနှစ်တွင် ပညာရေးဝန်ကြီးအသစ်တက်လာပြီးနောက် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီအပန်းဖြေလေ့လာရေးခရီးစဉ် မသေချာသော သတင်းထွက်ပေါ်နေသော်လည်း သမ္မတနှင့် တွေ့ဆုံမည့်အစီအစဉ်ရှိနေခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာနတွင် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီးနောက် ကင်းထောက်နှင့် လူရည်ချွန်ရွေးချယ်မှု အစီအစဉ်များ ဆောင်ရွက်မှု အားနည်းသွားကြောင်း ပညာရေးအသိုင်းအဝိုင်းမှ ပြောဆိုနေကြသည်။



*ယခင်နှစ်က နိုင်ငံတော် သမ္မတနှင့် ကင်းထောက်လူငယ်၊ လူရည်ချွန်များတွေ့ဆုံစဉ်*

# အာဆီယံအရည်အသွေးရည်ညွှန်းမှုဘောင် ဆောင်ရွက်မှု မြန်မာနိုင်ငံ နောက်အကျဆုံးဖြစ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၁**

အာဆီယံနိုင်ငံများ၏ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာအရည်အသွေးရည်ညွှန်းမှုဘောင်(AQRF)ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံက ဒေသတွင်း၌ နောက်ကျကျန်ရစ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်တစ်ဦးကပြောသည်။

ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် အာဆီယံအရည်အသွေးရည်ညွှန်းမှုဘောင် (AQRF) ဆိုင်ရာ ဆွေးနွေးပွဲကို သုံးရက်ကြာပြုလုပ်ခဲ့ကြပြီး ဒေသတွင်း အရည်အသွေးရည်ညွှန်းမှုဘောင်ချမှတ်နိုင်ရန် အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြသည်။

"အာဆီယံမှာ သုံးနိုင်ငံပဲကျန်တော့တယ်။ အဲဒီမှာ မြန်မာက နောက်အကျဆုံးပဲ။ လာအိုတောင် ကိုယ့်ထက်တော်တော်ဟုတ်နေပြီ။ သူများနိုင်ငံမှာ လုပ်တုန်းကလည်း သူများပြောတာနားထောင်ခဲ့ရတာပဲ။ အခုကိုယ့်နိုင်ငံမှာ လုပ်တော့လည်း နားထောင်နေရတာပါပဲ"ဟု ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သောပါမောက္ခချုပ်တစ်ဦးကဆိုသည်။

အာဆီယံအရည်အသွေးရည်ညွှန်းမှုဘောင် ဆောင်ရွက်ရန် အမျိုးသားအရည်အသွေးမူဘောင်(NQF) ကိုဦးစွာ တည်ထောင်ရန် လိုအပ်နေသော်လည်း မြန်မာနိုင်ငံတွင် မူဘောင်ရေးဆွဲရာတွင် ကြန့်ကြာနေခြင်းဖြစ်သည်။

"NQF ကိုအလုပ်သမား ဝန်ကြီးဌာနဘက်က တော်တော်ပြီးနေပြီ။ ပညာရေးဝန်ကြီးဌာနဘက်က မပြီးသေးဘူး။ ဖြစ်နေတာပါ။ လုပ်မယ်ဆိုရင်တော့ ဒီတစ်နှစ်အတွင်း ပြီးပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အမျိုးသားပညာရေး ဥပဒေကြမ်းတွင် အရည်အသွေး အကဲဖြတ်မှုနှင့် အရည်အသွေး အာမခံမှုကို ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မရှင်ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။







ဒုတိယအကြိမ်

# ဖူဂျီ ကံစမ်းမဲအစီအစဉ်၏ ပေါက်မဲနံပါတ်များ

## (၂၅)သိန်းဆု

ခ-5122128

## (၁၀)သိန်းဆု

ခ-7501900 | ခ-5988090 | ခ-5669269

## (၅)သိန်းဆု

ခ-1664855 | ခ-8641545 | ခ-6265084 | ခ-8741529

## (၅)သောင်းဆု

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခ-2070866 | ခ-2349843 | ခ-7042619 | ခ-2090220 | ခ-5188236 | ခ-8592724 | ခ-7561164 | ခ-1350135 | ခ-7807533 |
| ခ-7233232 | ခ-4577530 | ခ-5172912 | ခ-4622046 | ခ-5207589 | ခ-8592577 | ခ-1392218 | ခ-1014841 | ခ-4163418 |
| ခ-4866851 | ခ-6851275 | ခ-1743396 | ခ-7701962 | ခ-5223435 | ခ-8108061 | ခ-8306431 | ခ-1014484 | |
| ခ-5792624 | ခ-3831943 | ခ-5081535 | ခ-6349539 | ခ-1054095 | ခ-8592710 | ခ-8029580 | ခ-6400297 | |
| ခ-1671832 | ခ-7508125 | ခ-7191020 | ခ-7779715 | ခ-5441054 | ခ-8592731 | ခ-5664381 | ခ-6659990 | |
| ခ-6901395 | ခ-3792867 | ခ-4855275 | ခ-6992346 | ခ-1797983 | ခ-8592527 | ခ-8029634 | ခ-1645324 | |
| ခ-3833400 | ခ-4670549 | ခ-8239569 | ခ-3695889 | ခ-5469127 | ခ-8592501 | ခ-5673702 | ခ-1107057 | |
| ခ-3732771 | ခ-6748122 | ခ-4894563 | ခ-7331043 | ခ-8209792 | ခ-8592504 | ခ-8341965 | ခ-2211673 | |
| ခ-7975970 | ခ-6797069 | ခ-3284813 | ခ-5490177 | ခ-5522264 | ခ-8592525 | ခ-8105569 | ခ-8107052 | |
| ခ-1930012 | ခ-6748228 | ခ-5111834 | ခ-7212067 | ခ-4239699 | ခ-8592540 | ခ-7905163 | ခ-6072928 | |
| ခ-7277429 | ခ-4672975 | ခ-3910720 | ခ-6151401 | ခ-1194048 | ခ-8592509 | ခ-7123932 | ခ-3705168 | |
| ခ-7361860 | ခ-6592707 | ခ-3597805 | ခ-3936761 | ခ-5466452 | ခ-8592521 | ခ-3400395 | ခ-5063242 | |
| ခ-1549569 | ခ-5532619 | ခ-7340579 | ခ-1681167 | ခ-4066737 | ခ-5330017 | ခ-5703097 | ခ-5074531 | |
| ခ-3992135 | ခ-7567715 | ခ-3966113 | ခ-1718548 | ခ-7212879 | ခ-3287056 | ခ-8267454 | ခ-6767276 | |
| ခ-7368619 | ခ-7595252 | ခ-2737897 | ခ-4217321 | ခ-5158436 | ခ-1912908 | ခ-8085942 | ခ-8080765 | |
| ခ-7405229 | ခ-6307647 | ခ-5216716 | ခ-2577236 | ခ-1360066 | ခ-4698885 | ခ-7100485 | ခ-5091985 | |
| ခ-1653614 | ခ-6320356 | ခ-7221789 | ခ-1313762 | ခ-1759136 | ခ-2551030 | ခ-3177383 | ခ-5091990 | |
| ခ-7233593 | ခ-1944273 | ခ-4490317 | ခ-3438889 | ခ-2187694 | ခ-1114669 | ခ-3332588 | ခ-5092058 | |
| ခ-1275337 | ခ-3966410 | ခ-4567032 | ခ-1095862 | ခ-7748171 | ခ-2591750 | ခ-7905169 | ခ-5092084 | |
| ခ-8359512 | ခ-2732580 | ခ-5232859 | ခ-4492324 | ခ-1162500 | ခ-8524924 | ခ-4421900 | ခ-5092097 | |
| ခ-5969377 | ခ-5987348 | ခ-1528296 | ခ-5557738 | ခ-2345045 | ခ-4737468 | ခ-5809827 | ခ-4018173 | |
| ခ-5459969 | ခ-3691613 | ခ-1489784 | ခ-3357435 | ခ-1414241 | ခ-4737213 | ခ-8029767 | ခ-4018134 | |
| ခ-7979720 | ခ-8694046 | ခ-5643547 | ခ-2398774 | ခ-8592744 | ခ-4764395 | ခ-8329441 | ခ-3285770 | |
| ခ-3044999 | ခ-7168312 | ခ-6967847 | ခ-5428183 | ခ-8592715 | ခ-2553451 | ခ-7712857 | ခ-3982029 | |
| ခ-2880928 | ခ-4612165 | ခ-2299846 | ခ-4159201 | ခ-8592717 | ခ-4039570 | ခ-2301875 | ခ-4111756 | |
| ခ-7449967 | ခ-5488998 | ခ-7358916 | ခ-2039455 | ခ-8592748 | ခ-3510601 | ခ-6361389 | ခ-6483596 | |
| ခ-7468621 | ခ-2800442 | ခ-7129924 | ခ-5938642 | ခ-8592701 | ခ-4181252 | ခ-2509279 | ခ-5395089 | |
| ခ-6973280 | ခ-6319916 | ခ-6265195 | ခ-2960277 | ခ-8592714 | ခ-1500422 | ခ-7673985 | ခ-4073547 | |
| ခ-5138558 | ခ-8279407 | ခ-6451569 | ခ-7028975 | ခ-8592747 | ခ-3380679 | ခ-2380769 | ခ-5281523 | |
| ခ-4800662 | ခ-3270908 | ခ-3300555 | ခ-3969145 | ခ-8592742 | ခ-4072797 | ခ-2501776 | ခ-1124161 | |
| ခ-6249639 | ခ-1744093 | ခ-6434542 | ခ-4843339 | ခ-8592580 | ခ-7062895 | ခ-2619654 | ခ-6045567 | |
| ခ-1232001 | ခ-7386702 | ခ-5604088 | ခ-2005348 | ခ-8592749 | ခ-6070013 | ခ-3178790 | ခ-4185129 | |
| ခ-5740343 | ခ-1897991 | ခ-1677390 | ခ-7908001 | ခ-5009310 | ခ-4031979 | ခ-6052189 | ခ-8026660 | |
| ခ-5589911 | ခ-3084088 | ခ-5321822 | ခ-7497700 | ခ-3645202 | ခ-6441373 | ခ-5006866 | ခ-8343481 | |
| ခ-4054840 | ခ-2364976 | ခ-1111220 | ခ-8542478 | ခ-1207222 | ခ-8580210 | ခ-5745465 | ခ-8381137 | |
| ခ-8289705 | ခ-3114520 | ခ-7561017 | ခ-8541843 | ခ-1655405 | ခ-1120225 | ခ-6741684 | ခ-8265400 | |
| ခ-1897948 | ခ-5321838 | ခ-5321840 | ခ-3645237 | ခ-8542485 | ခ-2273626 | ခ-2387687 | ခ-8265390 | |

စာမျက်နှာ ၁၃ မှ

## ဥပဒေများဖောင်းပွနေသော မီဒီယာလောက




“ပြန်ကြားရေးကသတင်းထောက်တွေကို ကိုင်တွယ်လို့မရရင်အမိကခေါင်ကိုတက်ကိုင်ထားရမယ်ဆိုတာ နားလည်တယ်။ ဒီတော့ ပုံနှိပ်ထုတ်ဝေဥပဒေကိုရေးဆွဲတယ်။ သတင်းထောက်တွေအတွက် ဒီဥပဒေကလိုကိုမလိုဘူး။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကကန့်ကွက်သူမရှိတစ်ခဲနက်အတည်ပြုတဲ့အတွက် ကျွန်တော်တို့က ဒီမိုကရေစီနည်းကျကျနဲ့ပြစ်ဒဏ်တွေကို ငွေဒဏ်တွေပဲဖြစ်ဖို့ ကိုယ်တတ်နိုင်တဲ့ဘက်က လိုက်ညှိရတယ်”ဟု ဦးကျော်မင်းဆွေကဆိုသည်။

အသွင်ကူးပြောင်းစနိုင်ငံများတွင် အုပ်စိုးသူအာဏာရှင်များမှာ ဥပဒေများကိုရှုပ်ထွေးအောင် ပြဋ္ဌာန်းခြင်းဖြင့် လွတ်လပ်ခွင့်ကို ကန့်သတ်နေပြီး မီဒီယာများအနေဖြင့် အရေးကြီးဆုံးမှာ ကျင့်ဝတ်ဖြစ်ပြီး မိမိကိုအန္တရာယ်ပေးနိုင်သည့် ဥပဒေများကို သိထားရန်လိုကြောင်း ၎င်းကဆက်လက်ပြောသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးရဲထွဋ်က ပုံနှိပ်ထုတ်ဝေဥပဒေတွင် ထည့်ထားသည့်အချက်လေးချက်မှာ လူတိုင်းလိုက်နာရမည့်အချက်ဖြစ်ပြီး နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် ကွန်ဗင်းရှင်းများတွင်လည်း ယင်းအတိုင်းပင် ကျင့်သုံးကြောင်းပြောကြားသည်။

“ဒီအချက်တွေကိုအုပ်ချုပ်မှုနည်းလမ်းနဲ့ အရင်စာပေစိစစ်လိုတားတာမဟုတ်ဘူး။ တရားရုံးမှာ တားတာဖြစ်ပါတယ်။ တရားရုံးအဆုံးအဖြတ်ကအဓိကပဲ။ သိပ်မကြာခင်က ဥရောပသတင်းစာတစ်ခုမှာ ဖော်ပြခဲ့တဲ့ကာတွန်းဟာ အစ္စလာမ်ဘာသာဝင်တွေကို စော်ကားရာရောက်တဲ့အတွက် တားမြစ်ပေးဖို့ တရားရုံးကို လျှောက်ထားခဲ့တဲ့ဖြစ်စဉ်တွေရှိပါတယ်။ ဒါဟာဘာမှသွယ်ဝိုက်ကန့်သတ်တာမဟုတ်ဘူး။ စာနယ်ဇင်းကျင့်ဝတ်အရလည်း ဒီလိုမျိုးမရေးဖို့ပါပြီးသားပဲ”ဟု ၎င်းကဆိုသည်။

ဒီမိုကရေစီနိုင်ငံအများစုတွင် ပြည့်စုံသောမီဒီယာဥပဒေတစ်ခုတည်းရှိပြီးနောက်ထပ်ပေါ်ပေါက်လာသော မီဒီယာအမျိုးအစားကို အပိုဒ်ခွဲများဖြင့် ဖြည့်စွက်ခြင်းသာပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင်မူ မီဒီယာလောကတစ်ခုတည်းတွင် သတင်းထောက်များအတွက် ဥပဒေတစ်ခု၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူများအတွက် ဥပဒေတစ်ခုရှိသွားပြီဖြစ်သည်။ ထို့အပြင်နိုင်ငံပိုင်မီဒီယာများကိုအသွင်ပြောင်းထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းနှစ်ခုကို လွှတ်တော်သို့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းထားပြီးဖြစ်သည်။

ဥပဒေတစ်ခုစီအောက်တွင် မီဒီယာကောင်စီအသီးသီးပေါ်ပေါက်လာဦးမည်ဖြစ်ပြီး ကောင်စီတစ်ခုချင်းစီအောက်က ကောင်စီဝင်များ၏ ဆုံးဖြတ်ချက်များနှင့် လုပ်ပိုင်ခွင့်များမှာလည်း မတူညီရာရှုပ်ထွေးမှုများဆက်လက်ဖြစ်ပေါ်လာနိုင်သည်။

“ကောင်စီတစ်ခုက ဆုံးဖြတ်ချက်ကို တခြားကောင်စီက ကွန့်ပလိန်းတက်တာတွေ ဖြစ်လာနိုင်တယ်။ အချင်းချင်းရှုပ်ထွေးမှုတွေဖြစ်လာတဲ့အခါမှာ ဒါတွေကို ဖြေရှင်းနိုင်မယ့်အဆုံးအဖြတ်ပေးသူဟာပြန်ကြားရေးဖြစ်ပါတယ်ဆိုပြီး ပြန်ကြားရေးက နေရာယူမယ်။ သူတို့အခန်းကဏ္ဍကို သူတို့လုံးဝအလွှတ်မခံတော့ဘူး။ ဒါတွေကိုဖြစ်အောင် တမင်ဖန်တီးနေတယ်လို့ထင်တယ်။ ဥပဒေတွေဟာ အမျိုးမျိုးကိုမရှိသင့်ဘူး”ဟု ဦးဇော်သက်ထွေးကပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 268,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 505,000 |
| Galaxy Mega 5.8 | 330,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 400,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 825,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မတ်လ (၂၂) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၂၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၇၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(၈ပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၆၅ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"–1"½ ") | တစ်ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"–1"½") | တစ်ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ ( ၂၂) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၂၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဇီယာ) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၂၅၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မတ်လ (၂၂) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Mar (27) | 815 | 940 | 920 | 950 |
| Mar (28) | 815 | 940 | 920 | 950 |
| Mar (29) | 815 | 940 | 920 | 950 |
| Mar (30) | 815 | 940 | 920 | 950 |
| Apr (31) | 815 | 940 | 920 | 950 |
| Apr (1) | 815 | 940 | 920 | 950 |
| Apr (2) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 464,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 697,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1 TB HDD ,14" | 813,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 484,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 13.3" | 668,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 745,000 |
| Intel Core i72.1GHz,8GB DDR3,730GBHDD,2GB VGA,15.6" | 910,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 556,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 730 GB HDD, 17.3" | 969,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 750 GB HDD, 15.6" | 1,057,000 |

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.4 ▪ MARCH 26 , 2014



ဓာတ်ပုံ – ကာကွယ်ရေးဝန်ကြီးဌာန

*နိုင်ငံတော် အသုံးစရိတ်တွင် ကာကွယ်ရေးအတွက် ၂၄ရာခိုင်နှုန်းကျော် သုံးစွဲနေသည်။ တပ်မတော်(ရေ)က မြန်မာ့ပင်လယ်ပြင်တွင် ရေထု၊ လေထု လုံခြုံရေးအတွက် မတ်လ ၂၂ ရက်က စစ်ရေးလေ့ကျင့်နေစဉ်*

# ဘတ်ဂျက်လိုငွေ ဘီလီယံ ၂,၇၀၀ ကျော်နေ

**ရန်မျိုးနိုင်**

အစိုးရသစ်လက်ထက် သက်တမ်း သုံးနှစ်မြောက်သို့ ရောက်ရှိလာသည့်တိုင် ဘဏ္ဍာနှစ်တိုင်းတွင် ဘတ်ဂျက်လိုငွေ ကျပ်ဘီလီယံနှင့် ချီပြီး နှစ်စဉ်ပြသလျက်ရှိသည်။

သမ္မတဦးသိန်းစိန်အစိုးရ၏ တတိယမြောက် ဘတ်ဂျက်နှစ်ဖြစ်သော ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေ ကျပ်ဘီလီယံ ၂,၇၀၀ ကျော်ရှိနေသည်။

၂၀၁၃–၁၄ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေ ကျပ် ၂၈၈၆ ဘီလီယံရှိခဲ့ရာမှ လာမည့် ဘဏ္ဍာနှစ်တွင် လိုငွေကျပ် ဘီလီယံ ၂,၇၅၄ ရှိမည်ဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ်ထက် ဘတ်ဂျက်လိုငွေ ကျပ် ဘီလီယံ ၁၃၀ ကျော်လျှော့ချနိုင်သော်လည်း ဘတ်ဂျက်လိုငွေသည် လာမည့် ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံ နှစ်ထောင်ကျော်ဆက်လက်ရှိနေခြင်းဖြစ်သည်။

နှစ်တိုင်းတွင် ဘတ်ဂျက်လိုငွေပမာဏ ကျပ်ငွေဘီလီယံနှင့် ချီ၍ ဖြစ်ပေါ်နေခြင်းသည် အစိုးရ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အရှုံးပေါ်ခြင်း၊ မလိုအပ်သော နေရာများတွင် ဘတ်ဂျက် အသုံးများနေခြင်းတို့ကြောင့် ဖြစ်သည်ဟု ပညာရှင်များက ထောက်ပြလာကြသည်။

“ဘတ်ဂျက်နဲ့ ပတ်သက်ပြီး အစိုးရဘက်က အားနည်းချက်က ဘတ်ဂျက်မှာ ဝန်ကြီးဌာနတွေရဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေက ရှုံးတာတွေများနေတယ်။ ဘာကြောင့်ရှုံးတယ်ဆိုတာကို ရှင်းရှင်းပြောဖို့လိုတယ်။အရမ်းရှုံးတာတွေကို လျှော့ချဖို့လိုတယ်”ဟု ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အဖွဲ့ဝင် ဦးဝင်းဦးက ပြောသည်။

အရှုံးပေါ်လျက်ရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပေးခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာအားနည်းချက်များကို အမြန်ဆုံးပြုပြင်နိုင်မှသာ တိုင်းပြည်ပြုပြင်ပြောင်းလဲရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးကဆိုသည်။

အစိုးရသက်တမ်း သုံးနှစ်ကျော်အတွင်း လိုငွေပြသမှု ကျပ်ငွေဘီလီယံနှင့် ချီပြီး ရှိနေမှုကို သေချာစိစစ်ဆောင်ရွက်ရမည်ဖြစ်ပြီး လိုငွေပမာဏဆက်လက်များပြားနေပါက ရေရှည်တွင်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်း မငြိမ်သက်မှုများဖြစ်ပေါ်လာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

အချို့သော အစိုးရဝန်ကြီးဌာနများပိုင် စီးပွားရေးလုပ်ငန်းများ အရှုံးပြသမှုလျော့နည်းလာကြောင်း တင်ပြလာမှုရှိသော်လည်း စာရွက်များပေါ်တွင်သာ အရှုံးအမြတ်ကို ဖော်ပြထားမှုဖြစ်နေခြင်းကြောင့် မြေပြင်အခြေအနေ သိရှိနိုင်ရေး ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန် လိုအပ်လာသည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

လာမည့်ဘဏ္ဍာနှစ်တွင် အစိုးရအနေဖြင့် ရငွေပမာဏ ပိုမိုများပြားသည်နှင့်အမျှသုံးငွေသည်လည်း ပိုမိုများပြားလာကြောင်း ၂၀၁၄–၁၅ ဘဏ္ဍာနှစ် ဘတ်ဂျက်ဥပဒေကြမ်းအရသိရသည်။

၂၀၁၄–၁၅ဘဏ္ဍာနှစ်တွင် ရငွေကျပ် ၁,၉၁၆ ဘီလီယံခန့်နှင့် သုံးငွေကျပ် ၂၁,၉၁၄ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း အစိုးရ၏ ဘဏ္ဍာငွေအရအသုံးစာရင်းတွင် ဖော်ပြထားကာ ယခုဘဏ္ဍာနှစ်တွင်မူ ရငွေကျပ် ၁,၅၁၆၃ ဘီလီယံရှိပြီး သုံးငွေ ကျပ် ၁,၈၀၄၈ ဘီလီယံရှိခဲ့သည်။

လွှတ်တော်သို့ တင်ပြလာသည့် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်အသုံးစရိတ်အဖြစ် ကုန်ကျမည့် စာရင်းတွင် ပြင်ပပေါက်ဈေးထက် ပိုမိုတောင်းခံထားခြင်းများကိုလည်းတွေ့ရှိရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကဆိုသည်။



ဓာတ်ပုံ – သမ္မတရုံးဝက်ဘ်ဆိုက်

*ကျန်းမာရေးအတွက် အသုံးစရိတ်မှာ လာမည့်ဘဏ္ဍာနှစ်အတွက် ကျပ်၅၂၈ဘီလီယံသာရှိသည်။*

“ကျွန်တော်တို့ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တဲ့ အခါမှာ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေနဲ့တိုင်ပင်တော့ တချို့လုပ်ငန်းတွေမှာ ဝန်ကြီးဌာနတွေက တကယ်ကုန်ကျစရိတ်ထက် ပိုတင်လာတာတွေကို သတိထားမိလာတယ်”ဟု ဦးရဲထွန်းကပြောသည်။

ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးတစ်ခုတွင် ကျန်းမာရေးဝန်ကြီးဌာနမှ လိုအပ်သည့် မော်တော်ယာဉ်တစ်စီးဝယ်ယူရန် လွှတ်တော်သို့ တင်ပြတောင်းခံလာမှုတွင် ပြင်ပပေါက်ဈေးထက် ပိုမိုများပြားစွာလျာထားကြောင်း ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းကလွှတ်တော်သို့ တင်ပြခဲ့ဖူးသည်။

ဘတ်ဂျက်အသုံးများသော ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မလိုလားအပ်သည့် နေရာများတွင် ဘဏ္ဍာငွေအသုံးချမှုများ လျှော့ချရန် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများက ဝန်ကြီးဌာနများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရကြောင်း ပြည်သူ့လွှတ်တော်ငွေစာရင်း ကော်မတီဝင် ဒေါ်တင်နွယ်ဦးကပြောသည်။

လာမည့် ဘဏ္ဍာနှစ်တွင် အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဘတ်ဂျက်ပိုမိုသုံးစွဲသွားရန် ရည်ရွယ်ထားသည်ကိုလည်း တွေ့ရသည်။

ပညာရေးကဏ္ဍတွင် ကျပ်ငွေ ဘီလီယံ ၁,၁၄၂ ကျော်နှင့် ကျန်းမာရေးကဏ္ဍတွင် ကျပ်ငွေ ဘီလီယံ ၆၅၂ ကျော်၊ ကာကွယ်ရေးကဏ္ဍတွင် ကျပ်ငွေ ဘီလီယံ ၂,၃၆၅ ကျော်သုံးစွဲသွားမည်ဖြစ်သည်။

ယခုနှစ်တွင် သမ္မတဦးသိန်းစိန်အစိုးရသည် ပညာရေးကဏ္ဍတွင်ကျပ်ငွေဘီလီယံ ၉၀၉ ကျော်၊ ကျန်းမာရေးကဏ္ဍတွင် ကျပ်ငွေ ဘီလီယံ ၅၂၈ ကျော်၊ ကာကွယ်ရေးကဏ္ဍတွင် ကျပ် ဘီလီယံ ၂,၂၈၉ ကျော်သုံးစွဲခဲ့ ခြင်းဖြစ်သည်။

နိုင်ငံ၏ အရအသုံးဆိုင်ရာ ဘတ်ဂျက်များကို နိုင်ငံတကာစံနှုန်းမီသည့် ဘတ်ဂျက်ဖြစ်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးအဖြစ် ကမ္ဘာ့ဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး (Public Financial Management (PFM) Reform Strategy) ကို ရေးဆွဲနေကြောင်း မတ်လ ၁၉ ရက်က ပြုလုပ်ခဲ့သော ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး၌ ကော်မရှင် ဥက္ကဋ္ဌ သမ္မတ ဦးသိန်းစိန်ကပြောကြားထားသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာသမ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် ၉ သိန်း
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများသို့ ( ၇ည / ၈ရက်) ခရီးစဉ် ၈ သိန်း
(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခြင်း လုံးဝမရှိပါ။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 73150070, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ဖုန်း -09 402 64 8989, 09 5300305

# Technology

7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014


# e-Government စီမံကိန်းအကောင်အထည်ဖော်ရန် နယ်ဒေသများတွင် အားနည်းချက်များရှိနေ



*အစိုးရရုံးတစ်ရုံးမှ ရုံးတွင်းမြင်ကွင်း*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၂၁**

e–Government စနစ်အကောင်အထည်ဖော်ရန်အတွက် တိုင်းဒေသကြီးအများစုတွင် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံအားနည်းနေခြင်းနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ဝန်ထမ်းများ နည်းပညာပိုင်းသုံးစွဲနိုင်ရန် ခက်ခဲမှုများရှိနေကြောင်း တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင် အသင်းများမှ သတင်းရရှိသည်။

လက်ရှိတွင် e–Gov စနစ်အကောင်အထည်ဖော်ခြင်းကို စတင်လုပ်ကိုင်နေသည့် တိုင်းဒေသကြီးများတွင် အစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီးအလိုက် ကွန်ပျူတာလုပ်ငန်းရှင်များပူးပေါင်း လုပ်ကိုင်နေမှုများရှိသော်လည်း လက်ရှိရန်ကုန်တိုင်းဒေသကြီးတွင်သာစတင်၍ လုပ်ကိုင်နိုင်ပြီး eYangon အနေဖြင့် ဝက်ဘ်ဆိုက်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

“ကျွန်တော်တို့ဆီမှာ Infra–structure က တော်တော်လေးကို အားနည်းတာ။ ဆက်သွယ်ရေးအရ တိုင်းမန်နေဂျာအဆင့်က ကျွန်တော်တို့ဆွေးနွေးပွဲလေးတစ်ခုမှာတော့ ဖိုက်ဘာဆက်ကြောင်းကို အဓိကလုပ်ဆောင်ပေးဖို့တော့ တိုင်ပင်ထားကြပါတယ်။ ဒါပေမဲ့လည်း ဒီ Project ရဲ့ ဘတ်ဂျက်ကလည်း အရမ်းများတော့ ရှေ့ဆက်ဖို့ကိုလည်း တိုင်ပင်ညှိနှိုင်းနေတယ်”ဟု စစ်ကိုင်းတိုင်းကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးဇော်ဇော်မိုးက ပြောသည်။

တိုင်းဒေသကြီးအများစုတွင် အင်တာနက်သုံးစွဲမှုအတွက် အခြေခံအဆောက်အအုံအားနည်းခြင်း၊ အင်တာနက်ချိတ်ဆက်၍ မရရှိခြင်းများရှိသော်လည်း လာမည့် ခြောက်လကျော်အတွင်း ထိုပြဿနာများဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း မန္တလေးတိုင်းကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ ဒေါ်သီရိခေတ်က ပြောသည်။

အင်တာနက်ချိတ်ဆက်မှုအတွက် အချိန်အားဖြင့် စောင့်ရမည်ဖြစ်သော်လည်း အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် သုံးစွဲရခက်ခဲမှုများရှိနိုင်ရာလိုအပ်သည့်သင်ကြားမှုများကိုလည်း ကွန်ပျူတာအသင်းများအနေဖြင့် သင်ကြားပေးသွားရန် အစိုးရဌာနများသို့ ခွင့်ပြုချက်တောင်းခံခြင်းများလည်း ပြုလုပ်ထားကြောင်း အဆိုပါ အသင်းများမှ သိရသည်။

“အချက်နှစ်ချက်မှာ တစ်ခုက ဝန်ထမ်းတွေက Technology ကို ကြောက်နေတာပေါ့။ နောက်တစ်ခုကတော့ အခြားသော အကြောင်းအရာတွေကြောင့် မသုံးချင်တာပေါ့။ အဲဒီတော့ ကျွန်မတို့ကတော့ ကြောက်နေတဲ့ Tech–nology ကို သုံးတတ်အောင် သုံးစွဲတတ်အောင်အသင်းတွေအနေနဲ့လည်း ရတနာပုံ Cyber Corp–oration ကနေပူးပေါင်းပြီးတော့ Training လုပ်ပေးမယ်လို့ ကျွန်မတို့အစိုးရကို စာပို့ထားပါတယ်” ဟု ဒေါ်သီရိခေတ်က ပြောသည်။

ထို့အပြင် e–Gov ဖော်ဆောင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ကော်မတီများဖွဲ့စည်းထားသော်လည်း အချို့သောဌာနဆိုင်ရာများအနေဖြင့် ၎င်းတို့ဌာနများမှ သတင်းအချက်အလက်များ အလွယ်တကူမရရှိနိုင်ခြင်းများကြောင့် အဆိုပါကော်မတီများကို ဦးဆောင်သည့် အစိုးရဌာနဆိုင်ရာများကိုယ်တိုင် e–Govကိုစတင်ပြီး အကောင်အထည်ဖော်ရန်အတွက် လိုအပ်နေကာ လိုအပ်သည့်ဌာနဆိုင်ရာဝန်ထမ်းများအတွက် သင်ကြားမှုကို ကွန်ပျူတာလုပ်ငန်းရှင်များက တာဝန်ယူလုပ်ကိုင်ပေးနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် e–Gov စနစ်အကောင်အထည်ဖော်နေသည့် တိုင်းဒေသကြီးများတွင် ဝန်ကြီးများကိုယ်တိုင် ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ပြုလုပ်နေပြီး ရန်ကုန်တိုင်းတွင် eYangon ဝက်ဘ်ဆိုက်အနေဖြင့် စတင်လုပ်ကိုင်နေပြီဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးတွင်လည်း e–Gov စနစ်အကောင်အထည်ဖော်ရေး အတွက် eAyeyarwady အမည်ဖြင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ပထမအဆင့် သတင်းအချက်အလက်များကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုက်လွှင့်တင်ထားကြောင်း သတင်းရရှိသည်။

e–Gov စနစ်အကောင်အထည်ဖော်ရန် ရေရှည်စီမံကိန်းရေးဆွဲထားပြီး ဌာနဆိုင်ရာများအားလုံးသည်ကိုယ်ပိုင်ဝက်ဘ်ဆိုက်များကို ၂၀၁၃ ခုနှစ်အတွင်း အပြီးလွှင့်တင်ရန် ညွှန်ကြားထားသော်လည်း ဝက်ဘ်ဆိုက်လွှင့်တင်ထားခြင်းမရှိသည့် ဝန်ကြီးဌာနအများအပြားရှိနေဆဲဖြစ်သည်။







# အိုင်စီတီဖိုရမ်မှ ဆွေးနွေးခဲ့သည့်ရလဒ်များ အစိုးရထံတင်ပြမည်

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၂၁**

အိုင်စီတီဖွံ့ဖြိုးရေးအတွက်ကျင်းပသည့် ICT Forum တွင်ဆွေးနွေးထားသည့် ရလဒ်များကို စုစည်း၍ အစီရင်ခံစာရေးဆွဲကာ နိုင်ငံတော်အစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးကပြောသည်။

မတ်လ ၁၈ရက်က ပြုလုပ်ခဲ့သည့် ICT4M Forum တွင် ပြည်တွင်းရှိ ကွန်ပျူတာအသင်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအစုံမှ ပညာရှင်များပူးပေါင်းပြီးအိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးနှင့်ကဏ္ဍအစုံတွင် အသုံးချနိုင်ရေးအတွက် ခေါင်းစဉ်အများအပြားဆွေးနွေးခဲ့သည်။

"အိုင်စီတီကဏ္ဍဖွံ့ဖြိုးရေးအတွက် အစိုးရယန္တရားတစ်ခုလုံးက သိပြီးအသုံးပြုစေရေး အိုင်စီတီကို စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးမှာ အသုံးပြုနိုင်ဖို့အတွက် အစိုးရကဦးဆောင်ပြီး စနစ်တကျလေ့လာပြီးတော့ Strategic Plan(မဟာဗျူဟာစီမံကိန်း)တစ်ခုရေးဆွဲဖို့လိုပါတယ်။ အဲဒီအတွက် ဒီအစီအစဉ်မှာ တစ်နေ့လုံးဆွေးနွေးထားသမျှ ရလဒ်တွေကို စုစည်းပြီးတော့အစီရင်ခံစာတစ်စောင်ရေးဆွဲပြီးတော့ နိုင်ငံတော်အစိုးရဆီကို တင်ပြမှာဖြစ်ပါတယ်"ဟုဦးခွန်ဦးကပြောသည်။

အဆိုပါပွဲတွင် ဆွေးနွေးခဲ့သည့် အချက်များ တင်ပြသွားမည်ဖြစ်ရာ ထိုတင်ပြချက်အပေါ်တွင် နိုင်ငံတော်အနေဖြင့် အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှအထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

လက်ရှိပြည်တွင်းရှိ အိုင်စီတီအဆင့်အတန်း၊ e-Government ၏ စိန်ခေါ်မှုများ၊ အိုင်စီတီအတွက် လိုအပ်သည့်လူသားအရင်းအမြစ်၊ Social Media Security နှင့် IT Industry ၏ အနေအထားနှင့် စိန်ခေါ်မှုများအပြင် ဘဏ်လုပ်ငန်း၊ ခရီးသွား၊ ကုန်သွယ်မှု၊ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများတွင် အိုင်စီတီအသုံးချမှုများကို ဆွေးနွေးခဲ့ကြပြီး ထိုရလဒ်များမှ အစီရင်ခံစာရေးဆွဲသွားမည်ဖြစ်သည်။

"ကွန်ပျူတာအသင်းတွေက အိုင်စီတီဟာ မလုပ်မဖြစ်၊မရှိမဖြစ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လောက်ပဲကြိုးစားကြိုးစားအစိုးရရဲ့ ဦးဆောင်မှု၊ လမ်းညွှန်မှု၊ ဝင်ရောက်လုပ်ကိုင်မှုမရှိဘဲနဲ့ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးကပြောသည်။

လက်ရှိတွင် IDT(ICT Deve-lopment Index)၏ စစ်တမ်းများအရ နိုင်ငံပေါင်း ၁၅၇နိုင်ငံတွင် မြန်မာနိုင်ငံမှာအဆင့် ၁၃၇သို့ရောက်ရှိနေပြီး ICT Access တွင် အဆင့် ၁၅၀၊ ICT အသုံးချမှုတွင် အဆင့် ၁၅၆နှင့် ICT Skill တွင် အဆင့် ၁၁၁ဖြစ်နေပြီး အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအတွက်အစိုးရကိုယ်တိုင်ပါဝင်လုပ်ကိုင်ရန် အထူးလိုအပ်နေကြောင်း ကွန်ပျူတာအသင်းများမှ သိရသည်။




## နည်းပညာတက္ကသိုလ်များ ဆိုက်ဘာစီးတီးနှင့် ချိတ်ဆက်ရန် e-learning သင်ကြားနိုင်ရန် စီစဉ်နေဟု ဆို

**အေးမွန်ရာပြည့်**

**မန္တလေး၊ မတ်-၂၁**

ပြည်တွင်းအစိုးရနည်းပညာ တက္ကသိုလ်များအနေဖြင့် ရတနာပုံဆိုက်ဘာစီးတီးကို ဗဟိုပြုပြီး အာဆီယံအသိအမှတ်ပြု e-learningသင်ခန်းစာများချိတ်ဆက်သင်ကြားနိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။


တောင်ကိုရီးယားနိုင်ငံရှိ ဆိုးလ်ဆိုက်ဘာယူနီဗာစီတီ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံမှ ရတနာပုံဆိုက်ဘာစီးတီးတွင် e-Learning စနစ်ကျင့်သုံးရာ၌ လိုအပ်မည့် အခြေခံအဆောက်အအုံများကို ၂၀၁၂ ခုနှစ်ကတည်းက ဖြည့်တင်းခဲ့ပြီး ယနေ့ အချိန်တွင် ယင်းစနစ်အသုံးပြုရန် အခြေခံအဆောက်အအုံများ အဆင်သင့်ဖြစ်နေပြီဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီးအားဗဟိုပြု၍ပြည်တွင်းရှိ နည်းပညာတက္ကသိုလ်များ အချင်းချင်းချိတ်ဆက်ပြီး e-learning စနစ်ဖြင့် သင်ကြားနိုင်ရေးအတွက် ယခုနှစ်ဇွန်လအတွင်းတွင် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း ရတနာပုံဆိုက်ဘာစီးတီးမှ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဝင်းက ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာအနီးရှိ ရတနာပုံဆိုက်ဘာစီးတီးတွင် ကျင်းပသွားမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ e-learning စနစ်ကျင့်သုံးရန် အခြေခံအဆောက်အအုံလုံလောက်စွာ ရှိနေသည့် တက္ကသိုလ်အချို့အား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်ဝင်းကထည့်သွင်းပြောကြားသည်။

"ဒီစနစ်ထဲမှာပါတဲ့ အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီက ထုတ်တဲ့သင်ခန်းစာတွေအကုန်လုံးကို လေ့လာနိုင်မှာ" အာဆီယံနိုင်ငံတွေအားလုံးက အသိအမှတ်ပြုတဲ့လက်မှတ်ကို အွန်လိုင်းကနေတက်နိုင်အောင်ပေါ့။ နည်းပညာတက္ကသိုလ်အခြေခံတဲ့ ကျောင်းတွေများတာမို့ နည်းပညာနဲ့ ဆိုင်တဲ့ သင်ခန်းစာတွေများတယ်"ဟု ၎င်းကပြောသည်။

အာဆီယံဆိုက်ဘာယူနီဘာစီတီ (ACU) အသိုက်အဝန်းတည်ထောင်ရန် တောင်ကိုရီးယားနိုင်ငံအခြေစိုက်တက္ကသိုလ်နှစ်ခုမှ CLMV နိုင်ငံများဖြစ်သည့်ကမ္ဘောဒီးယား၊လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများမှ တက္ကသိုလ်တစ်ခုချင်းစီတွင် e-learning စနစ်ကျင့်သုံးရာ၌ လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့ပြီးနောက် အခြေခံအဆောက်အအုံများရှိပြီးသားဖြစ်သည်။ ကျန်အာဆီယံခြောက်နိုင်ငံမှ နည်းပညာတက္ကသိုလ်များကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း အာဆီယံဆယ်နိုင်ငံစလုံးပါဝင်သည့် ယူနီဗာစီတီအသိုက်အဝန်းကို ထူထောင်ရန် စီစဉ်ထားကြောင်း ACUမှ တာဝန်ရှိသူ တစ်ဦးကဆိုသည်။

အာဆီယံဆိုက်ဘာယူနီဘာစီတီ(ACU)အသိုက်အဝန်းကို ၂၀၁၁ ခုနှစ်ကတည်းက CLMV နိုင်ငံလေးခုမှ တက္ကသိုလ်လေးခုဖြင့် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။




# စာအုပ်ဆိုင်များ ကွယ်ပျောက်သွားခြင်း

■ ချမ်းငြိမ်း

(၁)

"ကျွန်တော့်စာအုပ်ဆိုင် ဖြုတ်လိုက်တော့မယ်ဗျာ"ဟု ရီဝေပန်းလျစွာပြောလာသော မိတ်ဆွေကို ငေးကြည့်နေမိသည်။ အပြင်ဘက်မှာတော့ လေပူကြီးတစ်သုတ်ဖြုတ်ဖြုတ်ဒိုင်းဒိုင်းတိုက်သွား၍ သဲတွေ၊ ဖုန်တွေအလိပ်လိုက်၊ အလုံးလိုက်ဝေ့ဝဲတက်သွားသည်။ လက်ဖက်ရည်ဆိုင်လေးထဲမှာတော့ ထမင်းစားချိန်ဖြစ်၍ လူကျိုးကျိုးကျဲကျဲသာရှိလေသည်။

"ဘာဖြစ်လို့လဲဗျ" မိတ်ဆွေကိုမေးကြည့်တော့ စကားလုံးတွေရေကာတာကျိုးပေါက်ကျလာသလို ဒလဟောသွန်ချလာသည်။ ဆိုင်ခန်းငှားခဈေးတက်တောင်းသလို စည်ပင်ခွန်ကအစ ဆိုင်းဘုတ်ခွန်၊ မီတာခတိုးမြင့်တက်လာပုံ၊ စာအုပ်အတွက် ရင်းနှီးငွေကြီးမားလာသလို အမြတ်အစွန်းကျပြန်တော့ လောက်လောက်လားလားမရပုံ၊ စာအုပ်သမားတွေကြောက်သော 'ဘာလေးဘာ'ကာ လကျော်လွန်လာသော်လည်း အရောင်းအဝယ်ဟုတ်တိပတ်တိတက်မလာပုံတို့ကို စီကာပတ်ကုံးညည်းတွားသံတစ်ဝက်၊ စိတ်ဓာတ်ကျသံတစ်ဝက်ရောစွက်၍ ပြောသည်။ အဆုံးနိဂုံးချုပ်ကတော့ ဆယ်နှစ်နီးပါးဖွင့်လှစ်ရောင်းချခဲ့သော စာအုပ်ဆိုင်လေးအပြီးပိတ်သိမ်းရေးပင်ဖြစ်၏။

သည်လိုနဲ့ ရန်ကုန်မှာလူတွေအတွက် အသိအမြင်ဗဟုသုတတံခါးဖွင့်ပေးသော၊ အသိဉာဏ်ကိုထွန်းညှိပေးသော စာအုပ်ဆိုင်လေးတစ်ဆိုင် လျော့နည်းသွားပေတော့မည်။ စားပွဲပေါ်ရှိ လက်ဖက်ရည်နှစ်ခွက်သည် အုတ်နီခဲရောင်သမ်းကာ အပေါ်ယံမျက်နှာပြင် တင်းမာနေပြီး အေးစက်၍ပင် နေတော့သည်။ သြော်...ဘာလိုလိုနဲ့ စာအုပ်ဆိုင်တစ်ဆိုင်ပြုတ်ပါရောလားဟု စိတ်မသက်မသာတွေးမိရင်း လွန်ခဲ့သောနှစ်တွေဆီ အာရုံက လွင့်ပါးခဲ့ပြန်သည်။

(၂)

ကျွန်တော်ငယ်ငယ်က ရန်ကုန်ဗိုလ်ချုပ်လမ်းတစ်လျှောက်လမ်းသလားချိန် အမြဲလိုလိုတွေ့ရသည်မှာ စာအုပ်ဆိုင်များဖြစ်ပါသည်။ ပန်းဘဲတန်း ၂၈လမ်းထိပ်တွင်နှစ်ဆိုင်၊ ၂၉လမ်းထိပ်တွင် တစ်ဆိုင်နှင့် ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်အဆောက်အအုံအမိုးကြီးအောက်ရှိ ဆိုင်များမှအစ မောင်ထော်လေး(ယခုဗိုလ်ဆွန်ပက်)လမ်းအထက်ဘလောက်ရှိ စာအုပ်ဆိုင်ကြီးများသည့် ကျွန်တော့်အတွက် ငေးမောစရာများဖြစ်ခဲ့သည်။ မောင်ထော်လေးလမ်းထဲရှိ စာအုပ်ဆိုင်ကြီးများမှာ တိုက်ခန်းကျယ်ကြီးများဖြင့် ရောင်းချပြီး မှန်စီပြိုးပြက်လက်နေတတ်သည်။ အများဆုံးမြင်တွေ့ရသည်မှာ အင်္ဂလိပ်စာအုပ်အထူကြီးများဖြစ်သည်။ အဘိဓာန်ကြီးများဖြစ်သည်။ စာအုပ်ရောင်းသူအများစုမှာ အိန္ဒိယနွယ်ဖွားများဖြစ်ကြပြီး ငွေရှင်းကောင်တာများတွင် ကုလားအဘိုးကြီးတွေ ထိုင်နေတတ်သည်။ နောင်တွင် သိရသည်မှာ ထိုစာအုပ်ဆိုင်ကြီးများသည် ကိုလိုနီခေတ်ကပင်တည်ရှိခဲ့ပြီး ရန်ကုန်မြို့၏ ရှေးအကျဆုံးသောစာအုပ်ဆိုင်များဖြစ်ခဲ့သည်။ စာအုပ်ရောင်းသူများသည် စာအုပ်များကို တရိုတသေကိုင်တွယ်ရောင်းချလေ့ရှိသည်။ မကြာခဏလည်း စာအုပ်များကို ပိုးသတ်ဆေးများဖြင့် သန့်ရှင်းရေးလုပ်နေတတ်တာမြင်ရသည်။ ဆိုင်ထဲကို မဝံ့မရဲဝင်၍ တတ်သမျှလေးဖြင့် လိုက်ဖတ်တော့ စာကြီးပေကြီးတွေမှန်းသိရသည်။ Encyclopedia ခေါ် ဗြိတိသျှစွယ်စုံကျမ်းကြီးများ၊ နိုင်ငံရေးသိပ္ပံကျမ်းများ၊ ဒဿနလက်စွဲကျမ်းများ၊ စိတ်ပညာကျမ်းများအပြင် ချားလ်ဒစ်ကင်း၊ ဆမ္မားဆက်မွန်တို့လို သားရေအဖုံးဖြင့်ချုပ်လုပ်၍မှန်ဘီရိုကြီးတွေထဲခံ့ခံ့ထည်ထည်ထည့်ထားသည်။လာရောက်ဝယ်သူများမှာလည်း ပင်စင်စားကြီးများ၊ စာရေးဆရာကြီးများ၊ တက္ကသိုလ်ဆရာများ၊ ဘိုကပြားများ စသဖြင့်စုံလင်စွာမြင်တွေ့ရသည်။ သို့ရာတွင် ထိုစာအုပ်ဆိုင်ကြီးများမှာ ဘာကြောင့်မှန်းမသိရ နောက်ပိုင်းတဖြည်းဖြည်းကွယ်ပျောက်သွားကြသည်။ ထိုနေရာတွင် စတိုးဆိုင်ကြီးများ၊ အဝတ်အထည်ဆိုင်များ အလျှိုလျှိုပေါ်လာကြသည်။ မောင်ထော်လေးလမ်းကို ကျော်လွန်ပါက ၃၂၊ ၃၃စာအုပ်တန်းသည် မြန်မာတစ်နိုင်ငံလုံးရှိစာအုပ်အငှားဆိုင်သမားများ အဓိကအားထားရာနေရာဖြစ်သည်။ တစ်နိုင်ငံလုံးသို့ဖြန့်ချိသော မဂ္ဂဇင်း၊ ကာတွန်းရုပ်ပြတွေ၏ ပင်မရေသောက်မြစ်ဖြစ်သည်။ ဗိုလ်ချုပ်လမ်းတစ်လျှောက် ၃၅လမ်းထိပ်မှာတော့ လမ်းဘေးခင်းကျင်းရောင်းချသောစာအုပ်ဆိုင်လေးများ ယနေ့တိုင်မြင်နိုင်သေးသည်။

စာအုပ်နှင့်မကင်းသူတိုင်းအမြဲသွားရလေ့ရှိသည်မှာပန်းဆိုးတန်းစာအုပ်တန်းဖြစ်ပါသည်။ ကျွန်တော်တို့ မမွေးမီစစ်ပြီးခေတ်ကတည်းက စည်ကားခဲ့သောစာအုပ်တန်းဖြစ်သည်။ ဗာဒံပင်၊ ပိတောက်ပင်စသဖြင့် အပင်ကြီးများ၏ အရိပ်အာဝါသ၊ ကိုလိုနီခေတ်ဟောင်းကျောက်ပြားအမည်းများ၏ အေးမြမှုကြောင့် ပန်းဆိုးတန်းစာအုပ်တန်းရောက်ပြီးသူတော်တော်နှင့်ပြန်မထွက်နိုင်၊ အေးရိပ်ဆာယာတစ်ခုနှယ်၊ ပန်းဆိုးတန်းနှင့်စာအုပ်တန်း၊ စာအုပ်တန်းနှင့် ပန်းဆိုးတန်းအမြဲလိုလိုယှဉ်တွဲမြင်ရသည်။ ယခုသည်စာကို ရေးနေရင်းပင် ခေတ်ဟောင်းကပန်းဆိုးတန်းကို မျက်စိထဲမြင်ယောင်နေမိသည်။အေးအေးလူလူစာအုပ်ရွေး၊ အေးအေးလူလူလက်ဖက်ရည်သောက် စကားစမြည်ပြော၊ ဒါတင်မက အေးအေးလူလူပင်ကျားဝင်ထိုးနိုင်သေးသည်။ပန်းဆိုးတန်းစာအုပ်တန်းသည် ယဉ်ကျေးမှုမျက်နှာစာတစ်ခုဖြစ်ခဲ့သည်။သည်တုန်းက ပန်းဆိုးတန်းစာအုပ်တန်းသည် ဖွေးဖွေးလှုပ်စည်ကားခဲ့သည်။ဆိုင်ခန်းခတွေလည်း ယခုလို ဈေးမကြီးသေး။ စာအုပ်ဈေးတွေလည်း မမြင့်သေး။ အခွန်အကောက်တွေလည်းမဆိုစလောက်သေး။ ပန်းဆိုးတန်းစာအုပ်တန်းသည် ရောင်းသူရော၊ ဝယ်သူပါအဆင်ပြေ၍ ဘဝတွေစိုပြည်လှပခဲ့သည်။ စာအုပ်လိုချင်လျှင် အဟောင်းဖြစ်ဖြစ်၊ အသစ်ဖြစ်ဖြစ် ပန်းဆိုးတန်းသို့သွားရမြဲ၊ **အမေ့အိမ်၊ ပညာရွှေတောင်၊ စာပေလောက**တို့လိုဆိုင်ကြီးတွေရှိသလို **ဂန္ထဝင်လွင်ပြင်၊ ဇော်စာအုပ်တိုက်၊ အေဝမ်း**စသည့်အဟောင်းဆိုင်ကြီးများကလည်း ဟည်းလှသည်။ ကုန်သွယ်လယ်ယာရုံးကြီးအောက်ရှိ စာအုပ်ဆိုင်တွေကလည်း အရောင်းမျိုးစုံပြိုးပြက်တောက်စားလျက်။ သည်လိုအချိန်မှာ စည်ပင်ကနှစ်ပေါင်းများစွာတည်တံ့လာသော ပလက်ဖောင်းအကောင်းကြီးကို ထွင်းဖျက်ကာ ကားလမ်းကိုချဲ့သည်။ ပေါ်တီကိုအမိုးကြီးတွေကို ဖြိုချခိုင်းသည်။ သစ်ပင်တွေခုတ်ထွင်ရှင်းလင်းလိုက်၍ အရိပ်အာဝါသမရှိတော့။ တိုက်တိုက်ဆိုင်ဆိုင်မရှေးမနှောင်းမှာပင် ဘတ်ဂျက်နှစ်ကုန်ဆုံးခါနီး ကုန်သွယ်လယ်ယာရုံးချုပ်ကြီး မီးကြီးလောင်ပါလေသည်။ ပန်းဆိုးတန်းသည် ထီးတည်းငူကြောင် တဖြည်းဖြည်းသွေ့ခြောက်လိုက်လာသည်။ တစ်ဖက်မှာလည်း ငွေလဲနှုန်း၊ စက္ကူဈေးနှုန်းတရိပ်ရိပ်တက်လာပြီး အတန်အသင့်ဝယ်နေကျသူများပင် မဝယ်နိုင်တော့။ ဝယ်နိုင်သူတွေလည်း လျှော့ဝယ်လာကြသည်။ ရုံးမီးလောင်ပြီး ဖရိုဖရဲဖြစ်သွားသော စာအုပ်တန်းသည် ရေကြည်ရာမြက်နုရှာသလို အချို့ကုန်သည် လမ်းပေါ်ရောက်၊ အချို့ဆိုင်ကို လုံးလုံးဖြုတ်ကာလုပ်ငန်းပြောင်းကြသည်။အထက်လမ်းရွှေ့ကြသည်။ ဘုရားဖူးလုပ်ငန်းတွေကြားစာအုပ်ဆိုင်တွေပေါ်လာပြန်သည်။ **စာပေလောက၊ အင်းဝ၊ ရာပြည့်**....ယနေ့ခေတ်မှာမြင်ရသည်။ သူတို့မှာလည်း ပုံမှန်ရောင်းဝယ်ရပ်တည်နိုင်ရေး ရုန်းကန်နေရရှာပါသည်။

(၃)

ပန်းဆိုးတန်းစာအုပ်တန်းက သောင်းကနင်းမဖြစ်ခင်လုံးဝပျက်သွားသည်မှာ မြေနီကုန်းညဈေးစာအုပ်တန်းဖြစ်သည်။ မြေနီကုန်းညဈေးစာအုပ်တန်းသည် ၁၉၇၀ပြည့်လွန်နှစ်တွေကတည်းက စည်ကားခဲ့သော တရားဝင်စာအုပ်တန်းဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံးစည်ကားခဲ့ရာနေရာဖြစ်ပြီး စာရေးဆရာ၊ ကဗျာဆရာများကျက်စားရာဝန်းကျင်လည်းဖြစ်ခဲ့သည်။ ကဗျာဆရာ အညာတမာ၊ သိုင်းချောင်းဝံသာ၊ စာရေးဆရာလင်းဝေမြိုင်တို့ စတည်းချရာနေရာဖြစ်သည်။ ယခုဒဂုန်စင်တာနှင့်ပလာဇာတည်ရှိရာနေရာတွင် ရှိခဲ့ဖူးသောမြေနီးကုန်းညဈေးသည် တစ်ခေတ်တစ်ခါက အလွန်စည်ကားခဲ့ပါ၏။ ညဈေးဆိုသည့်အတိုင်း ညနေငါးနာရီကျော်မှ စည်ကားလာပြီး သန်းခေါင်ယံအချိန်ထိ စည်ကားလေ့ရှိသည်။ စာအုပ်တန်းတွေက ဈေးသို့ ဝင်ဝင်ချင်းမျက်နှာစာမှာ အပြိုင်တည်ရှိပြီး ဆိုင်နှင့်ကနားနှင့် တင့်တယ်စွာရောင်းကြသည်။ စာအုပ်ဆိုင်များလွန်ပါမှ ကြေးအိုး၊ ဆီချက်၊ ကော်ရည်၊ ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ ထမင်းကြော်၊ ခေါက်ဆွဲကြော်ဆိုင်တွေရောက်သည်။ တရားဝင်ဈေးပီပီ စာအုပ်သမားတွေဆိုင်သိမ်းပြီဆိုပါက အထူးတလည်းသိမ်းစရာမလို ဈေးဆိုင်အဖုံးတွေထဲ၊ ဈေးဆိုင်ဘီရိုတွေထဲပြန်ထည့်၊ သော့ခတ်ကာ ပြန်ကြမြဲ။ စာအုပ်ဆိုင်တွေများပြားသလို စာအုပ်တွေကလည်း စုံမှစုံ။ အထူးသဖြင့် ရှားပါးစာအုပ်ဟောင်းတွေကိုသာ ကိုင်ကာရောင်းကြဝယ်ကြသည်။ ပန်းဆိုးတန်းမှာရှာမတွေ့သည့်စာအုပ်မျိုး မြေနီကုန်းညဈေးမှာ ရလေ့ရှိသည်။ မိုးလုံလေလုံ ခင်းကျင်းရောင်းရ၍စာအုပ်သမားတွေပျော်ကြသည်။ဈေးထဲဖြစ်၍စားချင်တာ အလွယ်တကူမှာစားနိုင်သည်။ ယမကာဆိုင်တွေကလည်း မလှမ်းမကမ်းမှာ အပေါသား...။

မြေနီကုန်းညဈေး စာအုပ်တန်းသည် စာရေးဆရာ၊ ကဗျာဆရာများသာမက ရန်ကုန်တက္ကသိုလ်နှင့် သွားရေးလာရေးလမ်းကြောင်းသင့်၍ ကျောင်းသူကျောင်းသားများသာမက ဆရာ၊ ဆရာမများအတွက်ပါအထောက်အပံ့ပြုရာဖြစ်ခဲ့သည်။

**စာမျက်နှာ(၃၂)သို့**

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ငါမအိုသေးသည့် ၁၉၉၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ

သင်းရီ



*၉၀ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ*

ဓာတ်ပုံ – ကျော်ဇင်သန်း

"ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံပေါ်ထွန်းနိုင်ရေးအတွက် ဇွဲ၊ သတ္တိ၊ ယုံကြည်ချက်ခိုင်မာစွာဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်ခဲ့ကြသော၊ ဆောင်ရွက်နေဆဲဖြစ်သော ၁၉၉၀ ခုနှစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာ ဂုဏ်ပြုပါ၏" ဟု အနီရောင်တောက်တောက်အောက်ခံပေါ်တွင် ရွှေရောင်စာလုံးဖြင့် ရိုက်နှိပ်ထားကာ ရွှေရောင်ကနုတ်ဖြင့် ဘောင်ကွပ်ထားသည့် ဂုဏ်ပြုလွှာများက ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ထဲ၊ ကွယ်လွန်ခဲ့ကြပြီဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မိသားစုများ လက်ထဲတို့တွင် ရွှေရောင်တဖိတ်ဖိတ်လက်နေ ကြသည်။

သည်အခမ်းအနားကို ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က ဦးဆောင်ကာ ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ၂၂–၃–၂၀၁၄ က ကျင်းပခဲ့ခြင်းဖြစ်လျက် ကျင်းပရခြင်း၏ ရည်ရွယ်ချက်က ၉၀ ရွေးကောက်ပွဲ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မပြီးပြတ်သေးသော မြန်မာ့ဒီမိုကရေစီရေးတွင် ကျရာကဏ္ဍမှ ဆက်လက်၍ ပါဝင်ထမ်းဆောင်နိုင်ရေးပင်ဖြစ်၏။

ထို့ကြောင့်လည်း ဤအခမ်းအနားသို့ တက်ရောက်လိုသည့် ဆန္ဒရှိသော်လည်း ခရီးလွန်နေသဖြင့် မတက်ရောက်နိုင်ကြသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များမှလွဲ၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ မှ ၉၀ လွှတ်တော်ကိုယ်စားလှယ်များက အင်တိုက်အားတိုက် တက်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

စင်စစ်မူ ၁၉၉၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၄ မေလ ၂၇ ရက်တွင် ကျရောက်တော့မည်ဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲ ငွေရတုတိုင်သည်ထိ ရာစုနှစ်၏ လေးပုံတစ်ပုံလုံးလုံး မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ဒီမိုကရေစီရေးကို ကြံ့ကြံ့ခံကာ ဆောင်ရွက်လာခဲ့ကြသူများဖြစ်ကြလေသည်။

ထိုသို့ ဆောင်ရွက်လာခဲ့ကြသူများဖြစ်သည့်အားလျော်စွာ နဝတ၊ နအဖတို့၏ ကွက်ဆန်းအဆင်မျိုးစုံ၊ နည်းမျိုးစုံဖြင့် အထုအထောင်းအနှိပ်စက်အမျိုးမျိုးတို့ကိုလည်း ဖန်တေထအောင်ပင် ခံခဲ့ကြရသူများဖြစ်၏။

ထိုဖိနှိပ်မှုများအောက်တွင် အကျဉ်းထောင်အသီးသီးတို့၌ ကျဆုံးကွယ်လွန်ခဲ့ကြသူ လွှတ်တော်ကိုယ်စားလှယ်များ၊ နှစ်ရှည်ထောင်ဒဏ်အသီးသီးချမှတ်ခြင်းခံကြရသဖြင့် အကျဉ်းထောင်ထဲမှ ပေးလိုက်သည့် ဒဏ်ရာဒဏ်ချက်များကြောင့် ထောင်အပြင်ရောက်မှ ရောဂါအမျိုးမျိုးဖြင့် ကျဆုံးကွယ်လွန်ကြရသူ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးမျိုး ဖိနှိပ်အရေးယူခံရမှုများကြောင့် ထောင်ပြင်ပတွင် ကျန်ခဲ့ကြသော မိသားစုများအားလုံး ဘဝပျက်ကြရသည်အထိ ရင်ဆိုင်ခံစားခဲ့ကြရသော လွှတ်တော်ကိုယ်စားလှယ်များ၊ မိဝေးဖဝေး ဆွေဝေးမျိုးဝေးဖြင့် လွတ်မြောက်နယ်မြေသို့ထွက်ကာ ပြည်တွင်း၌ဆောင်ရွက်၍ မရနိုင်သော ဒီမိုကရေစီရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူလွှတ်တော်ကိုယ်စားလှယ်များ၊ ထိုသို့ဆောင်ရွက်ရင်းမှပင် ရန်သူ၏ လက်ချက်ဖြင့် အသက်ပေးခဲ့ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များစသည်ဖြင့် ၁၉၉၀ လွှတ်တော်ကိုယ်စားလှယ် အများစုသည် အတတ်နိုင်ဆုံး၊ အစွမ်းဆောင်နိုင်ဆုံးအထိ ဆောင်ရွက်လာခဲ့ကြသူများဖြစ်သည်။

နှစ်ပေါင်း ၂၅ နှစ်ပြည့်တော့မည့်ယခုအခါ ပြန်ဆုံကြတော့ ဟိုအခါတုန်းက တက်ညီလက်ညီနှင့် အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့ကြသူ ၉၀ လွှတ်တော်ကိုယ်စားလှယ်တွေ အစုံအလင် မရှိကြတော့။ ကွယ်လွန်သူတွေ ကွယ်လွန်ကြပြီ။ အချို့သန်တုန်း မြန်တုန်းရှိဆဲ ဆိုသော်မင့် အချို့ ခါးကိုင်းနားထိုင်း သွားကြွေ ပါးရေတွန့်သူတွေလည်း တွန့်ကုန်ကြပြီ။ အတော်များများကို ဇရာက တိုက်စားသွားခဲ့ကြပြီ။

သို့သော် ကိုယ်စီအသည်းထဲ နှလုံးများထဲ၌ အုတ်မြစ်ခိုင်ခိုင်ချထားခဲ့ကြသော စစ်အာဏာရှင်ဝါဒဆန့်ကျင်ရေး၊ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးစိတ်ဓာတ်တို့ကမူ ဇရာကို အခိုင်အမာအံတုလျက် ယခုထက်တိုင် တောင့်တင်းထက်ရှစွာ တောက်ပြောင်နေကြဆဲရှိကြောင်း တက်ရောက်လာကြသော ၉၀ လွှတ်တော်ကိုယ်စားလှယ် ၁၅၀ တို့၏ မျက်နှာများပေါ်တွင် အထင်းသားမြင်တွေ့နေကြရဆဲရှိသည်။

တကယ်တော့ ၉၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ကလည်း မျှော်လင့်ထားသော ဒီမိုကရေစီပြည်ထောင်စုပန်းတိုင်သို့မရောက်မချင်း မိမိတို့ပခုံးပေါ်တွင်တင်ဆောင်ထမ်းပိုးလာခဲ့ကြသည့် သမိုင်းပေးတာဝန်များ မပြီးဆုံးသေး၊ သို့မဟုတ် မကျေပွန်သေးဟု ခံယူထားကြသူများသာဖြစ်ကြကြောင်း တက်ကြွစွာဖြင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သက်သေခံနေသည်။

ဖြတ်သန်းလာခဲ့ကြပြီးသော မြန်မာ့နိုင်ငံရေးခရီး ၂၅ နှစ်တာကာလကိုပြန်လည်ငဲ့စောင်းကြည့်သည့်အခါ မုန်တိုင်းထန်သည့် ရေဆန်လမ်းသာ ဖြစ်ခဲ့၏။

၁၉၉၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်တိုင်းရင်းသားပါတီများက တောင်ပြိုကမ်းပြို အနိုင်ရလိုက်သည့်အခါ ရွေးကောက်ပွဲပြီးလျှင် စစ်တန်းလျားသို့ ပြန်မည်။ အနိုင်ရပါတီက ဖွဲ့စည်းပုံဥပဒေရေးကြ။ သမိုင်းတရားခံအဖြစ်မခံနိုင်ဘူးဆိုသည့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကတိစကားများနှင့်အတူ ၉၀ ရွေးကောက်ပွဲရလဒ်သည်လည်း စစ်အာဏာရှင်စနစ်၏ ဖြောင်လိမ်ဖြောင်စားလုပ်ရပ်များအောက်တွင် စုံးစုံးမြုပ်ပျောက်ကွယ်ခဲ့ရသည်။

နဝတ၏ အဖိအနှိပ်အထုအထောင်းဘဝတွင် အားကောင်းမောင်းသန် ခေါင်းဆောင်မှုကို ဆုံးရှုံးနေရဆဲရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယတန်းခေါင်းဆောင်များကလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးတက်ရောက်ခဲ့ကြသည့် ဂန္ဒီညီလာခံကို တားဆီးချုပ်ကိုင်လာသော နဝတ၏ ၁/၉၀ ကြေညာချက်ကို မကျော်လွှားနိုင်ခဲ့။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့သော ၅/၉၀ ကြေညာချက်သည်ပင် စစ်အာဏာရှင်လက်အောက်မှ လုံးဝကင်းလွတ်သည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံကို တည်ဆောက်လိုကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏တက်ကြွတောင့်တင်းသော အင်အားကို ရေစီးကြောင်းသစ်ဆီသို့ လွှဲပြောင်းပေးလိုက်သကဲ့သို့ ဖြစ်လာရသည်။

သို့နှင့်ပင် မန္တလေးတိုင်း အမရပူရတွင် ပြုလုပ်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးမှသည် ကရင်ပြည်နယ် လွတ်မြောက်နယ်မြေ၌ ဖွဲ့စည်းအောင်မြင်ခဲ့သော အမျိုးသားညွန့်ပေါင်း စင်ပြိုင်အစိုးရတစ်ရပ်ကို ဖော်ဆောင်လာနိုင်ခဲ့သည်။

နဝတစစ်အစိုးရနှင့် စစ်ပြိုင်ဖြစ်သော ထိုအမျိုးသားညွန့်ပေါင်းအစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၃၅ ဦးကို နဝတအစိုးရက တစ်သက်တစ်ကျွန်းနှစ်ရှည်ထောင်ဒဏ်များ ချမှတ်စီရင်ခြင်း ခံခဲ့ကြရသည်။

ထောင်ဒဏ် ချမှတ်မခံရသေးမီ ပြင်းထန်သော စစ်ကြောရေးကာလတွင်ပင် ရန်ကုန်တိုင်းမှ ဦးမောင်ကိုနှင့် ခရမ်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းတို့နှစ်ဦး ကျဆုံးခဲ့ကြရသည်။

ကျန်လွှတ်တော်ကိုယ်စားလှယ်များကို အင်းစိန်အကျဉ်းထောင်ကြီးရှေ့တွင်ရှိသော စစ်ခုံရုံးအမှတ် (၁) တွင် အမှုစီရင်ချက်ချမှတ်စဉ်က ခုံရုံးတရားသူကြီး ဗိုလ်မှူးကြီး၏ အပြစ်ရှိ၊ မရှိအမေးကို ပြန်ဖြေခဲ့သည့် ကိုကိုးကျွန်းလွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၏ အဖြေစကားသံက ယနေ့ထက်တိုင်ပင် နားထဲမှ မထွက်နိုင်သေးဘဲရှိရသည်။

"ကျွန်တော်တို့ဟာ လက်ရှိနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ ပါတီစုံအထွေထွေ ရွေးကောက်ပွဲဥပဒေအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုယ်တိုင်ဦးစီးကျင်းပပေးခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူတွေရဲ့ တစ်ခဲနက် ဆန္ဒမဲနဲ့ ဖြစ်ပေါ်လာကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ရာနှုန်းကိုးဆယ်ကျော် ပြည်သူ့ထောက်ခံမဲနဲ့ အနိုင်ရအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစိုးရဖွဲ့ပိုင်ခွင့် ရှိနေပါတယ်။ ဒါကြောင့် ပြည်သူက ရွေးချယ် တင်မြှောက်ပေးလိုက်တဲ့ ကျွန်တော်တို့ဟာ ကိုယ်လုပ်ရမယ့် အလုပ်ကို ကိုယ်လုပ်ကြတာဖြစ်လို့ အဲဒါကို အပြစ်လို့သတ်မှတ်ရင် သတ်မှတ်သူသာ သမိုင်းတရားခံ။

ဌာ နန္ဒ င့် မာ နန္ဒ င့်ပြောနေသော ဦးလှသန်း၏ စကားသံစွာက စစ်ခုံရုံး ဂျူရီလူကြီးဖြစ်သော ဗိုလ်မှူးကြီးကို တည့်တည့်မှန်လေမှ သူ့ရှေ့မှ စားပွဲခုံကြီး၏ မျက်နှာပြင်ကို ဝုန်းခနဲနေအောင်ပင် လက်သီးနှင့်ထုသည်။ "ဒါ တရားဟောစင်မဟုတ်ဘူး။ ဒါ အမှတ် (၁) စစ်ခုံရုံးဆိုတာ နားလည်ရဲ့လား။ မေးတာကို တိုတိုဖြေ။ အပြစ်ရှိသလား၊ မရှိဘူးလားဖြေ"

ဗိုလ်မှူးကြီးက ဒေါသဖြင့် မေးသည်။ ဦးလှသန်းကလည်း တိုတိုပဲဖြေသည်။

"လုံးဝမရှိဘူး"

သည်နှယ် တာဝန်ကျေခဲ့သည့် ၉၀ ရွေးကောက်ပွဲလွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းကို ယနေ့တိုင် ဦးညွတ်အလေးပြုမိရဆဲရှိသည်။

ထိုအပြိုးနှင့်ပင် ကျန်းမာရေးမကောင်းသည့်ဦးလှသန်းကို ဆေးကုသခွင့်မပေးဘဲ ထောင်ထဲမှာပင် နဝတက သေအောင်ပစ်ထားခဲ့ကြသည်။ ဒါကိုလည်း ယနေ့ထက်တိုင် မမေ့နိုင်သေး။

ထီးလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းသည်လည်း နဝတတို့၏ ဆေးဝါးကုသမှုမဲ့စွာ ပစ်ထားခြင်းဖြင့် အကျဉ်းထောင်ထဲတွင်ပင် ကျဆုံးခဲ့ကြရသည်။

ရောဝတီတိုင်း လေးမျက်နှာမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစီမောင်မှာမူ ထောင်ထဲထိမရောက်ခဲ့သည့်တိုင် ထောက်လှမ်းရေးများ၏ လိုက်လံဖမ်းဆီးခြင်းကို ရှောင်တိမ်းရင်းမှပင် ရခိုင်ရိုးမတောထဲတွင် ကွယ်လွန်ခဲ့ရသည်။

ထိုသို့သော ကြမ်းတမ်းခက်ခဲမှုများကို ရင်ဆိုင်ခဲ့ကြရသည့်တိုင် ၁၉၉၀ ရွေးကောက်ပွဲ လွှတ်တော် ကိုယ်စားလှယ်များက နောက်မတွန့်ခဲ့ကြ။ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်နိဂုံးချုပ်နိုင်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းလာခဲ့ကြသည်မှာ ၁၉၉၈ ခုနှစ် လွှတ်တော်ကိုယ်စားပြု ကော်မတီတစ်ရပ်ကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြသည်ထိဖြစ်၏။

ထိုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အရွေးကောက်ခံကိုယ်စားလှယ်များသာမက တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များပါ ပါဝင်သည့် တိုင်းရင်းသားပေါင်းစည်းညီညွတ်

**စာမျက်နှာ(၂၅) သို့**

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# တိုကျိုမှာ ဗိုက်ထဲက ဆာလာတဲ့အခါ

**မောင်သာချို**



**(တစ်)**

နှီးဒေါင်းလန်းကြီး
ခူးပြီးသောခါ
သမီးနှင့်သား
များလို့မဝင်သာ
ဒူးတစ်ဖက်ဟာ
တွန်းကာဖယ်လျက်
သူ့ထက်ငါလေ
စားတော့မည်စေ
စားပေသာလှ အုန်းခွက်
ကယ်နှင့်လေး.. တဲ့။

နာမည်ကျော် ကဗျာစာဆိုတော်ကြီး ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာတစ်ပုဒ်ထဲက အပိုဒ်တစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။ ရှေးမြန်မာမိသားစုတို့ ထမင်းစားသောက်ကြသောအခါ ဝါးနှီးဖြင့်ရက်ထားသည့် နှီးဒေါင်းလန်းကြီးထဲ၌ ထမင်းကိုယ်စီပုံကာ လက်ရည်တစ်ပြင်တည်း တရင်းတနှီးစားကြသောက်ကြသည့် ဓလေ့ကို ချစ်မြတ်နိုးဖွယ်ရာ ဖွဲ့ဆိုထားသည့် ကဗျာစာပိုဒ်ပင်ဖြစ်ပါသည်။

မန္တလေးမြို့ နန်းရှေ့တွင် နေသူဖြစ်သဖြင့် နန်းတော်ရှေ့ ဆရာတင်ဟူ၍ ထင်ရှားသူ ဂီတစာဆိုကြီးကတော့ သူ့လက်ရည်တစ်ပြင်တည်း သီချင်းထဲတွင် "လက်ရည်တစ်ပြင်တည်း.. နှီးဒေါင်းလန်းတွေနဲ့.. ဝိုင်းဖွဲ့ကာ.. စားကြပြန်သည်" စသည်စသည်ဖြင့် မိသားစု၏ နွေးထွေးသော ထမင်းဝိုင်းကလေးကို ဖွဲ့နွဲ့စပ်ဆိုခဲ့ပြန်ပါလေသည်။

ထမင်းဝိုင်း၌ လူမစုံလျှင် မျက်နှာမကောင်းတတ်သူ ရှေးမြန်မာကြီးတို့က သည်လိုကဗျာများ၊ သည်လိုသီချင်းများကို စိတ်ခံတွင်းမြိန်ခဲ့ကြပုံရပါသည်။

သို့သော် သည်နေ့လိုခေတ်ကြီးထဲမှာကတော့ အိမ်ရှိလူကုန် ကိုယ်လိုချင်ရာကို ကိုယ်ထွက်ရှာကြရသည့်ခေတ်ကြီးဖြစ်၊ လက်ရည်တစ်ပြင်တည်းဖို့ရာ မဖြစ်နိုင်ကြပါလေတော့။ နှီးဒေါင်းလန်းကြီးအနီး၌ ဝိုင်းဖွဲ့ဖို့ရာ အခွင့်အခါ မပေးပါလေတော့။

အထူးသဖြင့် တိုကျိုမြို့သူမြို့သားတွေ။ အချိန်သည်ပဲရွှေ၊ အချိန်သည်ပဲငွေဖြစ်နေကြရသူများပေမို့ မိသားစုထမင်းဝိုင်းဖွဲ့ဖို့ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်။ လေထဲမှာဆွဲထားသည့်ပန်းချီကားတစ်ချပ်မျှသာ။

**(နှစ်)**

တိုကျိုမြို့က ထမင်းချက်မစားသူတို့၏ မြို့ပဲဖြစ်ပါသည်။

စက်မှုထွန်းကားသောနိုင်ငံ၏ စက်မှုမြို့တော်ကြီးဖြစ်လေရာ လုပ်ငန်းခွင်တိုင်းတွင် အချိန်ကလုပ်ခလစာဖြစ်သဖြင့် များများအလုပ်လုပ်၊ များများပိုက်ဆံရသော လူ့အဖွဲ့အစည်းပေမို့ လူများစွာတို့၏ဘဝများစွာတို့က လုပ်ငန်းခွင်ထဲမှာပဲ ကုန်ဆုံးသွားကြစမြဲဖြစ်ပါသည်။ သည်တော့ သူတို့မှာ ချက်ပြုတ်ကြော်လှော်နေဖို့ရာအချိန်မရှိ။ ဝိုင်းဖွဲ့စားသောက်နေဖို့ရာအချိန်မရှိ။ ထို့ကြောင့် တိုကျိုတွင် စားသောက်ဆိုင်တွေက များပြားလှကာ ဆိုင်တိုင်းလိုလိုမှာကလည်း စားသောက်သူတို့ဖြင့် ပြည့်လျှံနေမြဲဖြစ်ပါသည်။

တိုကျို၌ ရောင်းသူမရှိသည့် ဈေးဆိုင်ပေါက်စကလေးတွေက အများအပြားကိုပဲရှိပါသည်။ ၂၄ နာရီ ဝယ်ယူစားသုံး၍ရသည့် ဆိုင်ကလေးများဖြစ်ပြီး ငွေအကြွေစေ့ကို ထိုးသွင်းကာ ဝယ်ယူစားသုံးနိုင်စေရန် စီစဉ်ထားပါသည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ရေနွေးကြမ်းအအေးတစ်ခုခုကို သောက်သုံးလိုသည်ဆိုပါစို့။ ငွေထည့်သည့်အပေါက်တွင်းသို့ ယန်း ၅၀ (မြန်မာငွေကျပ် ၅၀၀)ထည့်လိုက်။ မှန်အကြည်နောက်တွင် သူ့နေရာနှင့်သူ စီတန်းထည့်သိုထားသည့် ဘူး၏နေရာကို လက်ညှိုးနှင့်ထောက်လိုက်။ ကိုယ်ရွေးချယ်လိုက်သည့်ဘူးက အောက်ခြေရှိအကန့်ထဲသို့ ဒုန်းခနဲပြုတ်ကျလာလေရာ အံကိုတွန်းဖွင့်ပြီးနောက် အထဲက ပစ္စည်းကိုနှိုက်ယူလိုက်ရုံ။ ယန်း ၅၀ တန်ကို ယန်း ၁၀၀ ထည့်လိုက်ပါက ပြန်အမ်းသည့် စက်ထဲတွင် အမ်းငွေယန်း ၅၀ က ထွက်ကျ၍လာစမြဲ။ ဤနည်းဖြင့် စီးကရက်ကအစ ဝယ်ယူ၍ရသော အလိုအလျောက်ဈေးဆိုင်ကလေးများဖြစ်ပြီး ကြော်ငြာသင်ပုန်းသေတ္တာကလေးများသဖွယ်နေရာတိုင်း၌ ရှိနေကြပါသည်။

စီးကရက်ကမူ ကျသင့်ငွေထည့် ရုံမျှနှင့်မပြီးဘဲ အသက်ပြည့်မှ ထုတ်ပေးထားသည့် စီးကရက်ဝယ်ယူခွင့်ကတ်ပြားကလေးပါ စက်ကိုပြမှ စီးကရက်ဘူးက ထွက်ကျလာခြင်းဖြစ်ပါသည်။ ပြောရလျှင် သည်လိုဆိုင်ကလေးများက မျက်စိတစ်လှမ်းလက်တစ်ကမ်းတိုင်းမှာရှိနေကြပြီး ကုမ္ပဏီအသီးသီးက အချိန်နှင့်အမျှ ပစ္စည်းအသစ်ထပ်ထည့်၊ ငွေလာသိမ်းလုပ်နေသည့် ဆိုင်ကလေးများပဲဖြစ်ပါသည်။

တိုကျိုမြို့က Mini Mart, Family Mart စသည့်ဈေးပေါက်စကလေးတိုင်းမှာ Fast Food ဟုခေါ်သည့် အမြန်စာများကိုရောင်းပေးပါသည်။ ပေါက်စီ၊ ဟန်ဘာဂါ၊ အာလူးကြော်၊ ဆင်းဒဝစ်စသည် စသည်။ Processed Food ခေါ် အသင့်ပြင်ပြီး အစားအစာများကိုလည်း ရောင်းချပေးပါသည်။ အသား၊ ငါး၊ ကြက်ဥ၊ အသီးအရွက်နှင့် ထမင်း၊ ခေါက်ဆွဲ စသည်တို့ကိုအသင့်ချက်ပြုတ်ကာ အေးခဲထားသည့်ဘူးများ၊ ပန်းကန်များ။ဝယ်ယူကာနွေးပြီး စားလိုက်ရုံ။ အဖိုးနည်းဝန်ပါဘဝကို ရောင့်ရဲ လွန်းစွာဖြတ်သန်းသူတွေ အတွက်ကတော့ ထမင်းနှင့် ဟင်းတစ်မျိုးတစ်ပွဲတစ်ပုံကို ယန်း ၃၀၀၊ ယန်း ၅၀၀ နှင့်စား၍ ဖြစ်ပေရာ မြန်မာငွေ ၃,၀၀၀၊ ၅,၀၀၀ ကျသင့်သည့်သဘော။ မည်သည့်အလုပ်မဆို တစ်နာရီကို ယန်း ၈၀၀ (မြန်မာငွေကျပ် ၈,၀၀၀) အထက်ရသည့် အရပ်ဒေသပေမို့ နေပျော်သောဈေးနှုန်းများဟု ဆိုနိုင်ပါ၏။ အေးအေးလူလူအနေအထားသို့ရောက် သူတို့ကမူ စားသောက်ဆိုင်များရှိရာဆီကို သွားကြပေတော့။ လူတစ်ယောက်အဝစား၊ အဝသောက် ယန်း ၃,၀၀၀ တဲ့။ မြန်မာငွေကျပ် သုံးသောင်း။

ဩော်.. လက်ရည်တစ်ပြင်တည်းဖို့ နှီးဒေါင်းလန်းကြီးတွေရဲ့ အပါးမှာ ဘယ့်နှယ်ဝိုင်းဖွဲ့ကြရပ့ါ။

**(သုံး)**

ဂျပန်ထမင်းက ရှမ်းထမင်းထက်ပို၍ဖွေး၊ ပို၍မွှေးကာ ပို၍ထွေးပါသည်။ သူတို့က ထမင်းကို ထမင်းချည်းသက်သက်အရသာခံ၍စားကြသော လူမျိုးဖြစ်ပါသည်။

ဟင်းက ငါးအမျိုးမျိုးကို အစိမ်းလိုက်ပါးပါးလှီးကာ ဝါဆာဘီနှင့် ငံပြာရည်ကိုစပ်ပြီး တို့၍ တို့၍စားကြခြင်းဖြစ်ပါသည်။ အမဲသားကလည်း အစိမ်း။ ရေဘဝဲကလည်းအစိမ်း။ ကြက်သားအကင်။ ငါးအကင်။ ငါးဥ။ ခရမ်းသီးဆားစိမ်။ သခွားသီးဆားစိမ်။ ဆူရှီ။ ငါးမန်း၊ ဘဲဥနှင့် ဘဲသားကမူ အလွန့်အလွန်တွေ့ရခဲ၊ စားရခဲသည့်အစားအစာ။ ဒါ့ကြောင့်လားမသိ။ မြန်မာထမင်းဆိုင်တစ်ဆိုင်က ဘဲဥချဉ်ရည်ကို ကြက်ဥနှင့် ချက်ထားခဲ့ခြင်းဖြစ်ပါလေသတဲ့။

ဂျပန်အစားအစာတော်တော်များများကဆီ၊ အစပ်နှင့်အချဉ်နည်းပါးပြီး အချိုကဲသည့်အစားအသောက်တွေချည်းသာ။

**(လေး)**

ဩော်.. တိုကျို တိုကျို။

အဆင်သင့်စား။ အရန်သင့်စား။ ချက်ချင်းစား။ လက်ငင်းစား။ လမ်းဘေးမှာ ကော်ဖီမော့ချ။ ဘူတာရုံမှာ လက်ဖက်ရည်မော့ချ။ မြေအောက်ရထားပေါ်မှာ ရေနွေးကြမ်းမော့သောက်။ ရွေ့လျားလှေကားပေါ်မှာအအေးမော့သောက်။

နှီးဒေါင်းလန်းကြီးများ ခေတ်မစားတော့သည့်တိုင် တတ်နိုင်သမျှလူစုံအောင်တစ်ယောက်ကို တစ်ယောက်စောင့်ပြီးတော့မှ စားတတ်ကြသည့် မြန်မာလူမျိုးများ တိုကျိုမှာ အစားစားတဲ့အခါ စားလို့မှ မြိန်ကြပါလေစ။ ။

---

စာမျက်နှာ (၂၄)

## ငါမအိုသေးသည့် ၁၉၉၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ

ရေးကိုပါ ဖော်ဆောင်နိုင်သည့် ကော်မတီတစ်ရပ်အဖြစ် ပေါ်ပေါက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ရှေ့ဆက်ကြရဦးမည့် ခရီးက မျှော်တိုင်းမှိုင်းလျက် မြင်ကွင်းမပီဆဲပင်ရှိနေသေးသည် ဖြစ်ရကား ၁၉၉၀ ရွေးကောက်ခံ ကိုယ်စားလှယ်များက တော်လှန်ရေးသတိဖြင့် သည်ကနေ့ ၂၂-၃-၁၄ တွင် ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမတွင် စုရုံးကြလျက် အားသစ်အင်သစ်ကို မွေးမြူလိုက်ကြခြင်းဖြစ်တော့သည်။

ရှေ့ခရီးမျှော်မိတော့ ၂၀၀၈ ဖွဲ့စည်းပုံ၏ စစ်ရိပ်စစ်ငွေ့တို့ ထူထဲစွာ လွှမ်းခြုံနေမှုကို ပြင်ဆင်နိုင်ရေးက အဓိကဖြစ်လာသည်။

ထို ၂၀၀၈ ဥပဒေကို မပြင်ဆင်နိုင်ဘဲနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်လိမ့်မည်မဟုတ်သည်ကိုလည်း ၉၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တို့က ရှင်းလင်းပြတ်သားစွာ ရှုမြင်ထားကြပြီးဖြစ်လျက် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို မဖော်ဆောင်နိုင်ဘဲနှင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆိုသည်က ဝ မရှိဘဲ ရေးချင်သည့် ဝိ သာ ဖြစ်နေကြောင်းကိုလည်း၉၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ကြည်လင်ပြတ်သားစွာ ရှုမြင်ကြပြီးဖြစ်၏။

ပြည်တွင်းငြိမ်းချမ်းမှုမရှိသော တိုင်းပြည်တစ်ပြည်၏ စီးပွားရေးဆိုသည်ကမူ နာလန်ထူဖွယ်မမြင်သည့် လူနာကြီးတစ်ဦးနှယ်သာဖြစ်ကြောင်းလည်း ၉၀ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များက တွက်ဆထားခဲ့ကြပြီးဖြစ်သည်။

ထို့ကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး သဘာပတိအဖြစ် ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီအတွင်းရေးမှူးဦးအေးသာအောင် တက်ရောက်အမှာစကား ပြောကြားလျက် ဖွင့်လှစ်ခဲ့သော ၁၉၉၀ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲ၌ အစုအဖွဲ့ သုံးခုခွဲကာ (၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး (၂) ပြည်တွင်း ငြိမ်းချမ်းရေး (၃) စီးပွားရေး ကိစ္စများကို ဆွေးနွေးနိုင်ခဲ့ကြသည်။

၁၉၉၀ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့ကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။

ချုပ်၍ဆိုရသော် ၁၉၉၀ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့သည် တိုင်းရင်းသားများ၊ လူမှုအဖွဲ့အစည်းများ၊ လူမှုအကျိုးစီးပွား ကွန်ရက်များနှင့် ချိတ်ဆက်လျက် လွှတ်တော်ပြင်ပနိုင်ငံရေး လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ရေးအတွက် တာထွက်လိုက်ကြခြင်းသာ ဖြစ်ပါကြောင်း..... ဟု။ ။

7 Day News ဂျာနယ်တွင် ပုံမှန်ဖော်ပြပေးနေသော စာရေးဆရာ မင်းဒင်၏ "မင်းဒင်ရဲ့သက်ခိုင်"ဝတ္ထုကို ယခုတစ်ပတ်တွင် မဖော်ပြနိုင်သော်လည်း လာမည့်အပတ်များတွင် ဆက်လက်ဖော်ပြပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **အယ်ဒီတာ**

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဇွဲညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဇွဲမာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငွေလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဒ္ဓိ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsရုံးချုပ် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၁၆၊ ၀၉ ၇၃၂၂၅၄၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



ဓာတ်ပုံ – ကျော်ဇင်သန်း

# ကျူးသင်ခန်းစာ(၇)ရပ်

**မြင့်မိုရ်ဆွေ**

"တောနဲ့တောင်စွယ်"ယိုးဒယားသီချင်းရဲ့ နောက်ဆုံးအပိုဒ်အစမှာပါတဲ့ "ကျူးကျော်ညံ့"ဆိုတဲ့ စကားလုံးဟာ မျက်မှောက်ခေတ် ရန်ကုန်မြို့ရဲ့ မြို့ပြဒေသအတွင်း ဖြစ်ပေါ်နေတဲ့ ကျူးကျော်အိမ်ရာ ပြဿနာအတိုင်းအတာကို ဖော်ညွှန်းထားသလိုပါပဲ။ ဗိုလ်တထောင်၊ အင်းစိန်စတဲ့ မူလမြို့ဟောင်းမြေ လှိုင်သာယာ၊ ဒဂုံ(ဆိပ်ကမ်း) စတဲ့ မြို့သစ်မြေ၊ သီလဝါ၊ ရွှေလင်ပန်းစတဲ့ စက်မှုဇုန်မြေအသီးသီးက မြေကွက်လပ်တွေပေါ်မှာ အိမ်ရာမဲ့တွေ တရားမဝင်ဆောက်လုပ်နေထိုင်ကြတဲ့ အိမ်ရာတွေကြောင့် "ကျူးကျော်ညံ့"နေရသလို၊ မူလမြို့ကွက်ပုံစံအရ အများပြည်သူပိုင်ဥယျာဉ်၊ ကစားကွင်းစတဲ့ ကွက်လပ်မြေနဲ့ မီးတားကွက်မြေလွတ်တွေမှာအိမ်ရာကွက်တွေ ချထားပေးခြင်းအားဖြင့် တရားဝင်ထာဝရကျူးကျော်ခွင့်ပေးလိုက်ကြတာတွေကိုလည်း "ကျူးကျော်ညံ့"လို့ပဲဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြမြေယာစီမံခန့်ခွဲမှုနယ်ပယ်မှာ အထက်ပါအတိုင်း အနှစ်သာရအားဖြင့် တရားဝင်ကျူးဖြစ်နေတာတွေပါ လုံးဝမရှိသင့်တော့ကြောင်း သတိပြုကြဖို့လိုအပ်တယ်ဆိုတဲ့အချက်ကို ပထမဆုံးကျူးသင်ခန်းစာအဖြစ် ပြောချင်ပါတယ်။

သင်ခန်းစာအမှတ်(၂)က ရပ်ကွက်တစ်ကွက်မှာ တရားမဝင်အိမ်ရာဆောက်လုပ်မှုနဲ့ပတ်သက်ပြီး ပထမဆုံးမျက်မြင်ကိုယ်တွေ့သိရှိသူဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးပါပဲ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေဟာ သက်ဆိုင်ရာဥပဒေအရ တရားမဝင်ကျူးကျော်မှုတွေ့ရင် လုပ်ငန်းတာဝန်နှစ်ရပ်ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပထမဆုံးအဆင့်မှာ ဟန့်တားရပါမယ်။ ဟန့်တားလို့မရရင် ဒုတိယအဆင့်အနေနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအပိုင်းနဲ့ မြေစီမံခန့်ခွဲမှုတာဝန်ရှိသူများကို အရေးယူရန်အကြောင်းကြားရမှာဖြစ်ပါတယ်။ လက်တွေ့မှာ အိမ်ရာမဲ့များက ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူး စတာတွေကို လာဘ်ထိုးပြီး ဝင်ရောက်ဆောက်လုပ်နေထိုင်ကြတာများပါတယ်။ "Who will watch the watcher" ဆိုတာလို "စောင့်ကြပ်သူကို ဘယ်သူကစောင့်ကြပ်မှာလဲ" ဆိုတဲ့ မေးခွန်းပေါ်ပေါက်လာရင် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဟာ ပျက်စီးတော့တာပါပဲ။ တချို့ရပ်ကွက်က ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးတွေက ကျူးကျော်နေထိုင်ရှာတဲ့ ပြည်သူတွေရဲ့ဘဝကို စာနာသနားတဲ့အတွက် (သို့မဟုတ်) သူ့အထက်က လူကြီးတွေ နိုင်ငံအနှံ့မှာတစ်အိမ်ပြီးတစ်အိမ်၊ မြေတစ်ကွက်ပြီးတစ်ကွက်ယူနေတာကို နာကြည်းတဲ့စိတ်နဲ့ မသိကျိုးကျွံပြုနေကြတာလည်းရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရင်ဘတ်ကြီးကိုဦးစားမပေးဘဲ ဥပဒေအရေ မိမိတာဝန်ကို ကျေပွန်ကြဖို့လိုအပ်ပါတယ်ဆိုတာကို ကျူးသင်ခန်းစာ(၂)အဖြစ် ဖော်ပြလိုပါတယ်။

ကျူးသင်ခန်းစာ (၃)က အထက်ပါအတိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ အကြောင်းကြားချက်ကို လက်ခံရရှိပြီ (သို့မဟုတ်) သတင်းအရ သိရှိပြီဆိုတာနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးဟာ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေပုဒ်မ (၂၁)အတိုင်း တရားစွဲဖို့ မလိုဘဲ စီမံခန့်ခွဲသူအနေနဲ့ အချိန်တိုကာလအတွင်း အမြန်ဆုံးအရေးယူနိုင်တဲ့ လုပ်ပိုင်ခွင့်ကို ကွင်းဆင်းပြီး ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြဖို့လိုပါတယ်။ အဲဒီဥပဒေက ကျူးကျော်တွေကို ထုနဲ့ထည်နဲ့ဖြစ်မလာအောင် အမြန်ဆုံးတားဆီးဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး စီမံခန့်ခွဲသူကို လုပ်ပိုင်ခွင့်ပေးထားတာ ထင်ရှားပါတယ်။ နောက်ပြီး ချက်ချင်းဆောင်ရွက်နိုင်ပါမှလည်း နေ့ချင်းညချင်း တိုးပွားလာတတ်တဲ့ ကျူးကျော်တွေကို ဟန့်တားနိုင်မှာဖြစ်ပါတယ်။ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့မပေါက်ရအောင် ဥပဒေကရည်ရွယ်တာဖြစ်ပေမယ့် လက်တွေ့မှာအချိန်ဆွဲပြီး လုပ်လေ့ရှိတာ၊ တမင်ခေါင်းရှောင်လေ့ရှိတာတွေကြောင့် ကျူးတွေက တိုးပွားလာတာဖြစ်ပါတယ်။ အဲဒီအခါမှာ ကျူးတွေဘက်ကို လက်ညှိုးထိုးပြီး အောက်ကိုအပြစ်ပုံတာ၊ နိုင်ငံရေးပါတီတွေကို တရားခံလုပ်တာ၊ ကြိုးနီစနစ်နဲ့ ဆောင်ရွက်နေကြတာတွေဟာ မူလဥပဒေရဲ့ ရည်ရွယ်ချက်ကို သွယ်ဝိုက်ပြီးဖျက်ဆီးရာရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။

အမှတ်(၄)သင်ခန်းစာက သမီးကလေးကျေးရွာမှာဖြစ်ခဲ့တဲ့ ကိစ္စပါပဲ။ မြေပေါ်မှာ အထင်အရှားဖြစ်တည်နေတဲ့ လူနေဒေသ (Human Seltlement)တစ်ခုဟာ တရားဝင်တည်ရှိခဲ့တာလား၊ တရားမဝင်တည်ရှိခဲ့တာလားဆိုတာကို ဝိဝါဒမကွဲမပြားနဲ့ ဖယ်ရှားတဲ့အဆင့်ရောက်ခဲ့တာတွေ့ရပါတယ်။ အိမ်ထောင်စု ၁၅၇ စု၊ လူဦးရေ ၅၀၀ ခန့်အထိရှိတဲ့ ရွာတစ်ရွာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်က တည်ဆောက်ခဲ့တဲ့ လဂွမ်းပြင်ရေလှောင်တမံရဲ့ ကမ္ဘည်းမော်ကွန်းကျောက်စာမှာ သမီးကလေးကျေးရွာရယ်လို့ အတိအကျမှတ်တမ်းတင်ပါရှိခဲ့တာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးပိုင်းရဲ့ မှတ်တမ်းများအရ ယခင်ကမရှိခဲ့ဘဲ ၂၀၁၃ ခုနှစ်မှ ဖြစ်တည်လာတယ်လို့ဆိုကြတဲ့အတွက် အကြီးအကျယ်ကွဲလွဲမှုများရှိနေပါတယ်။ ဒါကို အတိအကျစုံစမ်းဖော်ထုတ်ပေးဖို့ ဖယ်ရှားသူတို့မှာ လုံးဝတာဝန်ရှိပါတယ်။ တရားဝင်တည်ရှိခဲ့တဲ့ရွာတစ်ရွာကို မှားယွင်းစွပ်စွဲပြီး ဖယ်ရှားမှုဖြစ်ခဲ့ရင် အရပ်ထဲက အပြစ်မဲ့သူတစ်ဦးကို စုန်းမလို့စွပ်စွဲပြီး ဝိုင်းရိုက်ကြတာထက်ရှက်ဖို့ကောင်းပါတယ်။ သံသယတစ်ပိုင်းနဲ့ ဖယ်ရှားခံရတဲ့အဖြစ်ဟာ နိုင်ငံတော်အစိုးရရဲ့ကောင်းမြတ်တဲ့ အုပ်ချုပ်မှုအရည်အသွေးကိုလည်း များစွာထိခိုက်စေနိုင်ကြောင်း သင်ခန်းစာယူရမှာဖြစ်ပါတယ်။

နံပါတ်(၅)သင်ခန်းစာက ကျူးတွေကို ဖယ်ရှားတဲ့အချိန်ကာလနဲ့ပတ်သက်ပါတယ်။

**စာမျက်နှာ(၃၂) သို့**

# Business

7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014




ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်နေသူများ — ဓာတ်ပုံ – နစ်ကီ

## အထည်ချုပ်စက်ရုံများ ရွှေခေတ်မရောက်သေးပါ

**ပြည်သိမ်း၊ အေးမြတ်သူ**

အစိုးရသစ်၏ နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲရလဒ်ကြောင့် ၁၀ စုနှစ်တစ်ခုကျော်ကြာ အခက်အခဲများစွာဖြင့် ရုန်းကန်ခဲ့ရသော အထည်ချုပ်လုပ်ငန်းများမှာ ၂၀၁၃ ခုနှစ်တွင် အဆိုးရွားဆုံးအခြေအနေမှ ရုန်းထွက်လာနိုင်သည်။ ၂၀၀၁ ခုနှစ်ထက်ပင် ပြည်ပသို့ချုပ်ထည် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပြည်ပသို့ချုပ်ထည်တင်ပို့နိုင်မှု စံချိန်တင်မြင့်တက်လာသော်လည်း အလုပ်သမားများအတွက် အကျိုးခံစားရခွင့်မှာစက်ရုံအများစုက လုပ်ခလစာတိုးမြင့်ပေးမှုကြောင့် ဆန္ဒပြအခွင့်ရေးတောင်းဆိုမှုများစွာ ရှိနေသည်။

"ဆန္ဒပြပွဲတွေ၊ အခွင့်ရေးတောင်းတာတွေများလာတော့ အမှာတွေရွှေ့တာနဲ့ ကြုံလာရပြီ။ အလုပ်သမားဘက်ကလည်း ဗီယက်နမ်နဲ့မကွာတော့ ဟိုကိုရွှေ့တာတွေ့ရှိနေတယ်"ဟု ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံ ဒါရိုက်တာဦးလှထွေးကပြောကြားသည်။

အစိုးရသစ်လက်ထက်တွင်မှ အလုပ်ကောင်းစပြုလာသော အထည်ချုပ်လုပ်ငန်းများမှာ လုပ်ခလစာတိုးရန်ဆန္ဒပြမှုများကြောင့် မြန်မာသို့ချုပ်ထည်အပ်မှုလျော့သွားပြီး အလုပ်မကောင်းပြန်ဖြစ်မည်ကို လုပ်ငန်းရှင်များက ပူပန်နေသည်။ ထို့အပြင် လုပ်ခလစာနှင့် အလုပ်သမားအခွင့်အရေးအတွက် ဆန္ဒပြမှုအချို့၏နောက်ကွယ်တွင် နိုင်ငံရေးသမားအချို့ရှိနေသည်ဟုလည်း ၎င်းတို့က ယူဆနေကြသည်။

"ကျွမ်းကျင်လုပ်သားရဖို့ အခက်အခဲကကြီးမားတယ်။ စိန်ခေါ်မှုပဲ။ ရွာတွေထိဆင်းခေါ်တာတောင်ရဖို့မလွယ်ဘူး"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးကပြောကြားသည်။ ယင်းကဲ့သို့ကျွမ်းကျင်ဝန်ထမ်းရှားပါးမှုကိုဖြေရှင်းနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိကျောင်းများတွင်ညနေပိုင်း၌ သင်တန်းများဖွင့်လှစ်ပေးရန် နိုင်ငံတော်အစိုးရက စီစဉ်နေကြောင်း နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပြောကြားသည်။

ထို့အပြင် ပြည်တွင်းမှ အထည်ချုပ်လုပ်ငန်းရှင် အများစုသည် နာမည်ခံများဖြစ်ပြီး နောက်ကွယ်မှ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ် စသောနိုင်ငံများက လုပ်ငန်းရှင်များက ပိုင်ဆိုင်ကြသည်။ တိုင်းပြည်၏အပြောင်းအလဲကြောင့် လုပ်ငန်းများဖွံ့ဖြိုးပြီး ချုပ်ထည်များအမှာမြင့်မားလာချိန်တွင် အလုပ်သမားများ၏ လုပ်ခလစာနှင့် အခွင့်အရေးများကို တိုးမြှင့်ပေးရန် လျစ်လျူရှုမှုများကြောင့် မကြာခဏ ဆန္ဒပြမှုများဖြစ်ပွားနေခြင်းဖြစ်သည်။

စာမျက်နှာ ၂၈ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၉ | ၉၇၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၄၈ | ၇၅၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၈ | ၁၃၃၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇ | ၃၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၆ | ကျပ် |

၂၀၁၄ မတ်လ ၂၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၆၀၆၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၄၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၂၄၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀.၈၉၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၇၃၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၉.၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၃၀၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၃၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၂၀.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၅.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၅.၁၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၇၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၁၀၀၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၇၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၂၁၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၆.၂၃၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၃၅.၈၀ |
| ရေနံစိမ်း | စည် | ၁၀၇.၁၁ |
| ငွေ | အောင်စ | ၂၀.၃၁ |
| ကြေးနီ | ပေါင် | ၃.၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၃၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

စာမျက်နှာ ၂၇ မှ

## အထည်ချုပ်စက်ရုံများရှေ့ခေတ်မရောက်သေးပါ

"စက်ရုံသုံးရုံရှိတာ တစ်နှစ်ကို စက်ရုံတစ်ရုံတော့ အနည်းဆုံး ဆန္ဒပြမှ လစာတိုးပေးတယ်။ သုံးနှစ်အတွင်းမှာ ဆန္ဒပြပွဲသုံးကြိမ်ဖြစ်ခဲ့ပြီ" ဟု ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

အစိုးရသစ်လက်ထက် ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှုတွင် ထုတ်ကုန်လုပ်ငန်းများမှာ အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူးချုပ်ကပြောကြားသည်။ ၂၀၁၃ ခုနှစ်တွင် လုပ်သားအခြေပြုပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းနေရာ ၅၀,၀၀၀ ကျော်ပေးနိုင်ကြောင်းသိရသည်။

အထည်ချုပ်စက်ရုံများ ပြည်တွင်းသို့တိုးမြှင့်ဝင်ရောက်မှုကြောင့် ၂၀၁၃ ခုနှစ်ကုန်တွင် ပြည်တွင်း၌ အထည်ချုပ်စက်ရုံပေါင်း (၃၀၀) ကျော်ထိ တိုးတက်လာသည်။ အထည်ချုပ်လုပ်ငန်းများရွှေခေတ်ဖြစ်ခဲ့သော ၂၀၀၁ ခုနှစ်တွင် စက်ရုံပေါင်း (၂၇၀) ဝန်းကျင်သာရှိခဲ့သည်။အထည်ချုပ်စက်ရုံလုပ်သားအရေအတွက်မှာ ငါးသောင်းဝန်းကျင်ရှိသည်။ ထို့ကြောင့် ယခင်ထက် အလုပ်အကိုင်အရေအတွက် တစ်သောင်းကျော်တိုးလာသည်။

"လုပ်ငန်းတွေသာ တိုးလာတာ။ အလုပ်သမားတွေကတော့ စားလိုက်၊ သောက်လိုက်နဲ့ ကုန်တာပဲ။ စုမိဆောင်းမိတာ မရှိဘူး။ လစာပိုင်းပြောရမယ်ဆိုရင် အိုတီရှိမှ လစာကောင်းတာ။ အိုတီမရှိရင် လစာမကောင်းဘူး။ လစာတိုးပေးတာတော့ သိပ်မရှိပါဘူး။ ဒီ ကြားထဲ အဆင်မပြေရင် ဆုကြေးသဘောမျိုးတော့ တိုးပေးပါတယ်။ သူ့ခေတ်နဲ့သူ့ခါတော့ ကုန်ကျစရိတ်တွေ ရှိတာပေါ့။ အရင်နှစ်တွေကပေးတဲ့လစာနှုန်းနဲ့ဆိုရင် အခုချိန်မှာ ကိုက်မှာမဟုတ်ဘူးလေ။ အခု နှစ်သိန်းခွဲလောက်တော့ရတယ်။ Super အဆင့်အနေနဲ့ပေါ့။ helper (အလုပ်သင်) ဆိုရင်တော့ လေး၊ ငါး၊ ခြောက်သောင်းလောက်ပဲ ရတယ်" ဟု Korean Link အထည်ချုပ်စက်ရုံမှ အလုပ်သမားခေါင်းဆောင် ဝင်းဇော်ဟိန်းက ပြောသည်။

"အထည်ချုပ်လုပ်ငန်းတွေ တိုးလာပေမယ့် လစာအပိုင်းနဲ့ ဥပဒေပါ အခွင့်အရေးအတိုင်းမလုပ်တာတွေကတော့ အရင်လိုပဲ အပြောင်းအလဲမရှိဘူး"ဟုအလုပ်သမားအရေးဆောင်ရွက်နေသော ရှေ့နေဦးဌေးက ပြောကြားသည်။

လုပ်ငန်းများတိုးတက်လာသော်လည်း လုပ်ငန်းရှင်များက အာဏာရှင်ဆန်စွာဆက်ဆံမှုများကြောင့် အလုပ်သမားများ၏ အရည်အသွေးတိုးမြင့်လာမှု မရှိကြောင်း ဦးဌေးကပြောလာသည်။ မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ပြည်ပမှအထည်ချုပ်လုပ်ငန်းရှင်များသည် လစာနည်းနည်းဖြင့် အလုပ်ချိန်များများခိုင်းစေရန် ရည်ရွယ်ထားပြီး အကျိုးအမြတ်ရရေးကိုသာရှေ့ရှုထားကြသဖြင့် ပြဿနာများဖြစ်ရကြောင်း ၎င်းကဆိုသည်။

ထို့အပြင် အလုပ်သမားများ၏ မကျေနပ်ချက်များကို ဦးဆောင်သဏ္ဌာန်ပြုပြီး နိုင်ငံရေးအမြတ်ထုတ်မှုများမှာလည်း ဖွံ့ဖြိုးလာမည်။ အထည်ချုပ်လုပ်ငန်းများအတွက် အတားအဆီးဖြစ်မည်ကို အထည်ချုပ်လုပ်ငန်းတည်ထောင်ထားသော မြန်မာလုပ်ငန်းရှင်များက စိုးရိမ်နေကြသည်။

"ကျွန်တော်တို့က အနည်းဆုံး အခကြေးငွေဥပဒေ အမြန်ဆုံးသတ်မှတ်ပေးစေချင်တယ်။ ဒါမှအလုပ်ရှင်နဲ့အလုပ်သမားကြား အမြင်ရှင်းမှာ"ဟု ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းသန့်ကပြောကြားသည်။

လက်ရှိအထည်ချုပ်စက်ရုံများသည် ဥရောပသမဂ္ဂအဖွဲ့မှ အခွန်အထူးသက်သာခွင့်ကြောင့် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်စသော နိုင်ငံများမှ လုပ်ငန်းရှင်များက ယင်းအခွင့်အရေးကိုရယူလိုသဖြင့် အပ်ထည်များစွာပေးပြီး မြန်မာနိုင်ငံ၌ အထည်များချုပ်ပြီး တင်ပို့လာသည်။ အခွန်အထူးသက်သာခွင့်ကြောင့်လည်း ပြည်တွင်းသို့စက်ရုံများလာဖွင့်၍ ပြည်ပသို့ချုပ်ထည်များတင်ပို့လျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာအစိုးရ အဖွဲ့ကလည်း အလုပ်သမားများပြဿနာကိုဖြေရှင်းရာတွင် ဝန်ထမ်းအင်အားအားနည်းမှုကိုအကြောင်းပြုပြီး အလုပ်သမားအခွင့်အရေးများပေါ် လျစ်လျူရှုမှုများကြောင့် ပြဿနာအများစုကိုလုံးဝပြီးပြတ်အောင်၊ ပြေလည်အောင် မဖြေရှင်းနိုင်ကြပေ။

အထည်ချုပ်စက်ရုံများတွင် အလုပ်ရှင်နှင့်အလုပ်သမားများအကြား ထိပ်တိုက်ရင်ဆိုင်ပြဿနာများမှာ ပြည်တွင်းလုပ်ငန်းရှင်များပိုင်ဆိုင်သည့်စက်ရုံများထက် ပြည်ပနိုင်ငံသားများပိုင်ဆိုင်သည့် စက်ရုံများတွင်ပိုမိုများကြောင်း အလုပ်သမားရေးဆောင်ရွက်နေသော ဦးဌေးကပြောကြားသည်။

ဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အဖြစ် စံချိန်တင်ခဲ့သောအထည်ချုပ်လုပ်ငန်းများမှာ အလုပ်ရှင်များ၏ တစ်ကိုယ်ကောင်းဆန်စွာအကျိုးအမြတ်ရလိုမှုများ၊ နိုင်ငံရေးသမားများ၏ အသုံးချမှုကြောင့် လက်ရှိအချိန်တွင် စိုးရိမ်စရာဖြစ်လာသည်ဟု လုပ်ငန်းရှင်အချို့ကပြောသည်။

အပ်ထည်အမှာများ၊ စက်ရုံများတိုးတက်လာသော်လည်း "တိုးတက်မှုက အလုပ်သမားတွေရဲ့ လစာမပါဘူး"ဟု ဖော်မိုစက်ရုံမှ မစန်းစန်းနွယ်က အထည်ချုပ်စက်ရုံလုပ်သားများကြုံနေရသော အခြေအနေကိုပြောသည်။






# ပိုမိုနက်ရှိုင်းလာသော ထိုင်းနိုင်ငံရေးအကျပ်အတည်း

**ကြည်နေဝင်းမင်း**



ထိုင်းနိုင်ငံ၏အခြေခံဥပဒေဆိုင်ရာ တရားရုံးက ပြီးခဲ့သည့်လ အထွေထွေရွေးကောက်ပွဲကို အတည်မဖြစ်ဟု သောကြာနေ့က ပယ်ဖျက်ခဲ့ပြီးနောက် အစိုးရအဖွဲ့ အပြည့်အဝမရှိသော တိုင်းပြည်တွင် နိုင်ငံရေးမှာ လိပ်ခဲတည်းလည်း အကျပ်အတည်းဖြစ်ကာ မအောင်မြင်ခဲ့သော အစိုးရ စပါးဝယ်ယူမှုအစီအစဉ်အတွက် ရာထူးမှ ဖယ်ရှားခံရနိုင်သော အမှုရင်ဆိုင်နေရသည့် ဝန်ကြီးချုပ်လည်း အားနည်းကျန်ရစ်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံလုံး တစ်နေ့တည်းတွင် မဲပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၂ ရက် ရွေးကောက်ပွဲမှာ အခြေခံဥပဒေနှင့် မညီညွတ်ဟု တရားသူကြီးများက ခြောက်မဲ၊ သုံးမဲဖြင့် ဆုံးဖြတ်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် အစိုးရဆန့်ကျင်ဆန္ဒပြသူများက မဲရုံပေါင်း ငါးပုံတစ်ပုံခန့်တွင် မဲပေးခြင်း ရပ်တန့်သွားအောင် လုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့အနက် မဲဆန္ဒနယ် ၂၈ နယ်တွင် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းမတင်သွင်းနိုင်ခဲ့၍ မဲမပေးနိုင်ခဲ့ကြပေ။

ဆန္ဒပြမှုများမှာလည်း ဘန်ကောက်မှ လူလတ်တန်းစားများ၊ ဘုရင်လိုလားသူများနှင့် ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်နှင့် ၎င်း၏အစ်ကို ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို ထောက်ခံသူများကြား ရှစ်နှစ်ကြာ ထိပ်တိုက်တွေ့မှု၏ နောက်ဆုံးပေါ်ထွက်လာသော အပိုင်းဖြစ်သည်။ သက်ဆင်မှာ ၂၀၀၆ ခုနှစ်က စစ်တပ်က ရာထူးမှ ဖြုတ်ချခဲ့ပြီး ခြစားမှုထောင်ဒဏ်မှ ထွက်ပြေးတိမ်းရှောင်နေသည်။

ပြီးခဲ့သည့် ငါးလအတွင်း ဆန္ဒပြသူများက အစိုးရရုံးများကို ပိတ်ထားခဲ့ကြပြီး အချို့အချိန်များတွင် ဘန်ကောက်မြို့ လမ်းမကြီးများကိုပါ ပိတ်ဆို့ထားကာ ဝန်ကြီးချုပ် ယင်လပ်ကို ရာထူးမှ ထွက်သွားစေရေးဖိအားပေးခဲ့ကြသည်။ နောက်ဆက်တွဲ အကြမ်းဖက်မှုများကြောင့် လူ ၂၃ ဦး သေဆုံးခဲ့ကာ ရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရခဲ့ကြသည်။

မတ်လဆန်းမှစ၍ ဆန္ဒပြစခန်းကြီးများကိုပိတ်ပစ်ခဲ့၍မကြာသေးမီ သီတင်းပတ်များအတွင်း ကန့်ကွက်ဆန္ဒပြသူများလည်း လျော့ပါးသွားခဲ့ပြီး လမ်းမများပေါ် အေးချမ်းတည်ငြိမ်လာခဲ့၍ အစိုးရက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အရေးပေါ်အခြေအနေ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်ခဲ့သည်။

သို့သော် ယခုအခါ လူအများ၏ အာရုံစူးစိုက်မှုမှာ တရားရုံးဆီသို့ ရွှေ့သွားခဲ့သည်။ အထူးသဖြင့် ပြီးခဲ့သည့်အောက်တိုဘာလမှစ၍ အစိုးရထံ စပါးရောင်းချခဲ့သော်လည်း ယခုအချိန်ထိ ငွေပေးချေမှု လက်ခံရရှိမှုမရှိသေးသော ထောင်သောင်းချီသည့် လယ်သမားများပေါ်ထွက်လာစေသော အကြီးအကျယ် မှားယွင်းခဲ့သည့် အစိုးရ၏ စပါးဝယ်ယူရေး အစီအစဉ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်ယင်လပ်ကို စွပ်စွဲပြစ်တင်ဖယ်ရှားရေးကိစ္စကို အာရုံစိုက်လာကြသည်။

"အာဏာလစ်လပ်မှုဖြစ်သွားစေဖို့ရာ ယင်လပ်နဲ့ သူ့ရဲ့ အစိုးရတစ်ဖွဲ့လုံးကို ဖယ်ရှား၊ ရွေးကောက်ပွဲတွေ ကျင်းပလို့မရဘူးလို့ပြော။ အဲဒီနောက် သူတို့စိတ်ကြိုက် ဝန်ကြီးချုပ်တစ်ယောက်တင် ဆိုတာမျိုးလုပ်ဖို့ အမှီအခိုကင်း အေဂျင်စီတွေဘက်က သိသာလွန်းနေပါတယ်"ဟု Siam Intelligence Unit အဖွဲ့မှ နိုင်ငံရေး ဆန်းစစ်လေ့လာသူ ကန်ယွမ်ယောင်းက တရားရုံးများနှင့် ခြစားမှု တိုက်ဖျက်ရေး ကော်မရှင်များကို ရည်ညွှန်း၍ ပြောကြားသည်။ "အကယ်၍များ သူတို့က အဲဒီအစီအစဉ်ကို အကောင်အထည်ဖော်ရင် အစိုးရအပေါ် ထောက်ခံတဲ့လူတွေ က တစ်ကျော့ပြန် တိုက်ပွဲဝင်ပြီး ရှေ့လာမယ့်နှစ်ဝက်ဟာ အခုကျွန်တော်တို့ မြင်တွေ့ခဲ့ရတဲ့ နှစ်ဝက်ထက် ပိုဆိုးလိမ့်မယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် အင်အားတောင့်တင်းသော သက်ဆင်၏ ရှပ်နီထောက်ခံသူများမှာ ယခုအချိန်မှာပင် ကြမ်းကြမ်းရမ်းရမ်းလုပ်မည့် လေသံများ ထွက်လာနေကြရာ တရားရုံးများကဖြစ်စေ၊ ခြစားမှုတိုက်ဖျက်ရေးကဖြစ်စေ (သို့မဟုတ်) အခြားနည်းလမ်းများဖြင့်ဖြစ်စေ မစ္စစ်ယင်လပ်အားရာထူးမှ အတင်းအကျပ် ထွက်သွားစေခဲ့ပါက အကြမ်းဖက်မှုများ မြင့်တက်လာနိုင်သော အလားအလာရှိနေသည်။

ဝန်ကြီးချုပ်အား စွပ်စွဲပြစ်တင်ရေးကိစ္စကို ရှေ့လာမည့်ရက်အနည်းငယ်အတွင်း အမျိုးသားခြစားမှုတိုက်ဖျက်ရေးကော်မရှင်က ထောက်ခံအကြံပေးဖွယ်ရှိသည်။ မတ်လ ၃၁ ရက် ဖြစ်နိုင်ပါသည်။ မတ်လ ၃၀ ရက်တွင် အထက်လွှတ်တော်အမတ် နေရာတစ်ဝက်အတွက် ရွေးကောက်ပွဲကျင်းပပြီးပါက အထက်လွှတ်တော်တွင် သက်ဆင်ဆန့်ကျင်သော အင်အားစုများက လူများစုနေရာ ရရှိသွားပြီး ဝန်ကြီးချုပ်ယင်လပ်ကို ရာထူးမှ ဖယ်ရှားရေးစတင်နိုင်ပါသည်။

ထိုနောက်ပိုင်းတွင် မဲ့ရှိမပဋိပဒါ အလယ်အလတ် ဝန်ကြီးချုပ်တစ်ဦး ခန့်အပ်ရေးမှာ အထက်လွှတ်တော်၏ပခုံးပေါ် ကျရောက်လာပြီး ထိုကြားလူ ဝန်ကြီးချုပ်မှာ ကန့်ကွက်ဆန္ဒပြသူများက တစ်လျှောက်လုံး တောင်းဆိုလာသော လူလတ်တန်းစားနှင့်ဘုရင်လိုလားသူများ လက်ခံမည့်သူဖြစ်နိုင်ပါသည်။ သို့သော် ယခုအချိန်ထိ ရွေးကောက်ပွဲ မည်သည့်အချိန်တွင် ကျင်းပမည်ဆိုခြင်းမှာ ရှင်းရှင်းလင်းလင်း မရှိသေးပေ။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဆွန်ချိုင်းဆရီဆွတ်သီယာကွန်ကမူ ရွေးချယ်စရာနှစ်ခု ချပြသည်။ "ကော်မရှင်အနေနဲ့ အစိုးရနဲ့ တိုင်ပင်ပြီး ရွေးကောက်ပွဲသစ် ကျင်းပမယ့်ရက်ကို ဘုရင်က အမိန့်ထုတ်ပြန်ရေးလုပ်နိုင်ပါတယ်။ ဒါမှမဟုတ် နိုင်ငံရေးပါတီခေါင်းဆောင်တွေ အားလုံးစုပေါင်းပြီး ရွေးကောက်ပွဲသစ် ကျင်းပဖို့ရက် သဘောတူကြဖို့ ပြောနိုင်ပါတယ်"ဟု ဆွန်ချိုင်းက ဆိုသည်။

အတိုက်အခံ ဒီမိုကရက်တစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ်ကမူ ၎င်းတို့အနေဖြင့် ဖေဖော်ဝါရီလကဲ့သို့ပင် ရွေးကောက်ပွဲ မဲခွဲမှုမှန်သမျှ သပိတ်မှောက်သွားမည်ဟု ပြောကြားခဲ့သော်လည်း အခြေခံဥပဒေတရားရုံး ဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက် ရွေးကောက်ပွဲဝင်ပြိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ "ရွေးကောက်ပွဲသစ်မှာ ပါဝင်ဖို့ အဆင်သင့်ရှိပါတယ်။ ဒါပေမဲ့ ဒါဟာ အစိုးရပေါ်လည်း မူတည်ပြီး ရွေးကောက်ပွဲအတွက် လုံလောက်တဲ့ နိုင်ငံရေးတည်ငြိမ်မှု ရှိသလားဆိုတာလည်းထည့်တွက်ရပါမယ်"ဟု ချာဗာနွန်အင်တာရာကွန်မာရာဆွတ်က ပြောသည်။

သို့သော် ယခင် ဒီမိုကရက်တစ်ပါတီ ဦးဆောင်သော အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဆန္ဒပြပွဲများ ဦးဆောင်သူခေါင်းဆောင် ဆူသက်သောင်ဆူဘန်ကမူ အပေးအယူ ညှိနှိုင်းမှုလုပ်ရန် စိတ်အားထက်သန်မှုမပြပေ။ "တရားရုံးက ရွေးကောက်ပွဲအတည်မဖြစ်ဘူးလို့ ဆုံးဖြတ်လိုက်ရင် နောက်ထပ်ရွေးကောက်ပွဲလုပ်ဖို့ အိပ်မက်တောင်မမက်ပါနဲ့။ အကယ်၍များ ရွေးကောက်ပွဲသစ် ကျင်းပမယ့်ရက်ကို ထုတ်ပြန်လိုက်ရင် ကျွန်တော်တို့က ခရိုင်ဒေသကြီးတိုင်းမှာ ဝင်ရောက်လှုပ်ရှားပြီး အဲဒီရွေးကောက်ပွဲဟာလည်း အောင်မြင်မှာမဟုတ်ပါဘူး"ဟု တရားရုံးဆုံးဖြတ်ချက် မတိုင်မီညတွင် သောင်ဆူဘန်က ထောက်ခံသူများကို ပြောကြားသည်။

အခြေခံဥပဒေတရားရုံး ဆုံးဖြတ်ချက်အပေါ် အစိုးရ၏ မှတ်ချက် လတ်တလောတွင် မထွက်ပေါ်သေးသော်လည်း မစ္စစ်ယင်လပ်၏ ပွူအာထိုင်းပါတီကမူ တရားရုံးဆုံးဖြတ်ချက်မှာ မဲပေးပိုင်ခွင့်အရ မဲပေးခဲ့သူများအတွက် ဆုံးရှုံးမှုဟုပြောကြားသည်။ "တစ်နိုင်ငံလုံး ရွေးကောက်ပွဲမကျင်းပနိုင်အောင် ကန့်ကွက်ဆန္ဒပြသူတွေက တားဆီးခဲ့ကြလို့ ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခဲ့ပါတယ်။ ဒီကနေ့မှာပဲ ထိုင်းနိုင်ငံသားတွေဟာ ရွေးကောက်ပွဲပြီးစီးရေးနဲ့ ဒီနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရေးလုပ်ပြီး ရှေ့ကို ခရီးဆက်ဖို့ အခွင့်အရေးဆုံးရှုံးသွားခဲ့ပါတယ်" ဟု ပွူအာထိုင်းပါတီ ပြောခွင့်ရပုဂ္ဂိုလ် ပရွမ်ပွန်နော့ပါရစ်က ပြောပါသည်။


ကန့်ကွက်ဆန္ဒပြသူများ၏ အလိုအရ သက်ဆင်၏ ဩဇာလွှမ်းမိုးမှု လျှော့ချရေးအတွက် မည်သည့်ရွေးကောက်ပွဲမျှ မကျင်းပမီ ရွေးကောက်ပွဲဆိုင်ရာ စည်းကမ်းများကို အပြောင်းအလဲများလုပ်ရေး အလိုရှိကြသည်။ သက်ဆင် ဦးဆောင်သော (သို့မဟုတ်) မဟာမိတ်ဖွဲ့ထားသော ပါတီများသည် ၂၀၀၁ နောက်ပိုင်း ကျင်းပခဲ့သော ရွေးကောက်ပွဲတိုင်း အနိုင်ရရှိခဲ့ကြသည်။


ဘန်ကောက်မြို့တွင် ကန့်ကွက်ဆန္ဒပြပွဲများလျော့ပါးလာပြီး လမ်းမများပေါ် ပြန်လည်တည်ငြိမ်အေးဆေးလာ၍ အစိုးရက အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ သို့သော် အစိုးရကို အတင်းအကျပ် ဖယ်ရှားခဲ့ပါက သက်ဆင်ကို သစ္စာခံသူများထံမှ ငြိမ်းချမ်းစွာဖြစ်စေ၊ အကြမ်းဖက်နည်းဖြင့်ဖြစ်စေ တန်ပြန်တိုက်ခိုက်မှုများ ပေါ်ထွက်လာစေနိုင်ပြီး တအုံနွေးနွေးဖြစ်နေသော ပဋိပက္ခတင်းမာမှု အလွန်အမင်းမြင့်တက်လာနိုင်သည်ဟု ထိုင်းနိုင်ငံတွင် စိုးရိမ်မှုများ မြင့်တက်နေပါသည်။

*—Ref: Reuters*

7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

## 7DAY BOOK REVIEW




### လေထီးဦးအုန်းမောင် အမှတ်တရ

ကွယ်လွန်သူ လေထီးဦးအုန်းမောင်ကို ရည်စူးရေးသားထုတ်ဝေသောစာအုပ်ဖြစ်သည်။ လေထီးဦးအုန်းမောင်သည် တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦး၊ မျိုးချစ်ပြောက်ကျားခေါင်းဆောင်တစ်ဦး၊ မဟာမိတ်တို့ စစ်ရေးလေ့ကျင့်ပေးမှုကိုခံယူပြီး ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရန် လေထီးစစ်သားအဖြစ် ဆင်းသက်ခဲ့၍ လေထီးဦးအုန်းမောင်ဟုအမည်တွင်ခဲ့သောပုဂ္ဂိုလ်ဖြစ်သည်။ ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်ကာ ထောင်အကြိမ်ကြိမ်ကျ တစ်ကျွန်းပို့ခံရသူဖြစ်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ရှက်ပုန်းသီးနိုင်ငံရေးသမားတစ်ဦးလည်းဖြစ်ခဲ့သည်။ ၎င်း၏ဘဝတစ်လျှောက်လုံး နိုင်ငံရေးရပ်တည်ချက် မှန်ကန်ခဲ့ပြီး ကိုယ်ကျိုးမရှာ နိုင်ငံရေးသမားစစ်စစ်တစ်ဦးဖြစ်ပါသည်။

ယခုအခါ အစဉ်အလာကြီးသော ၎င်း၏နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် ရင်းနှီးကျွမ်းဝင်သူများက အမှတ်တရအောက်မေ့ဖွယ်ဆောင်းပါးများ ရေးသားခဲ့ရာ လေထီးဦးအုန်းမောင်၏ရုပ်သွင်မှာ ယခုစာအုပ်တွင် ရုပ်လုံးကြွပေါ် လွင်နေသည်။ လူထုဒေါ်အမာ၊ ဒဂုန်တာရာ၊ သခင်တင်မြ၊ ဒေါ်ခင်ကြီး၊ ဒေါ်ခင်ကြည်ကြည်၊ သခင်လှကွန်း၊ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၊ ဗိုလ်ထိန်လင်း၊ လင်းယုန်မောင်မောင်၊ အံ့မောင်၊ မောင်ဝံသအစရှိသည့် ပုဂ္ဂိုလ်များ အပါအဝင် ကလောင်ရှင်စုစုပေါင်း ၃၁ ဦး ရေးသားထားသည်။ စာအုပ်ကို စာအုပ်ဈေး စာအုပ်တိုက်က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

### အကောင်းကြိုက်သူများအတွက် ဆေးတစ်ခွက် (ကောင်းဆက်နိုင်)

ပြည်သူ့ခေတ်ဂျာနယ်နှင့်အတူ ထင်ရှားလာသည့် စာရေးဆရာကောင်းဆက်နိုင်၏ ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ ကောင်းဆက်နိုင်သည် သတင်း ဖြစ်ရပ်များပေါ်မူတည်၍ သတင်းဆောင်းပါးရေးလေ့ရှိရာ ၎င်း၏ ဆောင်းပါးများမှာ သတင်းရနံ့ဖြင့် ဖိတ်ကြွနေတတ်သည်။ တစ်နည်းဆိုရလျှင် သတင်းဆောင်းပါးထက် သတင်းစာ ဆောင်းပါးဘက်လု၍ နေပါသည်။ ယခုစာအုပ်တွင် ဂျာနယ်အသီးသီး၌ဖော်ပြခဲ့သော ဆောင်းပါးစုစုပေါင်း ၃၂ ပုဒ်ပါဝင်ပြီး အများစုမှာ သတင်းဆောင်းပါးများပီပီ စော်ကားခွင့်လိုင်စင်၊ ရိုင်းတယ်ဆိုတာ လွယ်ပါတယ်၊ မှောက်ထားသောဖဲတစ်ချပ်၊ ယမမင်းနှင့်တွေ့ဆုံခြင်း၊ ဝမ်ပေါင်တို့လင်မယား၊ ပြင်ပြင်သစ်သစ်ရှစ်ရှစ်၊ ဗိုက်တစ်လုံးနှင့်လုပ်စားသူစသည်ဖြင့် သွက်သွက်လက်လက်စူးစူးရှရှ ဆောင်းပါးခေါင်းစဉ်များ အမည်ပေးထားသည်။ ဆောင်းပါးအများစုကိုပြောဟန်စကားပြေဖြင့်ရေးထား၍ ဖတ်ရသည်မှာ သွက်နေသည်။ ‘ဗိုက်တစ်လုံးနှင့်လုပ်စားသူ’ ဆောင်းပါးတစ်နေရာတွင် “သူတို့ခမျာ လက်ရုံးရည်နဲ့နှလုံးရည်ကို ကွဲပြားပုံမပေါ်သေးဘူးကိုး။ စစ်တိုက်ဖူးမှ တိုင်းပြည်ချစ်တယ်ထင်နေသူနဲ့ တိုင်းပြည်ကို စစ်ဖိနပ်အောက်ကလွတ်မြောက်ဖို့ဘဝကို ပေးဆပ်ခဲ့သူနဲ့တော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါပဲ။ ကျည်ဆန်မှန်ထားတဲ့ ဗိုက်ပိုင်ရှင်ကြီးကို မေးစမ်းချင်တယ်။ နိုင်ငံချစ်စိတ်နဲ့ ထောင်အကျခံရဲလားလို့”ဟု ရေးသားထားသည်။ စာအုပ်ကို စာပေလောကစာအုပ်တိုက်က တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### မီးသတ်ကားတွေ ဘယ်အချိန်ကပေါ်လာသလဲ

မော်တော်ကားများ မပေါ်ပေါက်ခင်ကာလက မီးလောင်မှုများကို ငြိမ်းသတ်ရန် ရှေးမြို့ပြများတွင် မြင်းဖြင့်ဆွဲသော မီးသတ်ရေစည်များကို အသုံးပြုခဲ့ရသည်။ ခေတ်သစ်တွင် မော်တော်ကားများ ပေါ်ပေါက်လာပြီးနောက် မော်တော်ယာဉ်ဖြင့် ဝေးဝေးသွားကာ မီးငြိမ်းသတ်နိုင်သော မီးသတ်ကားများကို ၁၉၁၃ တွင် အမေရိကန်နိုင်ငံ ဆင်ဆင်နာတီပြည်နယ်မှ အာရင်ဖောက်စ်ကုမ္ပဏီက စတင်ထုတ်လုပ်ခဲ့သည်။ ထို့နောက်တွင် မြို့ပြများ၌ အထပ်မြင့်တိုက်များ ပိုများလာမှုကို တုံ့ပြန်သည့်အနေဖြင့် မီးသတ်ကားများတွင်လည်း တိုက်အမြင့်များပေါ်တက်ရန် လှေကားများ၊ အားပြင်းသည့် မီးသတ်ရေပိုက်များ စသည်ဖြင့် အကူကိရိယာများလည်း ပါဝင်လာသည်။ ယနေ့အခါတွင် မီးသတ်ကားများမှာ မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ခြင်းများကိုပါ လုပ်ဆောင်နိုင်သည့် ကိရိယာများ တပ်ဆင်ထားပြီးပိုမိုပြည့်စုံလာပြီဖြစ်သည်။

—Ref: autoevolution.com






### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ လူသိထင်ရှားဖြစ်စေသောအကြောင်းအရာများဆောင်ရွက်နိုင်မည်။ လုပ်ငန်းအောင်မြင်မည်။ ငွေဝင်မည်။ ဝင်လာသမျှ အကြောင်းအမျိုးမျိုးနှင့်ပြန်ထွက်မည်။ ပြည်ပခရီးသွားရန်ကိစ္စများ ဆောင်ရွက်ပါကအဆင်ပြေမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ ဆောင်ရွက်သမျှမကြေညာပါနှင့်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

တီထွင်ဆန်းသစ်မှုကိုဦးစားပေးပါ။ စိတ်ကူးသစ်ကိုဖော်ဆောင်ပါ။ ပုံစံခွက်နှင့်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ခြင်းများမှားမည်။ စိတ်ကူးသစ်ကိုအခြေတည်၍ဉာဏ်ကွန့်မြူးကာလုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စလုပ်က ပိုမိုအဆင်ပြေမည်။ လုပ်သမျှထွန်းပေါက်မည်။ အခက်အခဲများကိုလည်း ကျော်လွှားနိုင်မည်။ ပြဿနာဟောင်းများဖြေရှင်းနိုင်မည်။ လက်လွှန်ထားသောငွေ၊ မြှုပ်နှံထားသောငွေများ ပြန်ရမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မေတ္တာရေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ အမျိုးသမီးမိတ်ဆွေအကူအညီရမည်။ စုပေါင်းတွဲဖက်လုပ်သောလုပ်ငန်းများမှ ထူးခြားသောအကျိုးဆက်ရမည်။ ပျို့ရွယ်သူများစန်းပွင့်မည်။ အိမ်ထောင်သည်များအနေအထိုင်မဆင်ခြင်က စွပ်စွဲပြောဆိုခံရမည်။ ယခင်အတိတ်ကာလက မဖြစ်နိုင်ဟုယူဆထားသောအလုပ်ကိစ္စတစ်ခု ဆောင်ရွက်အောင်မြင်မည်။ အပြောကြီးသောသူများနှင့်တွေ့မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မှန်းသည်နှင့်လက်တွေ့ကွာဟမည်။ အလုပ်ကိစ္စများဆောင်ရွက်ရာတွင် လွယ်လင့်တကူပြီးမြောက်သည်ဟူ၍မရှိ။ ဦးတည်လိုက်တိုင်း အနှောင့်အယှက်ရှိမည်။ မဖြစ်မနေလုပ်မှုကြောင့် အဆုံးပိုင်းတွင် အောင်မြင်မည်။ အလုပ်တွင်ငွေပျောက်မည်။ စာရင်းဇယားကွာဟမည်။ အိမ်တွင် ပစ္စည်းပျောက်မည်။ နေအိမ်သို့ ငှက်ပျောသီးလာရောက်လက်ဆောင်ပေးမည်။ လက်မခံရ။ ဖရိုဖရဲဖြစ်တတ်သည်။ တစ်ပါးသူအားချက်ချင်းလှူဒါန်းပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အတိုက်အခံအခက်အခဲများကြုံပြီးအောင်မြင်မည်။ ရည်မှန်းချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှားပြီး ထူးခြားသောတက်လမ်းရမည်။ လုပ်ကိုင်သောကိစ္စမှန်သမျှ ကိုယ့်အတွက်မဟုတ်ဘဲ သူတစ်ပါးအတွက်အကျိုးရှိသော အနေအထားကြုံမည်။ ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စမှ ထင်ရှားသောတိုးတက်မှုရမည်။ ကျန်းမာရေးအညံ့ရှိမည်။ မတော်တဆ အန္တရာယ်ဂရုစိုက်ရမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အပြိုင်အဆိုင်အားလုံးကိုကျော်လွှားပြီး တိုးတက်မှုကိုစနစ်တကျလုပ်နိုင်မည်။ စိတ်ကူးသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ သူတစ်ပါးနှင့်မတူသောအတွေးရှုထောင့်မှ လုပ်ကိုင်ရင်းတိုးတက်မှုအဆင့်ဆင့်ရမည်။ ကာလအတန်ကြာဆောင်ရွက်ထားသောကိစ္စမှ ကောင်းသောအကျိုးဆက်ရရှိမည်။ လုပ်ငန်းဟောင်းတချို့ကို အပြီးသတ်အဆုံးသတ်နိုင်လိမ့်မည်။ စာရွက်စာတမ်း၊ငွေကြေးကိစ္စ စကားများရတတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

အတိုက်အခံအားလုံးကို ကျော်လွှားပြီး တိုးတက်မှုရမည်။ ပေါ်ပေါက်လာသောအခြေအနေကို အသုံးချ၍ ငွေကြေးကံကောင်းခြင်း၊ အလုပ်ကိစ္စအဆင်ပြေခြင်းနှင့် စီးပွားကံကောင်းခြင်းများဖြစ်မည်။ ဆုံးဖြတ်ချက်ချ၍ လမ်းသစ်ထွင်ပြီးဆောင်ရွက်သောကိစ္စမှ အောင်မြင်မှုအဆင့်ဆင့်ရမည်။ လုပ်နေသောလမ်းကြောင်းနှင့်မတူသော ဦးတည်ချက်သို့ တစ်စစပြောင်းလဲမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

တွေဝေဒွိဟဖြစ်စရာများကြုံမည်။ မပြတ်မသားဆောင်ရွက်မှုကြောင့်အဆင်ပြေနေသောကိစ္စများပင်လျှင် ပျက်ယွင်းသောအနေအထားရှိမည်။ ရှေ့ရေးအတွက် ကြိုတင်တွက်ထားခြင်းမရှိဘဲ ဖြစ်ပေါ်နေသော အနေအထားပေါ် အလေးပေးလွန်း၍ တိုးတက်မှုများအားနည်းသွားတတ်သည်။ ရေရာမှုမရှိသော သူတစ်ပါးစကားကိုနားယောင်မိ၍ နှောင့်နှေးတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အပြောင်းအလဲနှင့် အခြေအနေသစ်တို့ကိုလက်ခံပြီး ရှေ့တိုးဆောင်ရွက်သင့်သည်။ ဆန္ဒရှိလင့်ကစား ရှေ့တိုးဆောင်ရွက်မှုနှေးကွေးခြင်းကြောင့် ကိုယ်ရသင့်သည့်အခွင့်အလမ်းများ တစ်ပါးသူလက်သို့ ပါသွားတတ်သည်။ ချက်ချင်းဆုံးဖြတ်ပြီးဆောင်ရွက်လိုက်သောအကြောင်းအရာမှန်သမျှမှ ကောင်းသောအကျိုးဆက်ဖြစ်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ ကိုယ်ပိုင်အရည်အသွေးထက်မြက်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

တစ်ခုထက်မကသော အလုပ်ရေးရာကိစ္စအဖြာဖြာကို ကိုင်တွယ်ဖြေရှင်းရမည်။ မရှုံ့မရဲတွန့်ဆုတ်နေမည့်အစား ဆုံးဖြတ်ထားသည့်အတိုင်း ရှေ့တိုးဆောင်ရွက်ပါ။ ခက်ခဲသောကိစ္စများကိုကျော်လွှားနိုင်မည်။ တစ်ပါးသူအထောက်အကူရမည်မဟုတ်။ ဖြစ်ပေါ်လာသည့်အခြေအနေနှင့် ဆောင်ရွက်ရသည့်ကိစ္စမှန်သမျှဖွဲ့ကြီးခြင်း၊ မဖြစ်မနေဆောင်ရွက်ခြင်းကြောင့် အောင်မြင်သွားမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

စိတ်ခံစားချက်ကိုဦးစားပေးခြင်းကြောင့် အနှောင့်အယှက်များကြုံမည်။ လုပ်သင့်သည်များကိုရှေ့တိုးဆောင်ရွက်နိုင်သည်။ တစ်ပါးသူဝေဖန်မှုအပေါ် နားယောင်၍ အမှားတွေ့တတ်သည်။ ငွေကြေးအပေးအယူကိစ္စတွင်သတိရှိပါ။ ကတိကိုယုံစားခြင်းမရှိသင့်ပါ။ နာမည်သိက္ခာထိခိုက်အောင်ပြုခံရမည်။ အိမ်တွင်းရေးနှင့်လူမှုရေးကိစ္စများတွင် စိတ်ပင်ပန်းစရာများကြုံရပေမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အကြံသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ စိတ်ကူးသစ်ကို လိုသလိုအသုံးချနိုင်သည်။ မထင်မှတ်ဘဲ အလှူမင်္ဂလာကိစ္စများပါဝင်ဆောင်ရွက်ရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲများထံမှကောင်းသောအကူအညီရမည်။ ပျို့ရွယ်သူများအလွန်စန်းပွင့်မည်။ မေတ္တာရေးနှင့်ပတ်သက်၍ကံကောင်းမည်။ ဝေးကွာနေသောသူများနှင့်ပြန်လည်ဆုံရကိန်းရှိသည်။ ကျန်းမာရေးအထူးသတိရှိပါ။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၇၇)

## အလျားလိုက်

၇။ မြန်မာပြည်တွင် ပထမဆုံးလုပ်သောပြိုင်ပွဲ
၈။ ပန်းပွင့်ပုံလေးနှင့်ဖုန်းကုမ္ပဏီ
၉။ လူအများစိုးရိမ်မှုရှိသောကိစ္စ
၁၀။ ဒုတိယအကြိမ်လာနိုင်သော နိုင်ငံရေးအချင်းအရာ
၁၁။ ရေအေးအေးရနိုင်သောအရာ
၁၂။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာသောကဏ္ဍ

## ဒေါင်လိုက်

၁။ မြန်မာတွင် ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်လိုသောဂျပန်ကုမ္ပဏီ
၂။ နာမည်ကျော် စပိန်ပန်းချီပန်းပုပညာရှင်တစ်ဦး
၃။ ဆင်တံဆိပ် ဘိလပ်မြေစက်ရုံ တည်ဆောက်သောနေရာ
၄။ ချင်းပြည်နယ်ရှိ ဝေးလံသော မြို့နယ်တစ်ခု
၅။ ဆေးလိပ်မသောက်ရဆိုင်းဘုတ် ထင်ရှားစွာ တပ်ဆင်သင့်သောနေရာများ
၆။ ကန်နည်းပညာလုပ်ငန်း ဩဇာအကြီးဆုံး စီအီးအိုတစ်ဦး



**အမည်** .............................. **မှတ်ပုံတင်အမှတ်** ..............................
**နေရပ်လိပ်စာ** ..............................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၈) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၈-၃-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။



### Smart Dictionary ကံထူးသူ

၁။ ဦးဝင်းထွန်း၊ ၉/ပဘန(နိုင်)၁၁၇၇၀၀ (၁၂/၇၅၇)၊ ပိတောက်အိမ်ရာ၊ နေပြည်တော်။

### ကျန်အဖြေမှန်သူများ

၂။ မဒွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၃။ မခိုင်မွန်ရည်၊ ၁၂/ကတတ(နိုင်)၀၃၂၂၂၇
၄။ Dr. တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈
၅။ ထက်နိုင်အောင်၊ ၁၂/ရပသ(နိုင်)၀၈၄၂၀၈
၆။ နေသူရိန်၊ ၁၃/တကန(နိုင်)၁၆၀၁၁၈
၇။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁

### ပဟေဠိ အမှတ်စဉ်(၂၇၆)အဖြေမှန်




**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**
သဃ်န်းကျွန်း၊ ဘီအိုစီ၊ သမာဓိ(၄)လမ်း၊ ၅ လွှာ(၁၂ ခွဲ × ၄၅ ပေ)၊ သိန်း ၁၇၀
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**
တောင်ဥက္ကလာ၊ ယယဿဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ - သိန်း (၅၅၀)၊ လေးလွှာ သိန်း (၃၅၀)။
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**
ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်၊ မြေညီ၊ ပေ(12 x 50)၊ သိန်း (450)။
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**
မင်းရဲကျော်စွာ ၂လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈x၅၂)၊ သိန်း (၅၀၀)။ ဒါဘာ၊ သိန်း (၂၈၀)
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**
၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ပေ (40x100)၊ သိန်း (၅၀၀၀)။
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**သင်ကြားပေးသည်**
English,Speaking, Grammar, IELTS & TOEFL အိမ်တွင်လိုက်လံသင်ကြားပေးသည်။ သင်ကြားမှုကို မနှစ်သက်ပါက သုံးရက်အတွင်း ငွေပြန်ထုတ်ယူနိုင်ပါသည်။ဖုန်း-၀၉ ၈၆၁၁၀၅၂

**သင်ကြားပေးသည်**
အင်္ဂလိပ်စာ၊ Grammar သီးသန့်၊ သူငယ်တန်းမှ ဒသမတန်းအထိ။
ဖုန်း-၀၉ ၃၁၀၄၅၄၂၁

**သင်ကြားပေးသည်**
၈၊ ၉ နှင့် ၁၀ တန်း ကျောင်းသားများအတွက် အိမ်အရောက် (သင်္ချာသီးသန့်)။
ဖုန်း-၀၉ ၅၅၀၁၅၆၇

**လမ်းညွှန်မှုပေးမည်**
ဓာတ်ပုံရိုက်ပြီး ပုံကောင်းမရသူများအတွက် ဓာတ်ပုံလမ်းညွှန်မှုပေးပါသည်။
ဖုန်း-၀၉ ၃၁၀၅၅၇၉၃

**ရွှေပညာဒါနသင်တန်း**
ကိုယ်ပိုင်ရွှေဆိုင်၊ ကိုယ်ပိုင်အပေါင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် ရွှေအကြောင်းကို အခြေခံမှစ၍ စာတွေ့၊ လက်တွေ့အသေးစိတ်သင်ကြားပေးပါသည်။
ဖုန်း-၀၉ ၄၂၀၂၅၂၇၇၀

**သင်ပေးသည်**
Piano/organ အိမ်လိုက်သင်သည်။ International notes ဖြင့် ဖတ်တတ်၊တီးတတ်အောင် အခြေခံကစပြီး စနစ်တကျသင်ပေးပါသည်။ ဖုန်း-၀၉ ၇၃၁၁၀၃၃၉

**ရောင်းချပေးသည်**
အိမ်(သို့) ရုံးခန်းများမှ ဝယ်ယူလိုသော ကွန်ပျူတာပစ္စည်းနှင့် Desktop များကို လိုက်လံတပ်ဆင်ရောင်းချပေးသည်။
ဖုန်း-၀၉ ၄၂၀၁၀၉၀၅၀

**ရောင်းမည်**
ကမ္ဘာကျော်တူရိယာများနှင့် ဆက်စပ်အပိုပစ္စည်းများကို ရောင်းချပေးခြင်း၊ အရည်အသွေးမြင့် တစ်ပတ်ရစ်တူရိယာပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။ ဖုန်း-၀၉ ၄၃၀၉၃၃၆၁

**ငှားမည်**
(၂၅×၆၀)ပေ၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ (အကျိုးဆောင်များ ဆက်သွယ်နိုင်သည်)။ ဖုန်း-၀၉ ၄၂၁၀၉၈၆၂၂

**ငှားမည်**
ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ (၄)၊ ငါးလွှာ။ ဖုန်း-၀၁ ၅၆၄၆၁၅

**ရောင်းမည်**
စံပယ်လမ်း၊ ၄ လွှာ၊ ယုဇနပလာဇာအနီး၊ (၂၀×၆၀)ပေ၊ ဓာတ်လှေကားအပါ၊ တိုက်ခန်းရောင်းမည်။
ဖုန်း-၀၉ ၄၂၁၀၈၆၆၁၇

**ရောင်းမည်**
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၈၇ ရပ်ကွက်၊ ပေ (၂၀×၆၀)၊ ပါမစ်မြေ၊ ကနောင်မင်းသားကြီးလမ်းမကျော်ကပ်၊ သိန်း (၁၀၀) ညှိနှိုင်း။ ဖုန်း-၀၉ ၄၂၁၁၁၉၆၉၃

**ဆက်သွယ်နိုင်ပါသည်**
မြို့တွင်း၊ မြို့ပြင် အချိန်ပိုင်းယာဉ်မောင်း အလိုရှိပါက ဆက်သွယ်နိုင်ပါသည်။
ကိုမိုးကြီး ဖုန်း-၀၉ ၂၅၀၄၉၉၅၁၁

**ကွန်ပျူတာပြုပြင်တပ်ဆင်ခြင်း**
Software Installation,System Services, System Clean & Virus Clean. Network Installation & Services.
PC-4500/- PH:09 31058583

**အိမ်တိုင်ရာရောက်သင်ပေးသည်**
ကွန်ပျူတာအခြေခံမှစပြီး ကလေးငယ်များနှင့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာသုံးတတ်စေရန် Internet & Email, MYOB,Peachtree အိမ်တိုင်ရာရောက်သင်ပေးသည်။ ဖုန်း- ၀၉ ၄၄၄၀၁၁၂၇၉

**ဝန်ထမ်းအလိုရှိသည်**
တည်းခိုခန်းသန့်ရှင်းရေးလုပ်ရန် ကျား (၁) ဦး
အသက် (၂၀-၃၀)နှစ်၊ လစာ ကျပ်ရှစ်သောင်း(သို့) စရိတ်ငြိမ်း၊ ကျပ်လေးသောင်း၊ (ရန်ကုန်မြို့တွင်း)။
ဖုန်း-၀၉ ၇၃၀၅၈၅၇၃

**ဝန်ထမ်းအလိုရှိသည်**
လျှော်၊ ညှပ်၊ ဖြောင့်၊ ကောက်၊ ဆံထုံး၊ မိတ်ကပ် ပညာသင်ဝန်ထမ်း မ (၂) ဦး နေ/စားငြိမ်း
ဖုန်း-၀၉ ၃၁၈၇၂၁၁၂

**ဝန်ထမ်းအလိုရှိသည်**
Waiter/Waitress (5) Posts
The Myths Restaurant
အမှတ် (၁၈)၊ သုခဝတီလမ်း၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၄၃၁၅၈၈၀၈

**ဝန်ထမ်းအလိုရှိသည်**
သုံးလပြတ် Grade 11 သင်္ချာသီးသန့် အိမ်အရောက်သင်သည်။ ဝိုင်း/ကျူရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉ ၇၃၁၆၉၈၂၆

**Teaching & Guide**
Grade 1 to 9 ဘာသာစုံအိမ်လိုက်သင်သည်။ သီးသန့်ဝိုင်းသင်လိုသူများ စုံစမ်းနိုင်သည်။ International School မှ ကျောင်းသား၊ သူများအား မြန်မာစာ ထူးချွန်အောင်သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၈၀၂၆၂၄

**သင်ကြားပေးသည်**
၁၀ တန်းသီးသန့် ဆရာမကိုယ်တိုင် အထူးတာဝန်ယူ Home Special Teaching & Study Guide သင်ကြားပေးနေသည်။ ဖုန်း-၀၉ ၄၂၁၁၁၀၄၉၄

**Horosoper**
သင့်ဘဝအဆိုးအကောင်းကို ကြိုတင်သိရှိနိုင်ပြီး ကောင်းသည် ပိုကောင်းအောင်၊ မကောင်းသည့်အချက်များကို ပြေပျောက်အောင် ဂမ္ဘီရအထူးယတြာများဖြင့် စီရင်ဆောင်ရွက်ပေးနေပါသည်။
ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**ပျားဆိပ်ပျောက်လိမ်းရည်**
ပျားတုပ်ခံရခြင်းအတွက် ခံစားရသော ဝေဒနာများအတွက် ဤလိမ်းဆေးရည်ကို လိမ်းခြင်းဖြင့် ပပျောက်သွားစေမည်။
ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**သင်္ကြန်တရားစခန်းဖွင့်လှစ်ခြင်း**
လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် ဝိပဿနာ ၇ ရက် တရား စခန်းဖွင့်ပွဲကို ၁၁.၄.၂၀၁၄ ညနေမှ ၁၉.၄.၂၀၁၄ နံနက်အထိ ကျင်းပပြုလုပ်ပါမည်။ ဖုန်း-၀၉ ၄၃၁၃၄၁၅၈

**အလှူရှင်များ ဖိတ်ခေါ်ပါသည်**
ရောဝတီတိုင်းဒေသကြီး၊ရေကြည်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ မင်္ဂလာပေါ်တော်မူကျောင်းဝင်း၌ အသစ်ဆောက်လုပ်နေသော မဟာသီရိသိမ်တော်ကြီးအတွက် အလှူငွေများထည့်ဝင် လှူဒါန်းနိုင်ပါသည်။ ဖုန်း-၀၉ ၄၂၂၄၇၆၂၀၃

**ရောင်းမည်**
ထောက်ကြန့်၊ ဘောလုံးကွင်းရပ်ကွက်၊ မြေ (၂၅×၅၀)၊ အိမ် BN နှစ်ထပ်၊ အိမ်သစ်၊ သိန်း (၅၅၀)။
ဆက်သွယ်စုံစမ်းရန်-
ဖုန်း-၀၉ ၄၂၁၀၄၀၄၇၈

**ရောင်းမည်**
တ/ဥ၊ (၁၂)ရပ်ကွက်၊ မိဂသီ (၂၁)လမ်း၊ အမှတ် (၂၉၃/က)၊ ပေ (၂၀×၆၀)၊ နှစ် ၆၀ ဂရန်၊ ပြင်ဆင်ပြီး၊ နှစ်ထပ်တိုက်၊ (အသင့်နေနိုင်)၊ အရှေ့လှည့်၊ ရေမီးပြည့်စုံ၊ မီတာ နှစ်လုံး၊ သိန်း (၁၅၉၀) (ညှိနှိုင်း)။
ဖုန်း-၀၉ ၅၁၁၀၉၉၅

**ရောင်းမည်**
(၁၀×၆၀)ပေ၊ ရေမီးစုံ၊ အိမ်အသစ်ဆောက်လုပ်ပြီး ရော ၁၆ လမ်း၊ ညရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဆက်သွယ်စုံစမ်းရန်-
ဖုန်း-၀၉ ၇၃၂၂၉၀၉၆

**ရောင်းမည်**
တောင်ကြီးမြို့ရေအေးကွင်းရပ်ကွက် ပေ (၁၀၀×၁၂၀)၊ ဂရန်နာမည်ပေါက်၊ 2 PT+ တစ်ဂိုဒေါင်၊ အဝီစိ+ နှစ်မီတာ+ ဖုန်းပါ ရောင်းမည်။
ဖုန်း-၀၉ ၇၃၁၀၇၇၉၈

**ဝန်ဆောင်မှု**
သင်္ကြန်ရက်အတွင်း မဏ္ဍပ်များအတွက် CCTV လုံခြုံရေးဝန်ဆောင်မှုများကို အသက်သာဆုံးဈေးနှုန်းဖြင့် အမြန်ဆုံး Service ပေးပါသည်။
ဖုန်း-၀၉ ၄၂၀၃၀၂၁၉၃

**ROYAL TUN SERVICE**
အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို အိမ်တိုင်ရာရောက် ဆေးကြော၊ ပြုပြင်၊ တပ်ဆင်ပေးပါသည်။
ဖုန်း-၀၉ ၃၁၀၆၈၇၄၉

7Day NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

စာမျက်နှာ(၂၃)မှ

## စာအုပ်ဆိုင်များ ကွယ်ပျောက်သွားခြင်း

စာပေမြတ်နိုးသူများမွေ့ရာအိုအေစစ်လေးဖြစ်ခဲ့သည်။ ဤသို့သော စာအုပ်တန်းတည်ရှိရာ ဈေးကြီးကို ရှစ့်ဆယ့်ရှစ်စစ်တပ် အာဏာသိမ်းပြီးမကြာ တစ်သွေး တစ်သံ တစ်မိန့်ဖြင့် ဖျက်လိုက်သည်။ ဈေးကြီးတစ်ခုလုံးဖျက်သိမ်းခံရ၍ စာအုပ်ဆိုင်များမှာလေရှူးနှင့် လွင့်ပါးသွားသော သစ်ရွက်ခြောက်များလို ဦးတည်ရာအတည်တကျမရှိ ဖရိုဖရဲ ဖြစ်သွားကြသည်။ လှည်းတန်းဘက်ဆင်းသူဆင်း၊ မြို့ထဲခြေဦးလှည့်သူလှည့်..ခေတ်မီလှပသော အဆောက်အအုံကြီးအတွက် တန်ဖိုးရှိသော ယဉ်ကျေးမှုမျက်နှာစာကို ဖျက်ပေးခဲ့ရသည်။ စာအုပ်ရောင်းသူတွေတကွဲတပြားဖြစ်ရပြန်သည်။ ယနေ့တိုင် အစားထိုးမရသည့် ဆုံးရှုံးမှုမှာ စာအုပ်ဆိုင်များ လုံးဝကွယ်ပျောက်သွားခြင်းဖြစ်လေသည်။

(၄)

မြန်မာပြည်စာအုပ်လောကတွင် အဓိကအခေါ်အဝေါ်နှစ်ရပ်ရှိပါသည်။ စာကြီးပေကြီးများကို ‘လိုင်းစာအုပ်’ဟု ခေါ်၍ စာအုပ်အငှားဆိုင်များအားကိုးသောလိုင်းကိုရုပ်ပြလိုင်းဟုခေါ်ကြသည်။ မြေနီကုန်း၊ ပန်းဆိုးတန်းစာအုပ်တန်းသည်လိုင်းစာအုပ်တန်းဖြစ်ပြီး၃၁၊ ၃၂၊ ၃၃ လမ်းစာအုပ်တန်းသည် ရုပ်ပြလိုင်းဟုခေါ်သော မဂ္ဂဇင်း၊ ရုပ်ပြ၊ ကာတွန်းစာအုပ်များရောင်းသည့်စာပေတန်းဖြစ်သည်။ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ အငှားဆိုင်ဖွင့်လိုသူများ ၃၁၊ ၃၂ စာအုပ်တန်းနှင့်ကင်းကွာ၍မရ၊ ထိုစာအုပ်တန်းသည်လည်းယခုအခါအလွန်ပင်ခြောက်သွေ့သွားခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ထိ ဖွံ့ဖြိုးစည်ကားခဲ့သော ၃၁၊ ၃၂ လမ်းစာအုပ်တန်းသည် ပန်းဆိုးတန်းအောက်ဘက်နီးနီးခြောက်သယောင်းနိုင်လာသည်။

ယခင်က**ကျော်သိန်း၊ ဟံသာတ၊ စောဦး** အစရှိသည့်စာအုပ်ဆိုင်ကြီးများအပါအဝင် ၃၁၊ ၃၂ လမ်းစာအုပ်ဆိုင်များသည် မွန်းလွဲနှစ်နာရီခန့်မှစ၍ ညခုနစ်နာရီမှောင်ချိန်အထိ တိုးဝှေ့စည်ကားခဲ့သော်လည်း ယခုအခါ ကျဲတိကျဲတောက်သာမြင်ရသည်။ လိုင်းစာအုပ်ဆိုင်များ၊ ရှားပါးစာအုပ်ဆိုင်များကျဆင်းလာသလို ရပ်ကွက်အသီးသီးရှိ စာအုပ်ဆိုင်လေးများမှာလည်းသိသိသာသာလျော့နည်းလာသည်။ ထိုရပ်ကွက်အငှားဆိုင်လေးများ အကြောင်းအမျိုးမျိုးကြောင့်ဖြုတ်လိုက်ခြင်းသည် ၃၁၊ ၃၂ လမ်းစာအုပ်ဈေးကွက်အပေါ်ကြီးစွာ ဂယက်ရိုက်ခတ်ခဲ့သည်။

လူတွေ စာသိပ်မဖတ်ကြတော့ပါ။ အာရုံကျက်စားစရာတွေက ခုခေတ်မှာများလှသည်။ ဘိလိယက်ခုံ၊ ဘောလုံးပွဲ၊ အခမဲ့ရှိုးပွဲ ဖျော်ဖြေစရာတွေအပြည့်.....။ ငွေကုန်မခံချင်လျှင် ကိုယ့်အိမ်မှာကိုယ်တီဗီကြည့်လိုလျှင်ကြည့်၊ ဂိမ်းကစားလိုလျှင်ကစား၊ တစ်ယောက်တည်း ဖုန်းပွတ်ရုံဖြင့်လည်း အပျင်းပြေစေသည်။ သည်လိုခေတ်ကြီးထဲမှာ စာအုပ်အငှားဆိုင်တွေ ဖြုတ်လိုက်ကြတာ တကယ်တော့မဆန်း..။

(၅)

ပြင်သစ်ဒဿနပညာရှင် ယန်းပေါလ်ဆတ်က ‘စာကြည့်တိုက်များ၊ စာအုပ်များသည်ဒုတိယဘုရားသခင်ဖြစ်သည်’ဟု ဆိုခဲ့သည်။ဗြိတိသျှ စာရေးဆရာနှင့်အတွေးအခေါ် ပညာရှင်ဖရန်စစ်ဘေကွန်က ‘စာဖတ်ခြင်းသည် နှစ်သက်မှုကိုဖြစ်ထွန်းစေသည်။ ဂုဏ်ကျက်သရေရှိစေသည်။ ပင်ကိုစွမ်းရည်ထက်မြက်စေသည်’ဟု ဆိုပါသည်။ ထို့အပြင် စာဖတ်ခြင်းမှရသည့်စွမ်းအင်နှင့် ပတ်သက်၍ ဖရန်စစ်ဘေကွန်ကပင် ‘စာဖတ်ခြင်းသည်လူကို တိုးတက်စေသည်။ ဆွေးနွေးခြင်းသည် အသင့်ပြင်ဆင်ပြီးဖြစ်စေသည်။ ရေးသားခြင်းသည် လူကိုတိကျစေသည်’ဟုဆိုခဲ့ပါသည်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ အိုင်တီနည်းပညာတွေမည်မျှပင် တိုးတက်မြင့်မားလာပါစေ စာဖတ်ခြင်းကို လျစ်လျူရှု၍ရမည်မထင်။ အွန်လိုင်းမှ၊ တက်ဘလက်မှ အီးဘွတ်ခ်ဖတ်ရှုနိုင်သော်လည်းအိုင်တီနယ်ပယ်ထဲရောက်မလာသေးသည့် စာအုပ်အမြောက်အမြားရှိပါသည်။ ထို့အပြင် စာအုပ်သည် စာအုပ်သာဖြစ်ပါ၏။ စာအုပ်တွေကို စနစ်တကျရောင်းချသောစာအုပ်ဆိုင်တွေ မတိုးပွားလျှင်နေ၊ မလျော့ကျစေလိုပါ။ ယခုမူစာအုပ်ဆိုင်တွေ ရေရှည်ရပ်တည်နိုင်ရေးအတွက် စိန်ခေါ်မှုတွေကထောင့်ပေါင်းစုံမှပေါ်ထွက်နေပါသည်။

**အင်အားကြီးသူသာ ကျန်ရစ်မြဲ** ဆိုသည့်အဘိဓမ္မာသည်စာအုပ်လောကနှင့်မပတ်သက်စေလိုပါ။ ယခုကျွန်တော်မြင်နေရသည်က စာအုပ်ဆိုင်တွေ လျော့နည်းပျောက်ကွယ်လာချိန်တွင် အရက်ဆိုင်တွေတစ်ဆိုင်ပြီးတစ်ဆိုင်ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ စာအုပ်ဆိုင်တွေ အဓွန့်ရှည်စေချင်လှပါသည်။

## JOKE

### မတည့်ဘူး

အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး စကားပြောနေကြသည်။

အမျိုးသမီး– ရှင်သောက်တတ်လား။

အမျိုးသား– ကျွန်တော်အသောက်ကြမ်းခဲ့တယ်။ ဒါပေမဲ့ လုံးဝတုံးတိဖြတ်ချလိုက်တယ်။

အမျိုးသမီး– အိုး . . . ဒီလိုလုပ်ဖို့ ကိုယ့်ကိုယ်ကိုယ်တော်တော်ထိန်းချုပ်နိုင်တဲ့လူမှ ဖြစ်နိုင်မှာနော်။

အမျိုးသား– အင်း . . .ဘယ်လိုပြောရမလဲ။ ကျွန်တော်နဲ့ အရက်နဲ့ မတည့်ဘူးဆိုတာ သိလာခဲ့လို့။ ကျွန်တော်တစ်ကြိမ်သောက်တိုင်း တစ်ကြိမ် လက်ထိတ်နဲ့ ပါပါသွားလို့ပါ။

### လစာတိုးပေးပါ

ဆမ်တစ်ယောက်သူဌေး၏ရုံးခန်းထဲ ခပ်တည်တည်နှင့်ဝင်သွားပြီး “ဘော့စ်၊ ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ စီးပွားရေးအရမ်းမကောင်းဘူးဆိုတာ ကျွန်တော်သိတယ်။ ဒါပေမဲ့ ကုမ္ပဏီသုံးခုက ကျွန်တော့်နောက်ကို လိုက်နေတယ်။ ဒီအတွက် ကျွန်တော့်ကိုလစာတိုးပေးဖို့လေးလေးစားစားတောင်းဆိုပါတယ်”ဟု ပြောလိုက်သည်။ မိနစ်အနည်းငယ်သူဌေးနှင့် ညှိနှိုင်းပြီးနောက်တွင် သူဌေးက ဆမ်ကို လစာငါးရာခိုင်နှုန်းတိုးပေးလိုက်သည်။

ဆမ်တစ်ယောက် ကျေနပ်စွာဖြင့် အခန်းထဲမှ ထွက်ရန်ပြင်ဆင်နေစဉ် သူဌေးက “ဒါနဲ့ ဆမ် မင်းနောက်ကို လိုက်နေတဲ့ ကုမ္ပဏီတွေက ဘယ်ကုမ္ပဏီတွေလဲ”ဟု မေးရာ ဆမ်က “အိမ်မှာသုံးတဲ့ ရေ၊ လျှပ်စစ်နဲ့ တယ်လီဖုန်းကုမ္ပဏီတွေပါ ဘော့စ်”ဟု ပြောပါလေတော့သည်။

စာမျက်နှာ(၂၆)မှ

## ကျူးသင်ခန်းစာ(၇)ရပ်

ဦးနေဝင်းလက်ထက် ၁၉၈၀ ပြည့်နှစ်က နိုင်ငံပိုင်တိုက်ခန်းများကို တရားမဝင်ဝယ်ယူပြီးနေထိုင်သူများကို ဖယ်ရှားရေးအတွက် လင်းယုန်စီမံချက်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။

အစိုးရအိမ်ဥပစာနှင့် ထုတ်ခြင်းအက်ဥပဒေအရဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဖယ်ရှားမယ့်နေ့ရက် (ယ–ရက်)ခေါ် (D–Day)ကို သတ်မှတ်ရာမှာကျောင်းသား၊ ကျောင်းသူများစာမေးပွဲကျင်းပတဲ့နေ့ရက်ကို အထူးသတိပြုရှောင်ရှားခဲ့ပါတယ်။ ဒ့ါအပြင် မဟာသင်္ကြန်ရက်၊ ကျောင်းဖွင့်ချိန်နဲ့ ဝါတွင်းကာလကိုပါရှောင်ရှားပြီး မေလကိုရွေးချယ်ခဲ့တာတွေ့ရပါတယ်။ ယခင်တပ်မတော်အစိုးရလက်ထက်က အိမ်ရာမဲ့များကို မြို့သစ်များသို့ပြောင်းရွှေ့နေရာချထားရာမှာလည်း အထက်ပါအတိုင်းရှောင်ရှားခဲ့တာတွေ့ရပါတယ်။ လက်ရှိ ဒီမိုကရေစီခေတ်မှာမိကျောင်းကန်က အိမ်ရာတွေဖယ်ရှားခဲ့တာကျောင်းဖွင့်ရက်ကာလဖြစ်နေတာတွေ့ရပြီး သမီးကလေးကျေးရွာဖယ်ရှားရာမှာလည်း မူလတန်း၊ အလယ်တန်းစာမေးပွဲများကျင်းပတဲ့ ဖေဖော်ဝါရီလအတွင်းမှာဖြစ်ကြောင်း တွေ့ရပါတယ်။ အင်းစိန် မီးရထားမြေက ဖယ်ရှားမှုဟာလည်း အလားတူစာမေးပွဲရက် အတွင်းဖြစ်နေပါတယ်။ ဖယ်ရှားတဲ့အချိန်နာရီမှာလည်း ယခင်က ဦးနေဝင်းခေတ်၊ တပ်မတော် အစိုးရခေတ်တွေမှာ နံနက်မိုးလင်းမှသာ ဆောင်ရွက်တာတွေ့ရပေမယ့် မျက်မှောက်ခေတ်မှာတော့ မင်းဓမ္မပျိုးဥယျာဉ်၊ မိကျောင်းကန်စတဲ့နေရာတွေမှာ မှောင်နဲ့ မည်းမည်းသန်းခေါင်ကျော်မိုး မလင်းမီကာလကို ရွေးချယ်ခဲ့တာ တွေ့ရပါတယ်။ သမီးကလေး ကျေးရွာမှာလည်း မိုးစင်စင်မလင်း မီကာလမှာပင် စတင်ခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့် ဒီမိုကရေစီအစိုးရဟာ ယခင်ခေတ်တွေထက် ပိုမိုရက်စက်လေပြီ၊ လက်သံပြောင်လေပြီလို့ ပြောစမှတ်မဖြစ်အောင် အထူးဂရုပြုသင့်တဲ့အကြောင်း ကျူးသင်ခန်းစာအမှတ်(၅)အဖြစ် ဖော်ပြလိုပါတယ်။

နောက်ထပ်အရေးကြီးတဲ့ ကျူးသင်ခန်းစာတစ်ခုက ပြန်လည်နေရာချထားတဲ့နေရာမှာ နိုင်ငံရေးပါတီတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေက ဝင်ရောက်တာဝန်ယူတာ၊ လှူဒါန်းတာတွေကို လုံးဝခွင့်မပြုသင့်ပါဘူး။ ဒါဟာ နိုင်ငံတော်အစိုးရရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေပါတယ်။ သမီးကလေးကျေးရွာက အိမ်ထောင်စုတွေကို ပြည်ခိုင်ဖြိုးပါတီက တာဝန်ယူပြီး နေရာချထားရေးဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ မြေနေရာ ၁၂ ဧကဝယ်တာ၊ မြေကွက်ဖော်ထုတ်တာစတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးမယ်လို့သိရပါတယ်။ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်မယ်လို့လည်း ဆိုပါတယ်။ အစိုးရက ဆောင်ရွက်မပေးလို့ နိုင်ငံရေးပါတီက ဝင်ရောက်ဆောင်ရွက်ပေးတယ်ဆိုတာ မဖြစ်သင့်ပါဘူး။

ကျူးတွေကိုအကြောင်းပြုပြီး နိုင်ငံရေးပါတီတွေက ပုံစံအမျိုးမျိုးနဲ့ အမြတ်ထုတ်လေ့ရှိကြတာကို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အများအပြားတွေ့မြင်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်က လှိုင်သာယာမှာ နိုင်ငံရေးပါတီဝင်တစ်ဦးက ဆင်းရဲသားမြို့တော်တည်ဆောက်မယ်ဆိုပြီး ကြေညာခဲ့တာကို အစိုးရက လုံးဝခွင့်မပြုဘူးလို့ သိရပါတယ်။ ဒါဟာ မှန်ကန်တဲ့လုပ်ရပ်ပါ။ ယခုလည်း အဲဒီလိုခွင့်မပြုဘဲ တစ်မူတည်းကျင့်သုံးသင့်ပါတယ်။ အိမ်ရာပြဿနာဖြေရှင်းရေးနည်းဗျူဟာများ အကောင်အထည်ဖော်မှုမှန်သမျှကို နိုင်ငံတော်အစိုးရကလွဲပြီး မည်သည့်ပါတီ မည်သည့်အဖွဲ့အစည်းကမျှ လုပ်ဆောင်ခွင့်မရှိဘူးဆိုတာကို မူတစ်ရပ်အဖြစ်ချမှတ်ထားသင့်တယ်ဆိုတဲ့ အချက်ကို ကျူးသင်ခန်းစာအမှတ်(၆)အဖြစ် ဖော်ပြလိုပါတယ်။

နောက်ဆုံးသင်ခန်းစာ အမှတ် (၇)က မြန်မာနိုင်ငံရဲ့ အိမ်ရာပြဿနာကြီးထွားလာမှုနဲ့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးမှု သမိုင်းစဉ်ကို ပြန်လည်သုံးသပ်သင့်တဲ့အချက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အိမ်ရာပြဿနာကို ဆပ်ပလိုင်းရှုထောင့် (Supply Side) လို့ဆိုတဲ့ အိမ်ရာလိုအပ်ချက်ဖြည့်ဆည်းမှုအပိုင်းမှ ရှုမြင်သုံးသပ်ခြင်းဖြစ်ပါတယ်။ ဒီလိုရှုမြင်ခြင်းဟာ ယခင်ဆောင်းပါးများမှာ စာရေးသူ တင်ပြခဲ့တဲ့အတိုင်း “ဖျက်ရှင်းမှု” အစား “ဖြေရှင်းမှု”ကို ဦးတည် ရှုမြင်ခြင်းလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်ရာသမိုင်းစဉ်ကို ပြန်လည်သုံးသပ်ကြည့်ရင် လွတ်လပ်ရေးရပြီးတဲ့ခေတ်ပါလီမန်အစိုးရလက်ထက်မှာ ပြည်တော်သာစီမံကိန်းအရအိမ်ရာတည်ဆောက်မှုများကို ပထမအကြိမ် အလုံးအရင်းနဲ့ ဖြည့်ဆည်းပေးခဲ့တာဖြစ်ပါတယ်။ (၁၀)နှစ်ခန့်အကြာ ၁၉၅၈ ခုနှစ်မှာ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနဲ့ သာကေတမြို့သစ်တွေတည်ဆောက်ပြီး အလုံးအရင်းနဲ့အိမ်ရာဖြည့်ဆည်းမှုတွေ ထပ်မံပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက် (၉) နှစ်အကြာ ၁၉၆၇ ခုနှစ်မှာ သုဝဏ္ဏမြို့သစ်တည်ဆောက်ပြီး အလုံးအရင်းနဲ့ အိမ်ရာများဖြည့်ဆည်းခဲ့ပြန်ပါတယ်။ နောက်တစ်ကြိမ် (၂၃)နှစ်အကြာ ၁၉၉၀ ပြည့်နှစ် (ယခင်တပ်မတော်အစိုးရလက်ထက်)မှာ မြို့သစ်ခုနစ်မြို့တည်ဆောက်ပြီး အလုံးအရင်းနဲ့ အိမ်ရာဖြည့်ဆည်းမှုပြုလုပ်ခဲ့တာ ၁၉၉၇ ခုနှစ်အထိပါပဲ။ ဒါကြောင့် အတိတ်ကာလကိုကြည့်ရင် မြန်မာနိုင်ငံမှာ (၁၀)နှစ်၊ (၉)နှစ်၊ (၂၃)နှစ်အကြာ ကာလအသီးသီးမှာ ကျူးကျော်များအပါအဝင် ပြည်သူတွေရဲ့ နေရေးလိုအပ်ချက်ကိုအလုံးအရင်းနဲ့ဖြည့်ဆည်းခဲ့တာ (မြို့သစ်တည်ဆောက်ပေးတာ) တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ဆယ်စုနှစ်တစ်စုမှ ဆယ်စုနှစ် (၂)စုအထိ ကြာလေတိုင်း Supply Mechanism ခေါ်တဲ့ “ဖြည့်ဆည်းမှု”တွေ အရှိန်အဟုန်နဲ့ဖြစ်ထွန်းခဲ့တယ်လို့ ကောက်ချက်ချရမှာဖြစ်ပါတယ်။

ယခုအခါ ၁၉၉၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၇)နှစ် (သို့မဟုတ်)ဆယ်စုနှစ် နှစ်စုနီးပါးရှိလာပြီဖြစ်တဲ့အတွက် ရှေးယခင်က အတွေ့အကြုံများပေါ်မူတည်ပြီး အိမ်ရာလိုအပ်ချက်များကို အလုံးအရင်းနဲ့ ဖြည့်ဆည်းပေးရမယ့်အချိန်ကာလသို့ မလွဲမသွေရောက်ရှိနေပြီဆိုတာ အထင်အရှားတွေ့ရှိနိုင်ပါတယ်။

ဒါပေမဲ့ Supply Mehanism က ခါးပြတ်နေတယ်ပဲပြောရမလား၊ ပျက်စီးနေတယ်လို့ပြောရမလား၊ တကယ်ကို အားမရစရာပါပဲ။ “တောင့်တဆဲခါ၊ ပေါ်ထွက်လာ၊ သတ္တဝါခေလှ့၊ စိတ်ချမ်းမြေ့”ဆိုသလို ယနေ့အချိန်မှာ ယခင့်ယခင်အစိုးရအဆက်ဆက် မြို့သစ်များတည်ဆောက်ပေးသလို အိမ်ရာမြေကွက်ဖော်ထုတ်မှုစီမံကိန်း (Site and Services Scheme)ကို အကောင်အထည်ဖော်ပေးဖို့ ဝင်ငွေနည်းပြည်သူတို့က များစွာမျှော်လင့်နေကြပြီး အိမ်ရာသမိုင်းကလည်း တောင်းဆိုနေပြီဖြစ်ပါတယ်။ ဆယ်စုနှစ် နှစ်စုကြာရင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှာ မြို့ပြလူဦးရေတိုးတက်မှုနဲ့ ကျေးလက်မှ မြို့ပြသို့ပြောင်းရွှေ့နေထိုင်မှုတွေဟာ အိမ်ရာလိုအပ်ချက်ကို များစွာမြင့်မားစေခဲ့တယ်ဆိုတာ သဘာဝကျပါတယ်။ ဒီအချက်ကို ရန်ကုန်မြို့မှာအလုံးအရင်းနဲ့ တိုးပွားများပြားလာတဲ့ ကျူးကျော်အိမ်ရာများက အခိုင်အမာသက်သေပြနေတာလည်း ဖြစ်ပါတယ်။ မည်သို့ဆိုစေထိ ရောက်တဲ့မူဝါဒနဲ့ Supply Mechanism ကို တောင့်တင်း ခိုင်မာအောင်လုပ်ရမယ့်အချိန်အခါ ရောက်နေပြီ၊ “ချိန်တန်ပြီ” ဆိုတဲ့ အချက်ကို ကျူးကျော်ပေးတဲ့ နောက်ဆုံးသင်ခန်းစာအဖြစ် အလေးအနက်ဖော်ပြလိုက်ရပါတယ်ခင်ဗျား။

Environment

7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014

# နိုင်ငံအတွင်း စီးဆင်းနေသော မြစ်ချောင်းများရှိ စုစုပေါင်း ရေချိုပမာဏ ငါးရာခိုင်နှုန်းသာ ထုတ်ယူသုံးစွဲနိုင်

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၂၂**

ငွေကြေးလုံလောက်စွာ မထောက်ပံ့နိုင်ခြင်း၊ နည်းပညာခေတ်နောက်ကျခြင်းတို့ကြောင့် နိုင်ငံအတွင်း စီးဆင်းနေသော မြစ်ကြီးများနှင့် မြစ်လက်တက်များရှိ စုစုပေါင်း ရေချိုပမာဏ၏ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်ယူသုံးစွဲနိုင်ကြောင်း အမျိုးသားအဆင့်ရေအရင်းမြစ်ကော်မတီမှ သတင်းရရှိသည်။



မြန်မာနိုင်ငံ၏အရှည်ဆုံးမြစ်ဖြစ်သော သံလွင်မြစ်ကိုတွေ့ရစဉ်

ဓာတ်ပုံ – အိဖြူမွန်

မြန်မာနိုင်ငံတွင် စီးဆင်းနေသော မြစ်ချောင်းများမှ တစ်နှစ်လျှင် ရေချိုကုဗကီလိုမီတာ ၁၀၀၀ ကျော် ထုတ်ယူသုံးစွဲနိုင်သော်လည်း အမှန်တကယ်ထုတ်ယူသုံးစွဲနိုင်သည့် ပမာဏမှာ ၁၀မှ ၅၄ ကုဗကီလိုမီတာအကြားသာ ထုတ်ယူသုံးစွဲနိုင်သည်။

မြန်မာနိုင်ငံတွင် စီးဆင်းနေသည့် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်းစသည့် အဓိကမြစ်ကြီး လေးစင်းနှင့် မင်းတုန်း၊ ယော၊ စလင်း၊ မန်း၊ မုံး၊ မြစ်ငယ်၊ စမုံ၊ ဇော်ဂျီ၊ မူးနှင့် အခြားသော မြစ်လက်တက်ငယ်များကို အခြေခံ၍ ထုတ်ယူသုံးစွဲနိုင်သည့် ပမာဏကို တွက်ချက်ထားခြင်းဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် သုံးစွဲနေမှုကို အကြမ်းဖျင်းသာတွက်ချက်ထားခြင်းဖြစ်သောကြောင့် အစိုးရအနေဖြင့် ရေဝေရေလဲဧရိယာနှင့် မြစ်ဝှမ်းများအလိုက် ရေသုံးစွဲမှုနှင့် ရေအရင်းမြစ်များစစ်တမ်းကို ငါးနှစ်တစ်ကြိမ် အမြဲတမ်း စစ်တမ်းကောက်ယူသင့်ကြောင်း ကော်မတီက ဆိုသည်။

"ရေအရင်းအမြစ်တွေကို အကျိုးရှိရှိ သုံးစွဲဖို့အတွက် အစိုးရဆီမှာ ကောင်းမွန်တဲ့ မူဝါဒတွေ၊ စီမံခန့်ခွဲမှုတွေရှိဖို့လိုအပ်တယ်။ နည်းပညာတွေနဲ့ ထိန်းသိမ်းဖို့လည်း လိုအပ်တယ်"ဟု မြန်မာရေအရင်းအမြစ်များအကြောင်း လေ့လာနေသူ ဦးကျော်ငြိမ်းအေးက ပြောသည်။

စက်မှုလုပ်ငန်းများ၊ မြို့ပြများနှင့် လူဦးရေ တိုးပွားလာခြင်းကြောင့် လက်ရှိမြန်မာနိုင်ငံ၏ ရေသုံးစွဲမှုမှာ မြင့်တက်လာလျက်ရှိပြီး တိုးပွားလာသော ရေလိုအပ်ချက်များကို ဖြည့်ဆည်းရန် အစိုးရအနေဖြင့် ခေတ်မီနည်းပညာ များကို အသုံးပြုရမည်ဟု ကော်မတီက အကြံပြုထားသည်။

# ကျိုက်ထီးရိုးတောင်ပေါ်ဈေးဆိုင်များတွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းရောင်းမှုရှိ၊ မရှိစစ်ဆေး

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မတ်- ၂၂**

ကျိုက်ထီးရိုးတောင်ပေါ်ရှိ ဈေးဆိုင်များတွင် တောရိုင်း တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းချမှုရှိ၊ မရှိကို ကင်ပွန်းစခန်းရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ဝန်ထမ်းများက စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

တောင်ပေါ်တွင် ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများတွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများရောင်းချမှုရှိ၊ မရှိကို လစဉ်ပုံမှန်စစ်ဆေးလျက်ရှိသည်ဟု ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းမှ ကိုမျိုးမျိုးက ပြောကြားသည်။

ကျိုက်ထီးရိုးတောင်တက်လမ်းတစ်လျှောက်တွင် တောကောင်ခေါင်းများ၊ တောရိုင်းတိရစ္ဆာန်အကောင်များကို ရုပ်ပြထားရောင်းချမှုများရှိသည့်အတွက် ကြပ်မတ်ထားစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

"တစ်လကို အနည်းဆုံး နှစ်ခါလောက်တော့ လာစစ်တယ်။ သစ်တောကြိုးဝိုင်း သတ်မှတ်ထားပြီး ဒီအကောင်တွေ ရောင်းနေတယ်ဆိုတော့ မသင့်တော်ဘူး။ ဒီလိုလိုက်စစ်တော့ အတွေ့ရတော့ အတော်နည်းသွားပါပြီ" ဟု ကိုမျိုးမျိုးက ပြောသည်။

ထို့အပြင် ကျိုက်ထီးရိုးတောင်ပေါ်နှင့် တောင်ခြေရှိ စားသောက်ဆိုင်အချို့တွင် တောရိုင်းတိရစ္ဆာန်အသားများ ရောင်းချနေမရောင်းချရန် ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းနှင့်သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့ ပူးပေါင်း ပညာပေးလျက်ရှိသည်။



# Tourism

7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014


## နိုင်ငံခြားခရီးသွားများရထားစီးနင်းခ ဧပြီ ၁ ရက်မှစ၍ မြန်မာငွေဖြင့်သာ ကောက်ခံမည်

**အိမ္ပွန်ကျော်**

**ရန်ကုန်၊ မတ်-၂၂**

နိုင်ငံခြားသားခရီးသွားများ ရထားစီးနင်းခကို ဒေါ်လာနှင့် ကောက်ခံနေရာမှ မြန်မာကျပ်ငွေဖြင့်သာ ဧပြီ၁ရက်မှစ၍ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

နိုင်ငံခြားသားများအတွက် ရထားစီးနင်းခကို ဒေါ်လာဖြင့်သာ ကောက်ခံရာမှ မြို့ပတ်ရထားသာမက မည်သည့်ခရီးစဉ်မဆို ပြည်တွင်းခရီးသွားများနည်းတူ မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်ဖြစ်သည်။

နိုင်ငံတကာတွင် ၎င်းတို့နိုင်ငံသုံးငွေကြေးဖြင့်သာ ရထားစီးနင်းခ ကောက်ခံလေ့ရှိသောကြောင့် မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့စနစ် ပြောင်းလဲအသုံးပြုခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ပြောကြားသည်။

"သူတို့အတွက် ပိုအဆင်ပြေသွားပါတယ်။ မြို့ပတ်ရထားရိုးရိုးလက်မှတ် ၁၀၀ ဆို သူတို့လည်း ၁၀၀ ပေးရုံပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ လုပ်နေတာဆိုတော့ ပြောင်းလိုက်တာပါ" ဟု ၎င်းက ဆိုသည်။

ငွေလဲကောင်တာကို ရန်ကုန်ဘူတာကြီးအတွင်း ရိုးရိုးမြို့ပတ်ရထား တန်းဆင်ဝင်အောက်တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်ဘူတာကြီးအနီးအနား တစ်ဝိုက်တွင်လည်း ငွေလဲကောင်တာများ ထားရှိပေးထားကြောင်း သိရသည်။

ရန်ကုန်–မန္တလေးခရီးစဉ်ကို နိုင်ငံခြားသားများအတွက် ယခင်က လက်မှတ်ခ ဒေါ်လာ ၃၀ ဖြင့် ဝယ်ယူရပြီး ယခုမြန်မာကျပ်ငွေဖြင့် ၉,၃၀၀ ကျပ်ဖြင့်သာ ဝယ်ယူရမည်ဖြစ်သည်။

ထို့အတူ မြို့ပတ် ခရီးစဉ်များတွင် နိုင်ငံခြားသားများ လက်မှတ်ခ ၁၀၀ ကျပ်၊ ၂၀၀ ကျပ်ဖြင့် ဝယ်ယူရမည်ဖြစ်ပြီး အဲကွန်းအထူးရထားလက်မှတ်ကို ယခင်က နှစ်ဒေါ်လာဖြင့် ဝယ်ယူရပြီး ယခု ၄၀၀ ကျပ်ဖြင့် ဝယ်ယူရမည်ဖြစ်သည်။



*ရန်ကုန်လေဆိပ်ကိုတွေ့ရစဉ်* ဓာတ်ပုံ – ကျော်ဇင်သန်း

## မြန်မာမှ လေကြောင်းခရီးဖြင့် လာသူများကို ၁၄ ရက် ဗီဇာကင်းလွတ်ပေးရန် ထိုင်းလွှတ်တော် အတည်ပြု

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၂၂**

မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့်လာပြီး ထိုင်းလေဆိပ် ၂၃ ခုမှ ဝင်ရောက်လာသူများကို ၁၄ ရက် ဗီဇာကင်းလွတ်ခွင့်ပေးရန်အတွက် ထိုင်းလွှတ်တော်က အတည်ပြုလိုက်သောကြောင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းအကျိုးရှိလာမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက ပြောကြားသည်။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအား ဗီဇာကင်းလွတ်ခွင့်ပေးရန်အတွက် မတ်လ ၂၁ ရက်က ကျင်းပခဲ့သော ထိုင်းနိုင်ငံလွှတ်တော်အစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ တင်ပြမှုကို အတည်ပြုခဲ့သည်ဟု ဘန်ကောက်ပို့စ်သတင်းတွင်ဖော်ပြထားသည်။

ဗီဇာကင်းလွတ်ခွင့် ပေးရာတွင် ၁၄ ရက် သက်တမ်းပေးထားပြီး ထိုင်းနိုင်ငံမှ သတ်မှတ်ပေးထားသော လေဆိပ် ၂၃ ခုမှ ဝင်ရောက်လာသူများသာ အကျုံးဝင်ပြီး နယ်စပ်ကုန်းလမ်း၊ ရေလမ်းမှဝင် ရောက်လာသူများ မပါဝင်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ ကပြောသည်။


"ခုလို ဗီဇာကင်းလွတ်ခွင့်ပေးမယ်ဆိုတော့ နှစ်နိုင်ငံ ဆက်သွယ်ရေးက ပိုကောင်းလာမှာပေါ့။ စီးပွားရေးအရရော ခရီးသွားလုပ်ငန်းအရရော အရမ်းကောင်းပါတယ်။ အားလုံးလည်း မျှော်လင့်နေတဲ့ ရလဒ်ပါ" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဖြိုးဝေရာဇာကပြောသည်။

ဗီဇာ ကင်းလွတ်ခွင့်သည် နှစ်နိုင်ငံသဘောတူညီချက်လက်မှတ်ရေးထိုးပြီးမှသာ အကျုံးဝင်မည်ဖြစ်ပြီးလက်မှတ်ရေးထိုးမည့်နေ့ကိုမူ အတိအကျ မသတ်မှတ်ရသေးပေ။

မြန်မာနိုင်ငံမှ တိုက်ရိုက်လေကြောင်းမရှိသော နိုင်ငံများသို့ သွားမည်ဆိုပါက ထိုင်းနိုင်ငံလေဆိပ်မှ တစ်ဆင့် စီးရာတွင်လည်း ဗီဇာလျှောက်ထားရန် မလိုအပ်တော့သဖြင့် မြန်မာနိုင်ငံမှ သွားရောက်သူများပြားလာနိုင်မည်ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

"ဗီဇာရဖို့အတွက် တန်းစီရတဲ့အလုပ်ကို မလုပ်ချင်ဘူး။ ဒါကြောင့်လည်း မသွားချင်ကြဘူး" ဟု ဦးဇော်ဝင်းချိုကဆိုသည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ သွားရောက်သူများ၏ ၇၀ ရာခိုင်နှုန်းသည် ထိုင်းသို့ သွားရောက်သူ များဖြစ်ကြပြီး အလည်အပတ်ဆေးကုသရန်နှင့် အလုပ်လုပ်ရန်သွားခြင်းမှာအများဆုံးဖြစ်ကြောင်း နိုင်ငံခြား ခရီးသွားပို့ဆောင်ရေးနယ်ပယ်မှ သိရသည်။





ဆရာကြီး သခင်ကိုယ်တော်မှိုင်း
(၁၃၈)နှစ်မြောက်မွေးနေ့ ကျင်းပ





















7DAY NEWS JOURNAL

Vol.13, No.4 • MARCH 26 , 2014

# “ဥရောပမှာတောင် ခင်ဗျားတို့ အကြမ်းဖက်ဝါဒရန်ကနေ မလုံခြုံနိုင်ပါဘူး”

## အီရတ်ဝန်ကြီးချုပ် နူရယ်အယ်မာလီကီနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

အီရတ်ဟာ မကြာမီအချိန်အတွင်းကပဲ ပြည်တွင်းမှာ ဆွန်နီနဲ့ရှီးဟိုက်ဘာသာဝင်များကြား ကွဲပြားမှုအခြေခံတဲ့အကြမ်းဖက်မှုပြဿနာတွေ၊ အယ်လ်ကိုင်ဒါဆက်နွယ်တဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေကိုကြုံတွေ့နေရပြီး နိုင်ငံဟာအကြမ်းဖက်မှုတွေကို ဖြေရှင်းဖို့ရုန်းကန်နေရပါတော့တယ်။ ဂျာမန်စပိုင်းဂဲလ်မီဒီယာနဲ့ တွေ့ဆုံမှုမှာလည်း အီရတ်ဝန်ကြီးချုပ် နူရယ်အယ်လ်မာလီကီက သူ့ကိုအတိုက်အခံတွေက စွပ်စွဲကြတဲ့ နောက်ထပ်ဆက်ဒမ်ဟူစိန်တစ်ဦးဆိုတဲ့ စွဲချက်ကိုလည်း ငြင်းခဲ့ပြီးနိုင်ငံတွင်းအကြမ်းဖက်မှုတွေ တိုးပွားလာတာ ဆီးရီးယားပြည်တွင်းစစ်ကဒေသတွင် မတည်ငြိမ်မှုကို ဖြစ်လာနိုင်စေမှာတွေကို တွေးပူကြောင်း ပြောခဲ့ပါတယ်။

**ဝန်ကြီးချုပ်ခင်ဗျား ဝန်ကြီးချုပ်ဟာ အီရတ်ကို အုပ်ချုပ်လာတာ ရှစ်နှစ်နီးပါးရှိနေပါပြီ။ တိုက်ခိုက်မှုပေါင်း ဘယ်နှကြိမ်လောက် ကြုံတွေ့ပြီး ရှင်သန်ခဲ့ရတာလဲ။**

ကျွန်တော့်ကိုသတ်ဖို့ ရန်သူတွေ ဘယ်နှကြိမ် ကြိုးပမ်းကြသလဲဆိုတာ ကျွန်တော် မပြောပြတတ်ပါဘူး။ လူသူအများရှေ့ ရှိနေစဉ်တွေမှာလည်း အနီးကပ်တိုက်ခိုက်ခံရဖူးတယ်။ ဒါပေမဲ့ အဆိပ်ခတ်ဖို့ကြိုးစားကြတာတွေလည်းရှိပါတယ်။ အီရတ်မြောက်ပိုင်းက မိုဆူလ်ကို သွားတဲ့လမ်းကြောင်းမှာ ကျွန်တော်စီးတဲ့လေယာဉ် တစ်ခါပစ်ချခံရဖူးတယ်။ ဒါပေမဲ့ လေယာဉ်ရဲ့ ကာကွယ်ရေးစနစ်က ဒုံးကျည်ကို ရှောင်လွှဲလိုက်ပြီး လေယာဉ်လည်း တော်တော်ခါရမ်းသွားခဲ့တယ်။ ၂၀၀၈ တုန်းက ဘာလင်ကို သွားတဲ့ခရီးစဉ်မှာလည်း ပစ်မှတ်ထားတိုက်ခိုက်တာခံရပါသေးတယ်။ ဒါပေမဲ့ လုံခြုံရေးတပ်ဖွဲ့တွေက အဲဒီမော်ရိုကိုလူငယ်အုပ်စုရဲ့ စီမံကိန်းတွေကို ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။

**တိုက်ခိုက်မှုတွေနောက်ကွယ်မှာ ဘယ်သူတွေရှိနေပါသလဲ။**

ကျွန်တော့်မှာ နေရာတိုင်းမှာရန်သူတွေရှိတယ်။ အချို့က ဘတ်သ်ပါတီ (ဆက်ဒမ်ဟူစိန်ရဲ့ ပါတီဟောင်း)က လူတွေဖြစ်ပြီး အချို့က ဘာသာရေးအစွန်းရောက်တွေဖြစ်တယ်။ အချို့ကတော့ ဆွန်နီယုံကြည်သူတွေဖြစ်ပြီး အချို့ကတော့ ကျွန်တော့်လိုရှီးဟိုက်တွေဖြစ်ကြပါတယ်။ အချို့ တိုက်ခိုက်မှုတွေအတွက် အယ်လ်ကိုင်ဒါ တပ်ဖွဲ့ဝင်တွေလည်း တာဝန်ရှိပါတယ်။

**ဝန်ကြီးချုပ်အနေနဲ့ ခြိမ်းခြောက်မှုတွေအဆက်မပြတ်ဖြစ်နေတာကနေ ရှောင်လို့ရအောင် လာမယ့်ပြေးရွေးကောက်ပွဲကို ဝင်မပြိုင်ဘဲနေလို့ရတယ်မဟုတ်လား။**

ခြိမ်းခြောက်မှုကလည်း ဒီရာထူးကို ယူထားတဲ့အကြောင်းရင်းတစ်ပိုင်းတစ်စလည်းပါတာပေါ့။ ဒါပေမဲ့ နိုင်ငံရေးသမားတွေက အဝေးကို ထွက်မပြေးနိုင်ပါဘူး။ ဘာ့ကြောင့်ဆိုအကြောင်းရင်းက ဘဝဆိုတာအန္တရာယ်ရှိနေလို့ပါ။ အထူးသဖြင့် ပြန်လည်တည်ဆောက်ဖို့လိုနေတဲ့ နိုင်ငံတစ်ခုအတွက် ဒီနိုင်ငံအတွက်ကလည်း တည်ငြိမ်ရေးဟာ သိပ်ပြီးအရေးပါနေလို့ပါ။

**ဝန်ကြီးချုပ်အနေနဲ့ လာမယ့်ပြေလကုန်ပိုင်းမှာ ပါလီမန်ရွေးကောက်ပွဲတွေကို နောက်တစ်ကြိမ်ဝင်ပြိုင်ဦးမှာလား။**

အနည်းဆုံးတော့ ကျွန်တော်တို့ညွန့်ပေါင်းအဖွဲ့ကိုရွေးကောက်ပွဲမှာ ဦးဆောင်ပေးသွားမှာပါ။ မဲပေးမှုတွေနဲ့ ပါလီမန်ထဲက လူများစုတွေက ရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်ရုံးမှာ ကျွန်တော်တို့အချင်းချင်းပြန်တွေ့ရမလားဆိုတာ ဆုံးဖြတ်သွားပါလိမ့်မယ်။

**အီရတ်နိုင်ငံသားတော်တော်များများကတော့ ဝန်ကြီးချုပ်ရဲ့ အာဏာအပေါ် မြင်ပုံကြောင့် သတိရှိနေခဲ့ကြပါတယ်။**

ဒီတိုင်းပြည်ကိုသင့်လျော်မှန်ကန်စွာအုပ်ချုပ်ဖို့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဒါက ကျွန်တော့်ရဲ့ ဒီမိုကရေစီနည်းကျတရားဝင်လုပ်ပိုင်ခွင့်ပါ။ ကျွန်တော်တို့အစိုးရကို ဖြုတ်ချချင်နေတဲ့သူတွေက မဟာမိတ်ဖွဲ့ပြီး ဆန့်ကျင်နေကြတာတွေရှိပါတယ်။ သူတို့ကို ကျွန်တော်အင်အားသုံးနိုင်သားပဲ။ ဒါပေမဲ့ ကျွန်တော်မလုပ်ပါဘူး။ ဒီမိုကရေစီမူဘောင်ဖွဲ့စည်းမှုတွေကို ကျွန်တော်က နိုင်ငံရေးစည်းမျဉ်းတွေအပေါ် လိုက်နာပါတယ်။

**ဒါဖြင့်ရင် အခုဆိုရင် ဝန်ကြီးချုပ်ကိုဆက်ဒမ်နဲ့ ဘာလို့နှိုင်းယှဉ်နေကြတာလဲ။ ဝန်ကြီးချုပ်ရဲ့ အရင်မဟာမိတ်ဟောင်း ရှီးဟိုက်ဘာသာရေးခေါင်းဆောင် မွတ်တာဒါအယ်ဆာဒါးကဆိုရင် ဝန်ကြီးချုပ်ကို မင်းဆိုးမင်းညစ်တစ်ပါးအဖြစ်ပွင့်ပွင့်လင်းလင်းကို ခေါ်ဝေါ်ခဲ့တယ်နော်။**

အမှန်က ကျွန်တော့်ပြိုင်ဘက်တွေက ဒီလိုမျိုးစွပ်စွဲမှုတွေကို မီဒီယာသတင်းတွေမှာ ပြည်သူ့ရှေ့ပြောဆိုမှုတွေမှာ လုပ်နိုင်အောင် ခွင့်ပြုပေးထားတာပါ။ ဆက်ဒမ်နဲ့နှိုင်းယှဉ်ကြတာမျိုးက မမှန်ဘူးဆိုတာကို သက်သေပြနေတာပေါ့။

**၂၀၀၆ ဒီဇင်ဘာမှာ ဆက်ဒမ်ဟူစိန်ကို သေဒဏ်ပေးလိုက်တာဟာ အမှားတစ်ခုဖြစ်ခဲ့ပါသလား။ ဘာလို့လဲဆိုတော့ အဲဒါကြောင့် တိုင်းပြည်က ကွဲပြားမှုတွေဖြစ်ခဲ့လို့ပါ။ ဝန်ကြီးချုပ်ရဲ့ အဲဒီဆုံးဖြတ်ချက်ကို နောင်တရမိပါသလား။**

နှိုင်းယှဉ်ပြောရရင် ပထမတစ်ချက်အနေနဲ့ ကျွန်တော်က တရားရုံးစီရင်ချက်ကို ပြဋ္ဌာန်းပေးခဲ့ရုံပါ။ ဒုတိယတစ်ချက်ကတော့ ဒီရာဇဝတ်သားအတွက် သေဒဏ်ဆိုတာ ဘုရားသခင်ရဲ့ စီရင်ချက်ထက်မလျော့ဘူးလို့နားလည်ထားတာပါ။ တတိယအနေနဲ့ကတော့ ကျွန်တော်တို့အခြေအနေကို ကိုင်တွယ်ပုံက အီရတ်အတွက် အရေးကြီးတယ်ဆိုတာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဆက်ဒမ်ကိုဖမ်းထားရာ အကျဉ်းခန်းလေးထဲသွားပြီး သူ့ကိုပစ်သတ်လိုက်တာမဟုတ်ပါဘူး။ ဒါက သူ့ရန်သူတွေကို သူလုပ်ခဲ့တဲ့နည်းပေါ့။ ကျွန်တော်တို့က သူ့ကိုတရားခွင်အရှည်ကြီးနဲ့ စစ်ဆေးပေးပြီးမှ တရားရုံးကို ဆုံးဖြတ်ချက်ချစေခဲ့တာပါ။ ဆက်ဒမ်ရဲ့ ဘဝအဆုံးသတ်သွားပုံဟာ အနည်းဆုံးတော့ သူ့အတွက်တန်ပါတယ်။

**ဒါတွေအပြင်လည်း ဝန်ကြီးချုပ်ဟာ ထောက်လှမ်းရေးတပ်ဖွဲ့တွေအပါအဝင် အာဏာကိုထိန်းမယ့် ကိရိယာအကြီးကြီးကို တည်ဆောက်ထားတယ်နော်။ အီရတ်မှာ ပြောလာကြတာကတော့ နိုင်ငံဟာ နောက်တစ်ကြိမ် အကြောက်တရားနဲ့စိုးမိုးထားတဲ့နိုင်ငံတစ်ခုဖြစ်လာပြီလို့ဆိုပါတယ်။**

ကျွန်တော်တို့မှာ အားကောင်းတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေအပါအဝင် ခိုင်မာအားကောင်းတဲ့ အစိုးရတစ်ရပ်လိုအပ်နေပါတယ်။ ဒီလိုမှမဟုတ်ရင် အယ်ကိုင်ဒါလိုအဖွဲ့မျိုး၊ အီရတ်နဲ့ ဆီးရီးယားအစ္စလာမ်မစ်နိုင်ငံအဖွဲ့ ISIS လိုမျိုး၊ အဲဒီလိုဂိုဏ်းမျိုးတွေကို ဘယ်လိုရင်ဆိုင်တိုက်ခိုက်ရမလဲ။ ဒီကိစ္စက အနောက်တိုင်းမှာလိုပဲ ဒီမှာလည်း ကွာခြားမှုမရှိပါဘူး။ ကျွန်တော်တို့ဟာ အကြမ်းဖက်ဝါဒကိုအောင်မြင်စွာတိုက်ထုတ်ချင်ရင် ကိုယ့်ရဲ့လုံခြုံရေးတပ်ဖွဲ့တွေကို ခိုင်မာအားကောင်းအောင်လုပ်ထားရပါမယ်။

**အန်ဘာပြည်နယ်မှာ မငြိမ်သက်မှုတွေဖြစ်လာတာ ဆွန်နီတွေက ရှီးဟိုက်တွေ လွှမ်းမိုးထားတဲ့ အစိုးရကြောင့် သူတို့အဖိနှိပ်ခံရတယ်လို့ တွေးလာနေတာမဟုတ်လား။**

အစောပိုင်းက နိုင်ငံရေးဆုံးဖြတ်ချက်တွေကြောင့် ဆွန်နီတွေနဲ့ရှီးဟိုက်တွေကြားမှာ နားလည်မှုလွဲမှားတာလေးတွေ အမှန်ကရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုအမြင်ကွဲပြားမှုတွေအတွက် ဘာသာရေးအကြောင်းပြချက်တွေမရှိပါဘူး။ ဒါတွေက နိုင်ငံရေးအကြောင်းရင်းသက်သက်တွေပါ။

**အမေရိကန်စစ်တပ်ဟာ အကြမ်းဖက်သမားတွေကို ပြည်နယ်တွေထဲကနေ မောင်းထုတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီအတွက်ပေးရတဲ့ အဖိုးအခကတော့ သေဆုံးမှုနှုန်းတွေမြင့်လာခြင်းပါပဲ။ လူတော်တော်များများဟာ အကြောင်းရင်းမရှိဘဲ သေနေခဲ့ရတာလား။**

ဖော်လူဂျာလိုမြို့တွေမှာ လူတွေက အယ်ကိုင်ဒါလိုအဖွဲ့မျိုးတွေနဲ့ ပူးပေါင်းနေသမျှ သူတို့ဟာသားကောင်တွေဖြစ်လာမယ့် အန္တရာယ်ကိုယူနေတာပါပဲ။ မြို့ကအခုတော့ နှစ်ပိုင်းကွဲသွားပါပြီ။ တစ်ဖက်မှာ အကြမ်းဖက်သမားတွေက နေရာယူထားပြီး တခြားတစ်ဖက်မှာ သူတို့ကို ကျွန်တော်တို့ အစိုးရတပ်တွေနဲ့ပေါင်းပြီးတိုက်နေပါတယ်။ အယ်ကိုင်ဒါနဲ့ ISIS က မြို့ရဲ့တစ်စိတ်တစ်ပိုင်းကို အစ္စလာမ်မစ်နိုင်ငံအဖြစ်ကြေညာလိုက်ကတည်းက ကျွန်တော်တို့ဟာ ဒီကင်ဆာရောဂါကို အမြစ်ပြတ်အောင်လုပ်ခဲ့ပါတယ်။ လူအသေအပျောက် နှုန်းကိုလည်း နည်းအောင်ထိန်းရင်းနဲ့ပေါ့လေ။ ဒါပေမဲ့ အစိုးရတစ်ရပ်အနေနဲ့ သူတို့ကြေညာတဲ့ အစ္စလာမ်မစ်နိုင်ငံဆိုတာကို ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။

နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်လာဖို့ ကြိုတင်ရှိရမှာက တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ ဒါပေမဲ့ဝန်ကြီးချုပ်ဟာ ဘဂ္ဂဒတ်မှာတောင် ဒါကို မလုပ်နိုင်သေးပါဘူး။ ဖေဖော်ဝါရီ တစ်လတည်းမှာ အကြမ်းဖက် တိုက်ခိုက်မှုတွေကြောင့် လူ ၂၇၉ ဦး သေဆုံးခဲ့ရတယ်။ ကားဗုံးပေါက်ကွဲမှုနှစ်ခုကလည်း အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ တည်ရှိရာမှာဖြစ်ခဲ့တယ်။

ကျွန်တော်တို့ တည်ငြိမ်မှုကို ဖန်တီးပြီးသားပါ။ ဒါပေမဲ့လည်း အန်ဘာလို ပြဿနာဖြစ်နေတဲ့ ပြည်နယ်တွေလည်းရှိနေတာပေါ့။ ဘဂ္ဂဒက်မှာ ကြုံခဲ့ရတာမျိုးကို တခြားဘယ်နေရာမဆိုလည်း ခင်ဗျားတို့ကြုံနိုင်ပါတယ်။ ဥရောပမှာတောင် ခင်ဗျားတို့အကြမ်းဖက်ဝါဒရန်ကနေ မလုံခြုံနိုင်ပါဘူး။



*—Ref: Iraqi Prime Minister Maliki 'I Am Not Familiar With Fear', Spiegel:21st March*



## Leader's Profile

# လက်ဘနွန်ဝန်ကြီးချုပ်
# တန်မန်ဆာလမ်း

ရဲမင်း

တန်မန်ဆာအက်ဆာလမ်းသည် လက်ဘနွန်နိုင်ငံရေးသမားတစ်ဦး ဖြစ်ပြီး ၂၀၀၈မှ ၂၀၀၉ခုနှစ်အတွင်း လက်ဘနွန်ယဉ်ကျေးမှုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၄ ဖေဖော်ဝါရီ ၁၅ ရက်တွင် လက်ဘနွန်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

ဆာလမ်းကို ၁၉၄၅ ခုနှစ်တွင် ဘေရွတ်မြို့၌ ချမ်းသာသော ဆွန်နီမိသားစုက မွေးဖွားခဲ့သည်။ ၎င်း၏မိသားစုမှာ လက်ဘနွန်တွင် မြေပိုင်ရှင်နှင့် နိုင်ငံရေးဩဇာကြီးမားသော မိသားစုဖြစ်သည်။ ဆာလမ်း၏ဖခင်မှာ လက်ဘနွန်နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ အဘိုးဖြစ်သူမှာ အော်တိုမန်ခေတ်နှင့် ပြင်သစ်ကိုလိုနီခေတ်တွင် တာဝန်ထမ်းဆောင်ခဲ့သော လက်ဘနွန်အရာရှိတစ်ဦး ဖြစ်သည်။

တန်မန်ဆာလမ်းသည် အခြေခံကျောင်းပညာရေးကို ဘေရွတ်မြို့မှာပင် သင်ယူခဲ့ပြီး ဟိုင်ဂါဇီယန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ ယင်းနောက်တွင် ဆာလမ်းသည် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ စီးပွားရေးပညာနှင့် စီမံခန့်ခွဲမှုဘွဲ့ ရယူခဲ့သည်။

ဆာလမ်းသည် ကျောင်းပြီးချိန်တွင် စီးပွားရေးသမားတစ်ဦးအဖြစ် ဘဝကို စတင်ခဲ့ပြီး ၁၉၇၀ ကျော်နှစ်များတွင် နိုင်ငံရေး၌ပါဝင်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုများ ကနဦးစတင်သော ဟာကာရက်ဂူဝက် အယ်လ်အစ္စလာမ်အဖွဲ့ကို ဆာလမ်းက ထူထောင်ခဲ့သည်။ ၎င်းတို့ လှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင် လက်ဝဲအုပ်စုများနှင့် ယှဉ်ပြိုင်ပြီး မွတ်စလင်များကြား ယင်းအဖွဲ့များ၏ လူကြိုက်များမှုကို လျှော့ချရေးဖြစ်သည်။

၁၉၇၈ ခုနှစ်တွင် ဆာလမ်းသည် ဘေရွတ်မြို့အခြေစိုက် အကျိုးအမြတ်မယူသော မာကက်ဆက် သဟာယအသင်းအတွက် ပါဝင်လာခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ယင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်လာသည်။ လက်ရှိတွင်လည်း ယင်းအဖွဲ့၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားသော ဆာလမ်းသည် နောက်ပိုင်းတွင် ဆာအက်ဆာလမ်း ယဉ်ကျေးမှုနှင့် ပညာရေးဖောင်ဒေးရှင်း၏ အကြီးအကဲဖြစ်လာသည်။

မစ္စတာ ဆာလမ်းသည် ၁၉၉၂ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းခဲ့သော်လည်း လက်ဘနွန်၌ ဆီးရီးယားလက်ဝါးကြီးအုပ်မှုကို ကန့်ကွက်၍ နုတ်ထွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဝန်ကြီးချုပ်ရာဖစ်ဟာရီရီ၏အဖွဲ့သို့ ဝင်ရောက်၍ ရွေးကောက်ပွဲဝင်ပြီး ပါလီမန်အမတ် ဖြစ်လာသည်။ သို့သော် နောက်ပိုင်းတွင် ဟာရီရီနှင့် ဆာလမ်းတို့၏မဟာမိတ်ဖွဲ့မှုပျက်ပြယ်ပြီး ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဝန်ကြီးချုပ် ဖော်အက်စီနီအိုရာ၏အစိုးရတွင် ယဉ်ကျေးမှုဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသော်လည်း ပါလီမန်၌ တစ်သီးပုဂ္ဂလအမတ်အဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ အင်အားကြီးပါတီများနှင့် ရင်းနှီးသော်လည်း မည်သည့်ဘက်မျှ မယိမ်းဘဲ ရပ်တည်ခဲ့သည်။

၂၀၁၃ ခုနှစ် မတ်လ ၂၃ ရက်တွင် နာဂျစ်မီကာတီ နုတ်ထွက်ချိန်တွင် မတ် ၁၄ မဟာမိတ်အဖွဲ့က ၎င်းအား ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်းတင်သွင်းပြီး ပါလီမန်အဖွဲ့ဝင် ၁၂၈ ဦး အနက် ၁၂၄ ဦးက ဆာလမ်းအား ထောက်ခံခဲ့သည်။ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆာလမ်းက ၎င်း၏ဝန်ကြီးအဖွဲ့စာရင်းကို ကြေညာခဲ့သည်။

ဆာလမ်းသည် ဇနီးသည် လာမာဘာဒရက်ဒိုင်းနှင့်သားသမီး သုံးဦး ထွန်းကားခဲ့သည်။ ပေါက်ကြားခဲ့သော အမေရိကန်ကြေးနန်းသတင်းများတွင် ဆာလမ်းမှာ လူရိုသေရှင်ရိုသေ အလယ်အလတ် ဆွန်နီမွတ်စလင်တစ်ဦးဟု ရည်ညွှန်းထားသည်။

—*Ref: Wikipedia*



7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ပါကစ္စတန်ဝန်ကြီးချုပ် မွေးထားသော ဒေါင်းတစ်ကောင်ကို ကြောင်ကိုက်စားသွား၍ ရဲသုံးဦး ရာထူးမှရပ်စဲခံရ

**လာဟိုး၊ မတ်-၂၂**

ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှရစ်၏ နေအိမ်ကို စောင့်ကြပ်ပေးရသည့် လုံခြုံရေးရဲဝန်ထမ်းသုံးဦးသည် ဝန်ကြီးချုပ်က မွေးထားသည့် ဒေါင်းများထဲမှ တစ်ကောင်ကို ကြောင်တစ်ကောင်က စားလိုက်ခြင်းကြောင့် တာဝန်ပေါ့လျော့မှုဖြင့် ရာထူးမှ ရပ်စဲခြင်းခံလိုက်ရသည်။

ပါကစ္စတန် အိတ်စပရက် ထရီဗြွန်း၏ ဖော်ပြချက်အရ ဝန်ကြီးချုပ်၏ ထိုနေအိမ်မှာ လာဟိုးမြို့ အပြင်ဘက်ရှိ ရိုင်ဝင်းအရပ်တွင် တည်ရှိပြီး ထိုအိမ်ကို ရဲ ၂၁ ဦးက စောင့်ကြပ်နေခြင်းဖြစ်ကြောင်းဆိုသည်။ ကြောင်စားလိုက်သဖြင့် သေဆုံးနေသော ဒေါင်းတစ်ကောင်ကို ဥယျာဉ်မှူးက တွေ့ရှိပြီးနောက် တာဝန်ကျရဲများအားလုံး စစ်ဆေးခဲ့ရာ ၁၈ ဦးမှာ ဒေါင်းများ ကျက်စားနေထိုင်သည့် မြက်ခင်းများကို စောင့်ရခြင်းမရှိဘဲ ကျန်သုံးဦးမှာသာ ထိုနေရာ စောင့်ခဲ့ရသဖြင့် အပြစ်ရှိကြောင်းဆုံးဖြတ်ကာရာထူးမှရပ်စဲခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

ပါကစ္စတန်ဝန်ကြီးချုပ် နေအိမ်တွင် အလှမွေးထားသည့် ဒေါင်းအရေအတွက်မှာမူ ကောင်ရေမည်မျှရှိကြောင်းနှင့် ဒေါင်းကို သတ်စားသွားသော ကြောင်ကို ဖမ်းမိခြင်းရှိ၊ မရှိ သတင်းတွင် ဖော်ပြခြင်းမရှိပေ။

*—Ref: BBC*




# ထိုင်းနိုင်ငံတွင် H1N1 ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ၁၈ ဦးရှိလာ

**ဘန်ကောက်၊ မတ်-၂၂**

ထိုင်းနိုင်ငံတွင် ယခုနှစ်ဆန်းပိုင်းက H1N1 ကြက်ငှက်တုပ်ကွေးရောဂါ ပြန်ပေါ်လာပြီးနောက် ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၁၈ ဦး ရှိသွားပြီဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီ (TNA)က ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ရောဂါဘယဆိုင်ရာဗျူရိုမှ ထုတ်ပြန်သော အချက်အလက်များအရ ထိုင်းနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ်လ ၁၇ ရက်အထိ H1N1 ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုပေါင်း ၁၈,၂၉၀ ရှိခဲ့ပြီး နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အဖြစ်များခဲ့ကြောင်းဆိုသည်။ ထိုင်းတုပ်ကွေးရောဂါ ဖောင်ဒေးရှင်းကလည်း နိုင်ငံတွင်း ယင်းရောဂါကြောင့် သေဆုံးရသည့် လူနာများတွင် အသက်(၂၅)မှ (၄၀)နှစ်အတွင်း လူနာများပါဝင်ပြီး ဆေးကုသမှုခံယူချိန် နောက်ကျခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဆိုသည်။

တုပ်ကွေး ဖောင်ဒေးရှင်းမှ ဒေါက်တာပရာဆတ်က ထိုင်းနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများ၌ ပြည်ပမှ ကူးစက်သည့်လက္ခဏာနှင့် အထောက်အထားများမတွေ့ရသေးကြောင်း၊ လက်ရှိတွင် ရောဂါကုသမှုများမှာလည်း ထိရောက်ကြောင်း ဆိုသည်။

*—Ref: Bernama*

# ရုရှားနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုအများစု ပြင်သစ်နိုင်ငံရပ်ဆိုင်း

**တယ်လင်း၊ မတ်-၂၂**

Mistral ဟုခေါ်သော ရဟတ်ယာဉ်တင် စစ်သင်္ဘောနှစ်စီးကို ရုရှားနိုင်ငံသို့ ရောင်းချမည်၊ မရောင်းချမည်ကို ပြင်သစ်နိုင်ငံက အလေးအနက် စဉ်းစားနေစဉ် ရုရှားနှင့် ပြင်သစ်နိုင်ငံ၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှု အများစုကို ရပ်ဆိုင်းထားလိုက်သည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးက မတ်လ ၂၁ ရက်တွင် ပြောသည်။


ARNAUD ROINE/AP

ခရိုင်းမီးယားဒေသအား ရုရှားနိုင်ငံက လွှဲပြောင်းရယူခဲ့ခြင်းအတွက် ရုရှားနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုအများစုကို ရပ်ဆိုင်းထားလိုက်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး လီဒရိန်းက အက်စတိုနီးယားနိုင်ငံ မြို့တော်တယ်လင်းတွင် ပြောကြားသည်။

အီးယူ၊ ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားနိုင်ငံတို့ကြား ဧပြီလတွင် ကျင်းပရန် စီစဉ်ထားသော ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကိုလည်း ဖျက်သိမ်းလိုက်သည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးစပ်သော သတင်းရင်းမြစ်များက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

အက်စတိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယားနိုင်ငံများ ပါဝင်သည့် ဘောလ်တစ်နိုင်ငံများနှင့် ပိုလန်နိုင်ငံတို့တွင် နေတိုးတပ်ဖွဲ့ လေကြောင်းမှ ကင်းလှည့်ခြင်းကို အင်အားဖြည့်ရန် ပြင်သစ် တိုက်လေယာဉ်လေးစီး စေလွှတ်ပေးမည်ဖြစ်ကြောင်း ယင်းသတင်းရင်းမြစ်က ပြောသည်။

Rafale နှင့် Mirage 2000 လေယာဉ်များ စေလွှတ်ပေးမည့်အပြင် နေတိုးတပ်ဖွဲ့ တောင်းဆိုလာပါကပြင်သစ်နိုင်ငံကတစ်ပတ်နှစ်ကြိမ် ကင်းလှည့်ပေးမည်ဖြစ်ကြောင်း ယင်းသတင်းရင်းမြစ်က ပြောသည်။

အမေရိကန်နိုင်ငံက မေလအထိ ကင်းလှည့်ရန် တာဝန်ယူထားပြီး ယူကရိန်းနိုင်ငံတွင် အခြေအနေတင်းမာနေမှုကြောင့် အမေရိကန်က ယင်းဒေသသို့ F-15 တိုက်လေယာဉ်များ ယခုလ အစောပိုင်းက စေလွှတ်ထားသည်။

ယင်းနောက် ကင်းလှည့်တာဝန်ကို အမေရိကန်ထံမှ ပိုလန်နိုင်ငံက လွှဲပြောင်းတာဝန်ယူမည်ဖြစ်သည်။ နေတိုးတပ်ဖွဲ့နှင့် ပိုလန်နိုင်ငံတို့ တောင်းဆိုပါက ပြင်သစ်နိုင်ငံက တိုက်လေယာဉ်များနှင့်အတူ ကင်းထောက်လေယာဉ်များဖြစ်သော AWACS လေယာဉ်များ ပို့ပေးသွားမည်ဖြစ်သည်။

ယူကရိန်းပြဿနာ စောင့်ကြည့်ရန် ကြိုးပမ်းခြင်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရိုမေးနီးယားနှင့် ပိုလန်နိုင်ငံတို့တွင် ကင်းလှည့်ပျံသန်းရန် AWACS ကင်းထောက်လေယာဉ်များကို နေတိုးတပ်ဖွဲ့က ချထားပြီးဖြစ်သည်။ *—Ref: AFP*

7 DAY NEWS JOURNAL

# Entertainment

Vol.13, No.4 • MARCH 26 , 2014



ဓာတ်ပုံ-နစ်ကီ



# “ခိုးကူးကိစ္စက ပစ္စည်းခိုးတာနဲ့ အတူတူပဲ။ အစိုးရက အဲဒါကို ဥပဒေနဲ့ မြန်မြန်ဆန်ဆန် ဖမ်းပေး။ ဥပဒေကလည်း ရှိပြီးသားဥပဒေကို တင်းကျပ်လိုက်ရင် ချက်ချင်းဖြစ်သွားမှာပဲ”

## သားစိုးနှင့် တွေ့ဆုံခြင်း

**ဇွဲဉာဏ်**

ဂီတလောကမှာ ဖန်တီးမှုပုံစံသစ်တွေနဲ့ ပရိသတ်အားပေးမှု ရရှိနေသူတွေထဲမှာ သားစိုးလည်း တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ ဂီတလောကကို သီအိုရီအဖွဲ့နဲ့ စတင်ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းမှာ မြန်မာ့ရိုးရာဂီတနဲ့ ခေတ်ပေါ်ဂီတကို ပေါင်းစပ်တီထွင်တင်ဆက်ခဲ့တာကိုလည်း ပရိသတ်တွေ နှစ်ခြိုက်ခဲ့ကြပါတယ်။ “အာလူး၊ သာကူး၊ နှာဘူး၊ ဂန်ဒူး”လို့ နာမည်ပေးထားတဲ့ တေးစီးရီးအသစ်ကို ပြေမှာ ဖြန့်ချိတော့မှာဖြစ်ပြီး ဂီတအစည်းအရုံးမူပိုင်ခွင့်ချိုးဖောက်မှု ကာကွယ်တားဆီးရေးကော်မတီမှာလည်း အတွင်းရေးမှူးတာဝန်ယူထားတဲ့ သားစိုးကို လက်ရှိဂီတလောကရဲ့ ခိုးကူးစျေးကွက်အကြောင်းနဲ့ အနုပညာလှုပ်ရှားမှုတွေအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**ပြေ ၁ ရက်မှာ စဖြန့်မယ့် “အာလူး၊ သာကူး၊ နှာဘူး၊ ဂန်ဒူး”စီးရီးအကြောင်း ပြောပြပေးပါလား။**

ဒီအခွေက စီစဉ်နေတာကြာပြီ။ အဓိကက သကြ္န်မတိုင်ခင် ထွက်လိုက်ချင်လို့ပါ။ ဒီနှစ်မထွက်ဖြစ်ရင်လည်း ထွက်ဦးမှာ မဟုတ်လို့ အမြန်ဆုံးထွက်လိုက်တာ။

**ဒီအခွေကို ပြီးခဲ့တဲ့ နှစ်ကတည်းက ထွက်မယ်ဆိုပြီး အချိန်ကြာသွားတာက ဘာကြောင့်ပါလဲ။**

ကျွန်တော်က ကျန်းမာရေးလည်း သိပ်မကောင်းဘူး။ စီးပွားရေးတွေလည်း လုပ်နေတော့ ဂီတဘက်ကို သိပ်မလုပ်ဖြစ်ဘူး။ ဂီတက ကိုယ်က အသည်းအသန်ကြိုးစားပြီး လုပ်လည်း ခိုးကူးတွေကောင်းစားဖို့ပဲလေ။ သူတို့ပဲ ပိုက်ဆံတွေရပြီး ချမ်းသာနေတာ။ ကိုယ်တွေက သေလောက်အောင် ကြိုးစားလည်း ဒုံရင်းက ဒုံရင်းပဲဆိုတော့ ဒီဘက်ကို သိပ်မလုပ်ညှ့်ဖြစ်ဘူး။ စီးပွားရေးက ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အရာထင်တယ်။ ဂီတက နာမည်ကြီးတာကလွဲရင် ကျန်တာဘာမှ သိပ်မထူးတော့ဘူးဆိုတော့ မလုပ်ချင်တော့ဘူး။

**အရင်အခွေတွေက သီချင်းတွေတုန်းကလည်း သကြ္န်မှာ ပေါက်လေ့ရှိတာ ဆိုတော့ ဒီအခွေကိုကော သကြ္န်ကို ရည်ရွယ်ပြီးထုတ်ဖြစ်တာလား။**

စာမျက်နှာ ၄၁ »

# Gangnam Blues ဇာတ်ကားမှာ လီမင်ဟိုနဲ့ ပူးတွဲသရုပ်ဆောင်မယ့် ကင်ရယ်ဝမ်

**ဆိုးလ်၊**
**မတ်-၂၂**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသား ကင်ရယ်ဝမ်သည် ပရိသတ်များအထူးမျှော်လင့်စောင့်စားလျက်ရှိသော Gangnam Blues ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဟု အတည်ပြုလိုက်သည်။

ကေဒရာမာစတား လီမင်ဟိုသည် Gangnam Blues ဇာတ်ကား၌ ပါဝင်မည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ကြေညာခဲ့ပြီးနောက် ကင်ရယ်ဝမ်၏ အတည်ပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် Boys over Flowers ဒရာမာဇာတ်လမ်းတွဲဖြင့် နာမည်ကျော်ကြားလာသော လီမင်ဟိုက စီနီယာကင်ရယ်ဝမ်သည် ၎င်း၏ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု အင်တာဗျူးအချို့တွင် ပြောကြားခဲ့သည်။

Gangnam Blues ရုပ်ရှင်ကားသည် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်အတွင်း ဆိုးလ်မြို့တောင်ပိုင်းရှိနာမည်ကျော် ဂန်းနမ်ခရိုင်၏ အရှုပ်အထွေးများကို ဖော်ပြမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ကင်ရယ်ဝမ်နှင့် လီမင်ဟိုတို့သည် ညီအစ်ကိုအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် ဆိုးလ်မြို့၏ ဂန်းနမ်ခရိုင်အခြေအနေမှာ လျင်မြန်စွာ ပြောင်းလာခဲ့ပြီး လူဆိုးဂိုဏ်းများသည် အိမ်ခြံမြေဈေးကစားခြင်းမှ မည်သို့မည်ပုံပိုက်ဆံရှာကြသည်ကို ရိုက်ကူးတင်ဆက်သွားမည်ဖြစ်သည်။

*—Ref: Korean Buzz*



7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# Bobbi Brown အလှကုန်ကြော်ငြာမော်ဒယ်သစ်အဖြစ် ခန့်အပ်ခံရတဲ့ ကိတ်အပ်တန်

**လော့စ်အန်ဂျလိစ်၊ မတ်-၂၂**
အမေရိကန်စူပါမော်ဒယ် ကိတ်အပ်တန်သည် နာမည်ကျော် (ဘော်ဘီဘရောင်း) Bobbi Brown အလှကုန်ပစ္စည်းကြော်ငြာမော်ဒယ်အသစ်အဖြစ် မတ်လ ၂၁ ရက်က ခန့်အပ်ခြင်းခံရသည်။

အသက် (၂၁) နှစ်အရွယ်ရှိ စူပါမော်ဒယ် ကိတ်အပ်တန်နှင့် ကမ္ဘာကျော်မိတ်ကပ်ပညာရှင် ဘော်ဘီဘရောင်းတို့သည် အမေရိကန် ABC ရုပ်သံလိုင်းမှ စီစဉ်တင်ဆက်သော Good Morning American အစီအစဉ်တွင် ကြော်ငြာမော်ဒယ်အဖြစ် ခန့်အပ်သည့် သတင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

ကိတ်အပ်တန်သည် လာမည့်ဂျူလိုင်လမှစ၍ Bobbi Brown ကုန်ပစ္စည်းကြော်ငြာများတွင် ပါဝင်မည်ဖြစ်ပြီး ၎င်းသည် Bobbi Brown အလှကုန်၏ပထမဆုံး ပြောရေးဆိုခွင့်ရအမျိုးသမီး ကေတီဟုမ်း၏ နေရာကို အစားထိုးဝင်ရောက်သူဖြစ်သည်။

စူပါမော်ဒယ် ကိတ်အပ်တန်သည် အမေရိကန်ဖက်ရှင်ကုမ္ပဏီ Express ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခံရပြီးနောက် သီတင်းပတ်တစ်ပတ်အကြာတွင် Bobbi Brown အလှကုန်၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံရသည်။

—*Ref: UPI*












7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

စာ(၄၁)မှ

# သားစိုးနှင့် တွေ့ဆုံခြင်း

အဲဒီလိုတော့ မဟုတ်ပါဘူး။ သင်္ကြန်အတွက် အဓိကရည်ရွယ်တာတော့ မဟုတ်ဘူး။ အဲဒီအတွက် နည်းနည်းပဲပါလိမ့်မယ်။ နှစ်ဖက်စလုံးမျှထားတာပေါ့။ ကျွန်တော့်စိတ်ထဲမှာ ရှိနေတာတွေကို ဖွင့်ပြလိုက်တာပါ။

**အခွေအသစ်မှာ ဘယ်လိုပုံစံမျိုးတွေ အများဆုံးပါမလဲ။ အရင်နဲ့ဘာတွေ ကွာခြားမှုရှိမလဲ။**

ကျွန်တော်သီအိုရီတုန်းက ဆိုခဲ့ဖူးတဲ့ပုံစံတွေ ပြန်ပါလာမယ်။ ပြီးတော့ တစ်ခါမှ လက်မတွဲဘူးတဲ့ ချမ်းချမ်းတို့၊ ဩရသတို့၊ အိမ့်ချစ်တို့ အဲဒီလိုအနုပညာရှင်တွေ အများကြီးနဲ့ လက်တွဲဖြစ်တယ်။ ဒီလူတွေနဲ့လုပ်ထားတဲ့ ဒီဇိုင်းအသစ်တွေ ပါလာမယ်။ မထင်ထားတဲ့ ပုံစံတွေပါလာမယ်။

**စီးရီးအမည်ကို သရော်တဲ့ ပုံစံပေးထားဖြစ်တဲ့အကြောင်းကို ပြောပြပေးပါလား။**

လူတွေအကြောင်းကို ကျွန်တော့်သီချင်းတွေက တစ်ပုဒ်ချင်းစီ ဖော်ကျူးထားတယ်ဆိုတော့ အဲဒီတစ်ပုဒ်ချင်းစီရဲ့ အကြောင်းတွေကို ရေးထားတာပါ။ လောလောဆယ်ဒီသီချင်းကို ရေးထားပေမယ့် ဒီသီချင်းထည့်လိုက်ရင် တော်တော်မိတ်ပျက်ရမယ့် ကိစ္စတွေရှိလို့ ဖြုတ်ထားတယ်။ ဒါပေမဲ့ အဆင်ပြေရင်တော့ ဗီစီဒီကျမှ ထည့်ဖို့ စိတ်ကူးရှိတယ်။ လောလောဆယ်ထွက်မယ့် အခွေမှာ အဲဒီသီချင်းမပါဘူး။ ခေါင်းစဉ်အနေနဲ့ပဲ သုံးလိုက်တာ။

**တစ်ကိုယ်တော်ဖျော်ဖြေပွဲကို အခမဲ့လုပ်မယ်လို့စီစဉ်နေတယ်နော်။**

ဖျော်ဖြေပွဲက မေ ၁ ရက်မှာ Sky Star ဟိုတယ်ဘေးက ရွှေထွဋ်တင်ကွင်းမှာ လုပ်ဖြစ်မှာပါ။ မြန်မာပြည်ရဲ့ ပထမဆုံးပျော်စရာကောင်းတဲ့ ပါတီတစ်ခုဖြစ်အောင် ကြိုးစားနေပါတယ်။ အဓိကကတော့ ကဖို့ပေါ့၊ သီချင်းတွေနဲ့ ကမယ်။ ဝုန်းဒိုင်းကြဲပြီးတော့ သောင်းကျန်းလို့ရအောင် စီစဉ်ထားပါတယ်။ အခမဲ့လုပ်ဖြစ်တာက ကျွန်တော်က စကိုင်းနက်နဲ့ ပူးပေါင်းပြီး လုပ်တဲ့အခါကျတော့ အခကြေးငွေယူလည်း ပြန်ရမယ့် ပိုက်ဆံနဲ့ လူတွေ ပျော်ရမှာနဲ့ လုပ်ရမှာ ပင်ပန်းတာနဲ့ဆို မထူးတော့ဘူး။ တစ်ခါတည်းပဲ ပရိသတ်ကို မဖျော်ဖြေရတာလည်း ကြာပြီဆိုတော့လာမယ့်လာ အကုန်လုံးပျော်ကြမယ်။ သောင်းကျန်းကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဖြစ်တာပါ။

**ဂီတသမားတွေအတွက် ဖျော်ဖြေပွဲတွေက မှတ်တိုင်တစ်ခုပဲဆိုတော့ အဲဒီအတွက် ဘာတွေ ပြင်ဆင်ထားလဲ။**

သီချင်းတွေအားလုံးကို ပေါင်းပြီးတော့ ဒီဇိုင်းအမျိုးမျိုးလုပ်ပြမယ်။ သံစုံတီးဝိုင်းပါမယ်။ ဆိုင်းဝိုင်းပါမယ်၊ အဲဒါတွေကို တီးပြမယ်။ မတူတဲ့ အရသာတွေ ထပ်ပြီး ပေါင်းပြမယ်။ မြန်မာ့ဆိုင်းဝိုင်းကလည်း ဒီလိုမျိုးအားရှိတယ်ဆိုတာပြချင်တယ်။ မြန်မာ့ဆိုင်းဝိုင်းနဲ့ ဒီလိုလုပ်ရင်လည်း မိုက်တယ်ဆိုတာ ပြချင်တယ်။ အဲဒါကို ဒီဂျေနဲ့ ပေါင်းရင်နောက်တစ်မျိုးဘယ်လိုဖြစ်သွားမယ်။ ဒ့ါအပြင် မြန်မာဆိုင်းဝိုင်းနဲ့ ဒီဂျေပေါင်းထားတာကို အနောက်တိုင်းက သံစုံတီးဝိုင်းတွေနဲ့ ပေါင်းရင် ဘာထပ်ဖြစ်မလဲဆိုတာတွေပါ လုပ်ပြချင်တာ။

**ဂီတအစည်းအရုံး မူပိုင်ခွင့် ချိုးဖောက်မှုကာကွယ်တားဆီးရေးကော်မတီမှာလည်း အတွင်းရေးမှူးတာဝန် ယူထားတာဆိုတော့ လက်ရှိမြန်မာနိုင်ငံရဲ့ ခိုးကူးဈေးကွက်နဲ့ ပတ်သက်ပြီး ဘယ်လိုသုံးသပ်ချင်ပါလဲ။**

လတ်တလော မြန်မာခိုးကူးက လမ်းပေါ်မှာ ရှားတော့ ရှားသွားပြီ။ အရင်တုန်းကလိုမျိုး ခိုးကူးကို ပေါ်တင်ရောင်းတဲ့အဆင့်တော့ မဟုတ်တော့ဘူး။ ဒါပေမဲ့ မြို့ထဲပတ်ချာလည်ပေါ့။ မြို့ပြင်မှာတော့ ရောင်းနေတာပဲ။ အဲဒီကိစ္စအတွက်က နိုင်ငံတော်က လုပ်မှရမှာ။ ကျွန်တော်တို့ အင်အားနဲ့ မနိုင်ဘူး။ တစ်နိုင်ငံလုံးက ခိုးကူးပဲ ရောင်းဝယ်နေကြတာလေ။ အခွေစစ်မှ ရောင်းဝယ်မှုမရှိတာ။ အခွေစစ်ရောင်းရအောင်လည်း ဖြန့်ချိရေးဘက်က လုပ်ရမယ်။ တကယ်အစိုးရဘက်က ဥပဒေတစ်ချက်ပဲ။ ဒီခွေကို ရောင်းတဲ့လူရော၊ ဝယ်တဲ့သူရောမိရင် ထောင်ဒဏ်ဘယ်လောက်ဆို ဘယ်သူမှ မလုပ်ရဲဘူး။ အဓိကက အစိုးရပဲ။ ခုလောလောဆယ် ဂီတအစည်းအရုံးအနေနဲ့ ခိုးကူးတွေကို တရားစစွဲပြီ။ မန္တလေးမှာ ထွန်းနိုင်မိုဘိုင်းကို တရားစွဲထားတယ်။ နောက်ပိုင်းမိတဲ့ ခိုးကူးတွေလည်း တရားပဲစွဲမှာပါ။ ကျွန်တော်တို့ ကုန်ကျစရိတ်တွေပြန်ယူမယ်။ တစ်ချပ်မိရင် ဆယ်သိန်းနဲ့ တွက်ပြီး ဆက်လုပ်မှာပါ။

**ဂီတလောကအတွက် အစိုးရဘက်က ဘယ်လိုကူညီပေးစေချင်တာလဲ။**

ခိုးကူးကိစ္စက ပစ္စည်းခိုးတာနဲ့ အတူတူပဲ။ ဥပမာ ရွှေတစ်ကျပ်သားခိုးတာနဲ့ အခွေတစ်ခွေခိုးကူးတာ အတူတူပဲဆိုတာ လူတွေ နားလည်ရမယ်။ အစိုးရက အဲဒါကို ဥပဒေနဲ့ မြန်မြန်ဆန်ဆန်ဖမ်းပေး၊ ဥပဒေဆိုတာလည်း ရှိပြီးသား ဥပဒေကို တင်းကျပ်လိုက်ရင် ချက်ချင်းဖြစ်သွားမှာပဲ။

**တချို့ပရိသတ်တွေက အဆိုတော်တွေ၊ ကော်ပီတွေပဲဆိုလို့ ခိုးကူးကို အားပေးတယ်လို့ ပြောကြတာတွေရှိတဲ့အပေါ်မှာ အစ်ကိုရဲ့ အမြင်လေးကို ပြောပြပေးပါလား။**

ကော်ပီဆိုတယ်ဆိုလည်း ပြန်ပြီးဆိုတဲ့ စရိတ်တွေက အလကားမရဘူး။ အဲဒါက တမင်သက်သက်လွှဲချတာ။ သူ့ဟာသူ ဘယ်လိုပဲ ကော်ပီတွေ ခိုးဆိုဆို၊ ဘယ်လိုပဲ ပြန်လုပ်လုပ် အဲဒါအကုန်လုံးက စတူဒီယိုဂျူတီဖိုးပြန်ယူပြီး လုပ်ရတာ။ ဘယ်သူမှအလကားလာတီးပေးတာ မဟုတ်ဘူး။ မြန်မာဘာသာပြန်ပြီး ဆိုရတယ်။ တေးရေးခရှိတယ်။ စတူဒီယိုခရှိတယ်။ အဲဒါတွေ ဘယ်သူပေးမှာတုံး။ အဲဒီလိုသူများခိုးလို့ လိုက်ခိုးတယ်ဆိုရင် စိတ်ဓာတ်က အင်မတန်သေးသိမ်တဲ့ စိတ်ဓာတ်ဖြစ်သွားလိမ့်မယ်။ အဲဒီလိုသံစဉ်ခိုးလို့ လုပ်တာဆိုရင် ကျွန်တော်တို့ဆိုသံစဉ်မှ မခိုးတာ ကိုယ့်ဟာကိုယ် ရှာဖွေပြီး တီးနေတာ။ ကျွန်တော်တို့ဟာကိုကော အစစ်ဝယ်လို့လား။ မဝယ်ပါဘူး။ ဒါဆင်ခြေပေးတာ တစ်ခုပါ။

**အစ်ကိုရဲ့ အခွေကို ခိုးကူးရန်ကကာကွယ်နိုင်ဖို့ ဘယ်လိုပြင်ဆင်မှုတွေ လုပ်ထားလဲ။**

ဘယ်လိုမှ မလုပ်ထားဘူး။ ခိုးကူးမှာပဲလေ။ ဒါကို ဝဋ်ရှိလို့ လုပ်နေတဲ့ သဘောပဲ။ ဝါသနာအရ လုပ်တယ်ဆိုတဲ့ သဘောနဲ့ ဆက်လုပ်တာပဲ။ နောက်ပိုင်းခွေထွက်ဖို့က ဒီထက်ပိုကျဲလာမှာပဲ။ နောက်ပိုင်းမှာတော့ ဂီတနဲ့ ပိုပြီး ကင်းကွာသွားဖို့ပဲရှိတော့တယ်။ ဂီတကို ဝါသနာအရပဲ လုပ်တော့မယ်။ စီးပွားရေးအရတော့ အခြားစီးပွားရေးပဲပြောင်းရတော့မှာပဲ။

**အရင်ခေတ်ကတော့ ကော်ပီကို အားပေးကြတယ်။ အခုပြောင်းလဲလာတဲ့ ခေတ်မှာကော၊ ကော်ပီရဲ့ အခန်းကဏ္ဍက ဘယ်လိုဖြစ်မယ်လို့ထင်လဲ။**

ကော်ပီကပျောက်သွားမှာပဲ။ ဒါက Cover Song သာသာပဲရှိတာလေ။ အခုနောက်ပိုင်းဂီတပညာရှင်တွေ တော်တော်များများလည်း ဒါကို ဆက်မလုပ်ကြတော့ဘူး။ ဒါက တော်တော်လွဲခဲ့တဲ့ကိစ္စပါ။ ပရိသတ်ရော၊ ဆိုခဲ့တဲ့လူတွေရော လွဲခဲ့တာကိုး။ နောက်ပိုင်းကျ ဒါကြီးက ရှိတော့မှာ မဟုတ်ဘူး။ လက်ရှိနာမည်ကြီးနေတဲ့ သီချင်းတွေတောင် ကိုယ်ပိုင်သံစဉ်တော်တော်များနေပြီ။

**၂၀၁၄ သင်္ကြန်ဖြတ်သန်းမှုကို ဘယ်လိုစီစဉ်ထားလဲ။**

သင်္ကြန်က မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာရှိမယ်။ ဖျော်ဖြေရေးအနေနဲ့ကတော့ ရှိပြီးသား သီချင်းတွေထဲက အသစ်တွေ ပြန်တီးထားတာတွေရှိတယ်။ မနှစ်ကလည်း မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာပဲ ဖျော်ဖြေခဲ့တယ်။ ဒီနှစ်လည်း အဲဒီလိုပဲ ဖျော်ဖြေမှာပါ။

**အစ်ကို့ရဲ့ ပရိသတ်တွေကို ပြောချင်တဲ့ စကားရှိရင် ပြောပေးပါဦး။**

ဒီနှစ်က အခွေလည်း ထွက်မယ်ဆိုတော့ အခွေစစ်လေး အားပေးကြပါ။ အခွေစစ်မှ အားမပေးရင် ကျွန်တော်တို့မှာလည်း အရင်းရှိတယ်လေ။ အရင်းပြန်မရဘဲ အရင်းပဲ ပြုတ်ပြုတ်နေတော့ ထပ်ပြီး ထုတ်ဖို့က မလွယ်တော့ဘူး။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဂီတသမားတွေ အားလုံးအတွက် ပြောတာပါ။ ခိုးကူးခွေကူးမယ်ဆိုရင်လည်း ကြိုက်သလောက်ကူး။ ပြီးရင်တော့ ကျသလောက် ရှင်းရမှာဖြစ်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**




လူရှင်တော်ရေးတဲ့ စာ
ဝင်းနိုင် (အနုပညာ)

- ဇာတ်သဘင်နှင့် ရုပ်ရှင်လောကမှ ကမောက်ကမဟာသများ၊ အဆင်မပြေမှုများ ၊ ပြုပြင်စရာများ၊
- ပြင်ပလောကမှ ကမောက်ကမဟာသများ၊ အဆင်မပြေမှုများ၊ ပြုပြင်စရာများ
- အနုပညာလောကသားအချင်းချင်း လူပေါ် လူဇော် လုပ်တတ်သူများ အကြောင်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ချထားတဲ့စာအုပ်တစ်အုပ်။
- အနုပညာလောကထဲက လူရွှင်တော် အနုပညာရှင်တစ်ဦးရဲ့ ရင်တွင်းခံစားချက်။

မရမ်းတလင်းစာပေ – ဖုန်း–၀၁ ၅၄၃၂၉၇၊ ၀၉ ၇၃၀၀၂၉၆၅



UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း




50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900



ဝန်ထမ်းအလိုရှိသည်

Min Dhama Company Limited ၏ ဆောက်လုပ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှုများအရ ထိုက်တန်ကောင်းမွန်သောလစာကိုချီးမြှင့်မည်။

**Project Manager - Male (3) Post**
- B.E (Civil),M.E(Civil) ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၂) နှစ် လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အသက် (၃၅) နှစ်နှင့် (၄၅)နှစ်ကြား ဖြစ်ရမည်။

**Project Engineer - Male (5) Post**
- B.E (Civil) ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၇) နှစ် လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အသက် (၃၀) နှစ်နှင့် (၄၀)နှစ်ကြား ဖြစ်ရမည်။

**Site Engineer - Male (15) Post ,Female (15) Post**
- B.E (Civil) , B.Tech (Civil) , AGTI (Civil) ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာအသင့်အတင့် ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- B.E (Civil) အတွက်ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်၊ B.Tech (Civil), AGTI(Civil) အတွက်ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၅)နှစ်လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**စာရင်းကိုင် Male or Female (3) Post**
- CPA + (B.com or LCCI Level 3 or ACCA) အောင်မြင်ပြီးသူဖြစ်ရမည်။
- Accounting Software များကို ကျွမ်းကျင်စွာအသုံးချနိုင်သူဖြစ်ရမည်။
- English 4 skills,Leadership skills,Effective Team Management နှင့် International Financial Reporting skills ရှိသူဖြစ်ရမည်။
- အသက် (၃၅)နှစ်နှင့်(၄၅)နှစ်ကြား ဖြစ်ရမည်။(အရည်အချင်းအရ အသက်ကန့်သတ်ချက်ကို စဉ်းစားမည်။)
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

**QC Engineer Male (5) Post**
- B.E (Civil),M.E (Civil) ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ် လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**Store Keeper Male (10) Post**
- အခြေခံပညာအထက်တန်းအောင် (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အသက် (၂၀) နှစ်နှင့် (၄၀)နှစ်ကြား ဖြစ်ရမည်။
- စတိုလုပ်ငန်းသဘောသဘာဝများကိုစိတ်ပါဝင်စားသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည်(၂၉.၃.၂၀၁၄)ရက်နေ့နောက်ဆုံးထား၍ကိုယ်တိုင်ရေးလျှောက်လွှာ၊ (၃)လအတွင်းရိုက်ကူးထားသောဓါတ်ပုံ(၃)ပုံ၊နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊ပညာအရည်အချင်းထောက်ခံစာ၊သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့ဖြင့် Min Dhama Company Limited အမှတ် (၁၀၆) ၊ ပန်းပဲခေါင်းမောင်ခက်လမ်း၊စက်မှုဇုံ(၄)၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့သို့ လျှောက်လွှာများကိုလူကိုယ်တိုင်ဖြစ်စေ၊Emailဖြင့်ဖြစ်စေလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် - Phone : 0943127000,0973133788
- Email : tmsasiametal@gmail.com

Sports
7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ရာသီဥတုပူပြင်းမှုကြောင့် မြန်မာလိဂ်ကစားသမားများ ပင်ပန်းမှုဒဏ်ပိုခံစားလာရ

## ညနေ ၃ နာရီခွဲတွင် ကျင်းပနေသည့် မြန်မာလိဂ်-၂ ပွဲစဉ်များကို ညနေ ၄ နာရီသို့ ပြောင်းလဲကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၂၄**

ရာသီဥတုပူပြင်းလာမှုကြောင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကစားသမားများ ပင်ပန်းမှုဒဏ် ပိုမိုခံစားနေရပြီး ဘောလုံးအဖွဲ့ချုပ်သည် ညနေ ၃ နာရီခွဲတွင် စတင်သည့် မြန်မာလိဂ်–၂ ပထမအကျော့နောက်ဆုံးပွဲစဉ်ကို ညနေ ၄နာရီသို့ပြောင်းလဲကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနေရှင်နယ်လိဂ်–၁ ပွဲစဉ်များကို ညနေ ၄ နာရီနှင့် မြန်မာနေရှင်နယ်လိဂ်–၂ ပွဲစဉ်များကို ညနေ ၃ နာရီခွဲတွင် စတင်ကျင်းပလျက်ရှိပြီး ပွဲစဉ်အများစု ယှဉ်ပြိုင်ကစားသည့် ရန်ကုန်မြို့ အပူချိန်မှာ ယင်းအချိန်ဝန်းကျင်တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်၌ရှိနေသည်။

မြန်မာလိဂ်–၁ ပွဲစဉ်များထက် နာရီဝက်အချိန်ပိုစောယှဉ်ပြိုင်ရသည့် မြန်မာလိဂ်–၂ ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် ရာသီဥတုအပူဒဏ်ပိုမိုခံစားနေရကြောင်း ဘောလုံးသမားများက ပြောသည်။

"မတ်လအတွင်းမှာ ကစားရတဲ့ပွဲတွေမှာ ပိုသိသာလာတယ်။ ဂိုးသမားဆိုတာ ပြောရရင် ပြိုင်ပွဲဝင်တခြားကစားသမားတွေထက် လှုပ်ရှားမှုနည်းပါတယ်။ ဒါတောင်မှ အရင်ပွဲတွေအထက် ပိုပင်ပန်းလာတာ သတိထားမိတယ်။ မျက်လုံးတွေလည်း တအားကိုက်တယ်"ဟု မြန်မာလိဂ်–၂ ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးသမားရန်အောင်လင်းက ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ရာသီဥတုပူပြင်းမှုကြောင့်ပြီးခဲ့သည့်မတ်လတတိယပတ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာလိဂ်ပွဲစဉ်များတွင် ပွဲချိန်အတွင်း ခေတ္တရပ်နားချိန်များ ထည့်သွင်းပေးခဲ့သည်။ ပထမပိုင်း မိနစ် ၃၀ နှင့် ဒုတိယပိုင်း မိနစ် ၃၀ တို့တွင် တစ်မိနစ်ရပ်နားကာ ကစားသမားများအား ရေသောက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"ပထမပိုင်းနဲ့ ဒုတိယပိုင်းမှာ တစ်မိနစ်နားတာ ကောင်းတဲ့အစီအစဉ်ပါ။ နားလိုက်ရတဲ့အတွက် အားပြည့်ပြီး ပြန်ကစားနိုင်လာပါတယ်။ ပွဲစဉ်တွေကို ညနေ ၃ နာရီခွဲ စတာကတော့ စောလွန်းတယ်ထင်ပါတယ်။ ညနေ ၄ နာရီလောက်ဆိုရင် ကောင်းမှာပါ။ ပူပြင်းတဲ့နေရောင်အောက်မှာကစားရတဲ့အတွက် အခြားကစားသမားတွေအတွက်လည်း အခက်အခဲဖြစ်မှာပါပဲ"ဟု ဟံသာဝတီအသင်းမှ အိုင်ဗရီကို့စ်ကစားသမားဘမ်ဘာက ပြောသည်။



*ပွဲချိန်အတွင်း ခေတ္တရပ်နားချိန်တစ်မိနစ်တွင် မြန်မာလိဂ်-၂ ပြိုင်ပွဲဝင်ကစားသမားများ ရေသောက်နေစဉ်*

ဓာတ်ပုံ – ဗိုလ်ဗိုလ်ဝင်း

ရာသီဥတုပူပြင်းမှုဒဏ်ကို ပြိုင်ပွဲဝင်ကစားသမားများသာမက ပြိုင်ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများနှင့် လာရောက်ကြည့်ရှုသည့် ပွဲကြည့်ပရိသတ်များလည်း ခံစားရကြောင်း ဆိုကြသည်။ ပွဲချိန်အတွင်း ခေတ္တရပ်နားချိန်များတွင် ဒိုင်လူကြီးများလည်း ကစားသမားများနည်းတူ ရေသောက်နေသည်ကို တွေ့ရှိရသည်။

ပွဲကစားချိန် ပထမပိုင်းနှင့် ဒုတိယပိုင်းများတွင် တစ်မိနစ်စီ ခေတ္တရပ်နားချိန်ပေးခဲ့ခြင်းမှာ မတ်လအတွင်းက မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အေအက်ဖ်စီဖလားအုပ်စု ဒုတိယပွဲစဉ်များတွင် စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာလိဂ်ပွဲစဉ်များတွင်လည်း ကျင့်သုံးလာခြင်းဖြစ်သည်။

"ဖီဖာက သတ်မှတ်ထားတာရှိပါတယ်။ ပွဲကစားချိန်မှာ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထက် ကျော်နေမယ်ဆိုရင် ပထမပိုင်း ၃၀ မိနစ်နဲ့ ဒုတိယပိုင်း ၃၀ မိနစ်မှာ တစ်မိနစ်ရပ်နားပြီး ကစားသမားများကို ရေသောက်ခွင့်ပြုဖို့ပါ။ ညနေ ၃ နာရီခွဲမှာ စတင်တဲ့ မြန်မာလိဂ်–၂ ပွဲစဉ် ပထမအကျော့နောက်ဆုံးပွဲစဉ်တွေကို ညနေ ၄ နာရီမှာ အချိန်နောက်ဆုတ်ကျင်းပပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။

သို့သော် ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ညနေ ၄ နာရီတွင် ကျင်းပနေသည့် မြန်မာလိဂ်–၁ ပွဲစဉ်များကိုမူ အချိန်ပြောင်းလဲရန် အခက်အခဲအချို့ရှိနေ၍ ပုံမှန်အတိုင်းသာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မီးမောင်းမရှိတဲ့ ကွင်းတွေမှာကျတော့ ညနေ ၄ နာရီထက်နောက်ကျပြီးပွဲစတင်ဖို့က အခက်အခဲရှိနေပါတယ်။ မြန်မာလိဂ်–၁ ပွဲစဉ်တွေကိုတော့ ပုံမှန်အတိုင်းပဲ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု တာဝန်ရှိသူကဆိုသည်။

"ရာသီဥတုပိုပူလာတာကတော့ ပြီးခဲ့တဲ့သုံးပွဲလောက်မှာ ပိုသတိထားမိပါတယ်။ အသင်းတာဝန်ရှိသူတွေအနေနဲ့လည်း ကစားသမားတွေကို အရင်ကထက်ရေ၊ ဓာတ်ဆားရည်ပိုသောက်ဖို့မှာကြားထားပါတယ်"ဟု မြန်မာလိဂ်–၁ ပြိုင်ပွဲဝင် ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် ခင်မောင်လွင်က ပြောသည်။

ပြိုင်ပွဲဝင် ၁၂ သင်းပါဝင်ယှဉ်ပြိုင်နေသည့် မြန်မာလိဂ်–၁ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များပြီးဆုံးရန် ပွဲစဉ်သုံးခုကျန်ရှိသေးသော်လည်း ပွဲစဉ်(၉)နှင့် ပွဲစဉ် (၁၀)နှစ် ခုသာ မတ်လနှင့် ဧပြီလအတွင်းကျင်းပရန်ရှိနေသည်။ ပြိုင်ပွဲဝင် ၁၀ သင်းပါဝင်ယှဉ်ပြိုင်နေသည့် မြန်မာလိဂ်–၂ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များတွင် ပွဲစဉ်(၉) တစ်ခုသာကျန်ရှိနေပြီး မတ်လကုန်၌ ပြီးဆုံးမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အိုဇုန်းလွှာအပေါက် ပေါက်ကာ ကမ္ဘာမြေကြီးပေါ်သို့ ရောက်လာသည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို မြန်မာနိုင်ငံတွင်ပါ ခံစားနေရပြီး ဆောင်ရန်၊ ရှောင်ရန်အချက်များကို သတိပြုရန် လိုအပ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ၎င်း၏ မိုးလေဝသသတင်းဆိုင်ရာ ဝက်ဘ်ဆိုက်မှ နေ့စဉ်နီးပါးသတိပေးနေသည်။

ကျန်းမာရေးဝန်ကြီးဌာနက ခရမ်းလွန်ရောင်ခြည်အန္တရာယ် မြင့်မားနေသောကြောင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်အောက်သွားလာသူများ ကာကွယ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း သတိပေးထားသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး (WMO)က ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်း ၀ မှ ၁၁ အထက်ကို အဆင့်အမျိုးမျိုးသတ်မှတ်ထားပြီး ညွှန်းကိန်းအဆင့် (၈)ကျော်ပါက အန္တရာယ်ရှိသော high level အဆင့်သတ်မှတ်ထားသည်။ ညွှန်းကိန်း ၁၁ အထက်ကိုမူ လွန်ကဲအဆင့် (extreme level)သတ်မှတ်ပြီး နေ့စဉ်နေ့တိုင်းလည်း နိုင်ငံအလိုက် ခရမ်းလွန်ရောင်ခြည်ကျရောက်နေမှုကို သတင်းထုတ်ပြန်ပေးသည်။ အပူပိုင်းဇုန်တွင်ရှိနေသည့် မြန်မာနိုင်ငံ၌ ကျရောက်နေသည့် ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအဆင့်မှာ မတ်လနှောင်းပိုင်းတွင် ဒေသအချို့၌ ညွှန်းကိန်း ၁၃ ဒသမ ၈ အထိမြင့်တက်ခဲ့သည်။




DM
Dennis Martin
New Arrival DM 9888
CHERRY OO
DENNIS MARTIN WATCH GROUP,NFC.LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)76461, (02)76424.


သင်၏မော်တော်ယာဉ်ဟောင်းများကို 2014 KIA ကားသစ်များနှင့်လဲလှယ်နိုင်ပါပြီ။
ယာခ 5 နှစ်၊ ကီလိုမီတာ 100,000 အာမခံ ပေးနေပါသည်။
Grade အမြင့်ဆုံး၊ ဈေးအသက်သာဆုံး အာမခံသည်။
CARENS
၃၉၉ သိန်း (လက်ငင်းရောင်းဈေး)
၈ သိန်း ၉ သောင်း (၃၆ လ)*
SORENTO
၅၅၁ သိန်း (လက်ငင်းရောင်းဈေး)
၁၂ သိန်း ၂ သောင်း (၃၆ လ)*
OPTIMA
၄၅၇ သိန်း (လက်ငင်းရောင်းဈေး)
၁၀ သိန်း ၁ သောင်း (၃၆ လ)*
picanto
သိန်း ၁၈၀ (လက်ငင်းရောင်းဈေး)
၄ သိန်း (၃၆ လ)*
RIO
သိန်း ၂၄၀ (လက်ငင်းရောင်းဈေး)
၅ သိန်း ၃ သောင်း (၃၆ လ)*
SPORTAGE
၄၆၉ သိန်း (လက်ငင်းရောင်းဈေး)
၁၀ သိန်း ၄ သောင်း (၃၆ လ)*
CERATO
သိန်း ၄၄၀ (လက်ငင်းရောင်းဈေး)
၉ သိန်း ၈ သောင်း (၃၆ လ)*
5 YEAR KIA WARRANTY 100,000 KM
၂၀% ကနဦး ပေးသွင်းငွေ
KIA
The Power to Surprise
www.kia.com.mm
KiaMyanmar
Hot Line : 09 731 80000, 09 86 12828

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# နေမာသည် ကမ္ဘာ့အကောင်းဆုံးငါးဦးတွင်ပါဝင်ဟု ဘာကာနည်းပြပြောကြား

**ဘာစီလိုနာ၊ မတ်-၂၃**

ဘာစီလိုနာနည်းပြ မာတီနိုက အသင်းမှ ဘရာဇီးလူငယ်တိုက်စစ်မှူး နေမာသည် မကြာသေးမီက စွမ်းဆောင်မှုပိုင်း ညံ့ဖျင်းခဲ့ကြောင်း ဝေဖန်မှုများကြုံတွေ့ခဲ့ရသော်လည်း ၎င်းသည် ကမ္ဘာ့အကောင်းဆုံးကစားသမား ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်းကာကွယ်ပြောကြားလိုက်သည်။ နေမာသည် ဘာကာသို့ ရောက်ရှိခါစ လာလီဂါရာသီအစပိုင်းပွဲများတွင် အဆုံးအဖြတ်ဂိုးများ သွင်းနိုင်ခဲ့သော်လည်း ယခုနောက်ပိုင်း၌ ဒဏ်ရာနှင့် အသင်းအပြောင်းအရွှေ့တွင် ဖြစ်ခဲ့သော ဘဏ္ဍာရေးပိုင်းဆိုင်ရာ ပြဿနာများကြောင့် ခြေစွမ်းကျဆင်းနေခြင်းဖြစ်သည်။

သို့သော် နေမာ(၂၂)နှစ်သည် ခြေစွမ်းပြနိုင်ကြောင်း မာတီနိုက ဆိုသည်။ "နေမာဟာ မန်စီးတီးနဲ့ပွဲမှာ အလွန်ကောင်းမွန်စွာ ကစားခဲ့ပါတယ်။ နေမာဟာ ကမ္ဘာ့အကောင်းဆုံးငါးဦးထဲက တစ်ဦးဆိုတာကိုလည်း ကျွန်တော် ထပ်ပြောရပါမယ်။ သူ့အရည်အသွေးတွေကိုအတည်ပြုဖို့ကျွန်တော့်မှာကြားခံအဖွဲ့တစ်ခုခု မလိုအပ်ပါဘူး"ဟု မာတီနိုက သတင်းထောက်များအား ပြောကြားသည်။ နေမာသည် ယခုရာသီတွင် ဘာစီလိုနာအတွက် ပွဲပေါင်း ၂၀ ကစားထားပြီး ခုနစ်ဂိုးသွင်းယူထားသည်။

—*Ref: Goal*



ALBERT GEA/REUTERS






# ကင်ညာနိုင်ငံတွင် မယားပြိုင်ယူခြင်းဥပဒေမူကြမ်းနှင့်ပတ်သက်၍ အမျိုးသမီးလွှတ်တော်အမတ်များ စကားများ

**နိုင်ရိုဘီ၊ မတ်-၂၂**

ကင်ညာနိုင်ငံတွင် အမျိုးသမီးလွှတ်တော် အမတ်များသည် မယားပြိုင်ယူခြင်းဥပဒေမူကြမ်းနှင့် ပတ်သက်၍ အမျိုးသားအမတ်များနှင့် အချင်းများပြီး လွှတ်တော်အစည်းအဝေးပွဲမှ ဒေါသတကြီး ထွက်သွားခဲ့သည်။

မယားပြိုင်ယူခြင်း ဥပဒေသည် အမျိုးသားတစ်ဦးအနေဖြင့် မယားတစ်ယောက်သာ ခွင့်ပြုသော တရားမဥပဒေကို အချို့ယဉ်ကျေးမှုများတွင် မယားများစွာခွင့်ပြုသော ဓလေ့ထုံးတမ်းဥပဒေအဖြစ် ပြောင်းလဲရန် ရည်ရွယ်သည်။

ကင်ညာ အမျိုးသားလွှတ်တော်အမတ်များက အမျိုးသားများအနေဖြင့် လက်ရှိ ဇနီးများနှင့် မတိုင်ပင်ဘဲ ၎င်းတို့ စိတ်ကြိုက် မိန်းမများ ယူခွင့်ရှိသည်ဟူသော လက်ထပ် ထိမ်းမြားခြင်းဥပဒေမူကြမ်းသစ်ကို ပြင်ဆင်ရန် မဲပေးခဲ့ကြသည်။ ကင်ညာနိုင်ငံ၏အစဉ်အလာအရ မယားကြီး၏ ခွင့်ပြုမှုရှိမှသာလျှင် နောက်ထပ် ဇနီးမယားများ ယူခွင့်ရှိမည်ဖြစ်သည်။

ကင်ညာလွှတ်တော်အစည်းအဝေးခန်းမရှိ အမတ် ၃၄၉ ဦးတွင် အမျိုးသမီးလွှတ်တော်အမတ် ၆၉ ဦးသာ ပါဝင်ပြီး ယင်းအနက် ၃၀ ခန့်သာ စကားအချေအတင်ဆွေးနွေးခြင်း ပါဝင်ခဲ့သောကြောင့် အမျိုးသားလွှတ်တော်အမတ်များက အင်အားသာခဲ့သည်။ အမျိုးသမီးလွှတ်တော်အမတ်များသည် မယားကြီး၏ခွင့်ပြုချက်မလိုဘဲ မယားပြိုင်ယူခြင်းဥပဒေမူကြမ်း မဲပေးခြင်းကိုစွရပ်နှင့် ပတ်သက်၍ စက်ဆုပ်ရွံရှာစွာဖြင့် လွှတ်တော်အစည်းအဝေးမှ ထွက်ခွာသွားခဲ့ကြသည်ဟု သတင်းထောက်များက ပြောကြားသည်။ အဆိုပါဥပဒေမူကြမ်းအား အတည်ပြုရန်အတွက် ကင်ညာသမ္မတထံ တင်သွင်းလိုက်ပြီဖြစ်သည်။

ဥပဒေပြင်ဆင်ချက်ကို အဆိုပြုခဲ့သော လွှတ်တော်အမတ် ဆင်မြူရယ်ချက်ကွန်ဂါက ကင်ညာနိုင်ငံ၏ ဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ပြုသော အမျိုးသမီးအနေဖြင့် အိမ်ထောင်ရေးသည် မယားပြိုင်ယူခွင့်ရှိသည်ကို နားလည် သဘောပေါက်သောကြောင့် ဆွေးနွေးတိုင်ပင်ရန်မလိုကြောင်း ပြောကြားခဲ့သည်ဟု ကင်ညာ Daily Nation သတင်းစာက ဖော်ပြသည်။

လွှတ်တော်အမတ်တစ်ဦးဖြစ်သူ မိုဟာမက်ဂျန်းနက်ကလည်း ချက်ကွန်ဂါ၏အဆိုကို ထောက်ခံခဲ့ပြီး "အာဖရိကအမျိုးသမီးတစ်ဦးကို လက်ထပ်လိုက်တယ်ဆိုရင် အဲဒီအမျိုးသမီးက သူ့နောက်မှာ ဒုတိယ၊ တတိယ စတဲ့ ဇနီးတွေရှိလာမယ်ဆိုတာ သိကိုသိရမယ်။ ဒီနေရာက အာဖရိကပဲ" ဟု ပြောကြားသည်။

ကင်ညာအမျိုးသမီး လွှတ်တော်အမတ် ဆော့ပန်တူယာက အိမ်ထောင်ရှင် အမျိုးသား အနေဖြင့် လက်ရှိဇနီးနှင့် မိသားစု၏ ခွင့်ပြုချက်ရယူပြီးမှ နောက်အိမ်ထောင်ထားရှိသင့်ဟု ပြောကြားသည်။ သဘောတူခွင့်ပြုချက် မရယူဘဲ မယားပြိုင်ထားရှိခြင်းသည် ဇနီးမယားများ၏ ဘဏ္ဍာရေးအခြေအနေ အပါအဝင် မိသားစုတစ်စုလုံးကို ထိခိုက်လိမ့်မည်ဟု အမျိုးသမီးလွှတ်တော်အမတ်များက ပြောကြားသည်။

—*Ref: BBC*

# အွန်လိုင်းဆန္ဒကောက်ယူမှုအရ ဗင်းနစ်မြို့သားများ သီးခြားနိုင်ငံရပ်တည်လို



**ရောမ၊ မတ်-၂၂**

အွန်လိုင်းသဘောထားကောက်ခံမှုတစ်ခုအတွင်း ဗင်းနစ်မြို့ခံများနှင့် ယင်းမြို့အနီး ဒေသများမှ ဒေသခံများက အီတလီနိုင်ငံ၏ ကျန်ဒေသများမှ ၎င်းတို့ ဒေသကို ခွဲထုတ်ကာ ကိုယ်ပိုင်နိုင်ငံတည်ထောင်လိုကြောင်း ထောက်ခံမဲ ပေးခဲ့ကြသည်။

သီတင်း တစ်ပတ်ကြာ သဘောထားကောက်ခံမှုအတွင်း ဗီနက်တိုဒေသမှ ဒေသခံနှစ်သိန်းကျော် ပါဝင်မဲပေးခဲ့ပြီး ၈၉ ရာခိုင်နှုန်းက အီတလီထံမှ လွတ်လပ်ရေးရယူလိုကြောင်း မဲပေးခဲ့ကြသည်။

ယင်းအွန်လိုင်းသဘောထားကောက်ခံမှုကို ဒေသဆိုင်ရာ အမှီအခိုကင်းသောအဖွဲ့များက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တရားဥပဒေအရ ချည်နှောင်ထားခြင်းမရှိသော်လည်း လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရေး တစ်ခဲနက်ထောက်ခံမှုကို ပြသရန် ရည်ရွယ်ထားသည်။

ယင်းသဘောထားကောက်ယူမှု ရလဒ်ကို ပါဒူအာမြို့တွင် အောင်ပွဲခံနေသော လွတ်လပ်ရေး လိုလားသည့် တက်ကြွလှုပ်ရှားမှုမှာ ဆုတ်ယုတ်ပျက်စီးမှုများမှ အီတလီနိုင်ငံသားများကို ကာကွယ်ရန် အကျင့်ပျက်ခြစားမှု ဖော်ထုတ်ရန်နှင့် ပိုမိုဆင်းရဲသော နိုင်ငံတောင်ပိုင်းတွင် ဖြုန်းတီးမှုမရှိရေး အစိုးရက ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု အင်ဒီပန်ဒန်ဇာဗီနက်တာပါတီက ပြောသည်။

ရောမမြို့ရှိ လွှတ်တော်တွင် မဆုံးဖြတ်မီ ဒေသဆိုင်ရာ ကောင်စီက အတည်ပြုပေးရမည်ဖြစ်သော လူထုဆန္ဒခံယူပွဲ ဥပဒေကြမ်းမှာ အတည်ဖြစ်နိုင်ရန် နည်းလမ်းအချို့ရှိနေဆဲဖြစ်သည်ဟု ယင်းဒေသဥက္ကဋ္ဌလူကာဇာအီယာက ယခုသီတင်းပတ်အတွင်း သတင်းထောက်များအား ပြောသည်။

အီတလီနိုင်ငံမှ ခွဲထွက်ရန် ကြိုးပမ်းမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု ဝေဖန်သူများက ပြောသည်။ plebiscifo.eu ဝက်ဘ်ဆိုက်တွင် မဲပေးနိုင်သည့် ယင်းသဘောထားကောက်ယူမှုအတွင်း ထရီဗီဆို၊ ဗီဆန်ဇာနှင့် ဗီရွန်နာမြို့တို့ကဲ့သို့ သမိုင်းဝင်မြို့များ၏ ဒေသခံများကို အကယ်၍ နိုင်ငံသစ် တည်ထောင်ပါက ယူရိုငွေ ဆက်သုံးချင်ပါသလား၊ အီးယူနှင့် နေတိုးအဖွဲ့ဝင်ဖြစ်လိုပါသလား စသောမေးခွန်းများ မေးမြန်းခဲ့သည်။

—*Ref: AFP*




7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# ပိုမိုမြန်ဆန်သော ရုပ်သံဝန်ဆောင်မှုပေးနိုင်ရန် Apple ကုမ္ပဏီ ဆွေးနွေးညှိနှိုင်းနေ

**ဆန်ဖရန်စစ္စကို၊ မတ်-၂၄**
ဝက်ဘ်ဆိုက်တွင် အသုံးပြုသူအများအပြား စုပြုံပိတ်ဆို့မှုကို ရှောင်ရှား၍ Apple ရုပ်သံလိုင်းဖမ်းကိရိယာဖြင့် ဖမ်းယူမည့် ရုပ်သံထုတ်လွှင့်မှု ဝန်ဆောင်မှုအတွက် သဘောတူညီမှုရရန် Apple ကုမ္ပဏီက Comcast ကုမ္ပဏီနှင့် ပြောဆိုဆွေးနွေးနေကြောင်း ယင်းကိစ္စနှင့် ရင်းနှီးသူများကို ကိုးကား၍ ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

သေချာခိုင်မာသော သဘောတူညီမှုမရမီ ကျော်ဖြတ်ရန် အတားအဆီးများစွာ ရှိဆဲဖြစ်ပြီး ဆွေးနွေးမှုများမှာ အစပျိုးခါစအဆင့်သာ ရှိသေးသည်ဟု ယင်းဂျာနယ်က ဖော်ပြသည်။



TONY AVELAR/FILE/AFP

၎င်းတို့၏ ရုပ်သံဝန်ဆောင်မှုကို အများသုံးအင်တာနက်လိုင်း ပိတ်ဆို့မှုနှင့် သီးခြားဖြစ်စေလိုသော Apple ကုမ္ပဏီက ယင်းကဲ့သို့ ပိတ်ဆို့မှုများ မကြုံတွေ့စေရန် ရုပ်သံလိုင်းကုမ္ပဏီ Comcast ထံမှ အထူးဖြေရှင်းချက်တစ်ရပ် ရှာဖွေနေသည်ဟု ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

Apple ၏ ကန်ဒေါ်လာ ၉၉ တန် ရုပ်သံလိုင်း ဖမ်းယူနိုင်သည့် ကိရိယာမှာ Roku နှင့် ဂူးဂဲလ်ကုမ္ပဏီတို့၏ အလားတူ ရုပ်သံလိုင်းဖမ်းယူနိုင်သည့် ကိရိယာများနှင့် ယှဉ်ပြိုင်နေရသည်။

ထိုအတောအတွင်း အသုံးပြုသူများ၏ ဝက်ဘ်ဆိုက်ရှာဖွေမှု (သို့မဟုတ်) Application များ သုံးစွဲမှုကို ကွန်ရက်လုပ်ငန်းများ ကန့်သတ်မှုမလုပ်ဘဲ အင်တာနက်ပိတ်ဆို့မှုကို ၎င်းတို့ မည်သို့စီမံခန့်ခွဲကြောင်း အတိအကျထုတ်ဖော်ပြောကြားရန် သတ်မှတ်ထားသည့် ကွန်ရက်ကြားနေခြင်း (net–neutrality) ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရန် ဖက်ဒရယ်ဆက်သွယ်ရေး ကော်မရှင်က ဆောင်ရွက်နေသည်။

*—Ref: Reuters*

# ဆေးယဉ်ပါးတီဘီရောဂါသည် ကလေး ၃၂,၀၀၀ ကျော်ရှိဟု ကန်သုတေသနပညာရှင်များပြော

**ချီကာဂို၊ မတ်-၂၃**
ကမ္ဘာတစ်ဝန်းရှိ ကလေးငယ် ၃၂,၀၀၀ ကျော်သည် နှစ်စဉ် ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားလျက်ရှိသည်ဟု အမေရိကန်သုတေသနပညာရှင်များက ခန့်မှန်းပြောကြားသည်။ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသော ကလေးငယ်တစ်သန်းကျော်အနက် သုံးပုံတစ်ပုံခန့်သာ တီဘီရောဂါ ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု အမေရိကန်ပညာရှင်များ၏ တီဘီရောဂါ လေ့လာချက်က ဖော်ပြသည်။

"ကလေးများစွာဟာ မလိုအပ်ဘဲ တီဘီရောဂါဒဏ်ကို အပြင်းအထန် ခံစားနေရပါတယ်"ဟု သုတေသနခေါင်းဆောင် ဟယ်လင်ဂျန်ကင်က ပြောကြားသည်။ "ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံက ကလေးတွေဆိုပေမယ့် ကလေးဘယ်လောက်များများ ဆေးယဉ်ပါး တီဘီရောဂါ ဖြစ်နေလဲဆိုတာကို အရင်က ခန့်မှန်းဖော်ပြတာမျိုး မရှိခဲ့ပါဘူး"ဟု သုတေသနအဖွဲ့ဝင် ဒေါက်တာတက်ကိုဟန်က ပြောကြားသည်။

ကလေးများသည်လူကြီးများထက် တီဘီရောဂါ ကူးစက်နိုင်ခြေ ပိုမိုနည်းပါးသောကြောင့် သုတေသနပညာရှင်များသည် ကလေးငယ်များတွင် တီဘီရောဂါ ကူးစက်ခံရမှုကို နှစ်များစွာကြာအောင် လျစ်လျူရှု ထားခဲ့ကြသည်။ ကလေးများတွင် တီဘီရောဂါပိုးကို ရှာဖွေတွေ့ရှိရန် ခက်ခဲသည်။ လူကြီးများတွင် တီဘီရောဂါပိုးကို အဆုတ်များ၌ တွေ့ရသော်လည်း ကလေးငယ်များတွင်မူ တီဘီရောဂါပိုးကို အဆုတ်မဟုတ်သည့် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများတွင် ပို၍အတွေ့များသည်ဟု မစ္စစ်ဂျန်ကင်က ပြောကြားသည်။

လက်ရှိ ရောဂါရှာဖွေရေးနည်းလမ်းများဖြင့် အလွယ်တကူ အဖြေမပေါ်သော ကလေးတီဘီရောဂါ ဖြစ်ပွားသူဦးရေကို သိရှိနိုင်ရန် သုတေသနပညာရှင်များသည် အချက်အလက်များကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ရသည်။

*—Ref: Reuters*





အိမ်ထောင်ရေးသုခပြည့်စုံပြီး အောင်မြင်သောမိသားစုဘဝ ပိုင်ဆိုင်စေဖို့ Top-Roll (တော့ပ်ရိုး) သောက်ကြစို့ ...
Korean Ginseng
Multivitamins & Minerals
Top-Roll
Soft Caps.
အိမ်ထောင်ရှင်များအတွက်
ခွန်အားပြည့်ကိုရီးယားဂျင်ဆင်းအားဆေး
100 mg
Top-Roll
Manufactured by
DAE HWA PHARM. CO., LTD.
1Ra-603, Shihwa-industrial area, Jeungwang-dong, Shineung-si, Kyunggi-do, Republic of Korea
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50
MEDICAL




CP
ရင်ခုန်ပျော်ရွှင် ဂိမ်းအစီအစဉ်မှာ
အားလုံးပါဝင်
ဆုတွေယူကြစို့
5000
စီပီကြက်ကြော်ဆိုင်တိုင်းတွင် ၂၀၀၀ ကျပ်ဖိုးဝယ်ယူပြီး ဂိမ်းစက်တွင် ရင်ခုန်ပျော်ရွှင်စွာ ဆော့ကစားရင်း လူတိုင်း ဆုတွေ ပိုင်ဆိုင်နိုင်ပါပြီ။
HOT LINE :
09-4211-33777, 09-42111-6868
Follow us on www.facebook.com/CPFoodBusinessMyanmar
၂၀၁၄ ခုနှစ်
မတ်လ (၅) ရက်နေ့မှ
ဧပြီလ (၁၀) ရက်နေ့အထိ

7 DAY NEWS JOURNAL

# International

Vol.13, No.4 • MARCH 26 , 2014




GLEB GARANICH/REUTERS

*ကိယ်ဗ်မြို့ လွတ်လပ်ရေးရင်ပြင်တွင်ကျင်းပသော စစ်ဆန့်ကျင်ရေးချီတက်ပွဲသို့ တက်ရောက်သူတစ်ဦးက သမ္မတ ပူတင်ပုံ ရေးဆွဲထားသော ဆိုင်းဘုတ်တစ်ခု ကိုင်ဆောင်ထားစဉ်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယူကရိန်းနှင့် နယ်စပ်အနီးတွင် ၎င်းတို့တပ်များချထားခြင်းမှာ တပ်ဖွဲ့ များချထားရန်သတ်မှတ်ထားသည့် နိုင်ငံတကာကန့်သတ်ချက်များအတိုင်းလုပ်ဆောင်ခြင်းသာဖြစ်ကြောင်း မတ်လ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ နေတိုးထိပ်တန်းစစ်ဦးစီးချုပ် တစ်ဦးက ရုရှားတပ်များ ယူကရိန်းအရှေ့ ဘက်နယ်စပ်တွင် အများအပြားရောက်နေခြင်းကိုစိုးရိမ်ကြောင်း ပြောကြားခဲ့ပြီးနောက် ရုရှားကာကွယ်ရေးဌာနက ထိုသို့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။*

## အီဂျစ်နိုင်ငံတွင် အလွန်ကြီးမားသော ရှေးဟောင်းဖာရိုဘုရင်ရုပ်တုနှစ်ခု ထပ်မံတွေ့ရှိ

**လက်ဆာ၊ မတ်-၂၄**

အီဂျစ်နိုင်ငံ၏ ကျော်ကြားသော ဘုရားကျောင်းရှိရာ လက်ဆာမြို့ တွင် ဖာရိုဘုရင်အမန်ဟိုတပ်-၃ ၏ အလွန်ကြီးမားသည့် ရုပ်တုနှစ်ခုကို ရှေးဟောင်းသုတေသနပညာရှင်များက မတ်လ ၂၃ ရက်တွင် ထုတ်ဖော်ပြသလိုက်သည်။

အနီရောင်သလင်းကျောက်ဖြင့် ထုလုပ်ထားသော ရုပ်တုကြီးနှစ်ခုမှာ နိုင်းလ်မြစ်အနောက်ဘက်ကမ်းပေါ်တွင် ယင်းဘုရင်ကြီးကို မူလမြှုပ်နှံခဲ့ရာနေရာ၌ ရှိနေခဲ့သည်ဟု ဥရောပနှင့် အီဂျစ်ရှေးဟောင်းသုတေသနပညာရှင်များက ပြောသည်။

ယင်းနေရာမှာ နှစ်ပေါင်း ၃,၄၀၀ သက်တမ်းရှိ မမ်နွန်ရုပ်တုကြီးနှစ်ခုကြောင့် နာမည်ကျော်ကြားပြီး ရှေးဟောင်းအီဂျစ်လူမျိုးတို့၏ လူနေမှုအတွင်း နိုင်ငံရေးနှင့် ယဉ်ကျေးမှုအထွန်းကားဆုံးကာလတွင် အုပ်ချုပ်ခဲ့သူဟု ရှေးဟောင်းသုတေသနပညာရှင်များကပြောသော အမန်ဟိုတပ်-၃ ၏ ရုပ်တုနှစ်ရုပ်ကို ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခင်တွေ့ရှိခဲ့သည့် မမ်နွန်ရုပ်တုကြီးနှစ်ရုပ်ကို ကမ္ဘာလှည့်ခရီးသွား များစွာလာရောက်ကြည့်ရှုလေ့ရှိသည်။

နှစ်ခုလုံး ထိုင်လျက်အနေအထားဖြစ်သည့် ယင်းရုပ်တုနှစ်ခုကို သာ ကမ္ဘာတစ်ဝန်းက သိရှိထားပြီး ယခုတစ်ခါ နောက်ထပ်ရှေးဟောင်းရုပ်တုကြီးနှစ်ခု ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုတွေ့ရှိသော ရုပ်တုသစ်နှစ်ခုအနက် တစ်ခု၏ အလေးချိန်မှာ တန်ချိန် ၂၅၀ ရှိပြီး ထိုင်လျက်အနေအထားဖြစ်ကာ လက်များကို ဒူးပေါ်တင်ထားသည့်ပုံစံ ထုလုပ်ထားသည်။ အောက်ခြေထု ၁ ဒသမ ၅ မီတာထူပြီး ၃ ဒသမ ၆ မီတာကျယ်ကာ အမြင့် ၁၁ ဒသမ ၅ မီတာရှိသည်။

ယင်းရုပ်တုနှစ်ခု၏ သရဖူများမှာ ပျောက်ဆုံးနေပြီး မူလရုပ်တုသည် အမြင့်မီတာ ၁၃ ဒသမ ၅ မီတာနှင့် အလေးချိန် တန် ၄၅၀ ရှိလိမ့်မည်ဟု ရှေးဟောင်းသုတေသီများက ပြောသည်။

အမန်ဟိုတပ်-၃ ၏ မတ်တတ်ရပ်နေပုံ ဒုတိယရုပ်တုမှာ ယင်းဘုရားကျောင်း၏ မြောက်ဘက်ပေါက်တွင် ထားရှိခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းအီဂျစ်ဘုရင်များနှင့် ၎င်းတို့ ဆွေတော်မျိုးတော်များ၏ ရုပ်တုများမှ အစိတ်အပိုင်းများဟု ရှေးဟောင်းသုတေသီများက ပြောသော အခြားရှေးဟောင်းရုပ်တု အပိုင်းအစပေါင်းများစွာကိုလည်း ရှေးဟောင်းသုတေသီအဖွဲ့က ပြသခဲ့သည်။ ယင်းပစ္စည်းများအနက် အမန်ဟိုတပ်-၃ ၏ အခြားသော ရုပ်တုတစ်ခု၏ စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် ဦးခေါင်းတစ်ခုလည်း ပါဝင်သည်။

ဖာရိုဘုရင် အမန်ဟိုတပ်-၃ မှာ ယူဖရေးတီးစ်မြစ်မှ ဆူဒန်နိုင်ငံအထိ ကျယ်ပြန့်သော အင်ပါယာတစ်ခု ဆက်ခံခဲ့ပြီး အီဂျစ်နိုင်ငံ၏ အခြေအနေကို ၎င်းက သံတမန်ရေး အဓိကသုံး၍ ထိန်းသိမ်းနိုင်ခဲ့သည်ဟု ရှေးဟောင်းသုတေသီများက ပြောသည်။ ၁၈ ရာစုခေတ် အုပ်ချုပ်သူတစ်ဦးမှာ ၎င်း၏ မယ်တော်ကို ရင်ခွင်ပိုက်အုပ်စိုးသူနေရာထားကာ အသက်(၁၂)နှစ်ခန့်တွင် ဘုရင်ဖြစ်လာကြသည်။ အမန်ဟိုတပ်-၃ မှာ ဘီစီ ၁၃၅၄ ခုနှစ်ဝန်းကျင်တွင် ဆုံးပါးခဲ့ပြီး ၎င်း၏ အရိုက်အရာကို အက်ဟန်နာတပ်ဟု အများသိထားသော သားဖြစ်သူ အမန်ဟိုတပ်-၄ က ဆက်ခံခဲ့သည်။ —*Ref: AFP*

## ပြင်သစ်ဒေသခံ ရွေးကောက်ပွဲတွင် လက်ယာစွန်းပါတီ ထောက်ခံမှု အများအပြားရ

**ပါရီ၊ မတ်-၂၄**

ပြင်သစ်နိုင်ငံ၏ ဒေသဆိုင်ရာ ရွေးကောက်ပွဲ ပထမအကျော့တွင် လက်ယာစွန်း အမျိုးသားရေး တပ်ဦးပါတီအပေါ် ထောက်ခံမှု သိသိသာသာ တိုးတက်လာခဲ့သည်။ အနည်းဆုံးမြို့နယ်တစ်မြို့နယ်တွင် ယင်းပါတီက လူများစုနေရာ ရရှိခဲ့သည်။

ထို့အပြင် ကြိုတင်ခန့်မှန်းချက်များအရ ၎င်းတို့အခြေအနေကောင်းမည်ဟု မျှော်မှန်းထားသော အခြားမြို့နယ်များတွင်လည်း အမျိုးသားတပ်ဦးက ရှေ့မှဦးဆောင်နေသည်။ ရွေးကောက်ပွဲ အခြေအနေအားလုံး ခြုံကြည့်ပါက ပြင်သစ်သမ္မတဖရန်ဆွာဟောလန်ဒီ၏ ဆိုရှယ်လစ်များမှာ မဲဆန္ဒရှင်များ၏ ထောက်ခံမှုဆုံးရှုံးသွားပြီး မြို့ကြီးအချို့ကို လက်လွှတ်ရမည့် အခြေအနေရှိသည်။

လွန်ခဲ့သည့် ၂နှစ်က အာဏာရရှိလာပြီးနောက် ပြင်သစ်ဆိုရှယ်လစ်များအပေါ် လူကြိုက်များမှု အလွန်အမင်းကျဆင်းလာပြီး ယခုရွေးကောက်ပွဲမှာလည်း ၎င်းတို့အတွက် ကြီးမားသော စမ်းသပ်ခံရမှုအဖြစ် ရှုမြင်ကြသည်။

ထို့အပြင် ဆိုရှယ်လစ်များမှာ ပထမအကျော့ရွေးကောက်ပွဲတွင် လာရောက်မဲပေးသူ နည်းပါးမှုကြောင့်လည်း ထိခိုက်ခဲ့ရပြီး စစ်တမ်းများအရ ၃၅ ရာခိုင်နှုန်းအထိ မဲပေးရန် ပျက်ကွက်ခဲ့ကြသည်။ ယခုရွေးကောက်ပွဲမှာ ပြင်သစ်နိုင်ငံတစ်ဝန်း ကျေးရွာများ၊ မြို့ငယ်များ၊ မြို့ကြီးများ စုစုပေါင်း ၃၆,၀၀၀ တွင် မြို့တော်ဝန်များ၊ အုပ်ချုပ်ရေးမှူးများ ရွေးသောပွဲဖြစ်သည်။ —*Ref: BBC*






MYANMAR DEITTA

ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပုံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။




ပရိုမိုးရှင်းဆိုင်များတွင် Control+G Ctrl စက်တစ်လုံးဝယ်ယူတိုင်း Equal ဆီးချိုသကြား အထုပ်သေး (၅၀)နှင့်
MF-500 ဆီးချိုဆေးအလုံး (၃၀)ကို လက်ဆောင်ရယူပါ။ (While Stocks Last)

Marketed & Distributed by :
GRACE WIN COMPANY LIMITED
Tel : 203434, 203082(YGN), 02-30730, 09 402 627 887 (MDY)

ဆီးချိုသွေးချိုမှန်မှန်စစ်ပါ ဆီးချိုသွေးချိုတိုင်းကိရိယာ


ရေအကျိုးဆယ်ပါး
P&G
Procter & Gamble
Myanmar Co., Ltd. မှ
ဂုဏ်ယူဝမ်းမြောက်စွာ
အထူးကျေးဇူးတင်ရှိပါသည်။
သင်တို့၏ အကူအညီနှင့် သန့်စင်သောရေ လီတာ (၁၀)သန်း လှူဒါန်းနိုင်ခဲ့ပြီ။
P&G ၏ ရေအကျိုး (၁၀)ပါးအစီအစဉ်တွင် အတူကုသိုလ်ယူ ပါဝင်လှူဒါန်းခဲ့ကြသော
MRTV-4
Channel7
Ocean SUPERCENTER
MMI Advertising
ဒါရိုက်တာ ဦးအောင်ကိုလတ်
တို့နှင့်အတူ စိတ်အားထက်သန်စွာပါဝင်ခဲ့ကြသော မိတ်ဆွေကုန်သည်ကြီးများ ဖြစ်ကြသည့်
တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ...
head&shoulders
PANTENE PRO-V
Rejoice
OLAY
whisper
Ambi pur
Oral-B
Gillette
The Best a Man Can Get
CAMAY
Pampers
DURACELL
ARIEL
P&G
Procter & Gamble

7DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014





ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# သမ္မတဦးသိန်းစိန်ဘာမှားခဲ့သလဲ

အောင်သူရ

**သမ္မတ** ဦးသိန်းစိန်ဦးဆောင်သော အစိုးရတက်လာပြီးနောက် အဓိကလုပ်ဆောင်မည်ဟုပြောထားသည့် ကဏ္ဍကြီးသုံးခုရှိသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ဖြစ်သည်။ ထိုကဏ္ဍသုံးခုကို အကောင်အထည် ဖော်ဆောင်ရန် မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်ရှိသလို မှားယွင်းမှုများလည်းရှိနေခဲ့သည်။ ထို့ကြောင့်လည်း အဆိုပါကဏ္ဍကြီးသုံးခုကို အကောင်အထည်ဖော်ရာတွင် မျှော်မှန်းထားသလောက် အောင်မြင်မှုမရခဲ့သေးပေ။

သမ္မတဦးသိန်းစိန်တက်လာပြီးနောက် အချိန်တိုအတွင်း မှန်ကန်သည့် လုပ်ဆောင်ချက်များလည်း ရှိခဲ့သည်။ မြစ်ဆုံစီမံကိန်းရပ်ဆိုင်းရန် ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံရေးအကျဉ်းသား အားလုံးနီးပါး လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်း၊ မီဒီယာလွတ်လပ်ခွင့်ပေးခဲ့ခြင်း၊ နိုင်ငံတကာပိတ်ဆို့မှုများ ဖယ်ရှားပေးရန် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူလာရန် ဆောင်ရွက်ပေးခြင်း၊ ကားဈေးနှင့် ဖုန်းဆင်းမ်ကတ်များ ဈေးနှုန်းသက်သာရန် စသည်တို့ကို စွမ်းဆောင်နိုင်ခဲ့သည်။

သမ္မတဦးသိန်းစိန်ကျူးလွန်ခဲ့သော အမှားများထဲတွင် မကြာသေးမီက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ကိုးကွယ်ရာဘာသာပြောင်းခြင်းဆိုင်ရာဥပဒေ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေစသည့် ဥပဒေလေးခုလိုအပ်လျှင်ပြဋ္ဌာန်းပေးရန် သဝဏ်လွှာပေးပို့ခြင်းသည်လည်း မှားယွင်းသောကိစ္စဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများနှင့် တိုင်းရင်းသားခေါင်းဆောင်အချို့က သုံးသပ်ကြသည်။

"အမျိုးဘာသာသာသနာဥပဒေပြဋ္ဌာန်းဖို့ သမ္မတဦးသိန်းစိန်လုပ်တာ အင်မတန်မှ မှားတယ်လို့ ကျွန်တော်မြင်တယ်"ဟု တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့မှအကြံပေးချင်းတိုင်းရင်းသားဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကဆိုသည်။

တိုင်းရင်းသားများအနေဖြင့် နှစ်ပေါင်း ၆၀ကျော်ကြာ အစိုးရအား တော်လှန်တိုက်ခိုက်ခဲ့သည်မှာ မြန်မာနိုင်ငံမှအမျိုးသားနိုင်ငံရေးလမ်းစဉ် ထူထောင်ခြင်းကြောင့်ဖြစ်သည်ဟု ၎င်းကပြောသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် ဝန်ကြီးချုပ်ဦးနုအနေဖြင့် မဲဆွယ်ရန်ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းခဲ့သည်။ ထိုအချက်ကို လွှတ်တော်က အတည်ပြုပေးခဲ့သဖြင့် ကချင်တိုင်းရင်းသားများနှင့် ချင်းတိုင်းရင်းသားများတောခိုခဲ့ကြသည့် သမိုင်းဖြစ်ရပ်တစ်ခုရှိခဲ့သည်။ ယခုအချိန်ထိပင် ကေအိုင်အေနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု မရရှိသေးပေ။

မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပြီး တိုင်းရင်းသားများထဲတွင် ကချင်၊ ချင်းနှင့်ကရင်တိုင်းရင်းသားအများစုမှာ ခရစ်ယာန်ဘာသာကိုးကွယ်ကြသူများဖြစ်သည်။

အဆိုပါဥပဒေလေးခုအား သံဃာတော်များအပါအဝင်ပြည်သူတစ်သန်းကျော်က ဥပဒေအဖြစ်ပြဋ္ဌာန်းပေးရန် နိုင်ငံတော်သမ္မတထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။

သို့သော်အဆိုပါဥပဒေလေးခုမှာ လက်ရှိတည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းပြီးသားဖြစ်သဖြင့် ထိုဥပဒေများတွင် ပြဋ္ဌာန်းထားသောအချက်အလက်များအား လိုက်နာဆောင်ရွက်ရန်သာလိုကြောင်း ဥပဒေပညာရှင်များကဆိုသည်။

"၁၉၅၄ခုနှစ် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာဥပဒေဆိုတာ ဘယ်သူ့ကိုမှ မထိပါးဘဲနဲ့ မြန်မာအမျိုးသမီးတွေရဲ့ လက်ထပ်ထိမ်းမြားခြင်းအတွက် အခွင့်အရေးကို အပြည့်အဝကာကွယ်ပေထားတဲ့ဥပဒေပဲ"ဟု တရားလွှတ်တော်ရှေ့နေဦးသန်းစိုး(ထွန်း)ကဆိုသည်။ အလားတူ ၁၉၈၂ နိုင်ငံသားဥပဒေတွင်လည်း အချို့အချက်အလက်များပါဝင်သည်။

ထို့ကြောင့် သမ္မတဦးသိန်းစိန်အနေဖြင့် အဆိုပါဥပဒေကြမ်းလေးခုပြဋ္ဌာန်းပေးရန်လွှတ်တော်သို့ တင်ပြခြင်းသည် ယေဘုယျအားဖြင့်မလိုအပ်ကြောင်း ဦးသန်းစိုး(ထွန်း)က သုံးသပ်သည်။

သမ္မတဦးသိန်းစိန်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီး ကချင်လွတ်လပ်ရေးအဖွဲ့ KIO နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့်မူ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမရရှိသေးပေ။ အပစ်အခတ်ရပ်စဲရေးသဘောတူညီထားသည့်အဖွဲ့များနှင့်ပင်တိုက်ပွဲများပြန်လည်ဖြစ်ပွားမှုများရှိနေခဲ့သည်။

"ဖြစ်သင့်တာက အရင်စကားပြောပြီးမှ သဘောတူလက်မှတ်ထိုးဖြစ်ရမှာ။ အခုတော့ အရင်လက်မှတ်ထိုးမယ်။ ပြီးမှ နိုင်ငံရေးစကားပြောမယ်ဆိုတော့ စကားပုံအနေနဲ့ ပြောမယ်ဆိုရင် နွားရှေ့ထွန်ကျူးပေါ့"ဟု မြန်မာအရေးကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသားကမ္ဘာကျော်သတင်းစာဆရာဘာတေးလ်လင့်တနာကဆိုသည်။

ယခင်တပ်မတော်အစိုးရလက်ထက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်နိုင်ခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးပွဲများ မပြုလုပ်နိုင်ခဲ့သဖြင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့်လည်း သမ္မတဦးသိန်းစိန်အနေဖြင့် တစ်နိုင်ငံလုံးအပတ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ပေးမည်ပြောကြားနေသော်လည်း တိုင်းရင်းသားများအနေဖြင့် ယုံကြည်မှုနည်းနေသည်။

အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ချုပ်ဆိုရန်ပြင်ဆင်နေသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင် အပစ်အခတ်ရပ်စဲရေးပြီးနောက်နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ပေးရန်အာမခံသည့်အချက်အလက်များကိုတိုင်းရင်းသားများက ထည့်သွင်းရေးဆွဲနေသဖြင့် ယခုချိန်ထိပင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခုမရရှိသေးပေ။

အစိုးရအနေဖြင့် နိုင်ငံရေးသဘောတူညီမှုမရမီ တိုင်းရင်းသားဒေသများတွင် အပစ်အခတ်ရပ်စဲရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲလုပ်နေခြင်းသည် မှားယွင်းသောလုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်းလည်း တိုင်းရင်းသားခေါင်းဆောင်အချို့က သုံးသပ်ကြသည်။

သမိုင်းကြောင်းအရ ကချင်လွတ်မြောက်ရေးအဖွဲ့ KIOနှင့်အပစ်အခတ်ရပ်စဲပြီးနောက် လမ်းများ၊ တံတားများ၊ စာသင်ကျောင်းများနှင့်ဆေးရုံများတည်ဆောက်ခဲ့သည်။ သို့သော် နိုင်ငံရေးအရသဘောတူညီမှုမရရှိ၍ တိုက်ပွဲပြန်လည်ဖြစ်ပွားသဖြင့် တံတားများ၊ လမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရပြီး ဆေးရုံနှင့် စာသင်ကျောင်းများပစ်ထားခဲ့ရသည့် သာဓကများလည်းရှိခဲ့သည်။

"ငြိမ်းချမ်းရေးမှာ နိုင်ငံရေးဆွေးနွေးပွဲကို ပထမအဆင့်ထားပြီး လုပ်ရမယ့်အစား အပစ်အခတ်ရပ်စဲရေး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဦးစားပေးလိုက်တာမှားတယ်"ဟု နိုင်ငံရေးလေ့လာသူ ဦးဇာဂနာကသုံးသပ်သည်။

တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် လိုအပ်ချက်များ မှားယွင်းမှုများရှိသလို တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးနှင့် သိမ်းဆည်းခံလယ်မြေပြဿနာများဖြေရှင်းခြင်းတွင် အားနည်းမှုများ၊ မှားယွင်းမှုများရှိကြောင်းလည်း ဝေဖန်မှုများရှိသည်။

"သမ္မတအနေနဲ့ ကျန်တဲ့ ဒုသမ္မတတွေ၊ ဝန်ကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကို ခန့်ပြီးတဲ့အချိန်ကစပြီး ငါတို့တွေ လစာအလုံအလောက်ရတဲ့အတွက် ငါတို့သန့်ရှင်းအောင်လုပ်ကြမယ်။ တစ်ပြားတစ်ချပ်မှ မယူဘူးဆိုပြီး ကျမ်းသစ္စာဆိုလိုက်ရမှာ"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်အမတ် ဦးရဲထွန်းကဆိုသည်။

အစိုးရအဖွဲ့ပိုင်ဆိုင်မှုများကြေညာရမည့် အစီအစဉ်ကို သမ္မတက မလုပ်ခဲ့ဘဲ လာဘ်ပေးလာဘ်ယူအတွက် ကော်မတီ၊ ကော်မရှင်များ မကြာခဏဖွဲ့စည်းခဲ့သော်လည်း သုံးနှစ်တာကာလအတွင်း ထိရောက်စွာလုပ်ကိုင်နိုင်ခဲ့ခြင်းမရှိပေ။

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့ တက်လာပြီးနောက် လယ်ယာမြေသိမ်းဆည်းသည့်ပြဿနာများမှာ မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါပြဿနာဖြေရှင်းရန် လွှတ်တော်မှ ကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သော်လည်း သမ္မတဦးသိန်းစိန်အနေဖြင့် ထိုကိစ္စအား ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိပေ။

နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးပိုင်းတွင် မှားယွင်းသော လုပ်ဆောင်မှုများရှိနေသလို စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာတွင်လည်း မှားယွင်းသော လုပ်ဆောင်ချက်များရှိနေသည်ဟု စီးပွားရေးပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

အထူးသဖြင့် စီးပွားရေးတွင် ခရိုနီချယ်လှယ်မှုအား မတွန်းလှန်နိုင်သေးခြင်း သမ္မတအနားတွင်ရှိသော စီးပွားရေးနှင့်ပတ်သက်၍ အကြံပြုနေသူများမှာလည်း ကိုယ်ကျိုးစီးပွားအတွက်သာ အဓိကလုပ်ဆောင်နေကြကြောင်း ဝေဖန်ထောက်ပြကြသည်။

အချပ်ပို A10 ❯❯

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014



မြန်မာ့ကမ်းလွန်ပင်လယ်မှတူးဖော်ရရှိသောဓာတ်ငွေ့များကို မြန်မာနိုင်ငံကိုဖြတ်သန်း၍ တရုတ်နိုင်ငံသို့သွယ်တန်းထားသော တရုတ်-မြန်မာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်ဒေသခံတစ်ဦး FRANCIS WADE

# စွမ်းအင်မူဝါဒ ပြန်လည်သုံးသပ်ရန်လိုပြီ

**အိဖြူမွန်**

မြန်မာနိုင်ငံတွင် နေထိုင်သူ လူဦးရေသန်းခြောက်ဆယ်ရှိသည့် အနက် အစိုးရလျှပ်စစ်ဓာတ်အား သုံးစွဲသူမှာ အိမ်ထောင်စု ၃၀ ရာခိုင်နှုန်းခန့်သာ ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသည့်အပြင် မြို့ကြီးများတွင်လည်း လျှပ်စစ်မီးပုံမှန် မရရှိခြင်းနှင့် ဓာတ်အားပြတ်တောက်ခြင်းများကို နှစ်စဉ်ကြုံတွေ့နေရသည်။

သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်သည့် နိုင်ငံဖြစ်သော်လည်း သဘာဝဓာတ်ငွေ့လုပ်ကွက်များကို နိုင်ငံတကာသို့ ရောင်းချထားပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းရန် ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားတိုးထုတ်လုပ်ရမည်ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆိုသည်။

လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်ယူမှုမှာ ရေအားလျှပ်စစ်မှ ၂၇၇၃ မဂ္ဂါဝပ် (၇၂ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့မှ ၁၄၅၂ မဂ္ဂါဝပ် (၁၈ ရာခိုင်နှုန်း)၊ ကျောက်မီးသွေးမှ ၂၈၅ မဂ္ဂါဝပ် (၈ ရာခိုင်နှုန်း)၊ ဒီဇယ်လျှပ်စစ်မှ ၆၀ မဂ္ဂါဝပ် (၂ ရာခိုင်နှုန်း) စုစုပေါင်း မဂ္ဂါဝပ် ၄၅၇၀ ထုတ်ယူနိုင်သည့် စက်တပ်ဆင်အားဖြင့် လည်ပတ်နေသည်။

ထုတ်ယူနေသည့် မဂ္ဂါဝပ် ၄၅၀၀ ကျော်မှ နှစ်စဉ် ၄၀ ရာခိုင်နှုန်း (မဂ္ဂါဝပ် ၁၈၀၀ ခန့်) မှာ လေလွင့်ပျောက်ဆုံးနေပြီး မဂ္ဂါဝပ် ၃၆၀၀ ကျော်ကိုသာ သုံးစွဲနေသည်။ မဂ္ဂါဝပ် ၃၆၀၀ ကျော်မှ နိုင်ငံပိုင်စက်ရုံ၊ အိမ်၊ ရုံး၊ ဆေးရုံ၊ ကျောင်းများ ၆၁ ရာခိုင်နှုန်း၊ သမဝါယမလုပ်ငန်းများက ၂၅ ရာခိုင်နှုန်း၊ ပုဂ္ဂလိက လုပ်ငန်းများက ၁၄ ရာခိုင်နှုန်း သုံးစွဲနေသည်ဟု အစိုးရထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲရန် နှစ်စဉ်လိုအပ်ချက်မှာ မဂ္ဂါဝပ် ၁၀၀၀ ကျော်ရှိနေသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ တစ်နှစ်လျှင် စုစုပေါင်းထုတ်နေသည့် ပမာဏတွင် ၁၅ ရာခိုင်နှုန်း ပုံမှန်တိုးနေကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစိုးရအကောင်အထည်ဖော်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၆၃ ခု ရှိသည်။ ထိုစီမံကိန်း၆၃ခုအနက် ဝန်ကြီးဌာနက စီမံကိန်း ၁၁ ခုကို ကိုယ်တိုင်အကောင်အထည်ဖော်နေပြီး ရေအားလျှပ်စစ်စီမံကိန်းကြီး ငါးခုကို B.O.T (တည်ဆောက်၊ လုပ်ကိုင်လွှဲပြောင်း) စနစ်ဖြင့် လုပ်ကိုင်ပြီး B.O.T နှင့် အကျိုးတူပူးပေါင်းမှု (JV) ဖြင့် ၄၇ ခု လုပ်ကိုင်ရန် ရှိသည်ဟု သတင်းရရှိသည်။

အကြီးစားရေအားလျှပ်စစ်စီမံကိန်းများကို ရောဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးလေးခုမှ ထုတ်ယူမည်ဖြစ်သည်။ အလတ်စား ရေအားလျှပ်စစ်များကို မြစ်လက်တက်များမှ ထုတ်ယူရန် အစိုးရက လျာထားခြင်းဖြစ်သည်။

ပြည်တွင်းသုံးစွဲမှုအတွက် နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ မဂ္ဂါဝပ်တစ်ထောင်ကျော်ရှိသည်ဟု အစိုးရက ခန့်မှန်းထားသော်လည်း အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ မဂ္ဂါဝပ် ၃၀ အထက်မှ ၇၁၁၀ အထိ ထုတ်လုပ်မည့် စီမံကိန်းများ ပါဝင်ကြောင်း အထက်ပါ တာဝန်ရှိသူက ဆက်ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ထုတ်ယူရရှိသည့် လျှပ်စစ်ထက်ဝက်ခန့်ကို အခြားနိုင်ငံများသို့ ရောင်းချရန် လုပ်ကိုင်ခွင့်များ ပေးထားသည့်အတွက် လူထုကို ဖြည့်ဆည်းရန်မဟုတ်ဘဲ ဈေးကွက်ကိုယ်စားပြုနေကြောင်း စွမ်းအင်လေ့လာစောင့်ကြည့်သူများက ဝေဖန်ကြသည်။

“အစိုးရက လူထုရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ထုတ်တယ်လို့ပြောတယ်။ တကယ်ပြည်သူတွေအတွက်ဆိုရင် အခုလိုအပ်နေတဲ့ တစ်ထောင်ကျော်ကို ဖြည့်တင်းဖို့ မဂ္ဂါဝပ် သုံးထောင်လောက် ထုတ်နိုင်တဲ့ ရေအားလျှပ်စစ် တစ်ခုလောက်ကို တည်ဆောက်ရင် ကိစ္စပြတ်တယ်” ဟု မဲခေါင်စွမ်းအင်နှင့် ဂေဟစနစ်ကွန်ရက်မှ တာဝန်ရှိသူ ဦးကြည်ဖြိုးက ပြောသည်။

လက်ရှိအခြေအနေတွင် အကြီးစားစီမံကိန်းများ အကောင်အထည်ဖော်ရန် မလိုအပ်သေးဘဲ လျှပ်စစ်လိုအပ်ချက်အမှန်ကို သေချာတိုင်းတာပြီးအမှန်အတိုင်းဖြည့်ဆည်းခြင်းက ပိုမိုကောင်းမွန်သည်ဟု စွမ်းအင်ပေါ်လစီရေးဆွဲရေးတွင် ပါဝင်သူ ဦးအောင်မြင့်က ပြောသည်။

“သုံးထောင်ထက် ဆယ်ဆတိုးဦး၊ သုံးသောင်းအထိတောင် မလိုသေးဘူး။ နောက်ဆိုရင် လိုအပ်လာမှာက တစ်မျိုးပေါ့။ လိုတာထက် လိုအပ်ချက်ကိုပိုပြီး ခန့်မှန်းထားမယ်ဆိုရင် ထိုင်းတို့လို ရှုပ်ထွေးတဲ့ ပြဿနာမျိုး ကြုံရလိမ့်မယ်” ဟု ပြည်ပြန်စွမ်းအင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ထပ်မံပြောသည်။

မြန်မာနိုင်ငံ လက်ရှိကျင့်သုံးနေသော စွမ်းအင်ဖွံ့ဖြိုးရေးပေါ်လစီသည် အရပ်သားလူထုကို အကျိုးပြုစေသည့် စီမံကိန်းမျိုးမဟုတ်ဘဲ ကုမ္ပဏီနှင့် အိမ်နီးချင်းနိုင်ငံများအကျိုးအမြတ်ရစေသည့် စီမံကိန်းများဖြစ်နေသောကြောင့် နိုင်ငံအတွက် မကောင်းကြောင်း အာဆီယံစွမ်းအင်ကွန်ရက်တွင် ပါဝင်သည့် TERRA (Towards Ecological Recovery and Regional Alliance) အဖွဲ့ ဒါရိုက်တာ မစ္စတာ ဆရီဆူဝမ်က သုံးသပ်ပြောသည်။

နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးကို တိုးထုတ်လုပ်ခြင်းဖြစ်သည်ဟု ဆိုထားသော်လည်း လူဦးရေကိုတိကျသည့် ကိန်းဂဏန်းများဖြင့် ဘယ်နှနှစ်အတွင်း မည်သည့်ဒေသသည် သေချာပေါက်လျှပ်စစ်မီးရရှိမည်ဟု ပြောကြားထားခြင်းမရှိကြောင်း မဲခေါင်စွမ်းအင်နှင့် ဂေဟစနစ်မှ ဦးကြည်ဖြိုးကလည်း ပြောသည်။

“လာမယ့် ဆယ်နှစ်အတွင်း တစ်နိုင်ငံလုံးလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်မီးသုံးစွဲခွင့်ရမယ်လို့သာ အကြမ်းသဘောထားထုတ်ပြန်ထားတာ။ ဘယ်တော့ရမယ်လို့ တိကျအသေးစိတ်ကျတဲ့ အချက်အလက်တွေ အစိုးရက မထုတ်ပြန်ထားဘူး။ ထုတ်ပြန်ချက်တွေကလည်း ဝေဝေဝါးဝါးနဲ့ မတိကျမပြတ်သားဘူး” ဟု ဦးကြည်ဖြိုးက ပြောသည်။

အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်း ၆၃ ခုအနက် စီမံကိန်း ၅၀ နီးပါးကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ရန် အစိုးရက စီစဉ်ထားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှ အစိုးရက ၁၀ ရာခိုင်နှုန်း အခမဲ့ ရရှိမည်ဖြစ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းကို ကုမ္ပဏီက ဝယ်ယူရမည်ဖြစ်သည်။ ကျန် ၅၀ ရာခိုင်နှုန်းသည် စွမ်းအင်လိုအပ်ချက်များနေသော တရုတ်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်ဖြစ်သည်။

နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးထားသည့် လျှပ်စစ်စီမံကိန်း ၆၃ ခု ရှိသည်ဆိုသော်လည်း စီမံကိန်းများကို လေ့လာနေဆဲဖြစ်သည့် အကောင်အထည်ဖော်ရန် သေချာသော စီမံကိန်းကြီးများမှာ နောင်ဖာနှင့် ကွမ်လုံ စီမံကိန်းကြီးနှစ်ခုဖြစ်ပြီး ချုပ်ဆိုသည့် စာချုပ်များသည်လည်း မြန်မာနိုင်ငံအတွက် အလေးသာသည့် စာချုပ်များဖြစ်သည်ဟု လျှပ်စစ်စီမံကိန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ပြည်တွင်းဖူလုံရေးကို သွားနေတာပါ။ ပြည်ပရောင်းစားနေတာမဟုတ်ပါဘူး။ ပြည်သူအထင်အမြင်လွဲမှားနေတာပါ။ အဲဒါက လည်း ကျွန်တော့်ဘက်က ပွင့်လင်းမြင်သာမှုမရှိခဲ့လို့ပါ။ ဒီအပိုင်းတွေ ပြုပြင်သွားဖို့ရှိပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လက်ရှိအစိုးရအကောင်အထည်ဖော်နေသော ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျောက်မီးသွေးစီမံကိန်းများကြီးကြောင့် ကမ္ဘာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများ၊ လူမှုစီးပွား ထိခိုက်မှုများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ခံစားနေရသည်။ လိုအပ်ချက်အတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် အခြေအနေနှင့် ကြုံတွေ့ရပါက ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း၊ လူမှုစီးပွား ထိခိုက်မှုစစ်တမ်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများကို လုပ်ဆောင်၍ ညီမျှခြင်းချရမည့် လုပ်ငန်းများဖြစ်သည်။

“ကိုယ့်နိုင်ငံအတွက် တကယ်ကောင်းမယ် အကျိုးရှိမယ်ဆိုရင် မဆောက်ရဘူးလို့ မဆိုပါဘူး။ ဆောက်တာကို လက်ခံရမှာပေါ့။ လူထုလည်း တကယ်အကျိုးရှိမယ်ဆိုရင်ပေါ့” ဟု သံလွင်မြစ်တွင် တည်ဆောက်မည့် ဝဲကြီးရေအားလျှပ်စစ်အနီး နေထိုင်သော KNU တပ်မဟာ (၅)မှ တပ်ရင်းမှူးကဆိုသည်။

စွမ်းအင်လိုအပ်ချက်ကို ပိုမိုတွက်ချက်ထားခြင်းကြောင့် နိုင်ငံတော်ဘတ်ဂျက်မှ စွမ်းအင်ထုတ်ယူရသည့် စရိတ်များ တက်လာပြီး ထိန်းသိမ်းစရိတ်များ တက်လာသည်။ စွမ်းအင်ထုတ်ယူခြင်းမှ ပတ်ဝန်းကျင်ထိခိုက်မှုများကို ဂယက်ရိုက်လာပြီး လူထုကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။

ရေအားလျှပ်စစ်စီမံကိန်းကြီးများသည် လူနှင့် ရေနေသတ္တဝါ၊ ဂေဟဗေဒစနစ်ကို ထိခိုက်စေသည့်အပြင် ကျေးရွာအမြောက်အမြား ပြောင်းရွှေ့ရမည်ဖြစ်သည်။ ထို့အပြင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို မြစ်ကမ်းတစ်လျှောက် ငါးဖမ်းလုပ်

စာမျက်နှာ A10 ››


LG
Life's Good
"စဉ်အမြဲအေးမယ် ခြင်လည်းပြေးမယ်"
Mosquito Away)))
Air-Conditioner
Mosquito Away စနစ်မှာ အသံလှိုင်း (Ultrasonic Wave) တွေကို ထုတ်ပေးနိုင်တဲ့ အသံပေးစက်တစ်ခု ပါဝင်ပါတယ်။ အကယ်၍ သင်ဟာ Mosquito Away လုပ်ဆောင်ချက်များကို စတင်လိုက်ရင် အသံပေးစက်ကလေးက သာမန်နားနဲ့ မကြားနိုင်တဲ့ 30KHz ကျော်ကြိမ်နှုန်းရှိ အသံလှိုင်းကို ထုတ်ပေးပါတယ်။ ဒီလှိုင်းတွေက လူသားတွေအတွက် လုံးဝ အန္တရာယ် မပေးဘဲ ခြင်များကို မောင်းထုတ်ပေးနိုင်ပါတယ်။
LG ၏မြင့်မားသော Ultrasonic အသံလှိုင်း စက်ထိရိုက်ကလေးဟာ ခြင်ပြသနာ ကိုအထိရောက်ဆုံး ကွန်းလှန် ဖြေရှင်းပေးပါသည်။
Air Con ကိုပိတ်လိုက်သော်လည်း ခြင်မောင်းတဲ့ ခလုတ်ကို ဖွင့်ထားပြီး ခြင်များကို မောင်းထုတ်နိုင်ပါသည်။
Auto Voltage Switcher
Air-Conditioner
AVS
"မီးအားအတက်အကျ ခံနိုင်၍ Safeguard မလိုတဲ့ LG လေအေးပေးစက်"
HS-C096 W4Q2 (1HP)
HS-C126 B4Q1 (1.5HP)
AVS
လျှပ်စစ်ဓါတ်အားရဲ့ ဗို့အားက 165 ဗို့ အောက်၊ သို့မဟုတ် 290 ဗို့အထက်မှာရှိခဲ့မယ်ဆိုရင် AVS စနစ်က စတင်လုပ်ဆောင်ပြီး ကွန်ပရက်ဆာ ပျက်စီးမှုမရှိအောင်အတွက် ကာကွယ်ပေးတဲ့ စနစ်ဖြစ်ပါတယ်။
WR
WORLD RECORD
LG Electronics
Durability
5 years warranty
Compressor Protection
Convenience
AUTO RESTART
Continuous Airflow & Auto Restart
Design
Better interior design for your home
TMW Enterprise Limited
***** Safe Guard အပုလွန်ကဲခြင်းကြောင့် ဖြစ်တတ်သော မီးဘေးအန္တရာယ်မှ ကင်းရှင်းသည်။ *****
LG Service Call Center

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းအတွက် ငြိမ်းချမ်းရေး အကြွေးဆပ်ရန်လိုဟု ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာတွင် ဖော်ပြ

ဆရာကြီးသခင်ကိုယ်တော်မှိုင်းအပေါ် ငြိမ်းချမ်းရေးအစစ်အကြွေးတင်နေပြီး ဆရာကြီးအတွက် တတ်နိုင်သမျှ အကြွေးပြန်ဆပ်ရန် လိုကြောင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ (၁၃၈) နှစ်မြောက် မွေးနေ့အခမ်းအနားသို့ ပေးပို့သော ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။ သခင်ကိုယ်တော်မှိုင်း (၁၃၈) နှစ်မြောက် မွေးနေ့အခမ်းအနားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂုဏ်ပြုထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က မတ်လ ၂၃ ရက် နေ့လယ် ၂နာရီတွင် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင် သီရိခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အလားတူ မုံရွာမြို့ ရုပ်စုံကျောင်းတိုက် သာစံကျောင်းတိုက်တွင်လည်းသခင်ကိုယ်တော်မှိုင်း (၁၃၈) နှစ်မြောက် မွေးနေ့အခမ်းအနားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ကွန်ရက် မုံရွာ (ယာယီ)က မတ်လ ၂၃ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။

## လစ်လပ်နေရာ ၃၀ အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်

လာမည့်ပွင့်လင်းရာသီတွင် လွှတ်တော်တွင်း လစ်လပ်နေရာ ၃၀ အတွက်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ကာလတွင် ရွေးကောက်ပွဲ ပြုလုပ်ပေးခြင်း မရှိခဲ့သည့်ကချင်ပြည်နယ်ရှိမဲဆန္ဒနယ်များလည်း ပြန်လည်ပါဝင်လာသည်။ လစ်လပ်မဲဆန္ဒနယ် ၃၀ တွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့ ပါဝင်သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့အပြင် တိုင်းရင်း သားနိုင်ငံရေးပါတီများလည်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## စိတ်ကြိုက်မြန်မာစာဖြေသူ တစ်နိုင်ငံလုံးတွင် နှစ်ဦးသာရှိ

တက္ကသိုလ်ဝင်တန်းစာမေးပွဲ နောက်ဆုံးရက်အဖြစ် ဖြေဆိုရသော စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ကို တစ်နိုင်ငံလုံးတွင် ကော့သောင်းမြို့မှ ကျောင်းသားတစ်ဦးနှင့် စမ်းချောင်းမြို့နယ်မှ ကျောင်းသူတစ်ဦး စုစုပေါင်း နှစ်ဦးသာ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူ နှစ်ဦးစလုံးမှာ အသက် (၅၀) ကျော်အရွယ်များဖြစ်ပြီး ယခင်နှစ်များကလည်း ယင်းဘာသာရပ်ကို ဖြေဆိုသူများဖြစ်သည်။ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သက်ဆိုင်ရာဘာသာတွဲများအလိုက် ဖြေဆိုရန်စာရင်းပေးထားသူ ဦးရေ ငါးသိန်းရှစ်သောင်းကျော်ရှိကြောင်း သိရသည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ခေါ်ယူသတိပေး

အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သွားလာရာတွင် လက်နက်ကိုင်ဆောင်ခြင်း၊ ယူနီဖောင်းဝတ်၍ သွားလာခြင်း၊ လိုင်စင်မဲ့ကားများစီးခြင်း မပြုလုပ်ရန်နှင့် ဆက်လက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဟု သက်ဆိုင်ရာက ခေါ်ယူသတိပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးရုံးခွဲ ဖွင့်လှစ်ထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားမတ်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး (နယ်လုံ) ဗိုလ်မှူးကြီးတင်ဝင်းက ခေါ်ယူသတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

## တရုတ်နိုင်ငံမှ ချေးငွေ ကန်ဒေါ်လာ သန်းလေးထောင်ကျော် ယူထား

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ချေးယူထားသည့် ငွေကြေး အမေရိကန်ဒေါ်လာ သန်းကိုးထောင့်ငါးရာကျော်ရှိသည့်အနက် ထက်ဝက်နီးပါးဖြစ်သည့် သန်းလေးထောင်ကျော်မှာ တရုတ်နိုင်ငံမှ ချေးယူထားခြင်းဖြစ်သည်။ ပြည်ပအဖွဲ့အစည်းဖြစ်သော IDA၊ ADP၊ အိုပက်အဖွဲ့ သုံးခုနှင့် နိုင်ငံပေါင်း၁၆ နိုင်ငံမှ အမေရိကန် ဒေါ်လာ ၉၅၉၃ ဒသမ ၈၉၄ သန်း ချေးယူထားပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိရှိသော စာရင်းများဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြောသည်။ ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ ဆာဗီးယား၊ တရုတ်၊ ဂျာမနီ၊ ဖင်လန်၊ ပြင်သစ်၊ နယ်သာလန်၊ ဩစတြီးယား၊ အင်္ဂလန်၊ ကနေဒါ၊ အီတလီ၊ ဆော်ဒီအာရေးဗီးယားစသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ချေးငွေများ ရယူထားခြင်းဖြစ်သည်။

## ဆီးဂိမ်းအတွက် ကျပ် ၄၅ ဘီလီယံကျော် သုံးစွဲခဲ့

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် ကျပ် ၄၅ ဘီလီယံကျော် သုံးစွဲခဲ့သည်။ ပြိုင်ပွဲတစ်ခုလုံးအတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ဘီလီယံ ၃၀ ကျော်၊ အမေရိကန်ဒေါ်လာ ၁၂ သန်းနီးပါး၊ ကနေဒါဒေါ်လာ ၄၆၀၀ ကျော်နှင့် စင်ကာပူဒေါ်လာ ခုနစ်သောင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောသည်။ အဆိုပါအခမ်းအနားများအတွက် တရုတ်နိုင်ငံက နည်းပညာပိုင်းနှင့် လိုအပ်သော ပစ္စည်းများတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ သန်းနှင့် ညီမျှသော ယွမ်ငွေ ၁၀၂ ဖိုး ကူညီပေးခဲ့သည်။

## နယ်ခြားစောင့် ရဲတပ်ဖွဲ့ စတင်ဖွဲ့စည်း

နယ်စပ်ဒေသများမှ တရားမဝင် လူပုဂ္ဂိုလ်နှင့် ကုန်ပစ္စည်းများဝင်ရောက်ခြင်းကို ထိန်းသိမ်းနိုင်ရန် ရဲအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်တို့ပါဝင်သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို မတ်လတွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ယင်းတပ်ဖွဲ့သည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ဖျက်သိမ်းလိုက်သော တပ်မတော်၊ လဝက နှင့် အကောက်ခွန်တို့ဖြင့် ဖွဲ့စည်းထားသည့် နယ်စပ်ကွပ်ကဲရေးနေရာတွင် အစားထိုးဖွဲ့စည်းလိုက်သည့် အဖွဲ့ဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တပ်ဖွဲ့အမှတ် (၁) ကို စတင်နေရာချထားသည်။ ရခိုင်ပြည်နယ်အပြင် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင်လည်း တပ်ဖွဲ့များ ထပ်မံချထားမည်ဖြစ်ကြောင်း သိရသည်။

## ပထမနှစ်ဝက် စာမေးပွဲဖြေချိန် မှားယွင်းကြေညာ၍ ဥပဒေကျောင်းသားများ အခက်တွေ့

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ပထမနှစ်ဝက်စာမေးပွဲ ဖြေဆိုချိန် မှားယွင်းကြေညာခဲ့၍ မတ်လ ၁၉ ရက် နံနက်က စာမေးပွဲ ဖြေဆိုရန်ရောက်လာခဲ့သည့် ဥပဒေနောက်ဆုံးနှစ်ကျောင်းသားများ အခက်တွေ့ခဲ့သည်။ အချိန်စာရင်းကို ဖြေဆိုမည့်နေ့တွင်မှ ပြန်လည်ပြင်ဆင်ခဲ့၍ စာမေးပွဲဖြေရန်လာသူများ အခန်းတံခါး သော့ခတ်ထားခြင်းနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အားပေးနှစ်သိမ့်ပေးခဲ့သော်လည်း ကျောင်းသားအများစုမှာ ကျေနပ်မှုမရှိခဲ့ကြောင်း သိရသည်။

## စစ်သူနာပြုများ လိုက်ပါလာသည့်ကား နေပြည်တော် အမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဒုပိုလ်ရာထူးလက်ခံ၍ ရန်ကုန်သို့ ပြန်လာသော အမျိုးသားစစ်သူနာပြု ၃၆ ဦးသည် နေပြည်တော်အမြန်လမ်း မိုင်တိုင် ၁၂၄ တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ စစ်သူနာပြုများစီးလာသော လိုက်ထရပ်ကားကို အိမ်စီးကားတစ်စီးက နောက်မှ ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး ကားပေါ်ပါလာသူ ၁၈ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ခြေထောက်နှင့် ဦးခေါင်းတို့တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။

## ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း ဥပဒေရေးဆွဲရန် သမ္မတထံ စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့် တင်ပြ

နိုင်ငံတော်ပိုင်ပစ္စည်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ အစိုးရအဖွဲ့နှင့် နီးစပ်သူများသာ အခွင့်အရေးများရရှိနေသဖြင့် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း ဥပဒေတစ်ခု ရေးဆွဲရန် နိုင်ငံတော်သမ္မတထံ တင်ပြထားသည်။ တပ်မတော်အစိုးရလက်ထက်မှ ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့သို့ အာဏာမလွှဲပြောင်းမီ နိုင်ငံတော်အဆောက်အအုံများနှင့် လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပေးခဲ့သည်။






# အထွတ်အမြတ်ထားရာကိုမှ ပစ်မှတ်ထားခိုးယူကြသောအခါ

**ဇေနွေထွန်း**

ယောချောင်းအရှေ့ဘက် သစ်တောတစ်ခုအတွင်း တောလမ်းများထဲ၌ အရာဝတ္ထုတစ်ခုကို ပြန်တွေ့နိုးမျှော်လင့်ချက်ဖြင့်ရွာသားတစ်သိုက် တောနင်း ရှာဖွေနေသည်။

ဖေဖော်ဝါရီ ၂၇ ရက် ညက ရွာ၏တန်ဖိုးထားရာတစ်ခုပျောက်ဆုံးသွားသဖြင့် မတ်လ ၁ ရက်နံနက်တွင် တောနင်းရှာဖွေနေသည့် ရွာသားနှစ်ရာကျော်မှာ မြေလတ်ပိုင်းဒေသမကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကျွန်းရင်းရွာသားများဖြစ်သည်။

၎င်းတို့ရှာဖွေနေသောအရာမှာ ရွာတွင်နှစ်ပေါင်း ၁၅၀ ခန့်ကတည်းက ကိုးကွယ်ခဲ့သောဉာဏ်တော် ကိုးပေရှိကျွန်းသားရွှေချမတ်တတ်ရပ်ရပ်ပွားတော် မေစန္ဒာဘုရားဖြစ်သည်။

ရုပ်ပွားတော်၏ အလျှုဒါယိကာမကြီး ဒေါ်စန္ဒာကို အစွဲပြု၍ အမေစန္ဒာဘုရားဟု ရွာသူရွာသားတို့က နှုတ်ကျိုးနေကြသည်။

သစ်တောအုပ် အတွင်းမှ ဖြတ်၍ ပခုက္ကူဘက်သို့ ဘုရားခိုးသူများက သယ်ယူမည်ဟုခန့်မှန်းကာ ရွာသားများက တောအတွင်း ခုနစ်မိုင်ပတ်လည်ခန့်အထိ ကြိုးစားရှာဖွေခဲ့သော်လည်း နောက်ဆုံးသဲလွန်စမရဘဲ အိမ်ပြန်လှည့်ခဲ့ကြရသည်။

"ဆင်းတုတော်ကကြီးမားတဲ့အတွက် ခိုးတဲ့လူတွေက တောထဲမှာ ဝှက်ထားဦးမှာပဲ။ ချက်ချင်းသယ်နိုင်ဦးမှာ မဟုတ်ဘူး" ဟု ကျွန်းရင်းရွာသားများ ကိုးကွယ်သည့် ဆရာတော်ဦးနာယက,က မျှော်လင့်ချက်ဖြင့် မိန့်ကြားသည်။

မြန်မာနိုင်ငံတွင် လူအများစု အထွတ်အမြတ်ထားရာ၊ ကိုးကွယ်ရာ ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ရှေးဟောင်းပစ္စည်းများ ခိုးယူခံရမှုမှာ ကျွန်းရင်းရွာမှ ဘုရားတစ်ဆူတည်းသာ မဟုတ်ပါ။ ရှေးဟောင်းမြို့တော် ပုဂံ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး စသော ဒေသအနှံ့တွင် မကြာခဏ ဖြစ်ပွားနေသည်။

ပုဂံဒေသရှိ မြင်းကပါ၊ မကွေးတိုင်းတွင်းရှိ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်မြို့နယ်တစ်ဝိုက်တွင် ရှေးဟောင်းဘုရားအခိုးခံရမှုများလာကြောင်း ဒေသခံများက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် ကြေးဆင်းတုရုပ်ပွားတော်တစ်ဆူ ခြေတော်ရင်းမှဖြတ်၍ ခိုးယူခံရဖူးပြီး နောင်ချိုမြို့နယ်တွင်လည်း ၂၀၁၃ ခုနှစ်တွင် ခုနစ်လအတွင်း ဘုရားဆင်းတုတော်ရှစ်ဆူ ပျောက်ဆုံးခဲ့ကြောင်း နောင်ချိုမြို့ခံများက ပြောသည်။

ပုဂံမြို့ဟောင်းရှိ နာမည်ကြီးဘုရားဖြစ်သော စည်းခုံလေးခုံတွင် တစ်ခုပါဝင်သည့် မြစည်းခုံစေတီတော်၌ တည်ထားကိုးကွယ်ထားသော နဖူးတော်၌ စိန်ပွင့်ငယ်ပါသော မတ်တတ်ကိုယ်တော် ရွှေဆင်းတု (ရွှေပိန်း)လည်း ၂၀၁၃ ခုနှစ်တွင် အခိုးခံခဲ့ရသည်။

အဆိုပါဆင်းတုတော်အပါအဝင် ရှေးဟောင်းမြို့တော် ပုဂံတွင် ၂၀၁၃ နှစ်လယ်၌ ရှေးဟောင်းဆင်းတုတော်သုံးဆူ ခိုးယူခံခဲ့ရသည်။

အလားတူ ရခိုင်ဘုရင် မင်းနေပြည်တော်ဖြစ်ခဲ့သည့် မြောက်ဦးမြို့ဝန်းကျင်တွင်လည်း ရှေးဟောင်းဘုရားကျောင်းများ လက်ညှိုးထိုး မလွဲအောင် ရှိခဲ့သော်လည်း ၁၉၇၀ နှင့် ၁၉၈၀ ဝန်းကျင်တွင် ရှေးဟောင်းဘုရားများစွာ အခိုးခံခဲ့ရကြောင်း မြောက်ဦးမြို့မိမြို့ဖ ဦးရွှေတင်က ပြောသည်။

ရှေးဟောင်းပစ္စည်းခိုးယူသူများသည် ရှေးကျသည့် ဆင်းတုတော်အပါအဝင် ပစ္စည်းများမှာ ဈေးပိုရသောကြောင့် ပစ်မှတ်ထားခိုးယူလေ့ရှိသည်။

ရှေးဟောင်းဘုရား ပျောက်ဆုံးမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မည်သို့ဖော်ထုတ်အရေးယူနေသည်ကို သိရန် မတ်လ ၁၄ ရက်က နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ mpfserver@gmail.com သို့မေးခွန်းအချို့မေးခဲ့သော်လည်း အထက်သို့ တင်ပြထားသည်ဟုသာ ပြန်လည်အကြောင်းကြားသည်။



*ဖေဖော်ဝါရီ၂၇ရက်တွင် ခိုးယူခံခဲ့ရသော မေစန္ဒာဘုရား* ဓာတ်ပုံ – မော်ကွန်းအိမ်

## ရှေးဟောင်းအမွေအနှစ်

မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင် သီပေါမင်း ပါတော်မူပြီးနောက် ၁၈၈၆ ခုနှစ်မတိုင်မီက ယဉ်ကျေးမှုအနုပညာလက်ရာများကို ရှေးဟောင်း အမွေအနှစ်များ အဖြစ်သတ်မှတ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ရှေးဟောင်းအမွေအနှစ်များထဲတွင် ဘုရားဆင်းတုတော်ကြီး၊ သေး၊ ငယ်၊ ရွယ်များအပြင် ရဟန်း၊ လူ၊ နတ်၊ ခြင်္သေ့၊ ဆင်၊ မြင်း၊ မျောက် စသည့်ရုပ်တုများ၊ သာသနိကဆိုင်ရာ ဘုရားထီး၊ စေတီပုံစံငယ်၊ သပိတ်၊ လှူအသုံးဆောင်လက်ဝတ်တန်ဆာ ပုတီး၊ လည်ဆွဲ၊ နားတောင်း၊ ဒင်္ဂါး၊ ပိုက်ဆံ၊ လက်နက်ပစ္စည်းမျိုးစုံတို့လည်း ပါဝင်သည်။

"ရှေးဟောင်းပစ္စည်း အစစ်ဆို ဖမ်းလို့ရတယ်။ ဥပဒေအရဆိုရင် ရှေးဟောင်းပစ္စည်းရောင်းဝယ်လို့မရဘူး။ မိဘ၊ ဘိုးဘွားပိုင်ဆိုရင်တော့ ပိုင်ဆိုင်လို့တော့ရတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

ရှေးဟောင်းပစ္စည်းခိုးယူသူများကို ရှေးဟောင်းပစ္စည်းများကာကွယ်သော ဥပဒေဖြင့် အရေးယူနိုင်သည်။

**စာမျက်နှာ** (A9) **သို့**







PARKSON
FMI ကုန်တိုက်
14.03.2014- 12.04.2014
ပျော်ရွှင်စရာ
သင်္ကြန်ပွဲတော်
အဖွဲ့ဝင်များ နေ့
၂၉.၀၃.၂၀၁၄ - ၃၀.၀၃.၂၀၁၄
x3
ပွိုင့် (၃) ဆ ရရှိခြင်း
10%-20%
အကောင်းဆုံး အရောင်းမြှင့်တင်မှုအနေဖြင့် ပစ္စည်းအားလုံးအတွက် ၁၀% မှ ၂၀% အထိဈေးလျှော့ပေးခြင်း
FREE
5,000 Kyats
ကျပ် ၇၀,၀၀၀ ဖိုး ဝယ်ယူမှုတိုင်းအတွက် ကျပ် ၅,၀၀၀ တန်ဖိုးရှိ လျှော့ဈေးဘောက်ချာ များရရှိခြင်း
FREE
5,000 Kyats
အလှကုန်ပစ္စည်းများ နှင့် ရေမွှေးကောင်တာများတွင် ကျပ် ၇၀,၀၀၀ ဖိုး ဝယ်ယူခြင်းဖြင့် ကျပ် ၅,၀၀၀ တန်ဖိုးရှိ လျှော့ဈေးဘောက်ချာများရရှိခြင်း
PARKSON
Parkson FMI: လိပ်စာ - အမှတ် ၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ FMI Center
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။ - ဖုန်း (+၉၅) ၂၄၆၈၅၉၉၊ (+၉၅) ၂၄၀၂၉၀
ကုန်တိုက်ဖွင့်ချိန် - မနက် ၉:၀၀ မှ ည ၉:၀၀ အထိ - Website: www.parkson.com.mm
Parkson
Privilege

စာမျက်နှာ (A7) မှ

# အထွတ်အမြတ်ထားရာကိုမှ ပစ်မှတ်ထားခိုးယူကြသောအခါ

### ရှေးဟောင်းပစ္စည်းတွေ ဘယ်ကိုရောက်

ရှေးဟောင်းပစ္စည်းများမှာ ပြည်တွင်းမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် မြန်မာ–ထိုင်းနယ်စပ်သို့သယ်ဆောင်သွားကြကြောင်း အဆိုပါဈေးကွက် ကျွမ်းကျင်သူများက ပြောသည်။

ဆင်စွယ်ဖြင့် ပြုလုပ်ထားသော ဘုရားဆင်းတုတော်ငယ်များ၊ ရွှေပြား ပုရပိုက်စာ၊ ရွှေပြား ကမ္ပည်းစာ၊ မင်စာ၊ မေတ္တာစာ၊ ပြစ်စာ၊ သိုက်စာ၊ ကျိန်စာ၊ အင်းစာနှင့် ကျောက်သားနံရံ၊ ကျောက်သားဆုံ၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကျောက်တံ၊ ကျောက်လုံး၊ ကျောက်ဖြစ်ရုပ်ကြွင်း၊ ကြေး၊ သံ၊ သတ္တု၊ သစ်သား၊ မြေထည်၊ မြေပုံဘုရား၊ ယွန်းထည်၊ ကြိမ်၊ ဝါးစသည်တို့သည်လည်း မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ ရောက်ရှိနေသည်။

မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ နိဗ္ဗာန်ကုန်ဆိုင်ကြီးအချို့နှင့် ကြေးသွန်းလောင်းသည့်ဆိုင်အချို့တွင် ရှေးဟောင်းဆင်းတုတော်များကို ပုံစံပြောင်း၍ပလတ်စတာပြန်ကိုင်ပြီး နိဗ္ဗာန်ကုန်ဆိုင်မှာရောင်းသောဘုရားအသွင်ပြောင်း၍ နယ်စပ်သို့ခိုးထုတ်ခြင်းများရှိကြောင်း လုပ်သက်နှစ် ၂၀ ကျော်ရှိ ရှေးဟောင်းပစ္စည်းရောင်းချသူတစ်ဦးက ဆိုသည်။

"ကြေးလောင်းတဲ့ဆိုင်တွေကလည်း ပွဲစားတွေနဲ့ပေါင်းပြီး အတုနဲ့အစစ်လဲတယ်။ အစစ်ပုံကို ဓာတ်ပုံရိုက်တယ်။ ပြီးရင်ပုံစံတူ အတုလုပ်တယ်။ ရွာကကျောင်းထိုင်ဘုန်းကြီးတောင် ပွဲစားရဲ့စကားကို နားယောင်တာတွေရှိတယ်။ ရှေးဟောင်းဘုရားလက်ကျိုးတာပြင်မယ်ဆိုပြီး နိဗ္ဗာန်ဆိုင်ပို့တယ်။ အစစ်ကိုယူပြီး အတုကို ရွာကိုပြန်ပင့်တယ်။ ရွာခံတွေက အတုနဲ့အစစ် ဘယ်သိမလဲ" ဟု ၎င်းက ရှင်းပြသည်။

"မြဝတီဘက်မှာရှိတဲ့ နိဗ္ဗာန်ကုန်ဆိုင်အချို့ကိုလည်း စစ်သင့်တယ်။ နိဗ္ဗာန်ကုန်ပို့တယ်ဆိုပြီး စာရွက်စာတမ်း အပြည့်အစုံနဲ့ သယ်တာတွေရှိတယ်။ နယ်စပ်ရောက်မှပလတ်စတာပြန်ခွာတာ။ အဲဒီတော့မှမူလအစစ်ရှေးဟောင်းဆင်းတုတော်ဖြစ်နေတာ"ဟု မြဝတီမှ ရှေးဟောင်းပစ္စည်းရောင်းချသူတစ်ဦးက ဖွင့်ဟသည်။

ချင်းမိုင်နှင့် မဲဆောက်သည် မြန်မာ၏ ရှေးဟောင်းပစ္စည်းခိုးထုတ်ရာ လမ်းကြောင်းဖြစ်ပြီး ရှေးဟောင်းဘုရားအများစုသည်ထိုင်းနိုင်ငံမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိသွားသည်။

ထိုင်းနိုင်ငံသည် အာရှတိုက်၏အရေးပါဆုံးရှေးဟောင်းပစ္စည်းဈေးကွက်ဖြစ်သည်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုသာမက အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အီရတ်၊ နီပေါ၊ တရုတ်နိုင်ငံများမှ ရှေးဟောင်းပစ္စည်းများကို ခိုးယူရောင်းချရာ ဈေးကွက်ဖြစ်နေသည်။

ယခင်က မြန်မာနိုင်ငံအရပ်ရပ်မှ ရှေးဟောင်း ပစ္စည်းများမြဝတီမြို့သို့ ယာဉ်တန်းတစ်ရက်ခြား ပုံမှန်ရောက်ရှိတတ်ပြီး တစ်ခေါက်လျှင် အနည်းဆုံး ၁၀ ဘီးကားတစ်စီးစာခန့် ရှိကြောင်း၊ မြဝတီမြို့မှ ရှေးဟောင်းပစ္စည်းပြုပြင်သော အလုပ်ရုံတစ်ခုတွင် (၁၀)နှစ်ခန့် ဝင်ရောက်လုပ်ဖူးသူအလုပ်သမားတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောသည်။

"ကုန်ကားတွေမှာ အရောအနှောလုပ်ပြီးသယ်ကြတာ။ လမ်းခရီးမှာ ကျိုးတာပွဲ့တာတွေရှိတော့ အလုပ်ရုံမှာ မူရင်းအတိုင်း ဖြစ်အောင် ပြန်ပြင်ပေးရတယ်" ဟု ၎င်းက ရှင်းပြသည်။

ထိုင်းနိုင်ငံသို့ ရှေးဟောင်းပစ္စည်းများ မှောင်ခိုပို့နေခြင်းဖြစ်ပြီး ညဘက်လူခြေတိတ်ချိန်တွင် မြဝတီဘက်ခြမ်းမှတစ်ဆင့် လှေများဖြင့်ထိုင်းဘက်သို့ပို့ကြောင်း ရှေးဟောင်းကုန်သည်တစ်ဦးက ရှင်းပြသည်။

မြဝတီတစ်ဖက်ကမ်း ထိုင်းနိုင်ငံ၊ မဲဆောက်တွင် ရှေးဟောင်းပစ္စည်းမျိုးစုံရောင်းချသည့်ဆိုင်ကြီး ၁၀ ဆိုင်ခန့်ရှိပြီး လက်ရှိရောင်းချနေသည့် ရှေးဟောင်းပစ္စည်းတစ်ခုဈေးနှုန်းမှာ ထိုင်းဘတ်ငွေ သုံးထောင်တန်မှ ငါးသိန်းတန်အထိရှိပြီး ရှေးဟောင်းပစ္စည်းဈေးကွက်သည် ငွေရပေါက်လွယ်သောလုပ်ငန်းဖြစ်သည်။

မဲဆောက်မြို့ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များတွင် ရှေးဟောင်းဘုရားဆင်းတုတော်များ၊ ပုရပိုက်များ၊ ပေစာများ၊ ကျောက်စာများ၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဘီလူးရုပ်များဖြင့် ထုထားသည့် ကျွန်းကုလားထိုင်များကို အစုလိုက်အပြုံလိုက် တွေ့ခဲ့ရ၍ အံ့ဩခဲ့ရကြောင်း ထိုင်း–မြန်မာနယ်စပ်တွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာနေထိုင်သော အသက်(၄၀)ကျော်အရွယ် ဒေါ်ခင်ဥမ္မာက ဆိုသည်။

ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတွင်လည်း ရှေးဟောင်းပစ္စည်းရောင်းချသည့်ဆိုင်များ တရားဝင်ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံမှ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များကိုလည်းရောင်းချလျက်ရှိသည်။



*ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တွင် ဆင်းတုတော်ခိုးယူခံရပြီးနောက် ပလ္လင်ကိုသာ တွေ့ရစဉ်*

"ကိုယ့်နိုင်ငံရဲ့ ဘာသာအားဖြင့် တန်ဖိုးကြီးကြီးမားမားထားတဲ့ ဘုရားဆင်းတုတော်တွေ အဲဒီနေရာတွေမှာ ဈေးကွက်ဖြစ်နေတာ စိတ်မကောင်းဖြစ်ရပါတယ်"ဟု ဒေါ်ခင်ဥမ္မာက ပြောသည်။

ကမ္ဘာလှည့် ခရီးသွားအချို့ ဝယ်ယူထားသော ယဉ်ကျေးမှုအနုပညာလက်ရာများကို ရှေးဟောင်းပစ္စည်းဟုတ်၊ မဟုတ်စစ်ဆေးရခြင်းကို ရန်ကုန်၊ မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနဌာနနှစ်ခုတွင် စစ်ဆေးပေးကြောင်း ယင်းဌာနမှ သိရသည်။

စစ်ဆေးပြီးနောက် ရှေးဟောင်းပစ္စည်းမဟုတ်ပါက ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်းကို ထောက်ခံချက်ပြုလုပ်ပေးရသည့် ဌာနဖြစ်သည်။

"နှစ် ၁၀၀ အောက်ပစ္စည်းတွေဝယ်မယ်ဆို ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်းကို ဝန်ခံလက်မှတ်ရေးထိုးရတယ်။ ခုလိုလုပ်လည်း မရပါဘူး။ တန်ဖိုးကြီးရှေးဟောင်းပစ္စည်းတွေဟာ သူ့နည်းသူ့ဟန်နဲ့ အောက်လမ်းကနေ နယ်စပ်ကိုထွက်နေတာပါ" ဟု ရှေးဟောင်းပစ္စည်းရောင်းဝယ်သူတစ်ဦးက ဆိုသည်။

မကြာသေးမီအချိန်ကလည်း ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ တကောင်းခေတ်နှင့် ကုန်းဘောင်ခေတ်အဆက်ဆက်က ရှေးဟောင်း ဘုရားဆင်းတုတော် ၃၀၁ ဆူကို အောင်ဇမ္ဗူဆရာတော်ဦးပဏ္ဍဝံသထံ ရှေးဟောင်းဘုရားစုဆောင်းခြင်းဝါသနာပါသူ ဂျပန်လူမျိုးတစ်ဦးက လှူဒါန်းခဲ့သည်။

ထိုဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့် ဂျပန်လူမျိုးကဲ့သို့ ရှေးဟောင်းဘုရား စုဆောင်းသူ လူမျိုးများ ကမ္ဘာနိုင်ငံအနှံ့တွင် များစွာရှိနိုင်ပြီး မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ကမ္ဘာအနှံ့တွင် မည်မျှရောက်ရှိနေနိုင်သည်ကို တွေးဆကြည့်နိုင်သည်။

ဥရောပနှင့် အမေရိကန်နိုင်ငံများသည် ရှေးဟောင်းပစ္စည်းစုဆောင်းခြင်းကို ဝါသနာတစ်ခု အနေဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်များကို ရှေးဟောင်းပစ္စည်းတစ်ခု အနေဖြင့် ဝယ်ယူခြင်းဖြစ်သည်။

### အစိုးရက ဘယ်လိုကာကွယ် စောင့်ရှောက်ပေးနေလဲ

အစိုးရက ယဉ်ကျေးမှုဇုန် ၄၆ ဇုန်ကို စောင့်ရှောက်ပေးနေသည်။ သို့သော် ကျေးလက်ဒေသများရှိ ရှေးဟောင်းဘုရားများထိ အလှမ်းကျယ်အောင် မစောင့်ရှောက်နိုင်သေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"တစ်နိုင်ငံလုံး အနှံ့တော့ မလွှမ်းနိုင်သေးဘူး။ ပုဂံမှာဆို ဘုရားကထောင်ချီပြီးရှိတာ။ ဝန်ထမ်းကနည်းတယ်လေ"ဟု ၎င်းက အခက်အခဲကို ပြောဆိုသည်။

"ဆင်းတုတော်တွေပျောက်တာ လူထုမှာလည်း တာဝန်ရှိတယ်။ ကိုယ့်ဒေသက ဘုရားကိုယ်ပဲမပျောက်ပျက်အောင်ထိန်းရမယ်။ ရပ်ရွာနဲ့ ဘုန်းကြီးတွေက ဦးစီးပြီး ထိန်းသိမ်းရမယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဒုညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ပြောကြားသည်။

"ရှေးဟောင်းဈေးကွက်က ခေါင်းထောင်နေတာ ငွေကြေးကြောင့်လုပ်တာ၊ မူးယစ်ဆေးဝါးစွဲလို့လုပ်တာ၊ လောင်းကစားကြောင့်လုပ်တာ၊ အမျိုးမျိုးဖြစ်နိုင်တယ်။ အရောင်းအဝယ်လုပ်သူတွေကို နှိမ်နင်းရမယ်။ ခိုးသူရဲ့အနောက်က အရောင်းအဝယ်လုပ်ငန်းတွေကို ဖော်ထုတ်နှိမ်နင်းဖို့လိုတယ်။ ဘယ်အိမ်တွေမှာ ရှေးဟောင်းဘုရားတွေ အရောင်းအဝယ်လုပ်နေတယ်ဆိုတာကို ပြည်သူကလည်းသတင်းပေးဖို့လိုတယ်" ဟု ဒုညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က မှတ်ချက်ပြုသည်။

ပုဂံ၊ နေပြည်တော်၊ ရန်ကုန်မြို့ရှိ ဌာနနှင့် ပြတိုက်များတွင် ခေတ်အဆက်ဆက်က ရှေးဟောင်းဘုရားထောင်ချီပြီး ထိန်းသိမ်းထားသည့်ရှေးဟောင်းဘုရားနှင့် ရှေးဟောင်းပစ္စည်းများထိန်းသိမ်းရန် လှူခြင်းနှင့် အပ်ခြင်းဟူ၍ နှစ်မျိုးဖြင့် လက်ခံသည်။ သို့သော် ရှေးဟောင်းဘုရားများကို ဌာနသို့လာရောက်အပ်သူနည်းပါးကြောင်း ဦးသိန်းလွင်က ဆက်ပြောသည်။

ကျွန်းရင်းရွာ၏ ရှေးဟောင်းဘုရားပျောက်ဆုံးမှုတွင် ဘုရားထားသည့် လိုဏ်ဂူဝင်ပေါက်သုံးပေါက်ရှိပြီး ကျောင်းနှင့်လည်း လှမ်း၍ လုံခြုံမှုမရှိဘဲ မျက်ကွယ်အရပ်ဖြစ်နေသည်မှာ ပျောက်ဆုံးရခြင်း၏ အဓိက အချက်ဖြစ်ကြောင်း ပခုက္ကူခရိုင် အမှုဖော်ထုတ်မှု ဒုအဖွဲ့ခေါင်းဆောင် ရဲပြာရဲစခန်းမှူး ရဲအုပ်သန်းကျော်က ပြောသည်။

ဆင်းတုတော်ပျောက်ဆုံးပြီး နှစ်ရက်ခန့်အကြာတွင် ဆင်းတုတော်မှ အပိုင်းအစသေးတစ်ခုကို ရွာသူတစ်ယောက်ကောက်ရလာပြီး ခြေရာခံလိုက်ရာရွာနှင့်တစ်မိုင်ခန့်ဝေးသည့် တောလမ်းနေရာတွင် ဆင်းတုတော်ကိုနှစ်ပိုင်းဖြတ်သွားပြီဟု ယူဆရသည့် သဲလွန်စအဖြစ် လွှစာမှုန့်များကို တွေ့ခဲ့ရသည်။

ကျွန်းရင်းရွာသားများ ရှာဖွေသည်က အရှေ့ဘက်အရပ်ဖြစ်ပြီး ဘုရားကို ခိုးပြီးဖြတ်သွားသည့်နေရာက တောင်ဘက်အရပ်ဖြစ်နေသည်။

"ဘုရားခိုး ဂိုဏ်းတွေက ခုမကွေးဘက်မှာတော်တော်လှုပ်ရှားနေတယ်။ ကျွန်တော်တို့ရွာဘုရားပျောက်ပြီး ၁၀ ရက်အကြာမှာ ရဲစခန်းက အမှုဖွင့်ပေးတယ်။ ရွာနဲ့ရဲစခန်းက ရှစ်မိုင်လောက်ဝေးတယ်။ ရဲစခန်းနဲ့နီးတဲ့ရွာတွေက ဘုရားတွေလည်း အခိုးခံရတာပဲ" ဟု ရွာခံကိုဘိုမင်းက ရင်ဖွင့်ပြောဆိုသည်။

"ရှေးဟောင်းတန်ဖိုးကြီးတာတွေအားလုံး ဒီဘက်မှာ အုံနဲ့ကျင်းနဲ့ကိုရောက်နေတာ။ ဒီကိစ္စကို လွှတ်တော်မှာ ဆွေးနွေးသင့်တယ်။ မြန်မာကရှေးဟောင်းပစ္စည်းတွေ ဘယ်လိုအလွယ်ခိုးထုတ်လို့ရနေတာလဲ။ အစိုးရ၊ ရဲတပ်ဖွဲ့နဲ့ ရှေးဟောင်းဌာနတွေ ပူးပေါင်းအဖြေရှာသင့်ပြီ"ဟု ထိုင်းနယ်စပ်တွင် ၂၆ နှစ်ကျော်နေထိုင်ဖူးပြီး အာဆီယံ စီးပွားရေးဆိုင်ရာ လေ့လာကျွမ်းကျင်သူလည်းဖြစ်သူ ဒေါ်ခင်ဥမ္မာက မှတ်ချက်ပြုသည်။

"ပခုက္ကူဘက်မှာရှေးဟောင်းဘုရားပျောက်တဲ့အမှုတွေကို စစ်ဆေးနေပါတယ်။ ဒေသခံတွေက အမှုဖြစ်မှတိုင်တာထက် မပျောက်အောင် ဘယ်လိုလုပ်ရမလဲ။ ပြည်သူတွေကို အသိပညာပေးဖို့ လိုတယ်" ဟု ရေပြာရဲစခန်းမှူးက မှတ်ချက်ပြုသည်။

ပခုက္ကူတွင်"ဆင်းတုဂူတောင်နှင့် လည်ဖြတ်ရန်အောင်"ဆိုသည့် အကြီးအကျယ် ဘုရားခိုးသည့် ဘုရားခိုးဂိုဏ်းနှစ်ခု ရှိခဲ့ဖူးကြောင်း ဒေသခံများက ပြောသည်။

"ဆင်းတုဂူတောင်ဘုန်းကြီးက ရှေးဟောင်းဘုရားတွေကို သူ့ကျောင်းမှာထားပြီး နယ်စပ်ကိုကားတွေနဲ့ပို့တာ။ လည်ဖြတ်ရန်အောင်ဆိုတာက ဘုရားခေါင်းတော်တွေကိုဖြတ်၊ လက်တွေဖြတ်ပြီးခိုးတာ။ ဘုရားတွေပျောက်ရင် ရန်အောင်ဆီလိုက်ဆိုပြီး နာမည်ကြီးခဲ့တာပေါ့။ ခုဆို သူတို့တွေလည်း ထောင်ကျပြီးလို့ ပြန်လွတ်လာကြပြီ"ဟု ဆရာတော်ဦးနာယက,က မိန့်ကြားသည်။

ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံတွင် မွေးဖွားလာသည့် ကျွန်းရင်း ရွာသားများအဖို့တော့ ဘုရားသည်သာ ကိုးကွယ်ရာမို့ ယခုလို ဘုရားခိုးခံလိုက်ရခြင်း အတွက် ယူကျုံးမရဖြစ်ရပါသည်ဟု ရွာသားများက ဆိုသည်။

"ကိုယ့်ရွာရဲ့ အထွတ်အမြတ်ကိုးကွယ်ရာမို့ ပြန်ရချင်တယ်။ ဘိုးဘေးတွေက သမိုင်းတစ်ခုအနေနဲ့ ကြီးကြီးမားမားဖြစ်အောင် ပူဇော်ထားတယ်။ ကျွန်တော်တို့လက်ထက်မှာ မထိန်းသိမ်းနိုင်ခဲ့ဘူး"ဟု ဒေသခံကိုနေလင်းစိုးက ဝမ်းနည်းစကားဆိုသည်။

"အသည်းနှလုံး နုတ်သွားသလိုပါပဲ" ဟု ၎င်းက တစ်လုံးချင်း ရေရွတ်လိုက်သည်။ ။

7 DAY NEWS JOURNAL
Vol.13, No.4 • MARCH 26 , 2014

အချပ်ပို A3 မှ

## သမ္မတဦးသိန်းစိန်ဘာများခဲ့သလဲ

"အစိုးရရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုက အရမ်းကို မြန်လွန်းနေတယ်။ ပြီးတော့ အကောင်အထည်ဖော်တဲ့ ပုံစံတွေကလည်း ဦးတည်ချက်သိပ်မရှိဘဲ ရှိသမျှအားလုံးလိုက်လုပ်နေတော့ အဲဒါက ပြဿနာဖြစ်နေတယ်"ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ ခေါင်းဆောင်ဒေါက်တာဦးမြင့်က သုံးသပ်သည်။

နှစ်ပေါင်း ၅၀ နီးပါး အဆင်မပြေဖြစ်ခဲ့သော မြန်မာ့စီးပွားရေးကို အချိန်တိုအတွင်းဆောင်ရွက်ရန်မှာမဖြစ်နိုင်ကြောင်းဒေါက်တာဦးမြင့်ကဆိုသည်။

"စီးပွားရေးမှာ အိုင်တီကို မဖွံ့ဖြိုးအောင် လုပ်ထားတာပဲ။ အိုင်တီမဖွံ့ဖြိုးတော့ ငွေကြေးကဏ္ဍကမဖွံ့ဖြိုးတော့ဘူး။ အကြောက်တရားကို ရှေ့တန်းမှာထားနေရင် စီးပွားရေးမဖွံ့ဖြိုးနိုင်ဘူး"ဟု ဘဏ်ပညာရှင် တစ်ဦးဖြစ်သူ ဦးမျိုးဦးကဆိုသည်။

ထိုကဲ့သို့ မှားယွင်းမှုများမှာ သမ္မတအနီးအနားတွင် ရှိနေသူများနှင့် သမ္မတအကြံပေးအဖွဲ့ဝင်များ၏ အားနည်းချက်ကြောင့် ဖြစ်ကြောင်းလည်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

သမ္မတအနီးအနားတွင်ရှိသူများနှင့် သမ္မတအကြံပေးအများစုမှာ သူတို့အာဏာဆက်လက်တည်တံ့ရေးအတွက် သမ္မတဦးသိန်းစိန်အားနောက်ရွေးကောက်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်စေလိုသဖြင့် နိုင်ငံဖွံ့ဖြိုးရေးထက် မဲရရှိရေးကိုသာ ဦးစားပေးနေကြကြောင်း သုံးသပ်သူအချို့က ဆိုသည်။

"အကြံပေးအဖွဲ့တွေ ဖွဲ့ထားပေမယ့် အဲဒီအဖွဲ့တွေရဲ့ လုပ်ရည်ကိုင်ရည်ပိုင်း၊ အောက်ခြေနဲ့ ထိတွေ့ဆက်ဆံနိုင်မှုအပိုင်းတွေမှာ အားနည်းလွန်းတာကို တွေ့ရပါတယ်။ နောက်သမ္မတကိုယ်တိုင်ကလည်း ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ အတော်အားနည်းတာကို တွေ့ရပါတယ်"ဟု ဒေါက်တာရန်မျိုးသိမ်း (မြန်မာ့နိုင်ငံရေးသုံးသပ်ဆောင်းပါးများ ရေးသားသူ) က သုံးသပ်သည်။

ရွေးကောက်ပွဲနီးလာသည်နှင့် သမ္မတဦးသိန်းစိန်မှာ ပြုပြင်ပြောင်းလဲရေးသမားနှင့်မတူတော့ပဲ နိုင်ငံရေးသမားပုံစံပေါက်လာသည်ဟုလည်း နိုင်ငံတကာ ဥပဒေပညာရှင်တစ်ဦးက သုံးသပ်သည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့တက်လာသည့် ရက်ပိုင်းအတွင်း သုံးနှစ်ပြည့်တော့မည်ဖြစ်သဖြင့် မြန်မာ့နိုင်ငံရေးအခြေအနေမှာ ဟန်နီးမွန်းကာလပြီးဆုံးသွားခဲ့လေပြီ။ ရှေ့လာမည့်ကာလများတွင် မှန်ကန်သည့် လုပ်ဆောင်ချက်များ မပြုလုပ်နိုင်ပါက အခက်အခဲများ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဦးမြင့်က "အမှားလုပ်မိမှာကို မကြောက်နဲ့ အရေးကြီးတာက မှန်တာတွေက မှားတာတွေထက် ပိုများဖို့လိုတယ်" ဟု အကြံပြုသည်။

## ၂၀၁၄ မတ် ၂၆မှ ဧပြီ ၁ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်တို့မှာ မုန်တိုင်းဖြစ်နိုင်ချေမရှိသေးပါ။ ဘင်္ဂလားပင်လယ်အော်အတွင်းမှ ရေငွေ့ပါသောလေများ မြန်မာနိုင်ငံတောင်ပိုင်းဒေသများအတွင်းသို့ ဆက်လက်ဝင်ရောက်နေနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များဟာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များဟာ 35˚C – 41˚C ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် 30˚C – 34˚C ခန့်ရှိပါတယ်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအခြေအနေ**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအမြင့်ဆုံးတန်ဖိုးဖြစ်သော လွန်ကဲအဆင့်ရှိသည့် ၁၄.၂(ကော့သောင်းမြို့)၊ ၁၃.၂(ထားဝယ်)၊ ၁၂.၈ (မော်လမြိုင်)၊ ၁၃.၀ (ရန်ကုန်)၊ ၁၂.၇(နေပြည်တော်)နဲ့ ၁၁.၉ (မန္တလေး) တို့တွင်လည်းကောင်း၊ ၁၁ ထက် ကျော်လွန်နေသော တန်ဘိုးများကို မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများဖြစ်သော ကချင်ပြည်နယ်မြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း မြောက်ဖျားစွန်းတို့မှ လွဲ၍ တစ်ပြည်လုံးတွင် ကျရောက်နိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

ကချင်ပြည်နယ် နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၃)ရက်မှ (၅)ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ရခိုင်ပြည်နယ်တွင် (၄) ရက်မှ (၅)ရက်ခန့် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

စာမျက်နှာ A4 မှ

## စွမ်းအင်မူဝါဒ ပြန်လည်သုံးသပ်ရန်လိုပြီ

ငန်းလုပ်ကိုင်နေသူ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများက အနည်းနှင့်အများ ထိခိုက်ခံစားရမည်ဖြစ်သည်။

စီမံကိန်းဆောင်ရွက်မည့် ကုမ္ပဏီများက လျော်ကြေးမှလွဲ၍ ထိုပြဿနာများကို ရေရှည်ဖြေရှင်းရန် စီမံချက်ထားခြင်းမရှိဟု မြန်မာမြစ်ချောင်းများ ကွန်ရက်အဖွဲ့က ဆိုသည်။ ထို့ကြောင့် မြစ်ချောင်းများတွင် နေထိုင်နေသူများက စီမံကိန်းများကို ကန့်ကွက်ကြခြင်းဖြစ်သည်။

ထိခိုက်နိုင်မှုများကို စီးပွားရေး၊ လူမှုရေးထိခိုက်နိုင်မှု စစ်တမ်း (EIA ၊ SIA) ကောက်ယူကြသည်ဟု ကုမ္ပဏီများက ဆိုကြသော်လည်း အဆိုပါစစ်တမ်းများကို မည်သည့် ကုမ္ပဏီများက လူထုသိရှိရန် တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိချေ။ အများပြည်သူ သိရှိရန် လိုအပ်သည့် ရေဝပ်ဧရိယာကိုပင် ကုမ္ပဏီများက အသိမပေးဘဲ လျှို့ဝှက်ထားတတ်ကြသည်။

အစိုးရသစ်လက်ထက်တွင် လူထုက ရေအားလျှပ်စစ်စီမံကိန်းများအားကန့်ကွက်ကြသော်လည်း မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ လျော့နည်းသွားခြင်းမရှိပေ။

စွမ်းအင်ထုတ်လုပ်ရာတွင် ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသည် ငွေကုန်ကြေးကျသက်သာပြီး အလျင်အမြန်အကောင်အထည်ဖော်နိုင်သော စီမံကိန်းများဖြစ်သောကြောင့် အစိုးရတိုင်းက နှစ်သက်ကြသည်။ သို့သော် မြန်မာနိုင်ငံသည် ပြည်တွင်း၊ ပြည်ပ စွမ်းအင်လိုအပ်ချက်၏ အလယ်ဗဟိုတွင် ရောက်ရှိနေသည်။ စီမံကိန်းများကို အလျင်အမြန်အကောင်အထည်ဖော်နိုင်သည့် အရင်းမြစ်များလည်း အသင့်ရှိနေသည်။

မြန်မာနိုင်ငံတွင် မတို့မထိရသေးသော ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် ရေအရင်းအမြစ် ၉၂ ရာခိုင်နှုန်းရှိပြီး မဂ္ဂါဝပ်တစ်သိန်းအထက် ထုတ်ယူသုံးစွဲနိုင်သည့် အရင်းအမြစ်များ ရှိနေသည်။ ထို့ကြောင့် နိုင်ငံတကာက မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် မျက်စိကျနေခြင်း ဖြစ်သည်။

"အာရှဖွံ့ဖြိုးရေး ADB ဘဏ်က မဲခေါင်လျှပ်စစ်ကွန်ရက်ကို တည်ဆောက်ဖို့ လုပ်နေတယ်။ စွမ်းအင်ဈေးကွက်ကို အကောင်အထည်ဖော်ဖို့က ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေကို ဈေးကွက်မှာ ရောင်းချဖို့ လုပ်နေတယ်။ စက်မှုလုပ်ငန်းမှာ လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ရောင်းချမှာဖြစ်တယ်။ လျှပ်စစ်မရှိတဲ့နေရာတွေ လျှပ်စစ်ဓာတ်အားပေးဖို့ မဟုတ်ဘူး" ဟု MEET ညွန်ကြားရေးမှူး မစ္စတာခွန်ဝေထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒမှာ ယခင်အစိုးရလက်ထက်ကတည်းက နိုင်ငံခြားဝင်ငွေရရန် စွမ်းအင်ရောင်းစားသည့် မူဝါဒကျင့်သုံးခဲ့ရာမှ ဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း မူဝါဒမှာ များစွာ ပြောင်းလဲခြင်း မရှိသေးပေ။ နှစ်စဉ်စွမ်းအင်လိုအပ်ချက်ကြီးမားနေသည့် အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ကြောင့် စွမ်းအင်ဈေးကွက်မှာ ဝယ်လိုအားနှစ်စဉ်တိုးနေသည်။

သဘာဝဓာတ်ငွေ့ရောင်းချရာမှ နှစ်စဉ်ဒေါ်လာသုံးဘီလီယံကျော်ဝင်ငွေရသည်ကို အစိုးရက ထုတ်ဖော်ပြောခဲ့ပြီး လျှပ်စစ်မီတာခသည်နှုန်းအတိုင်း ဆက်ကောက်လျင် ကျပ် ၂၃၀ ဘီလီယံခန့်စိုက်နေရကြောင်းကိုမူ မကြာခဏထုတ်ပြောလေ့ရှိသည်။

သို့သော် ပြည်သူများအတွက်မူ သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် ယခုအခါ သဘာဝဘေးအန္တရာယ်များကို စတင်ခံစားနေရပြီဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းရန် အစိုးရက အမှန်တကယ်လုပ်ဆောင်မည်ဆိုပါက လူထုက လက်ခံနိုင်သော်လည်း ရောင်းချရန်သာ ဦးစားပေးနေပါက လူထုမကျေနပ်မှုများကို အစိုးရအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စွမ်းအင်ပေါ်လစီသည် အမှန်တကယ်လူထုကို အကျိုးဖြစ်သည့် မူဝါဒမျိုးသာ ဖြစ်သင့်သည်။ ရှိနေသော အရင်းမြစ်များကို အလွန်အကျွံ မထုတ်ယူဘဲ ရေရှည်ဖွံ့ဖြိုးရေးကို တည်ဆောက်မည့် စွမ်းအင်ထုတ်ယူခြင်းမျိုး ဖြစ်သင့်သည်ဟု ပညာရှင်များက ဆိုသည်။

"ဖွံ့ဖြိုးရေးလုပ်ပြီးမှ သန့်ရှင်းရေးလုပ်လို့မရဘူး။ သဘာဝက ပေးတယ်ဆိုတာ အရလည်းခက်သလို ပြန်ပြင်ရတာလည်း ခက်တယ်။ ရလာတဲ့ လျှပ်စစ်ကို သူများရောင်းတယ်။ ကိုယ့်ကျတော့ မဖွံ့ဖြိုးဘူးဆိုရင် မကောင်းဘူး။ ကိုယ့်နိုင်ငံစီးပွားရေးကလည်း သဘာဝကိုမှီခိုပြီး လုပ်ရဦးမှာ။ လုပ်မယ့်အချိန်ကျမှ အဲဒါတွေ အကုန်ပျက်စီးနေမယ်ဆိုရင် ကိုယ့်နိုင်ငံအတွက် မတန်ဘူး။ အဲဒါကြောင့် ဒါဟာ အင်မတန်ဆင်ခြင်သင့်တဲ့ကိစ္စ" ဟု ဦးအောင်မြင့်က ပြောသည်။

လူထုတကယ်လိုအပ်သည့် စွမ်းအင်ကိုသာ ထုတ်ယူဖြန့်ဖြူးပေးပြီး အကန့်အသတ်ဖြင့်ရှိနေသည့် အရင်းအမြစ်များကို အကုန်ထုတ်ယူ မသုံးစွဲသင့်ကြောင်း အာဆီယံ စွမ်းအင်ရေးရာ လေ့လာသူ မစ္စတာ ဆရီဆူဝမ်ကလည်း အကြံပြုသည်။



မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံချက်၏ ယေဘုယျမြင်ကွင်း။ ၈၀၀ ကီလိုမီတာရှည်သောပိုက်လိုင်းသည် မြန်မာနိုင်ငံအနောက်ဘက်ကမ်းခြေမှ မြန်မာ-တရုတ်နယ်စပ်ကိုဖြတ်၍ တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက်သွားသည် STR/ EPA

# Signal
# မြန်မာ့သွားနှင့်ခံတွင်းကျန်းမာရေးလ
မတ်လ၊ ၂၀၁၄



## သွားနှင့်ခံတွင်းဆရာဝန်များနှင့် Signal သွားတိုက်ဆေး၏အားလုံးအတွက်အခမဲ့သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု


ကျောင်းသူ/ကျောင်းသားများမှ Signal သွားတိုက်ဆေးဖြင့်စုပေါင်းသွားတိုက်နေစဉ်



သွားဖက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဦးမြင့်ထိန်မှ သရုပ်ပြရှင်းလင်းနေစဉ်


သွားဘက်ဆိုင်ရာဆရာဝန်ကြီးများနှင့် ဧည့်သည်တော်များ

သွားနှင့် ခံတွင်းဆရာဝန်များနှင့် ဆစ်ဂနယ် သွားတိုက်ဆေး၏ မြန်မာ့သွားနှင့် ခံတွင်းကျန်းမာရေးလ စတင်ဖွင့်လှစ်သည့်အထိမ်းအမှတ်အဖြစ် ဆစ်ဂနယ် စုပေါင်းသွားတိုက်ပွဲကြီးကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်မှာ ပြည်သူ့ရင်ပြင်တွင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပါသည်။ ကမ္ဘာ့သွားနှင့် ခံတွင်း အဖွဲ့အစည်းနှင့် နိုင်ငံအသီးသီး၏ သွားနှင့် ခံတွင်း ဆရာဝန်အသင်းများမှ လက်ခံကျင့်သုံးသော စနစ်မှန်သွားတိုက်နည်းကို သွားဖက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဦးမြင့်ထိန်မှ သရုပ်ပြရှင်းလင်းပေးခဲ့ပြီး အခြေခံပညာကျောင်းသား/ကျောင်းသူပေါင်း (၇၀၀) ကျော်က FDI ၏ ထောက်ခံချက်ရရှိထားသော ဆစ်ဂနယ်သွားတိုက်ဆေးဖြင့် စုပေါင်းသွားတိုက်ခဲ့ကြသည်။

၄င်းစုပေါင်းသွားတိုက်ပွဲကြီးကို ယခုကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ရန် အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြသော မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းမှ အမှုဆောင် ဥက္ကဋ္ဌ Professor ဒေါက်တာဒေါ်ဆွေဆွေဝင်း၊ စနစ်မှန်သွားတိုက်နည်းကို သရုပ်ပြရှင်းလင်းပေးခဲ့သော ဒေါက်တာဦးမြင့်ထိန်၊ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ဆစ်ဂနယ် သွားတိုက်ဆေးမှ အထူး ကျေးဇူးတင်ရှိပါသည်။ ရှေ့ဆက်၍ ပြည်သူလူထုအတွက် သွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုများကို ဆစ်ဂနယ် သွားတိုက်ဆေး အနေဖြင့် ဆထက် ထမ်းပိုး ဆက်လက် ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်းနှင့် မြန်မာ့သွားနှင့် ခံတွင်းကျန်းမာရေးလဖြစ်သော ၂၀၁၄ ခုနှစ် မတ်လ တစ်လလုံးတွင်လည်း အားလုံးအတွက် အခမဲ့သွားနှင့် ခံတွင်းစောင့်ရှောက်မှုများကို အောက်ဖော်ပြပါ သွားနှင့် ခံတွင်းဆေးခန်းများတွင်လာရောက် စစ်ဆေးကုသမှု ခံယူနိုင်ရန် ဖိတ်ခေါ်ပါကြောင်း သတင်းကောင်းပေးလိုက်ပါသည်။




ဖော်ပြပါ သွားနှင့်ခံတွင်းဆေးကုခန်းများတွင် မတ်လ (၁၊ ၂၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀) စနေနှင့် တနင်္ဂနွေနေ့များတွင် မည်သူမဆို အခမဲ့စစ်ဆေးကုသမှု ခံယူနိုင်ပါသည်။

### ရန်ကုန်

**ပုလဲရတနာ**
အမှတ် ၁၊ အခန်း ၅၊ မောင်းမကန်သာလမ်း၊ ၂၀ ရပ်ကွက်၊ တောင်ဒဂုံ။
ဖုန်း - ၀၉ - ၂၅၆၃၉၇၀၃၆

**အလင်းတန်း**
သံသုမာလမ်း၊ ၂၉ သုဝဏ္ဏရပ်ကွက်၊ သုဝဏ္ဏဈေးအနီး၊ သင်္ဃန်းကျွန်း။
ဖုန်း - ၀၉ - ၂၅၀၄၄၉၇၀၅

**Healthy Teeth**
အမှတ် ၁၂၁၃၊ ပင်လုံလမ်း၊ မြောက်ဒဂုံ။
ဖုန်း - ၀၉ - ၅၁၁၄၉၉၈

**ဇေယျာ**
အမှတ် ၁၆၄၊ မြင်တော်သာလမ်း၊ ၆ ရပ်ကွက်၊ သာကေတ။
ဖုန်း - ၀၉ - ၇၃၀၆၇၆၇၃

### နေပြည်တော်

**Pepsodent**
အမှတ် ZA - ၁၉၊ ဇီဝက Shopping Complex၊ သပြေကုန်းဈေး၊ နေပြည်တော်။
ဖုန်း - ၀၆၇ - ၄၃၂၂၉၀၊ ၀၆၇ - ၄၃၂၂၉၁

### မန္တလေး

**Pepsodent**
အမှတ် ၄၄ (ခ)၊ ၆၈ လမ်း၊ ၂၆လမ်း နှင့် ၂၇ လမ်းကြား၊ မန္တလေး။
ဖုန်း - ၀၂ - ၇၂၃၅၅၊ ၀၉ - ၆၈၀၁၁၁၂

**Pepsodent**
M3၊ ၇၇ လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊ မန္တလေး။
ဖုန်း - ၀၂ - ၆၆၇၅၁၊ ၀၉ - ၆၅၀၁၈၇၈




# APR ENERGY USA
Powering your progress®

A GLOBAL LEADER IN LARGE-SCALE TURNKEY POWER SOLUTIONS!

Proven, global experience, APR Energy has installed over 2.5 GW of capacity across more than 25 countries, now arrived in Myanmar.

လျှပ်စစ်မီးအား အမြန်လိုအပ်နေပါသလား ......?



Strategic Alliance with

Providing fast-track power plant scalable to more than

**400 MW**

within (60) days.

ကမ္ဘာ့ထိပ်တန်း Fast-Track နည်းပညာသုံး APR Energy နှင့် Pioneer Technology Company ဖြစ်သော Supreme Trading Co., Ltd. တို့၏ ပူးပေါင်းဆောင်ရွက်မှု

Contact us : Power Generation Department
No. 84/88, Bahosi Complex, Bogyoke Aung San Road, Lanmadaw Tsp., Yangon, MYANMAR.
Tel : +951 229791~2, 229794~7, Fax: +951 229753
E-mail : primusenergy@supreme-companies.com , primusenergy@agtpl.com
www.aprenergy.com www.supremegroupcompanies.com

Business Partner in Myanmar SUPREME TRADING CO., LTD.


Summer Surprise
SAMSUNG
with GALAXY Note 3
Samsung GALAXY Note 3 ဝယ်ပြီး
ရင်ခုန်စရာ ဆုမဲများ ပိုင်ဆိုင်နိုင်ဖို့
အခွင့်အရေး ရယူလိုက်ပါ
SAMSUNG
samsungmyanmar
ကံစမ်းမဲ အစီအစဉ်
Samsung Brand Shop များတွင် GALAXY Note 3 ဝယ်ယူသူတိုင်း Lucky Draw ကူပွန်တစ်စောင် ရရှိနိုင်ပြီး ဘူးခွံအတွင်း ပါဝင်သည့် Barcode Sticker အား ကူပွန်တွင် ကပ်၍ Lucky Draw ပုံးအတွင်းသို့ ထည့်သွင်း ကံစမ်းနိုင်ပါသည်။ Samsung Brand Shop များ မဟုတ်သော အခြားကိုယ်စားလှယ်ဆိုင်များမှ ဝယ်ယူခဲ့သည့် တရားဝင်တင်သွင်းထားသော GALAXY Note 3 များအတွက် နီးစပ်ရာ Samsung Brand Shop များတွင် ကံစမ်းမဲကူပွန် ထုတ်ယူဖြည့်သွင်းကာ ကူပွန်တွင် ဘားကုတ်စတစ်ကာကပ်၍ ထည့်သွင်းကံစမ်းနိုင်ပါသည်။
ပေးအပ်ချီးမြှင့်မည့်ဆုမဲများ
(၁) GALAXY Note PRO - ၅ လုံး
(၂) Samsung 40" LED TV - ၁၀ လုံး
(၃) Samsung 2 Doors ရေခဲသေတ္တာ - ၁၀ လုံး
(၄) Fitness Bag - ၂၀၀ လုံး
(၅) Samsung Home Sync - ၁၀ လုံး
(၆) GALAXY Note 3 Flip Cover - ၂၉ ခု
(၇) Samsung Data Cable - ၉ ခု
(၈) Samsung Battery - ၁၁ ခု
(၉) Screen Protector - ၄၂၁ ခု
သကြန်မတိုင်မီဝယ်ယူသူများအတွက် ရေစိုခံဖုန်းအိတ်များကို မေတ္တာလက်ဆောင်ပေးမည်ဖြစ်ပါသည်။
ကံစမ်းမဲကာလမှာ မတ်လ(၂၄)ရက် မှ ဧပြီလ(၃၀)ရက် အထိဖြစ်ပြီး ကံစမ်းမဲဖွင့်ပွဲကို မေလ(၅)ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ ကံထူးရှင်များကို နေ့စဉ်သတင်းစာများ နှင့် ဂျာနယ်များတွင် ထည့်သွင်းကြေညာပေးပါမည်။ အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
Customer Contact Center 01-2399 888
SAMSUNG Mobile Brand Shops :